
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ာမူခွင့်ပြုချက်အမှတ် | (၁၉၆/၂၀၀၄) (၃) |
| ျက်နှာဖုံးခွင့်ပြုချက်အမှတ် | (၂၇၄/၂၀၀၄) (၃) |
| ွန်ပျူတာစာစီ | ဒွန်း |
| ဒိုင်း | AUNG HLAING BWA |
| ုတ်ဝေခြင်း | ပထမအကြိမ် |
| | ၂၀၀၄ ခု၊ ဧပြီလ |
| ာန်ဖိုး | (၂၀၀) ကျပ် |
| ာအုပ်ရေ | (၅၀၀) အုပ် |
| ုတ်ဝေသူ | ဒေါ်စိန်လှလှသန်းရင် (၃၆၆၀)<br>စာပြည့်ဝန်းစာပေ၊ အမှတ်(၁)၊ ၁၅၁ လမ်း၊<br>ကျောက်မြောင်း၊ တာမွေမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)<br>(၁၅၂) ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့ |
| ဖြန့်ချိရေး | စာပြည့်ဝန်းစာပေ<br>အမှတ် (၁)၊ ၁၅၁ လမ်း<br>ကျောက်မြောင်း၊ တာမွေ<br>ရန်ကုန်မြို့။<br>၀၁-၅၄၉၂၇၀ |


## - တစ် -

လမိုက်ညမို့ မှောင်နှင့်တူးတူးပါပေ၊ လမရှိသည့်ညမို့ ညသည် အကျည်းတန်လှသည်ဟု ဆိုရပါမည်။ သို့သော်...

လမ်းမီးတိုင်များမှ လျှပ်စစ်မီးအလင်းရောင်တွေဖြင့်တော့ အဖြောင့်မြို့လေး၏ အကျည်းတန် လမိုက်ညလေးအား ပေးကူထားရှာပါလေ၏။

မှန်သည်။ အချိန်ကား ညဆယ့်နှစ်နာရီ...။

သန်းခေါင်ယံအချိန်၊ တိတ်ဆိတ်ငြိမ်သက်လွန်းချိန်...။

ရှဲ..ရှဲ...

နွေဦးလေပြည်အနောဝယ် ရွက်ခြောက်လေးများလွင့်ပါးသံသည် တရှဲရှဲပေါ်ထွက်နေ၏။

တိတ်ဆိတ်လွန်းသည့်ညမို့ ရွက်ခြောက်လေးများ ညင်ညင်လွင့်ပါးသံက ပတ်ဝန်းကျင်သည် ချောက်ချားစရာရယ်...။

ရှဲ..ရှဲ..ရှဲ...

ဖျပ်..ဖျပ်..ဖျပ်....

www.burmeseclassic.com



ဂွတ်··ဂွတ်··ဂွတ်···

သစ်ရွက်ခြောက်တို့၏ လွင့်ပါးသံသည်ပျောက်ကွယ်၍ တဖျပ်ဖျပ် တဂွတ်ဂွတ်အသံများသည် လျှင်မြန်စွာပေါ်ထွက်နေရချေ၏။

အသံကဖြင့် ခြေသံများရယ်လို၊ သစ်ရွက်ခြောက်တို့အပေါ် နင်းဖြတ်၍ပြေးသည့်ခြေသံမျိုးရယ်ပါ···။

ဖျပ်··ဖျပ်··ဖျပ်····

ဂွတ်··ဂွတ်··ဂွတ်···

သေချာစွာနားထောင်ပြီး ခွဲခြားတတ်လျှင် ခြေသံသည်နှစ်သံထွက်ပေါ်နေ၏။ အသံကဖြင့် ခြေသံများရယ်···

ခြေသံတစ်ခုသည် သေရေးရှင်ရေးတမျှ ပြေးလွှားနေသယောင်ရှိပြီး၊ နောက်ခြေသံတစ်ခုသည် သစ်ရွက်ခြောက်များပေါ်ဝယ် တစ်လှမ်းချင်း နင်းဖြတ်နေသယောင်ရှိ၏။

မှန်ပါ၏။ မလှသောညဥ့်···

တိတ်ဆိတ်သောညဥ့်၊ အကျည်းတန်ညနှင့်အကျည်းတန်အချိန် အခါကြီးထဲမှာမှ ပြေးသူနှင့်လိုက်သူ···

ပြေးသူတစ်ယောက်၊ လိုက်သူလည်းတစ်ယောက်ပင်···

"ဟောဟဲ··ဟောဟဲ···"

ရှေ့မှလူသည် အားသွန်ခွန်စိုက်ပြေးလွှားရလွန်း၍ အမောဆို့ကာ ဟတ်ထိုးလဲ၍သေဖို့ပင်ရှိပြီ···





သို့သော် ထိုလူသည်အပြေးကိုမရပ်၊ ခြေဦးတည်ရာစွတ်ပြေး၍ နေသည်။ မည်ကဲ့သို့သော အန္တရာယ်ဆိုးသည် ထိုလူ့နောက်တွင်နေပြီမသိ···။

"ဟောဟဲ··ဟောဟဲ···"

လမ်းမီးတိုင်များနှင့်ကင်းလွတ်သည့်နေရာမို့ နောက်မှလိုက်ပါနေသည့် အန္တရာယ်ကိုဖြင့် မမြင်ရပါလေ···။

ဂွတ်··ဂွတ်···

လိုက်နေသည့်ခြေသံတွေကိုတော့ ထိုလူကြားဟန်ရှိသည်။ ထို့ကြောင့်ပင်လည်း ရှေ့မှလူကား အားသွန်ခွန်စိုက်မနားတမ်းဖြတ်ပြေးနေဆဲပါတည်း··။

ပြေးဆဲမှပင် ထိုလူကံဆိုးပေပြီ···။

မှန်သည်။

လမ်းမိုက်ညဲချိန်ခါမို့ မမြင်မစမ်းဖြင့် ဖြတ်ပြေးနေသည့် ထိုလူမှာ တစ်နေရာသို့ရောက်သော်···

အား···

ခလုတ်ကံသင်းနှင့်တိုက်မိဟန်ရှိသည်။ ကျွမ်းပြန်၍ဒလိမ့်ခေါက်ကွေးဖြစ်ကာ လဲသွားရှာ၏။

ဟောဟဲ··ဟောဟဲ···

သို့သော်လည်း ထိုလူမှာ နောက်တွင်ကပ်ပါလာသည့် အသက်ဘေးကြောင့် လဲကျရာမှကုန်းရုန်းကြုံးထပြီး ဆက်ပြေးရန်



www.burmeseclassic.com

www.burmeseclassic.com



**အနိုင်ရှာပါ၏။** သို့သော်…

ဖြောင်း…

အား…

ဇက်ပိုးထက်ပြင်းထန်စွာကျလာသည့် ဝေဒနာကြောင့် မျက်လုံး ထဲပြာခနဲဖြစ်သွားရသော်လည်း…

သေလိုကဖြင့်သေလို့ရနိုင်ပြီဖြစ်သည့် အခြေအနေပေမင့် ထိုလူ ခဗျာသေ၍မအား၊ သေဖို့ရန်မေ့နေရဟန်ဖြင့်…

ပိုးစိုးပက်စက်ကြီးလဲကျသွားသည့်နေရာမှ ပြန်၍ကြုံးထမိ ပါသေး၏။ သို့သော်‥သို့သော်…

ထိုလူ၏ကံတရားသည်က အဆုံးစွန်သို့ရောက်ချေပြီ…။

"သွား‥သွား‥အမလေး ကယ်တော်မူကြပါ၊ ကယ်တော် မူကြပါ၊ ကျွန်တော့်ကိုကယ်တော်မူကြပါ၊ ကယ်ကြပါဦး…"

ကယ်‥ကယ်‥ဂူး‥ဂူး…

သန့်စွမ်းသမျှကြီးမားကြမ်းတမ်းလွန်းသော လက်ဖဝါးကြီး တစ်ဖက်သည် ထိုလူ၏မျက်နှာထက်အုပ်မိုး၍ ဖျစ်ကိုင်လာ၏။

သည့်နောက် မျက်နှာပင့်ကိုင်ကာ လမ်းမပေါ်သို့ဆွဲခေါ် လာသည်။ လမ်းမီးတိုင်တစ်တိုင်အောက်သို့ ရောက်သော်မှ ကြီးမားကြမ်းတမ်းသော လက်ဖဝါးကြီးသည် ထိုလူ၏မျက်နှာ ပေါ်မှ ဖယ်ရှားသွား၏။

ထိုအခါ အသက်ဘေးမှလွတ်အောင်ပြေးခဲ့ရသောလူ





သည် ကြီးမားကြမ်းတမ်းသော လက်ဖဝါးကြီးပိုင်ရှင်၏မျက်နှာနှင့် တစ်ကိုယ်လုံးအား မြင်မိလိုက်ရလေသော်…

အား…

ထိတ်လန့်ချောက်ချားခြင်းမကရှိ၍ အော်လိုက်သောအသံ သည် ထင်သလောက်ပေါက်ဟန်မရှိလေသလား…။

ဝန်းကျင်သည် ပကတိတိတ်ဆိတ်လျှက်ရှိပါချေ၏။

လက်ဖဝါးကြီး၏မျက်နှာအား မြင်တွေ့လိုက်ရသည့် အခိုက်အတန့်၌ ထိုလူသည်လည်း သေမင်းနိုင်ငံဆီသို့ ထွက်ခွာသွား လိုက်သည်မှာ သေချာပါပြီ…။

သို့သော်၊ ကြီးမားကြမ်းတမ်းသန်မာလွန်းသော လက်ဝါး ကြီးကား ကျေနပ်ခြင်းမရှိသည့်နှယ်ပါ…။

ဖျွတ်…

လက်ဖဝါးကြီးပိုင်ရှင်သည် ထိုလူ၏ခေါင်းတစ်ခုလုံးမှ ကိုင်လျှက် ကတ္တရာလမ်းမှမျက်နှာပြင်နှင့်ထိုလူ၏ မျက်နှာအား ဆောင့်ချရုံတင်မက ပိပြားချပ်ကပ်သွားအောင် လက်ဖဝါးကြီး နှင့်ကြိတ်ဖိထား လိုက်ပါလေသည်တကား…။ ။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

- နှစ် -

"ဒေါင်းပျံသေပြီ..."

"ဟာ..ဒေါင်းပျံသေပြီတဲ့..."

"ဒဂုံးဆန်စက်ရှေ့က မီးတိုင်အောက်မှာ ဒေါင်းပျံအလောင်းကွ..."

"ဟုတ်တယ်၊ ကျုပ်လည်းသွားကြည့်ပြီးပြီ၊ ဒေါင်းပျံစစ်စစ်ပဲ..."

"သေချင်းဆိုးကြီး သေတာပဲအေးပါတယ်တော်..."

"အေး..ကြီးကြီးစိန် ခင်ဗျားဆဲသလိုပဲဗျာ၊ ဒေါင်းပျံသေတာလည်း တကယ့်အသေဆိုးကြီးပဲ..."

ခေါင်းတစ်ခုလုံးကျေမွသွားတာ ကတ္တရာလမ်းပေါ်မှာတောင် သူ့မျက်နှာအသားစတွေကပ်နေတာ သွားကြည့်ပါလား"





"အမလေးတော် မကြည့်ချင်ပါဘူး..."

"ဒီလိုကောင်မျိုး ခွေးစာပဲကျွေးပစ်လိုက်ကြစမ်းပါ..."

"အေးတော်..."

"ဒီလိုအယုတ်တမာကောင်များ ကျုပ်တို့မြို့ကို ဘယ်က ဘယ်လိုရောက်လာမှန်းကိုမသိဘူး..."

"ဟုတ်ပါရဲ့ ရေမျောကမ်းတင်ကောင်က ကျုပ်တို့မြို့မှာ သမားတော်ယောင်ယောင်နဲ့လူတွင်ကျယ်ကြီးလုပ်နေတာများအံ့ရော..

အခုတော့ ကဲ..ဒင်းအကုသိုလ်နဲ့ဒင်းသွားပြီ..."

"ဆရာမလေးရေ..ဆရာမလေးရဲ့၊ ဆရာမလေးကို ဖျက်လို ဖျက်ဆီးနဲ့သတ်တဲ့အကောင်ကြီးရဲ့ဇာတ်သိမ်းကို ဆရာမလေး မြင်လှည့် စမ်းပါဦး..."

"အေးတော်..ကျွန်မဖြင့်လည်း ဆရာမလေးကို နှမြောလိုက်တာ၊ အခုထိ မျက်စိထဲကကိုမထွက်ဘူး၊ သေတာတောင်မှ မျက်နှာလေးကိုဖုံးနေတာပဲ..."

"ကဲပါ ထွေးခင်ရယ်၊ ဒါတွေကိုပြောမနေပါနဲ့တော့..."

"ဗိန္ဒောယောင်ယောင်လုပ်ပြီး ညာဖြန်းဆေးကု လစ်ရင် လစ်သလိုမိန်းမတွေကိုကြံတဲ့ အယုတ်တမာကောင်ကြီးဇာတ်သိမ်း သွားပြီဆိုတော့ တို့မြို့ကံကောင်းလာတာပဲသာ မှတ်ပါတော့ဟာ..."

"အခုအလောင်းကဘယ်မှာလဲ..."

"ဆေးရုံရောက်သွားပြီတဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဆရာဝန်လေးခင်ဗျားလည်း သနားပါတယ်၊ ဒီမသာကြီးရှိစဉ်က ဒီမသာကြီးရဲ့အတိုက်အခိုက်ကိုပဲ အမြဲလိုလိုခံနေရရှာတာပါပဲ…

အခုတော့ ဒင်းအလောင်းကို ဆရာဝန်လေးက ကြည့်ရဦးမယ်၊ အခုတော့ နောက်ပိုင်းအေးချမ်းပါပြီလေ၊ ဒီအချိန်မှာ ဆရာမလေးကို ရှိစေချင်တာ…"

"ဟုတ်တယ်နော်၊ ဆရာမလေးရဲ့မိသားစုခင်ဗျာ ဘယ်လောက်များရင်ကျိုးလိုက်ကြရှာမလဲလို့…

ကဲပါလေ ကိုယ့်အလုပ်ပဲကိုယ်လုပ်ကြရအောင်ပါ၊ နတ်ဆိုး နတ်မိစ္ဆာကြီး ငရဲဘုံကိုသွားပြီပဲဟာ…"

"သေချင်းဆိုးကြီးပါတော်…"

"အခုမှသေတယ်၊ စောစောကတည်းကသေရင်ကောင်းမှာ…"

စသည်ဖြင့်စကားသံများကား နောက်တစ်နေ့မိုးလင်းသည်နှင့်ပင် အဖြောင့်တစ်မြို့လုံးတွင် ပွက်လောရိုက်သွားပါတော့သတည်း…။ ။

×× ×× ××



- သုံး -

ခင်ဘုန်းမြို့…

ပြည်သူ့ဆေးရုံကြီး…

ဒေါက်တာ မင်းသွင်သည် ဆေးရုံကြီးရှေ့ ကားလေးထိုးရပ်သည်နှင့်ပင် ကားပေါ်မှအလျင်စလိုဆင်းပြီး မော်ကျူရီဘက်သို့ တန်း၍ ထွက်ခဲ့လိုက်ရပါတော့၏။

"ဒေါက်တာ ရောက်ပြီလား…"

"ဒေါက်တာ ရောက်ပြီ၊ ဒေါက်တာ ရောက်ပြီ…"

လူသေတဲ့အနီးတစ်ဝိုက်မှ ဆရာဝန်အလာကို စောင့်မျှော်နေကြသူများမှာ…

သူတို့ချစ်ခင်လေးစား အားကိုးကြရသော ဒေါက်တာမင်းသွင်ကိုမြင်သည်နှင့် နေရာရှဲ၍ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင်သည် လူတွေအားလုံးထက်မြင့်မားနေရသော သူ့အရပ်၊ သူ့ကိုယ်ဟန်လှလှဖြောင့်ဖြောင့်ကြီးဖြင့်…

လူတွေကြားမှဖြတ်ကာ လူသေတိုက်အတွင်းသို့ လှမ်းဝင်ခဲ့လေ၏။

လူသေတိုက်ထဲ သူ အရောက်၊ သူသေအလောင်းနားမှာ နာ့စ်တစ်ယောက်နှင့်ဆေးရုံအကူ အလုပ်သမားတစ်ဦးကို သူ အသင့် တွေ့လိုက်ရလေသည်။

ဆေးရုံဝန်ထမ်းနှစ်ဦးဆီ သူတစ်ချက်ကြည့်လိုက်ပြီး မင်းသွင်သည် အဝတ်ဖြူလွှားထားသည့် လူသေအလောင်းအား အသာလှပ်၍ ကြည့်လိုက်သည်။

"တစ်လကိုတစ်လောင်းလိုဖြစ်နေပြီ…"

"ဟိုလက အသတ်ခံရတာက မြန်နီစီပါယ်ဈေးစောင့်ကြီး လေ…"

"အခု ဒီလူကကော…"

"အခုသေတဲ့သူက ခရီးသည်တဲ့၊ မှတ်ပုံတင်ထဲတွေ့က တော့ အညာကတဲ့…"

"ဟုတ်တယ်၊ အဲဒီလူမှာလွယ်အိတ်တစ်လုံးပါသေးတယ်၊ ရဲစခန်းမှာတဲ့…"

"ဩော်..ဖြစ်ရလေတယ်၊ ခရီးသွားရင်းလာရင်းက ဘယ်လိုကဘယ်လိုလုပ်ပြီးများ အသတ်ခံလိုက်ရပါလိမ့်…"



"ဒါဖြင့် ဒီမှာညအိပ်တဲ့ခရီးသည်တင် အဝေးပြေးကားက တော့ထွက်သွားပြီပေါ့…"

"ထွက်သွားမှာပေါ့၊ သူ့ခရီးသည်စုံမစုံမှသိရဲ့လားမသိ ဘူး…"

"အေးဟယ်၊ ဒီလူ့ခမျာသနားပါတယ်…"

လူသေတိုက်အပြင်ဘက်မှ ကြိတ်ကြိတ်တိုးနေသည့် လူများထံမှ တစ်ယောက်တစ်ပေါက်ပြောနေကြသံများက မင်းသွင် နားထဲ တိုးဝင်လာကြခြင်းပါ…။

ဟင်း…

အလောင်းကိုသေချာစွာ စစ်ဆေးကြည့်ရှုပြီးနောက် မင်းသွင် သက်မမောအား ချဖြစ်လေသည်။

ထို့နောက် အလောင်းကိုအဝတ်ဖြူနှင့် မင်းသွင် ပြန်အုပ် ထားလိုက်ပြီး…

"ဆရာမ အလောင်းကိုဘယ်အချိန်ကတည်းက မော်ကျူ ရီထဲပို့ထားတာလဲ…"

"စောစောကမှပါ ဆရာ၊ သိပ်မကြာသေးပါဘူး…"

"အင်…"

အစဉ်တည်ငြိမ်လေးနက်သည့် ဟန်သွင်ရှိသော မင်းသွင် သည် ခေါင်းကိုတစ်ချက်ညိတ်ရင်း မော်ကျူရီထဲမှထွက်သွားလိုက် ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီးဆင်ဝင်အောက်အရောက် ကားထဲမှအတက်ချီကေ့စ်သေတ္တာလေးကိုဆွဲယူလိုက်ပြီး ဆေးရုံထဲသို့ဆက်ဝင်လာခဲ့လေသည်။

သူ့ရုံးခန်းထဲရောက်သော် ဆေးသေတ္တာလေးကို စားပွဲပေါ်တင်လိုက်ပြီး ကုလားထိုင်တွင် သူ ဝင်ထိုင်သည်။

ထူထဲစိမ်းမှောင်နေသော သူ့မျက်ခုံးကြီးနှစ်ဖက်မှာ သာသာမျှ တွန့်နေဖြစ်၏။

မျက်နှာချောချောကား စဉ်းစားနေဟန်အသွင်နှင့်ပါ…။

ဟင်း…

တိရိသောနှုတ်ခမ်းတို့စေ့ပိတ်လျှက် သက်မမောကို သူချသည်။

စားပွဲစွန်းတွင် သူ့လက်တံတောင်နှင့်ထောက်ကာ သူ့နှုတ်ခမ်းထက် လက်သီးဆုပ်ဖြင့်ဖွဖိကပ်ထားမိ၏။

ဒီလူတွေဟာ ဘယ်လိုအကြောင်းတွေနဲ့များ အသတ်ခံနေကြရပါလိမ့်…

ငါ ဒီမြို့ကိုရောက်တာ ငါးလရှိပြီ၊ ငါးလထဲမှာအသတ်ခံရတဲ့ လူနှစ်ယောက်ကေ့စ်တွေ ဝင်လာတယ်…

ပထမတစ်လောင်းက အမှုတောင်မပေါ်သေးဘူး၊ လူသတ်မှု အသစ်တစ်ခုက ထပ်ပေါ်လာပြန်ပြီ…

အင်း…ရဲတွေလည်း…





"ဒေါက်တာ…"

သူ တွေးဆဲအခန်းဝမှအရိပ်နှင့်အတူ ခေါ်သံပြုလာ၍ သူ လှမ်းကြည့်လိုက်သည်။

"ဪ…စခန်းမှူးကြီးပါလား၊ ကြွပါခင်ဗျား ကြွပါ၊ ကျွန်တော်လည်း အခုပဲ လူသတ်မှုအကြောင်းနဲ့စခန်းမှူးကြီးတို့ရဲ့ ရဲတွေ အကြောင်းတွေကို စဉ်းစားနေမိသေးတယ်…"

"အင်း…ဒေါက်တာရေ ကျွန်တော်တို့လည်းခေါင်းတွေရှုပ်ကုန်ပြီ…"

သူ ညွှန်ပြသည့်မျက်နှာချင်းဆိုင်ထိုင်ခုံတွင် စခန်းမှူးကြီး ဦးနေလှိုင် ဝင်ထိုင်လာရင်းက ညည်းညူသလိုဆိုလာသဖြင့်…

"နေပါဦးခင်ဗျာ၊ ဒီအလောင်းကို ဦးနေလှိုင်တို့ ဘယ်မှာစတွေ့ကြတာလဲ၊ ဘယ်အချိန်မှာမှ တွေ့ကြတာလဲ…"

"ကျွန်တော် ခန့်မှန်းရသလောက်တော့ အလောင်းဟာ လွန်ခဲ့တဲ့လေးငါးခြောက်နာရီကတည်းက သေနေတာပဲလို့ထင်တယ်…"

"ဒေါက်တာ ခန့်မှန်းတာဖြစ်နိုင်ပါတယ်…"

"ကျွန်တော်တို့ဆီကို မိုးလင်းမှပဲသတင်းရောက်လာတာဆိုတော့၊ ဒီအလောင်းကို မိုးလင်းမှပဲလူတွေလည်းတွေ့ကြတာ ထင်ပါတယ် ဒေါက်တာ…

တွေ့တဲ့နေရာကတော့ ကားပျက်တွေထားတဲ့ အင်္ဂတေ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်လုံး ကြီးတွေကြားမှာပဲ...

အဲဒီကြားမှာဆိုတော့ တော်ရုံနဲ့အလောင်းကိုမတွေ့ကြဘူးထင်ပါတယ်၊ တွေ့တာနဲ့ချက်ချင်း ကျွန်တော်တို့ဆီ သတင်းပို့ကြလို့ ကျွန်တော်တို့ သွားကြည့်ကြတယ်...

ပြီးတာနဲ့ အလောင်းကိုဆေးရုံပို့ခိုင်းလိုက်တာပဲ၊ ကျွန်တော်တို့လည်း ဘယ်လိုစဉ်းစားရမလဲတောင် မသိတော့ဘူး...

ဟိုအမှုတစ်ခုအတွက် သဲလွန်စတောင်မရသေးဘူး၊ နောက်တစ်ခုကထပ်ပေါ်လာပြန်ပြီ၊ ဒါနဲ့ဒေါက်တာ ဒီလူသတ်မှုအတွက်စစ်ချက်က ဘယ်လိုများ..."

ဆေးစစ်ချက်အတွက် ရဲအရာရှိ ဦးနေလှိုင် မေးလာသည့်မို့ မင်းသွင်သည် စဉ်းစားဟန်ဖြင့် ခေါင်းကိုသပ်ရင်းက...

"ဒီလူဟာ ဦးခေါင်းခွံလည်းကွဲနေတယ်၊ ပြီးတော့ တစ်ကိုယ်လုံးနီးပါးလောက်ကလည်း ဒဏ်ရာတွေက ပြင်းပြင်းထန်ထန်ပဲဗျာ..."

"ဟုတ်တယ် ဒေါက်တာ၊ ရက်ရက်စက်စက် အသတ်ခံရတာပါပဲ..."

"အင်း..တစ်ကိုယ်လုံးကို မာကျောတဲ့အရာနဲ့အဆက်မပြတ် ရိုက်သတ်ခံရတာပဲလို့ ကျွန်တော် ယူဆတယ်...

ဘာကြောင့်လို့လဲဆိုတော့ တချို့အရိုးတွေဟာ ကျိုးကျေနေတာတွေလည်း တွေ့ရတယ်လေ..."





"ဒေါက်တာ ကျွန်တော် စဉ်းစားမိပြီ..."

မျက်မှောင်တစ်ချက်ကြုတ်ကာ စဉ်းစားဟန်ပြုပြီး ဦးနေလှိုင် စကားဆက်သည်။

"ပိုက်လုံးကြီးတွေပေါ်မှာ ကျွန်တော်တို့သွေးတွေကို မြင်ခဲ့ရတယ်၊ ကြည့်ပုံလူသတ်သမားဟာ လူတစ်ယောက်ကို အဝတ်ရိုက်လျှော် တဲ့ပုံစံမျိုးနဲ့များ ပိုက်လုံးတွေပေါ်မှာ ကိုင်ရိုက်သတ်သလားမသိဘူးဗျာ..."

"ဦးနေလှိုင် ပြောပုံအရဆိုရင် လူတစ်ယောက်ကိုကိုင်ပြီး လွှဲရိုက်သတ်နိုင်တဲ့လူသတ်သမားရဲ့ခွန်အားက မနည်းလှဘူးဘဲ..."

မည်ကဲ့သို့သောအမျိုးအစားထဲက ဖြစ်ဟန်တူသည့် လူသတ်သမားပုံစံကြီးကို တွေးဆကာ မင်းသွင် ဆိုမေး,မေး ဖြစ်သည်။

"အင်း..ကျွန်တော်ကလည်း ကျွန်တော် အလောင်းတွေ့ခဲ့တဲ့ အခြေအနေနဲ့စဉ်းစားပြီး ပြောကြည့်တာပါ..."

"အင်း..ဦးနေလှိုင်တို့အနေနဲ့တော့ အမျိုးမျိုးစဉ်းစားကြရမှာပေါ့လေ၊ ကျွန်တော်လည်း ဘယ်လိုအကြံပေးရမလဲမသိတော့ပါဘူး၊ ကျွန်တော် ရောက်ခဲ့တဲ့မြို့တိုင်းလိုလိုမှာ...

အခုလိုပဲရဲတွေလက်လျှော့လိုက်ရတဲ့ ထူးဆန်းတဲ့လူသတ်မှုမျိုးတွေကြီးပဲ ကြုံတွေ့နေရတော့တာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း..ဒေါက်တာရယ် ကျွန်တော့်အတွက်တော့ အခုကြုံရတဲ့လူသတ်မှုတွေက ထူးဆန်းနေတော့တာပဲ...

ကျွန်တော့် ဝန်ထမ်းသက်တမ်းတစ်လျှောက်မှာ ဒီလူသတ်မှုနှစ်ခုက အထူးဆန်းဆုံးပဲ...

နောက်ကို ဘယ်လိုတွေများထပ်ပြီးကြုံရဦးမလဲ မသိသေးဘူး၊ အခုထိတော့ ကျွန်တော်တို့လည်း ဘာကိုမှစဉ်းစားလို့မရသေးဘူး..."

"အေးဗျာ၊ စခန်းမှူးကြီးတို့ရဲဝန်ထမ်းတွေအားလုံးလည်း ခေါင်းရှုပ်ကုန်ပြီ..."

"အင်း..ဒေါက်တာလည်း ဘာထူးမှာလဲ၊ လူသတ်မှုတစ်ခုဖြစ်ရင် အလောင်းကိုအသေချာဆုံးကြည့်ရတာက ဒေါက်တာပဲမဟုတ်လား...

အနိဋ္ဌာရုံမြင်ကွင်းတွေကို ဒေါက်တာလည်း မြင်တွေ့နေရတာပဲဆိုတော့ အနည်းနဲ့အများ ဦးနှောက်ခြောက်ရမှာပါပဲ.."

"အဟွန်း..အဟွန်း..ပြေးမလွတ်တဲ့ဝန်ထမ်းကိုဗျာ"

ရဲအရာရှိဦးနေလှိုင်စကားအတွက် သူ အပြုံးနှင့်ဆိုသည်။

"ကဲ..ဒေါက်တာ ကျွန်တော်လည်းလာတာကြာသွားပြီ နောက်မှပဲတွေ့ကြသေးတာပေါ့၊ ကျွန်တော့်ကိုခွင့်ပြုပါဦး..."

"ဟုတ်ကဲ့ ကောင်းပါပြီ ဦးနေလှိုင်..."

သူ့ကိုနှုတ်ဆက်ပြီး ဦးနေလှိုင် ထွက်သွားသည်တွင် လူ





ဆောင်များဆီ ရောင်းလှည့်ရန် သူ ပြင်ဆင်ရပါတော့သည်။

ဂျူတီကုတ်ကိုဝတ်၊ နားကျပ်ကိုလက်တစ်ဖက်တွင်ကိုင်ပြီး သီးသန့်ရုံးခန်းထဲမှ သူ ထွက်ခဲ့သည်။

နာ့စ်များအနားယူရာ ရုံးခန်းရှေ့အရောက် အဝနားတွင် သူ ရပ်လိုက်ပြီး အတွင်းသို့တစ်ချက်မျှ သူ ကဲကြည့်လိုက်ရင်းက...

"ကဲ..အားတဲ့ဆရာမတစ်ယောက်လောက် ကျွန်တော်နဲ့လူနာ ကြည့်ဖို့လိုက်ခဲ့ပါ..."

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ လာပါပြီ..."

ဆရာမလေးပြောသည့် စကားပြန်ကိုမှ သူ မစောင့်၊ ဆရာမ တစ်ယောက်ယောက်ကိုသာ သူ ခေါ်ပြီးရှေ့မှထွက်သွားနှင့်လေပြီမဟုတ်ပါလား...။

"ကဲ..အလွမ်းမင်းသားလေးနောက် ကျွန်မ လိုက်သွားတော့မယ်၊ ရှင်တို့က အတင်းပြောကျန်ရစ်ခဲ့ကြနော် အဟင်းဟင်း..."

"အေး..အေး စုစုရေ မြန်မြန်သာလိုက်သွားတော့၊ ဟိုကသွားနေပြီ..."

"စိတ်ချ စုရေ၊ အတင်းကတော့ပြောကြမှာပဲ၊ တို့ဆရာအတင်းက သူများတွေအတင်းထက် ပိုပြောကောင်းတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါအမှန်ပဲဟေ့..ခစ်..ခစ်..."

ဆရာမလေး စုစုတစ်ယောက် မင်းသွင်နောက်မှ အပြေးအလွှား ပြေးလိုက်သွားရသည့်အဖြစ်ကိုကြည့်ပြီး...

အခန်းထဲကကျန်ရစ်ကြသည့် ဆရာမများမှာ ထုံးစံအတိုင်း မိမိတို့ခင်မင်လေးစားရသည့် ဒေါက်တာ မင်းသွင်အကြောင်းများအား မိမိတို့ဟာမိမိတို့ထင်သလို အတွေးများနှင့်ပြောနေကြရသည်က...

ခင်ဘုန်းမြို့ဆေးရုံကြီးသို့ ဒေါက်တာ မင်းသွင်တစ်ယောက် ပြောင်းရွှေ့ရောက်လာပြီးနောက်...

စတင်တာဝန်ထမ်းဆောင်သည့်နေ့မှ ယနေ့ထက်တိုင်ပြော မဆုံးပေါင်ရှိနေကြရသည်မဟုတ်ပါတကား...။

မှန်သည်။

အဘယ်ကြောင့်ဆိုသော် ဒေါက်တာ မင်းသွင်သည် အစဉ်တည်ငြိမ်လေးနက်နေသော မျက်ဝန်းအကြည့်များနှင့် ရှိပေမယ့် သူ့မျက်ဝန်းများသည် အသက်မဝင်သလိုလိုပါ...။

ရုပ်ရည်အားဖြင့်လည်း ယောကျ်ားချင်းငေးရလောက်၊ အားကျရလောက်အောင် ခန့်ညားချောမောနိုင်လွန်းသည်။ ပညာဂုဏ်အရည်အချင်းအားဖြင့်လည်း ပြောစရာမလို၊ သွားလေရာ ရာတိုင်းဝယ် ဒေါက်တာ မင်းသွင်သည် ပျို့တိုင်းကြိုက်သည့်





နှင်းဆီခိုင်ကြီးရယ်...။

ယုန်ကမတိုး၊ ပိုက်ကတိုးရလောက်သည့် ဒေါက်တာ မင်းသွင် အခြေအနေပါ..။ သို့သော်..သို့သော်...

ဒေါက်တာ မင်းသွင်ကား အမျိုးသမီးများနှင့်ပတ်သက်၍ တုတ်တုတ်မျှမလှုပ်သည့် သစ်ငုတ်တိုကြီးအားနှယ်...။

လုပ်ငန်းနှင့်ပတ်သက်၍ လူတိုင်းနှစ်လိုအေးချမ်းရည်မွန်စွာ စကားများပြောဆိုတတ်သည်မှလွဲလျှင် ဒေါက်တာ မင်းသွင်သည် အသက်မဝင်သော မျက်ဝန်းအကြည့်၊ အသက်ကင်းမဲ့သယောင် အပြုံး မျက်နှာချောချောနှင့်သာ ရှိတတ်နေလေသောကြောင့်..။

ပန်းသတင်းလေညှင်းဆောင်၊ လူသတင်းလူချင်းဆောင် သလို ဆေးရုံကြီးမှ ဆရာမများထံမှတဆင့် ဒေါက်တာ မင်းသွင် သတင်းကား ခင်ဘုန်းမြို့တစ်မြို့လုံးမှ အမျိုးသမီးများ၏ အသီ နှင့်ပါးစပ်ဖျား ရေပန်းစားနေသည်ပါ။ ။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

- လေး -

"ဒေါက်တာ..."

သာယာ၍လွှင်သောအသံလေးကြောင့် လူနာမှတ်တမ်းများရေးနေရာမှ ဒေါက်တာ မင်းသွင် မော့ကြည့်သည်။

သူ့လက်အောက်မှ လုပ်ကိုင်နေသည့် လက်ထောက်ဆရာဝန်မလေး ယဉ်လှဲ့နွယ်ကိုမြင်သော်...

"သြော်..ယဉ်လှဲ့နွယ်၊ ထိုင်ပါခင်ဗျား..."

သူ့ရှေ့မှထိုင်ခုံကိုညွှန်ပြကာ ဧည့်ခံသည်။

ပါးပါးယားယားကိုယ်လုံးလေးနှင့် ခေတ်မီလှပသော ဒေါက်တာ ယဉ်လှဲ့နွယ်သည် ခင်ဘုန်းမြို့တွင် ဆရာဝန်ကြီးဖြစ်သည့် ဒေါက်တာမင်းသွင်၏ ချောမောခန့်ညားသောမျက်နှာဆီ ဣန္ဒြေမျက်ဝန်းလေးတွေနှင့် ကြည့်လာရင်းက...

"ဒေါက်တာ..."



"ဟုတ်ကဲ့ပြောပါ..."

ရေးလက်စဖိုင်ကို သူ အသာထားပြီး တည်ငြိမ်လေးနက်သောမျက်ဝန်းညိုတို့ဖြင့် သူ ကြည့်နေသည်။

"လှဲ့ ခွင့်နည်းနည်းလောက် လိုချင်လို့ပါ ဒေါက်တာ၊ လှဲ့ ဖေဖေ တော်တော်လေးနေမကောင်းဖြစ်နေလို့ပါတဲ့...

အဲဒီအတွက် လှဲ့ ရန်ကုန်ကို ခဏပြန်ချင်လို့ပါ ဒေါက်တာ..."

"သြော်..ရပါတယ်၊ ကဲ ဘယ်နေ့ကစယူမှာလဲ၊ ဘယ်နှစ်ပတ်ယူမှာလဲ..."

"လှဲ့ ဒီမှာတာဝန်ကျနေတာ တစ်နှစ်ရှိပါပြီ ဒေါက်တာ၊ လှဲ့ ခွင့်တစ်ခါမှမယူသေးပါဘူး..."

"ဟုတ်ကဲ့..."

ခင်ဘုန်းမြို့သို့ သူ့ထက်ဦးစွာရောက်နှင့်နေသည့် ဒေါက်တာ ယဉ်လှဲ့နွယ်စကားအတွက် သူ အသိအမှတ်ပြုကာဆိုရင်း ခေါင်းညိတ်သည်။

"အခုလည်းများများမယူပါဘူး ဒေါက်တာ၊ နှစ်ပတ်လောက်ပဲယူမှာပါ၊ ဒီနေ့ ဗုဒ္ဓဟူးနေ့ဆိုတော့ လှဲ့ ခွင့်ကို တနင်္လာနေ့မှစယူမယ် ဒေါက်တာ..."

"ဟုတ်ကဲ့ ကောင်းပါတယ်၊ ဒေါ်ယဉ်လှဲ့နွယ် အစီအစဉ်ကောင်းပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



"လှဲသွားရင်တော့ ဒေါက်တာ ပင်ပန်းနေမှာပဲ၊ အဲဒါလည်း အားနာတယ်လေ…"

"ကိစ္စမရှိပါဘူးဗျာ၊ အရေးကြီးလို့သွားရတာပဲ၊ အလကားသွားတာမှမဟုတ်တာ၊ သွားပါ ဒေါ်ယဉ်လှဲနွယ်…"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒါနဲ့ ဟိုလူသတ်မှုတွေနဲ့ ပတ်သက်ပြီး ရဲကဘာကိုမှ မစုံစမ်းနိုင်သေးဘူးနော် ဒေါက်တာ…"

"အေးဗျာ၊ ဟုတ်တယ်၊ ရဲတွေလည်းသနားပါတယ်၊ ကျွန်တော်ကတော့ ဒီလိုအမှုကိုမဖော်ထုတ်နိုင်တဲ့လူသတ်မှုမျိုးနဲ့ ကျွန်တော် တာဝန်ထမ်းဆောင်ရတဲ့နယ်တိုင်းမှာလို ကြုံတွေ့ခဲ့ရတယ်၊ လူသတ်သမားကလည်း တော်တော်ပိရိတာပဲ၊ ရဲတွေလည်းအပူတပြင်း စုံစမ်းနေကြတယ်…"

"ဟုတ်တယ် ဒေါက်တာ၊ လှဲလည်း သတင်းတွေကြားပါတယ်၊ လူသတ်မှုတစ်ခုဖြစ်လာရင် လှဲတို့ဆေးရုံကလည်း မလွယ်ဘူး…

ဆေးစစ်ချက်တွေပေးရတာနဲ့၊ လူသေအလောင်းကိုကြည့်ရတာနဲ့၊ ရဲတွေနဲ့စကားပြောရတာနဲ့၊ အလုပ်ကိုရှုပ်သွားတာပဲ…"

"ဒီလိုပေါ့ဗျာ…"

"လှဲကသာပြောနေတာပါ၊ တကယ်တမ်းကျတော့ ဒေါက်တာကသာ လှဲထက် ပိုအလုပ်ရှုပ်ရတာပါ အဟင်း…ဟင်း…





ဟင်း…"

အားနာဟန်လေးနှင့်ဆိုရင်း ဒေါက်တာ ယဉ်လှဲနွယ် ရှက်ရယ် လေးလိုရယ်သည်။

တစ်ဖက်၏ခင်မင်လေးစားမှုနှင့် ဆရာသမားတစ်ဦးအပေါ် ရင်းနှီးစွာ အပြုံးများနှင့်ပြောဆိုလာတော့လည်း…

ဒေါက်တာ မင်းသွင်သည် ရယ်ဟန်ရှိသော မျက်ဝန်းများနှင့် မျက်နှာအသွင်မျိုးရှိပါချေ၏။

ဘယ်သူတွေနှင့်ပဲဖြစ်ဖြစ် ဘယ်အခါဘာမျိုးပဲရှိရှိ၊ ဒေါက်တာ မင်းသွင်အနေနှင့်ကား ဟက်ဟက်ပက်ပက် ပြုံးရယ်ခြင်းဟူ၍မဆိုလေနှင့် ဂရုဏာကြီးခြင်းနှင့် တည်ငြိမ်လွန်းခြင်းကြောင့်လည်း ခင်ဘုန်းမြို့နေ ကလေးလူကြီးလူရွယ်များကအစ သူ့ကိုပို၍ ချစ်ခင်လေးစားကြသည်လည်းမည်၏။

စူးစမ်းနေတတ်သူများအဖို့တော့ဖြင့် သူ့မျက်ဝန်းမှ ဝေဒနာရိပ်များအား တွေ့မြင်ရှာဖွေတတ်ကြပါလေ၏။

သို့သော်လည်း ထိုကိစ္စမျိုးနှင့်ပတ်သက်၍တော့ သူ့ကို မည်သူကမျှ ဆတ်ဆော့မေးမြန်းခြင်းဖြင့် မပြုဝံ့ကြပါလေ…။

မည်သို့ပင်ဖြစ်စေ သူ၏ရယ်မောနေတတ်သော မျက်ဝန်းညို့တို့ကိုပင် အားလုံးကသဘောကျ ကျေနပ်ကြပါချေ၏။

ယခုလည်းပဲ သူ၏ပြုံးရိပ်စွန်းသောမျက်နှာနှင့် မျက်ဝန်းတို့ကိုသာ ဒေါက်တာ ယဉ်လှဲနွယ်သည် နားလည်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ရပါ၏။

"ကဲ..ဒေါက်တာ၊ လဲ့ ခွင့်ကိစ္စအတွက် ဒေါက်တာ့ကိုကြို ပြောထားတာပါ၊ လဲ့ကို ခွင့်ပြုပါဦး..."

"ဟုတ်ကဲ့..ကောင်းပါပြီ ဒေါ်ယဉ်လဲ့နွယ်..."

ထိုင်ရာမှထကာ ဒေါက်တာ ယဉ်လဲ့နွယ် နှုတ်ဆက်ဆိုနေသည်မို့ သူလည်း ထိုင်ရာမှထကာဆိုဖြစ်ပါ၏။

"ဩော်..ဒေါက်တာ..."

"ဗျာ..."

အပေါက်ဝနားရောက်မှ ဒေါက်တာ ယဉ်လဲ့နွယ်က လှည့်ကာခေါ်နေပြန်၍ သူ လှမ်းကြည့်ရင်း မျက်ဝန်းတွေနှင့်မေးခွန်းထုတ်နေ၏။

"လဲ့ မေ့နေတယ်၊ ဒီနေ့အော်ပရေးရှင်း နှစ်ခုရှိတယ်နော်..."

"ဟုတ်တယ်လေ၊ ကျွန်တော်တို့ ဒီမနက်ပိုင်းမှာပဲ နှစ်ယောက်စလုံးခွဲလိုက်ကြတာပေါ့..."

"ဟုတ်ကဲ့၊ ကောင်းပါတယ် ဒေါက်တာ၊ လဲ့ အခု အမျိုးသားဆောင်ဘက် ရောင်းလှည့်ဦးမယ်နော်...."

"ဟုတ်ကဲ့..ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီပိုင်ထဲရေးမှတ်ပြီးရင် အမျိုးသမီးဆောင်ဘက်သွားမှာပါ၊ ရောင်းလှည့်ပြီးရင်တော့ ကျွန်တော်တို့ ခွဲခန်းစဝင်ကြတာပေါ့..."





"ဟုတ်ကဲ့ ဒေါက်တာ..."

လေးစားစွာဖြင့် ခေါင်းဆတ်ဆိုအပြီး ဒေါက်တာ ယဉ်လဲ့နွယ် ထွက်သွားလေမှ ရေးလက်စဖိုင်ထဲ တစ်နေ့တာအစီအစဉ်မှတ်တမ်းကို သူ ဆက်ရေးလိုက်လေသည်။

ဖိုင်ရေးပြီးသည်နှင့် သူ ရောင်းလှည့်ရန် အခန်းထဲမှ ထွက်ခဲ့သည်။

သူနာပြုဆရာမများ အနားယူသည့်အခန်းရှေ့အရောက်၊ ဆရာမများ သူ့ကိုလှမ်းမြင်လိုက်ကြသဖြင့်...

သူ မခေါ်ရသေးပင် အလိုက်သင့်အလှည့်ကျ ဆရာမလေးတစ်ဦး သူ့နောက်မှထွက်လိုက်ခဲ့လေ၏။

လူနာများအား လိုက်လံကြည့်ရှုနေသည့် တစ်ချိန်လုံးတွင် သူ၏စကားသံများသည် ကြင်နာမှုအပြည့်အဝဖြင့် နွေးထွေးနေပါ၏။

လူနာများလည်း သူ၏ချောမွေ့ခြင်းနှင့်ပြည့်ဝရည်မွန်သောရုပ်ရည်အဆင်းကို တစိမ့်စိမ့်ကြည့်ရင်းမှပင် ချစ်ခင်လေးစားအားကိုးအားထားမှုများ ပို၍ပိုကာရှိကြရသည်။

လူနာများအားလုံး ကြည့်ပြီးချိန်တွင်မတော့ အမျိုးသမီးလူနာဆောင်မှ သူ့အခန်းဆီသို့ ပြန်လာခဲ့၏။

အနားယူအခန်းဆီ သူ လှမ်းလာဆဲ ရှေ့မှသွားနေသည့် နာ့စ်မလေးတစ်ယောက်၏ အဖြူနှင့်အနီယူနီဖောင်းဆီ အမှတ်တမဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ရောက်မိနိုက်…

သူ့စိတ်သည် အမှတ်ထင်ထင်ရှိသွားရကာ သူ့အကြည့် တစ်ချက်ချင်း လွှဲပစ်လိုက်ပါလေသည်။

သို့သော်…

အကြည့်သည် လွှဲသွားရသော်ငြား၊ ရင်ထဲမတော့ ထိနိုက် ခြင်းဝေဒနာသည် စစ်စစ်မြည်လျက်ရှိချေသတည်း…။

အခန်းထဲရောက်လာခဲ့သည့်တိုင် သူ့ရင်သည် နှံ့နှေး စွာဖြင့် ပင်ပန်းလှန်းနေရပါချေ၏။

ဟား…

ပင့်သက်တစ်ချက်ကို ပင်ပန်းစွာချရင်း သူ ခေါင်းကို ရမ်းနေမိသည်။ ပြီးတော့ သူ့မျက်ဝန်းအစုံအား ရောင်ရမ်းသလို တစ်ချက်မှိတ်မိ၏။

အို…ငါ ခွဲခန်းဘက်ဝင်ရဦးမှာ…

နှုတ်မှဆိုရင်း စိတ်ကိုအပြောင်းအလဲဖြစ်စေလိုက်သည်။ ချက်ချင်းပင်လည်း သူ ထိုင်ရာမှထကာ ခွဲစိပ်ခန်းဝင်ရန် ထွက်ခဲ့လိုက်ပါလေတော့၏။

××   ××   ××



- ငါး -

နံ့သာမြိုင်အရပ်မှ ခင်မင်သောမိတ်ဆွေတစ်ယောက်အိမ်မှ ထမင်းဖိတ်ကျွေးသည်ကိုစားပြီး၍ အိမ်ပြန်လာချိန်တွင် အမှောင် သည်အတန်ကြီး ကြီးစိုးနေပြီဖြစ်၏။

လမ်းမကြီးအတိုင်းပြန်မည်ဟု စိတ်ကူးမှာ၊ ဘောလုံးကွင်း လမ်းဆုံးလမ်းခွဲနေရာသို့ရောက်သော် ပြောင်းလဲသွားရ၏။

လက်ယာဘက်သို့ ကားစတီယာတိုင်ကို မင်းသွင် ကွေ့ချပြီး မောင်းနှင်ခဲ့သည်။

အိမ်ပြန်လမ်းနှင့်နီးသည်ဟူသော စိတ်ကူးဖြစ်မိ၍ ဘော လုံးကွင်းလမ်းနံဘေး ကားကိုမောင်းနှင်လာခဲ့ပြီးမှ မင်းသွင် နောင်တရနေမိသည်။

မှန်သည်။

အဘယ်ကြောင့်ဆိုသော် ဘောလုံးကွင်းလမ်းတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပြေပြစ်မှုနည်းပါး၍ လမ်းမီးတိုင်များမှာလည်း ကျိုးတိုးကျဲတဲဖြင့် အလင်းရောင်တို့ အားနည်းနေရသည်မဟုတ်ပါလား…။

ဟူး…

မင်းသွင် စိတ်အိုက်သွားသည်။

သို့သော်လည်း မထူးပြီမို့ ကားမီးလုံးကြီးများကိုထွန်းထားပြီး ပြေပြစ်ဆုံးလမ်းကိုရှာဖွေကာ စိတ်ရှည်လက်ရှည်ကားကို မောင်းနှင်နေရပါတော့၏။

ကားမောင်းဆဲ ဟောမာန်ညည့်ဦးလေပြည်လေးတစ်သုတ် ကားထဲဝင်ရောက်လာ၍ အေးမြမြအသိကို မင်းသွင် ခံစားလိုက်ရလေသည်။

မင်းသွင် အကြည့်တစ်ချက်သည်လည်း ဘေးဘီသို့ရောက်မိသည်။ အကြည့်နှင့်အတူ စိတ်ကူးထဲမှာလည်း အသိတစ်ခုကဝင် ရောက်လာသည်။

ပထမဦးဆုံး လူသတ်မှုဖြစ်တဲ့နေရာက ဒီဘောလုံးကွင်းမှာပဲ၊ ဘောလုံးကွင်းကြီးကလည်း မှောင်နေတာပဲကိုး…

ဒုစရိုက်ကောင်တွေကျက်စားလို့ကောင်းတဲ့နေရာပဲပေါ့…

ဘောလုံးကွင်းပျက်ကြီးထဲ ဝေ့ဝဲကြည့်ရင်း မင်းသွင်တွေးမိ၏။

ဘောလုံးကွင်းလမ်းတစ်လျှောက်ကို မောင်းနှင်လာခဲ့ပြီးမှ (··)လမ်းသို့အရောက်တွင် မင်းသွင် ကားကိုယာဘက်သို့ပင်





ချိုးကွေ့ပြီး မောင်းနှင်လာခဲ့၏။

(··)လမ်းမှ သော်ကလမ်း၊ သော်ကလမ်းပြီးမှ မင်းသွင်နေထိုင်ရာ ပိတောက်လမ်းသို့ရောက်ခဲ့၏။

အိမ်သို့ရောက်သည်တွင် ညရှစ်နာရီထိုးနေပြီဖြစ်၏။ တစ်ဖက်ခြံမှ တီဗီသတင်းကြေငြာသံကို ကြားနေရ၏။

အိမ်ရှေ့တံခါးကိုသော့ဖွင့်ပြီး အိမ်ထဲသို့ဝင်လာခဲ့သည်။ အိမ်ရောက်မှပင် အိပ်ခန်းထဲမှအနွေးထည်ကို မင်းသွင် ယူပြီးဝတ်ဖြစ်သည်။

မိုးမချုပ်ခင်က အချမ်းပေါ့သော်လည်း မိုးချုပ်လာလေ အအေးပိုလာလေမို့ ကိုယ်ထဲနွေးသွားစေရန်စိတ်ကူးဖြင့် ဘလက်ကော်ဖီပူပူလေး တစ်ခွက်ကို မီးဖိုထဲတန်းဝင်လာပြီး မင်းသွင်ဖျော်လိုက်သည်။

မတ်ခွက်လေးနှင့်ဘလက်ကော်ဖီဖျော်ခဲ့ပြီး ဧည့်ခန်းဆီသို့ မင်းသွင် ပြန်ထွက်လာခဲ့လေ၏။ ထို့နောက် တီဗီကိုဖွင့်လိုက်ပြီး တီဗီရှေ့တွင် ထိုင်လိုက်သည်။

တီဗီသတင်းကိုနားထောင်ရင်း ဘလက်ကော်ဖီလေးကို အရသာ ခံသောက်ရင်းဖြင့် မင်းသွင် အနားယူနေ၏။

တီဗီထဲမှ နိုင်ငံခြားတွင် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့အားကစားသမားများအကြောင်းအား တစ်ပေါက်ချင်း ဖော်ထုတ်ဂုဏ်ပြု ကြေညာနေသည်ကို ဘာရယ်မဟုတ် မင်းသွင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်းနှားထောင်နေ မိလေသည်။

တိုင်းတစ်ပါးတွင် နှစ်နှစ်ဆက်တိုက် ရွှေတံဆိပ်ဆုဆွတ်ခူးကာ အပြေးချန်ပီယံဘွဲ့ကိုရရှိခဲ့သည့် နဒီလှိုင်းအမည်အားကြေညာအပြီး…

တီဗီဖန်သားပေါ်မှ အပြေးချန်ပီယံ နဒီလှိုင်းပုံကို အနီးကပ်ပြလိုက်သည့်အခိုက်မတော့…

ဟင်…ပိုးဥ၊ ပိုးဥနဲ့တူလိုက်တာ၊ အို…ပိုးဥ…ပိုးဥအတိုင်းပါပဲ၊ နဒီလှိုင်းတဲ့၊ သူ့…သူ့နာမည်က နဒီလှိုင်းတဲ့၊ အို…

ဒေါက်တာ မင်းသွင်ကား ဒရင်းဘက်ပေါ်ထိုင်နေရာမှ မြုန်းခနဲ ကိုယ်ကြီးမတ်ကာ ဝုန်းခနဲထရပ်သွားမတတ် မယုံကြည်နိုင်အောင်နှုတ်မှ တနင့်တမိုးစကားများ ထွက်သွားလိုက်ရပါတော့သတည်း…။

တီဗီထဲမှ နဒီလှိုင်းပုံလေးက ပျောက်သွားရပေပြီ၊ မင်းသွင်မှာ မချင့်မရဲကြီးဖြစ်နေရရှာသည်။

ဟား…

ရင်ခွဲမွန်းကျပ်သွားရသလို၊ မောဟိုက်သွားရသလိုပါ။ သွေးခန္ဓာ တစ်ခုလုံးမှာ အင်အားချိနဲ့သွားသလို ဒရင်းဘက်ပေါ် ပြန်ကျသွားရလေ သည်။

အလွန်တရာမှလှပချောမွေ့ ချစ်စရာကောင်းလှသည့် နဒီလှိုင်း မျက်နှာလေးက မင်းသွင် မျက်ဝန်းအစုံထဲမှမထွက်ပါ





လေ…။ နဒီလှိုင်းတဲ့၊ အပြေးချန်ပီယံမလေး၊ အားကစားမယ်လေး…

ပိုးဥ၊ ပိုးဥကနှာစ်မလေး၊ ဟား…ဖြစ်တော့မဖြစ်နိုင်တော့ဘူးလေ၊ ဒါပေမဲ့ ပိုပြီးနုနယ်တာကလွဲရင် နဒီလှိုင်းဟာ ပိုးဥနဲ့တူလိုက်တာ..

ဟား…ပိုးဥရယ်၊ ယနေ့ထက်တိုင် ဆရာ မင်းအတွက် စိတ်ထိခိုက်နေရပါတယ်ကွယ်…

တကယ်ပါ၊ ပိုးဥရယ်၊ မင်းရဲ့အဖြစ်ဆိုးလေးဟာ ယနေ့ထက်တိုင် ဆရာ့မျက်လုံးထဲကမထွက်ပါဘူး…

အဖြစ်ဆိုးနဲ့သေဆုံးသွားရတဲ့ မင်းကို ယနေ့တိုင် ဆရာ မြင်ယောင်တိုင်းမှာ ထိခိုက်ချောက်ချားရပါတယ် မိန်းကလေးရယ်…

ဆရာ ယူကြုံးမရပါဘူးကွယ်၊ မင်းနဲ့ပတ်သက်ပြီး ဆရာရဲ့ထိခိုက်မှု၊ ချောက်ချားမှု၊ ခံစားမှုတွေဟာ…

ယနေ့ ဆရာ့ကိုတောင် လူတွေက တီးတိုးတီးတိုးသမုတ်နေကြပါတယ် ပိုးဥ…

အဲဒီလိုလူတွေသမုတ်တာခံရလောက်အောင် ဆရာ မင်းအတွက် ခံစားနေရပါတယ် ပိုးဥရယ်…

ဟင်း…

အတွေးများလျှံသွားရခြင်းအတွက် သက်မမောကြီးချကာ



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင် ရပ်တန့်ပစ်လိုက်သည်။

မျက်နှာကို လက်နှစ်ဖက်နှင့်ပွတ်သပ်ပစ်လိုက်ပြီး ဆံပင်များ ကြားထဲ လက်ချောင်းများထိုးသွင်းကာ ဖွပစ်လိုက်၏။

ပိုးဥနှင့်တူသည့် နဒီလှိုင်းပုံလေးအား စတွေ့လိုက်ရမှ မင်းသွင် စိတ်တွေပို၍ လှုပ်ရှားလာရသလိုရှိသည်။

လက်ကျန် ဘလက်ကော်ဖီလေးကို သောက်ပစ်လိုက်ပြီး မင်းသွင် ထိုင်နေရာမှထလိုက်သည်။

စာအုပ်စင်တွင် စာအုပ်တစ်အုပ်ကို မင်းသွင် ယူခဲ့ပြီးဒရင်းဘက်ဆီ ပြန်လာသည်။

စာဖတ်ရင်း စိတ်လှုပ်ရှားမှုကို မင်းသွင် ဖြေသိမ့်သည်။ ညစဉ်စာဖတ်တတ်သည်ကလည်း မင်းသွင် အကျင့်ပင်...။

ညတိုင်းလိုလို မင်းသွင် စားဖတ်သည်။ တစ်ခါတစ်ရံ တီဗီကို စိတ်မပါဘဲနှင့်လည်း ပြီးအောင် မင်းသွင် ထိုင်ကြည့်နေတတ်သည်။

တီဗီပြီးမှ မင်းသွင် စာဖတ်သည်။ ယခုလည်း စိတ်လှုပ်ရှားမှုနှင့်အတွေးများဖျောက်လျက် မင်းသွင် စာဖတ်ရန်ပြင်ဆင်လိုက်သည်။

တီဗီကိုလည်း မင်းသွင် မပိတ်..။ တီဗီဖွင့်ထားသော်လည်း တီဗီထဲသို့ မင်းသွင် စိတ်မရောက်ဘဲ စာအုပ်ထဲ၌သာ စိတ်ကိုနှစ်မြှုပ် သွားတတ်သည်။





မှန်သည်။

ညစဉ်စာဖတ်ရင်းနှင့်ပင် မင်းသွင်ကား ညဉ့်နက်တိုင်နေတတ်ပါ၏။ တစ်ခါတစ်ရံ စာဖတ်ချိန်လွန်းသွားသဖြင့် နာရီပြန် တစ်ချက်၊ တစ်ချက်ခွဲလောက်မှ မင်းသွင် အိပ်ရာဝင်ဖြစ်သည် လည်းရှိသည်။

ယခုလည်း တီဗီကိုဖွင့်ထားဆဲ မင်းသွင် စာထဲစိတ်ဝင်စားနေလေပြီဖြစ်သည်။

သို့ဖြင့် အချိန်သည်တစ်စထက်တစ်စ ကုန်၍ကုန်မှန်း မင်းသွင် မသိတော့။ ညဉ့်နက်၍နက်မှန်းလည်း မင်းသွင် မသိပါတော့...။

မင်းသွင် စာဖတ်နေဆဲ နာရီလက်တံလေးများကား တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြပါသတည်း...။ ။

××  ××  ××



www.burmeseclassic.com

www.burmeseclassic.com

## - ခြောက် -

ညသည် တဖြည်းဖြည်းနှင့်အေးစိမ့်မှုများ ကျစ်လျစ်လာသည်။ အအေးဒဏ်ကြောင့် ထုံကျင်ကိုက်ခဲသည်ထင့်…။

လူနာဆောင်များမှ ဝေဒနာပြင်းထန်သော လူနာများထံမှ ညည်းညူသံတွေ ပေါ်ထွက်နေရချေပြီ…။

သာမန်လူများအဖို့ပင် အအေးဒဏ်နှိပ်စက်မှုကြောင့် အိပ်မရနိုင်ဖြစ်ကြရလျှင် ရောဂါဝေဒနာသည်များအဖို့ကား သနားစရာပါပင်…။

**နိုက်ဂျူတီဝင်နေရသည့် ဒေါက်တာ ယဉ်လှဲ့နွယ်သည်** ဝမ်းထဲ **ပူနွေးသွားစေရန်အတွက် ကော်ဖီပူပူခါးခါးလေးသောက်ရန်** အတွက် **စိတ်ကူးဖြင့်** ဓာတ်ဘူးထဲမှကော်ဖီလေး လောင်းထည့်ရန်





မြင်ဆင်ဆဲ…

“ဒေါက်တာ…”

“ဟင်…ဘာဖြစ်လဲ…”

လူနာတစ်ယောက် လာခေါ်သံကြောင့် ဒေါက်တာ ယဉ်လှဲ့နွယ် လှည့်ကြည့်ပြီးမေးသည်။

“ဒေါ်ကျင်မြိုင်တစ်ယောက် သိပ်သည်းနေလို့ပါ ဒေါက်တာ…”

“ဟုတ်လား…ဘယ်အဆောင်ကလဲ…”

“ဗိုက်ခွဲတဲ့အဆောင်ကပါ၊ အိပ်မရဘူးတဲ့ ဒေါက်တာ၊ ဆရာ မတွေ့လည်းတစ်ယောက်မှမတွေ့လို့ ဒေါက်တာ့ဆီ ကျွန်မ လာပြောတာပါ…”

“သြော်…အင်း…အင်း၊ ကျွန်မ လာခဲ့ပါ့မယ်…”

လူနာလာခေါ်သဖြင့် ဓာတ်ဘူးလေးကို အသာပြန်ထားခဲ့ပြီး စားပွဲပေါ်မှ နားကျပ်လေးလှမ်းယူကာ လူနာဆောင်ဘက်သို့ ဒေါက်တာ ယဉ်လှဲ့နွယ် ထွက်ခဲ့ရလေသည်။

ဗိုက်ခွဲထားရသည့်လူနာ ဒေါ်ကျင်မြိုင်ကို သက်သာစေရန်နှင့်အိပ်ပျော်သွားစေရန် ဆေးတစ်လုံးကိုထိုးပေးပြီး…

တခြားအိပ်မပျော်နိုင်ရှာသည့် လူနာများကိုပါဆေးတိုက်တန်တိုက်၊ ဆေးထိုးတန်ထိုးနှင့် ညည်းညူနေသူလူနာများအားလုံးကိုပါ ယဉ်လှဲ့နွယ် ကြည့်ရှုအားပေးခဲ့သည်။

www.burmeseclassic.com



အမျိုးသားဆောင်နှင့်အမျိုးသမီးဆောင်များမှ လူနာများအားလုံး ကြည့်ရှုအားပေးခဲ့ပြီးမှ အနားယူရန်အခန်းဆီသို့ ယဉ်လှဲ့နွယ် ပြန်လာခဲ့လေ၏။

အခန်းသို့ရောက်သည်တွင် နိုက်ဂျူတီအတူကျနေကြသည့် နာ့စ်လေးနှစ်ယောက်ကို ယဉ်လှဲ့နွယ် မြင်လိုက်ရ၍…

"ဆရာမတို့ စောစောကဘယ်သွားနေကြတာလဲ၊ လူနာတွေက ဆရာမတို့ကို မတွေ့ဘူးတဲ့…"

"သီးတာက ကလေးဆောင်ဘက်မှာ. ကလေးတစ်ယောက်ကို ဝမ်းသွားချူပေးလို့ပါ မမ…"

"သူဇာလည်း မွေးလူနာဆောင်ဘက်သွားနေလို့ပါ၊ ခုတင်နံပါတ်တစ်ကအမျိုးသမီး ဒီညပဲမွေးမယ်ထင်တယ် မမ…"

"ဟုတ်လား၊ သားအိမ်ပွင့်ပြီလား…"

"လက်တစ်လုံးပဲပွင့်ပါသေးတယ်၊ သွေးတော့ပေါင်နေတယ် မမ…"

"သြော်··အင်း၊ ဒါဆို ညဆယ့်နှစ်နာရီတစ်ချက်လောက် မွေးလိမ့်မယ်ထင်တယ်…"

"ဟုတ်တယ် မမ၊ မွေးတော့မွေးမှာပဲ…"

"အေး··အေး ကော်ဖီသောက်ပြီး မမ သွားကြည့်လိုက်ဦးမယ်…"

ကော်ဖီပူပူလေးတစ်ခွက်ကိုငှဲ့ပြီး ဒေါက်တာ ယဉ်လှဲ့နွယ်





ခပ်ဖြည်းဖြည်း မှုတ်သောက်လိုက်သည်။

ကော်ဖီတစ်ဝက်လောက် သောက်ပြီးသည့်တွင် ဝမ်းထဲနွေးကာ နေထိုင်လို့ကောင်းသွားပါ၏။

"မမ သူဇာ အိပ်မပျော်အောင်လို့ လက်ဖက်တွေသုတ်လာတယ်၊ စားကြရအောင်…"

"အေး··အေး ပြန်လာတော့စားမယ်၊ မမ မွေးလူနာကို သွားကြည့်လိုက်ဦးမယ်…"

"သီတာ လိုက်ခဲ့မယ်နော် မမ…"

"အေး··အေး…"

ဆရာမလေး သီတာနှင့်အတူ မွေးလူနာဆောင်ဘက်သို့ ယဉ်လှဲ့နွယ် ထွက်ခဲ့သည်။

ခင်ဘုန်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် မွေးလူနာဆောင်နှင့် ကလေးဆောင်တို့မှာ သီးသန့်ဖြစ်နေ၍…

ယဉ်လှဲ့နွယ်သည် ဆရာမလေး သီတာနှင့်အတူ အထွေထွေကုဝေဒနာရှင်များထားသည့် ဆေးရုံကြီးပေါ်မှ မွေးလူနာဆောင်ဘက်ဆီသို့ ထွက်ခဲ့ပါလေ၏။

"ခင်ဘုန်းမြို့က တခြားမြို့တွေထက် ပိုအေးတယ်နော် မမ…"

"အေးကွယ်၊ ရန်ကုန်မှာတောင် ဒီလောက်အေးမယ် မထင်ဘူး…"



www.burmeseclassic.com

www.burmeseclassic.com



အတွေတွေရောဂါကုဆောင်မှ မွေးလူနာဆောင်ဘက်ဖြတ်အကူးတွင်အအေးဒဏ်ကြောင့် ပန်းလေးတွေကြုံကာ ပြောဖြစ်ကြသည်။

"ဆေးရုံထဲနေနေတာက အေးမှန်းသိပ်မသိသာဘူး၊ အပြင်ထွက်လာမှ အပြင်မှာသိပ်အေးမှန်း ပိုသိတယ်..."

"တော်သေးတာပေါ့၊ စောစောက မမ ကော်ဖီပူပူလေးသောက်လာသေးလို့..."

စကားတွေပြောရင်း မွေးလူနာဆောင်ဆီသို့ ရောက်လာကြသည်။ ယဉ်လှဲ့နွယ်မှာ မွေးခါနီးလူနာအမျိုးသမီး၏ ဝမ်းဗိုက်ကိုစမ်းသပ်ကြည့်ပြီး...

သားအိမ်လမ်းကြောင်း မည်မျှပွင့်နေသည်ကိုလည်းစစ်ဆေးစမ်းသပ်ကြည့်လိုက်၏။

"ဒီညတော့မွေးမှာပဲ၊ လမ်းများများလျှောက်ပေးနော်၊ ဝမ်းချောင်အောင်လို့ပြောတာပါ၊ တတ်နိုင်သလောက်လျှောက်ပေါ့နော်၊ မလျှောက်နိုင်လည်းမလျှောက်နဲ့ပေါ့လေ..."

"ဟုတ်ကဲ့ပါ ဒေါက်တာ..."

"ကဲ..သိပ်နာလာတဲ့အခါကျတော့ ကျွန်မတို့ကို လာခေါ်နော်..."

"ဟုတ်ကဲ့ ဒေါက်တာ..."





မွေးလူနာကိုကြည့်ပေးခဲ့ပြီး သီတာနှင့်အတူ မွေးလူနာဆောင်မှ ဆေးရုံကြီးပေါ်သို့ တက်လာခဲ့ကြသည်။

"ဒီနားကမီးလေးတွေကလည်း မှိန်းပျပျနဲ့အားကိုမရဘူးနော် မမ..."

"အေးကွယ်၊ မမကလည်း မျက်စိအားနည်းနေတာနဲ့အတော်ကြီးကိုကြည့်ပြီး သွားနေရတယ်..."

ဆေးရုံအဆောင်တစ်ခုနှင့်တစ်ခုအကူး လမ်းတစ်လျှောက်တွင် မီးသီးလေးများ ထွန်းထားသော်လည်း အမှောင်ဘက်လုချင်ချင်မို့...

အားမရလှစွာ နှစ်ဦးသားပြောဖြစ်ကြရင်း ဆေးရုံကြီးပေါ်သို့ ပြန်ရောက်လာကြရ၏။

အနားယူခန်းထဲရောက်သည်တွင် ဆရာမလေး သူဇာသုတ်ထားသည့်လက်ဖက်ပွဲကို စားလိုက်ကြသည်။

ညဦးသည် တစ်စတစ်စနက်လာသည်။ အအေးဓာတ်သည်လည်း ပို၍ပိုကာ လွှမ်းကဲလာသည်။

လူနာဆောင်များဘက်မှ လူနာညည်းသံတို့မှာ စောစောကထက်စာလျှင် တိတ်ဆိတ်တိုးသွားကြ၏။

ဆေးတိုးဆေးတိုက်ထားသဖြင့် ညည်းညူသံများပျောက်ကာ အိပ်ပျော်သွားကြဟန်တူသည်။

ဒေါက်တာ ယဉ်လှဲ့နွယ်မှာ လက်ဖက်သုပ်လေးစားရင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်က မွေးခါနီးလူနာဆီ စိတ်ရောက်နေရချေ၏။ နာရီဆီကြည့် ကာကြည့်ကာဖြင့် လူနာခေါ်မည့်အချိန်ကို စောင့်စားနေမိလေသည်။

“မမ…”

“ဟင်…”

လက်ဖက်စားရင်း ရေနွေးကြမ်းလေးတွေသောက်ရင်းက ဆရာမလေးသီတာခေါ်သံကြောင့် ယဉ်လှဲ့နွယ် ထူးသည်။

“ဒီညလည်း မမ ဂျူတီကျတယ်၊ မနက်ဖြန်လည်း မမ ခရီးထွက်ရမှာနော်…”

“အေးလေ မမ တစ်ညလုံးမအိပ်ရဘူး၊ တစ်ခါခရီးက လည်းပန်းဦးမှာ…”

“ရပါတယ်ကွယ်၊ ရထားပေါ်မှာအိပ်သွားမှာပေါ့…”

“အင်း…မမ မရှိရင်တော့ ကျွန်မတို့တွေ ဒေါက်တာ မင်းသွင်နဲ့နှစ်ပါးသွားကြရတော့မှာ…”

“ဘာဖြစ်လို့လဲ၊ ကြောက်လို့လား…”

“ကြောက်လို့မဟုတ်ပါဘူး မမရယ်၊ ဒေါက်တာက မရယ်မပြုံးကြီးနဲ့လိုလို တစ်မျိုးကြီးပဲ၊ အနေရအထိုင်ရခက်တယ်…”

“အဟင်း…ဟင်း၊ မင်းတို့လည်းသိသားပဲကွယ်၊ ဒေါက်တာက ဒီလိုပဲနေတတ်တာ…”





“ဟုတ်တော့ဟုတ်ပါတယ် မမရယ်၊ ကျွန်မတို့ကလည်း ဒေါက်တာ့ကို ခင်ကြပါတယ်၊ ဒါပေမဲ့ ဒေါက်တာ့အရှိန်ကြီး ကြည့်ပြီး လန့်နေရတယ်…”

“ဟုတ်တယ် မမရဲ့၊ ဒေါက်တာက သိပ်အေးချမ်းပြီး တည်ငြိမ်လွန်းတာကိုး…”

ဒေါက်တာ မင်းသွင်အကြောင်း ဆရာမလေးတွေပြောကြသည်ကို ယဉ်လှဲ့နွယ် ပြုံးပြီးနားထောင်နေမိသည်။

“ဒေါက်တာ မင်းသွင်ကလေ သူ့မျက်လုံးတွေက အကယ့်ကို လွမ်းနေတဲ့ပုံနော် မမ…”

“အို…မျက်လုံးမှမဟုတ်ပါဘူးလေ၊ အကုန်လွမ်းနေတာ၊ ဒါကြောင့် သူ့ကိုလူတွေက အလွမ်းဘွဲ့ရထားပြီးသားလို့ပြောနေကြတာလည်း မှန်တယ်…”

“အဟင်း…ဟင်း…ဟင်း…”

ယဉ်လှဲ့နွယ် ရယ်သည်။

“ကောင်မလေးတွေနော်၊ ဘာလို့ကိုယ့်ဆရာသမားအတွင်းတွေပြောနေကြတာလဲ…”

“အတင်းရယ်မဟုတ်ပါဘူး မမရယ်၊ ဆရာ့အကြောင်း ပြောရတာ အရသာလည်းရှိလွန်းလို့ပါ…”

“အဟင်း…ဟင်း သူ့ဇာဆိုရင်လည်း မမ၊ ဒေါက်တာ အကြောင်း သိပ်သိချင်တာပဲ…”



www.burmeseclassic.com

www.burmeseclassic.com



"နင်မှမဟုတ်ပါဘူးကွာ၊ ဒေါက်တာ မင်းသွင်အကြောင်း ဆိုရင် ခင်ဘုန်းမြို့တစ်မြို့လုံးမှာရှိတဲ့ အမျိုးသမီးတိုင်းကလိုလို စိတ်ဝင်စားနေကြတာဟဲ့..."

ဆရာမလေးနှစ်ယောက် စကားတွေနားထောင်ပြီး ယဉ်လဲ့နွယ်မှာ ပြုံးမြဲပြုံးနေဖြစ်သည်။

ဆရာမလေးနှစ်ယောက် ပြောကြသည်လည်းမှန်ကြောင်း၊ ယဉ်လဲ့နွယ် သိပါသည်။ ယဉ်လဲ့နွယ် ကိုယ်၌ကိုက ဒေါက်တာ မင်းသွင်အကြောင်းဆိုလျှင် သိချင်ကြားချင်နေရလေသူမဟုတ်ပါ တကား...။

"ဒေါက်တာ..."

စကားကောင်းဆဲ အခန်းဝမှလူနာရှင်တစ်ယောက် လာ ရောက်ခေါ်သံကြောင့် ယဉ်လဲ့နွယ်သည် မွေးခါနီးမှလူနာ ရှင်မှန်း သိလိုက်ရသဖြင့်...

"ဪ..သိပ်နာနေပြီလား..."

"ဟုတ်ကဲ့ ဒေါက်တာ၊ အတော်နာနေလို့ လာခေါ်တာ ပါ..."

"ကောင်းပြီ၊ အခုပဲလိုက်ခဲ့မယ်နော်၊ ကဲ..သီတာ မမနဲ့ လိုက်ခဲ့၊ သူဇာက ဒီမှာပဲစောင့်နေပေါ့..."

"ဟုတ်ကဲ့ မမ..."

မွေးလူနာတစ်ယောက် မွေးဖွားခါနီးပြီမို့ ဒေါက်တာ





ယဉ်လဲ့နွယ်ကား ပြည်သူအားကိုးထိုက်သည့် ဆရာဝန်တစ်ဦးပီသ လှစွာဖြင့် ချက်ချင်းပင် မွေးလူနာဆောင်ဆီသို့ ထွက်ခဲ့လိုက်ပါတော့ သတည်း။

မွေးလူနာဆောင်ရောက်သည်နှင့်ပင် မွေးလူနာကို မွေးခန်း ထဲသို့သွင်းရသည်။ ရိုးရိုးမွေးနိုင်မမွေးနိုင် စမ်းသပ်ကြည့်ပြီး ရိုးရိုးပင်မွေးနိုင်ကြောင်း သိသဖြင့် ကလေးထွက်လာနိုင်စေရေး အတွက် လူနာထံမှညှစ်အားကိုတောင်းရသည်။

ထိုမျှအေးစက်ကျဉ်ခဲနေသည့် အချိန်ပင်ဖြစ်လင့်ကစား၊ သားသည်မိခင်ကောင်းတစ်ဦး၏ လူလေးတစ်ယောက် လူပြည် ရောက်လာ စေရန်အတွက် မိခင်လူကြီးတစ်ယောက် မွေးဖွား သန့်စင်ချိန်ကား သေမင်းနှင့်အရင်းအနှီးပြု၍ အားသွန်ခွန်စိုက် မွေးဖွားခဲ့ရရှာသည် မဟုတ်ပါတကား...။

အူဝဲ..အူဝဲ..အူဝဲ...

ဟာ...

ယဉ်လဲ့နွယ်သည် အောင့်မှန်းမသိအောင့်ထားရသည့် သက်မမောကြီးအား ကလေးငိုသံကြားမိလေမှ ချဖြစ်လိုက်ရ ရှာပါ၏။

"မမ အနားသွားယူပါတော့၊ ကျွန်မ ဆက်လုပ်လိုက် တော့မယ်..."

"အေးကွယ်၊ မမ အခန်းကို ပြန်နင့်တော့မယ်နော်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ…"

မိခင်ရောကလေးပါ လိုအပ်သည်တို့လုပ်ဆောင်ပေးပြီး အညစ်အကြေးများသိမ်းဆည်းရန်သာ ကျန်တော့သည်မို့ ဆရာမလေးကိုထားရစ်ပြီး အနားယူခန်းရှိရာသို့ ယဉ်လှဲ့နွယ်တစ်ယောက် ပြန်လာခဲ့လေသည်။

မွေးလူနာဆောင်မှအထွက်တွင် လက်မှနာရီလေးဆီ ယဉ်လှဲ့နွယ် ကြည့်ဖြစ်သည်။ နာရီပြန်တစ်ချက်ပင် ကျော်စပြုပြီဖြစ်ချေ၏။

ယဉ်လှဲ့နွယ်သည် အထွေထွေလူနာဆောင်ဆီသို့ ခပ်သွက်သွက်ခြေလှမ်းလေးတွေ ကွေ့လာခဲ့ရာမှ တစ်နေရာသို့ရောက်သော်…

ဟင်…

ထိတ်လန့်ချောက်ချားခြင်းသည် ငယ်ထိပ်မှဖောက်ထွက်သွားဟန်ရှိသည်။

အော်ဟစ်ခြင်းကိုမျှ မပြုလိုက်နိုင်ရှာပါ။ အလွန်တရာအကျည်းတန်နိုင်လွန်းခြင်းဖြင့် ကြောက်လန့်ချောက်ချားစရာကောင်းလွန်းသော လူတစ်ယောက် မျက်လုံးရဲရဲကြီးတွေနှင့် မိမိရှေ့တွင် ကာဆီးရပ်နေကြောင်း အသိတစ်ချက်သည် ယဉ်လှဲ့နွယ်စိတ်ထဲဝင်ရောက်လာ၏။

ထိုအသိနှင့်တစ်ဆက်တည်း၌ပင် ယဉ်လှဲ့နွယ်၏ အသက်





သည်လည်းပဲ နုတ်ထွက်သွားလေဟန်…။

မှန်သည်။

ယဉ်လှဲ့နွယ်ကား ထွက်မပြေး၊ မအော်မဟစ်၊ နေရာ၌စင်းစင်းမတ်မတ်ကလေး မလှုပ်မရှားရပ်လျက်ရှိဆဲမဟုတ်ပါတကား။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

## - ခုနစ် -

ကရင်း..ရင်း..ရင်း...

စူးရှစွာမြည်လာသည့်ဖုန်းသံကြောင့် နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ မင်းသွင် နိုးလာသည်။

ကရင်း..ရင်း..ရင်း...

အိပ်ရာနံဘေးစားပွဲပေါ်မှဖုန်းလေးဆီ မင်းသွင် လှမ်းမကိုင်မခြင်း ဖုန်းလေးမှာ အော်မြည်နေဆဲရှိ၏။

အား..အင်း...

အိပ်စက်ခြင်းမတင်းတိမ်နိုင်သေးဟန်ဖြင့် ညည်းညူရင်းမျက် လုံးကို အတင်းဖွင့်ကြည့်ရသည်။ မျက်လုံးအဖွင့်တွင် အိပ်ရေးမဝသေး၍ မျက်လုံးတို့မှာ ကျိန်းစက်နေရချေ၏။

ကရင်း..ရင်း..ရင်း...





နံဘေးကဖုန်းလေးက အော်မြည်နေဆဲ၊ ဖုန်းလေးကို လှမ်းမကိုင်ဖြစ်သေးဘဲ၊ ခေါင်းအုံးနံဘေးမှ နာရီကို ယူကြည့်လိုက်သည်။

နံနက်ငါးနာရီ...။

ကရင်း..ရင်း..ရင်း...

ကျွတ်...ဘယ်ကလဲမသိဘူး၊ အစောကြီးဘာများအရေးကြီးပါလိမ့်...

ဟူး...

မင်းသွင် ညည်းညူသလိုဆိုရင်း ဖုန်းလေးဆီ လှမ်းကိုင်လိုက်ရတော့သည်။

"ဟဲလို..."

"......."

"ဟုတ်ပါတယ်၊ ကျွန်တော် မင်းသွင်ပါ..."

"......."

"ဘာ..ဘာပြောတယ်..."

တစ်ဖက်မှဘာပြောလိုက်သည်မသိ အိပ်နေရင်းဖုန်းပြောနေရာမှ ဝုန်းခနဲထကာ မယုံကြည်နိုင်စွာ ထိတ်လန့်အံ့သြခြင်းများစွာဖြင့် မင်းသွင် ဆိုလိုက်မိပါ၏။

"......."

"ဟင်..ဒေါက်တာ ယဉ်လှဲ့နွယ် ဆုံးပြီဟုတ်လား၊ ဟား ကောင်းပြီ..ကောင်းပြီ ကျွန်တော် အခုပဲလာခဲ့ပါ့မယ်..."



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင် ဖုန်းလေးကို ပြန်ချလိုက်၏။ နေ့မြင်ညပျောက် ဒေါက်တာ ယဉ်လှဲ့နွယ်အတွက် မင်းသွင် စိတ်ထိခိုက်သွားမိ၏။

ဟင်း…

မောကျုပ်လွန်းသောသက်မကို မင်းသွင် ချရသည်။

မိုးကမလင်းသေး၊ အမင်္ဂလာသတင်းဆိုးကြီးက နှုတ်ခွန်းဆက်လိုက်သလိုပါပင်…။

မိမိလက်အောက်မှလုပ်ကိုင်နေသည့် ဆရာဝန်မလေးအတွက် မင်းသွင် စိတ်မကောင်းလွန်းစွာဖြစ်ရပါ၏။

ကိုယ်လက်သန့်ရှင်းမှုကို မင်းသွင် အမြန်ဆုံးလုပ်လိုက်၏။ ထို့နောက် သူ့ဆံပင်တွေကို မဖြီးသင်ဖြစ်…။

ညဝတ်အိပ်ထားသည့် အဝတ်အစားတို့ကိုလည်း အမြန်ဆုံး လဲလိုက်သည်။ ထို့နောက် စားပွဲပေါ်မှကားသော့ကိုယူပြီး ရှပ်အင်္ကျီ ကျယ်သီးကို လက်နှစ်ဖက်မှတပ်ဆဲ ကားရှိရာသို့ထွက်လာခဲ့လိုက်ပါတော့၏။

ကားမောင်းပြီးထွက်လာမှ အနွေးထည်မပါမှန်း မင်းသွင် သတိရမိပါသည်။

မထူးတော့၊ ကားကိုဆေးရုံသို့သာ ဆက်မောင်းခဲ့တော့သည်။ မိမိလက်အောက်မှ လုပ်ဖော်ကိုင်ဖက်တစ်ဦးအတွက် သောကအပူက မင်းသွင်အတွက် အနွေးထည်ပင်မလိုတော့ပါ…။

ဆေးရုံရှေ့ရောက်သည်နှင့်ပင် မင်းသွင် ကားပေါ်မှအလျင်





စလိုဆင်းဖြစ်သည်။ ကားတံခါးကိုမှပြန်မပိတ်ဖြစ်၊ ကားပေါ်မှဆင်းသည်နှင့်ပင် ရဲအရာရှိ ဦးနေလှိုင်တို့အဖွဲ့ကို တွေ့လိုက်ရသည်။

“ရဲတွေလည်းရောက်နေပြီပဲ…”

“ကဲ…ဒေါက်တာရေ ကြည့်ပါဦး…”

သူ့ကိုမြင်သော် ဦးနေလှိုင်း ဆီး၍ဆို၏။ သူ ဘာမှစကားပြန်မပြောဖြစ်၊ ဦးနေလှိုင်တို့ရဲအဖွဲ့ကိုသာ ကြည့်နေလိုက်တော့သည်။

“ဒေါက်တာ…ဒေါက်တာ ဒေါ်ယဉ်လှဲ့နွယ်အလောင်းကရှင်ခွဲရုံထဲမရောက်သေးပါဘူး၊ သူ သေဆုံးတဲ့နေရာမှာပဲရှိနေသေးတယ်…”

“ဘယ်မှာလဲ၊ ဘယ်နေရာမှာလဲ…”

သူ မေးဖြစ်သည်။

“မွေးလူနာဆောင်ဘက်သွားတဲ့ လမ်းခုလပ်မှာပါ…”

“ဟင်…”

သူ မျက်မှောင်ကုတ်ပြီး စဉ်းစားမရဟန်ရှိသွားရလေပြီ။

“သွားကြည့်ကြရအောင်…”

မင်းသွင်ဆိုရင်း ရှေ့မှပင် သူ စတင်လှမ်းထွက်ခဲ့သည်။

အထွေထွေရောဂါကုလူနာဆောင်နှင့် မွေးလူနာဆောင်မှာ လမ်းကလေးဆက်ထားပေမယ့် လှမ်းတော့အတန်သင့်ဝေးပါ၏။

“ဒေါ်ယဉ်လှဲ့နွယ်ဟာ ဘာကြောင့်သေဆုံးသွားရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ညက သူ နိုက်ဂျူတီကျတယ်···"

"သူနဲ့အတူ ဘယ်ဆရာတွေကျလဲမသိဘူး၊ မေးကြည့်ရဦးမယ်···"

ရဲအဖွဲ့ဝင်များနှင့်အတူ ဒေါက်တာ မင်းသွင်သည် မွေးလူနာဆောင်သွားရာ လမ်းလေးအတိုင်းလျှောက်လာခဲ···

ဒေါ်ယဉ်လှဲ့နွယ် သေဆုံးမှုအကြောင်းများအား တွေးလာခဲ့မိ၏။

စင်္ကြံလမ်းကွေ့ချိုးလေးနေရာသို့ရောက်သော် မြေပေါ်တွင် ခွေခွေလေးလဲနေသည့် ဒေါက်တာ ယဉ်လှဲ့နွယ်အလောင်းအား မင်းသွင် တွေ့လိုက်ပါပြီ···။

ဒေါက်တာ ယဉ်လှဲ့နွယ်အလောင်းအား မြင်တွေ့ရသည်တွင် ဒေါက်တာ မင်းသွင်သည် အတော်လေးစိတ်မကောင်းဖြစ်ရပါ၏။

အလောင်းနားတွင် လူတွေမှာစိတ်မကောင်းကြီးစွာ ဝိုင်းအုံနေကြသည်။ ရဲအဖွဲ့များနှင့်ဒေါက်တာ မင်းသွင်ကို မြင်သည်တွင် နေရာရှဲ၍ ပေးလိုက်သည်။

ဒေါက်တာ မင်းသွင်သည် ယဉ်လှဲ့နွယ်အလောင်းအနီးတွင်ရပ်ကာ ငုံ့ကြည့်နေဖြစ်သည်။

"ကျွန်တော်တို့တော့ အလောင်းနဲ့အလောင်းဝန်းကျင်နားမှာ သဲလွန်စရှာထားပါတယ်၊ ထူးထူးခြားခြားတော့ ဘာမှမတွေ့





ရသေးပါဘူး၊ အလောင်းမှာ သွေးထွက်သံယိုမှုလည်းမတွေ့ရပါဘူး၊ မှတ်တမ်း ယူဖို့ဓာတ်ပုံတွေလည်း ရိုက်ပြီးပါပြီ···"

မင်းသွင်အားပြောပြသလို ဦးနေလှိုင် ဆိုသည်။ ဒေါက်တာ မင်းသွင်သည် ဦးနေလှိုင်၏စကားများအား နားထောင်ဆဲမှ ဘာမှစဉ်းစား မရသလို၊ မယုံကြည်နိုင်သလိုရှိနေမိ၏။

"ကဲ··ကျွန်တော်တို့အပိုင်းပြီးတော့ ဒေါက်တာ့အပိုင်းပဲ ကျန်ပြီ···"

"ဟင်···"

သက်မကြီးတစ်ချက်ချကာ မင်းသွင် ခေါင်းညိတ်ပြလိုက်လေသည်။

"ကဲ··အလောင်းကိုမော်ကျူရီထဲ သွင်းလိုက်ကြပါ···"

အနီးမှဆေးရုံအလုပ်သမားတို့ကို ပြောဆိုရစ်ပြီး မင်းသွင်သည် မော်ကျူရီသို့သွားစောင့်နေရန် ကြွထွက်ခဲ့လေ၏။

ဦးနေလှိုင်မှာ မင်းသွင်၏ စိတ်ဓာတ်ကျနေသလိုအသွင်ကိုကြည့်ပြီး···

"ဒေါက်တာလည်း အတော်ကြီး စိတ်ဓာတ်ကျသွားမှာပဲနော်···"

"ဒါပေါ့ဗျာ၊ ကျွန်တော်တို့ဟာ အလုပ်မောင်နှမတွေ မဟုတ်လား၊ စိတ်ကောင်းနိုင်ပါ့မလားလေ···"

"ဟုတ်ပါတယ်လေ၊ ဒေါက်တာ စိတ်ဓာတ်ကျသလို၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လည်း ဘာလုပ်ရမှန်းမသိတော့ပါဘူး…"

"ကျွန်တော်လည်း ဘယ်လိုစဉ်းစားရမလဲတောင် မသိတော့ပါဘူးဗျာ…"

ညည်းညူသလို အတွင်းနှုတ်ခမ်းသားကိုကိုက်ရင်း ဒေါက်တာ မင်းသွင် ဆို၏။

"ဒေါက်တာ ဒေါ်ယဉ်လှဲ့နွယ် ဒီနေ့ဆို ရန်ကုန်သွားတော့မှာတဲ့၊ ဒေါက်တာ့ဆီမှာ ခွင့်တင်ထားပြီးပြီလို့ ဆရာမတွေနဲ့လူနာတွေဆီက ပြောသံကြားတယ်…"

"ဟုတ်ပါတယ် ဦးနေလှိုင်၊ ကျွန်တော့်ဆီမှာ ခွင့်တင်ထားပါတယ်…"

"ရန်ကုန်မှာ သူ့အဖေနေမကောင်းဖြစ်နေတာ သူ့ကိုလှမ်းမှာလို့ သူ သွားကြည့်မလို့တဲ့…"

"အေးဗျာ…အခုတော့၊ ဒေါက်တာ ဒေါ်ယဉ်လှဲ့နွယ်အဖြစ်က အတော်လေးစိတ်မကောင်းဖြစ်စရာ…"

"သူ့မိသားစုဆီလည်း သတင်းတော့ချက်ချင်းပို့လို့ မဖြစ်သေးဘူးထင်တယ် ဒေါက်တာ…"

"အင်း…သူ့အဖေက မကျန်းမမာဖြစ်နေတယ်ဆိုတော့ ဒီသတင်းကြားရင် ပိုဆိုးသွားမှာပေါ့ဗျာ…"

"အေးလေ…လောလောဆယ်တော့ ကျွန်တော် ဒီကပဲလည်း နည်းနည်းပါးပါး၊ ထိန်းထိန်းသိမ်းသိမ်း ပြောထားကြတာ





ပေါ့…"

"အင်း…ဒီတာဝန်လည်း ဒေါက်တာ့တာဝန်ပဲဖြစ်လိမ့်ဦးမယ်…"

ဦးနေလှိုင်စကားအတွက် ဒေါက်တာ မင်းသွင် ခေါင်းသာညိတ်လိုက်ပါ၏။

"ဦးနေလှိုင်တို့ ဒေါ်ယဉ်လှဲ့နွယ်သေဆုံးမှုနဲ့ပတ်သက်ပြီး ဆရာ မတွေကို မေးပြီးပြီလား…"

"နိုက်ဂျူတီကျတဲ့ ဆရာမလေးတွေကတော့ ပြောပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က သေသေချာချာတော့ သူတို့ကို မမေးရသေးပါဘူး၊ သူတို့တွေလည်း ထိတ်လန့်ကြောက်ရွံ့ပြီး ငိုယိုနေကြတယ်လေ"

မင်းသွင်စကားမပြောဖြစ်တော့၊ စဉ်းစားဟန်များနှင့်ပင်ရှိနေတော့သည်။

ဒေါက်တာ ဒေါ်ယဉ်လှဲ့နွယ်အလောင်း၊ ရင်ခွဲရုံရောက်သွားပြီဖြစ်ကြောင်း သတင်းလာပေးသည်နှင့် ဒေါက်တာ မင်းသွင်သည် ရင်ခွဲရုံထဲသို့ လှမ်းဝင်လာခဲ့လေသည်။

ရင်ခွဲရုံအလုပ်သမားတစ်ဦးနှင့်အတူ ဒေါက်တာ မင်းသွင်သည် ဒေါက်တာ ယဉ်လှဲ့နွယ်၏အလောင်းအား တိကျသေချာစွာအဖြေရှာရန် ကြည့်ရှုစစ်ဆေးလိုက်ပါ၏။

ထို့နောက် ဒေါက်တာ မင်းသွင်သည် အပြင်ဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသည့် စခန်းမှူးကြီး ဦးနေလှိုင်နှင့်အတူ ရင်ခွဲရုံထဲမှထွက်ခဲ့လေသည်။

"ဘယ်လိုလဲ ဒေါက်တာ၊ အခြေအနေဘယ်လိုရှိလဲ…"

ဆေးရုံဆီသို့ လျှောက်လှမ်းလာကြဆဲ၊ ဦးနေလှိုင်က မေးလာ၍ ဒေါက်တာ မင်းသွင်သည် ဒေါက်တာ ယဉ်လဲ့နွယ် သေဆုံးမှု အလောင်းအား မျက်လုံးထဲပြန်လည်မြင်ယောင်လာရင်းမှ…

"ဒေါက်တာ ယဉ်လဲ့နွယ်ဟာ ရုတ်တရက်နှလုံးရပ်ပြီး သေဆုံးသွားတာပဲ…

သူမှာ ဘာရောဂါမှရှာမတွေ့ဘူး၊ သူ့ရဲ့မျက်စိသူငယ်အိမ် တည်နေပုံကိုကြည့်ရင်…

သူဟာ အင်မတန်မှထိတ်လန့်ချောက်ချားစရာကောင်းတဲ့ မြင်ကွင်းမျိုးကို မြင်တွေ့လိုက်ရဟန်ရှိတယ်၊ သူ့အလောင်းမှာ တခြားတော့ ဘာမှမတွေ့ရဘူး…"

"ဒေါ်ယဉ်လဲ့နွယ် သေဆုံးပုံမှာဆန်းတာပဲ…"

စိတ်ဝင်စားစွာ စဉ်းစားဟန်ဖြင့် ဦးနေလှိုင် ဆိုသည်။

ဒေါက်တာ မင်းသွင်သည်လည်း အလေးအနက်တွေးဆဟန်များနှင့်…

"ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း စဉ်းစားလို့မရတော့ဘူး၊ ပကတိကျန်းမာနေတဲ့ လူတစ်ယောက်တောင် ရုတ်ချည်း





သေဆုံးသွားနိုင်အောင်ဖြစ်တဲ့အဖြစ်မျိုး၊ မြင်ကွင်းမျိုးဆိုတာ ကျွန်တော်ဖြင့် တွေးယူလို့ကိုမရဘူး…"

ကိုယ်စီစိတ်ဝင်တစားနှင့် တွေးတောတွက်ဆနေသည့် စကားများဆိုရင်း ဆေးရုံပေါ်သို့ရောက်လာခဲ့ကြလေသည်။

သူနာပြုများအနားယူအခန်းသို့ ရောက်သည်တွင် ဒေါက်တာ မင်းသွင်နှင့်ဦးနေလှိုင်သည် အခန်းဝတွင် ငြိုင်တွရပ်လိုက်ကြ၏။

"သြော်··ဒေါက်တာနဲ့စခန်းမှူးကြီး ကြွပါရှင်…"

သူနာပြုဆရာမများ အားလုံးလိုလို၊ ရောက်နေကြသည်မို့ သူတို့အရိပ်ကိုမြင်သည်တွင် ဖိတ်ခေါ်၍နေရာပေးကြသည်။

ဒေါက်တာ မင်းသွင်သည် သူနာပြုဆရာမများထံ တစ်ချက်မျှဝေ့ကြည့်လိုက်ပြီး နေရာတွင်တည်ငြိမ်စွာ ဝင်ထိုင်လိုက်သည်။

ဒေါက်တာ မင်းသွင်နှင့်အတူ စခန်းမှူးကြီး ဦးနေလှိုင်သည်လည်း ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်ရင်းက…

"ညက ဒေါက်တာ ဒေါ်ယဉ်လဲ့နွယ်နဲ့အတူ နိုက်ဂျူတီကျတာ ဆရာမတို့နှစ်ယောက်နော်…"

"ဟုတ်ပါတယ်…"

"ဟုတ်ကဲ့…"

ငိုထားရသည့်မျက်နှာလေးများ ရဲယောင်ယောင်ဖြင့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



မလေး သီတာနှင့်သူဇာ ပြိုင်တူဖြေလိုက်ကြသည်။

"ကဲ..ဒါဖြင့် ညကအဖြစ်တွေအားလုံးကို ကျွန်တော်တို့ကို ပြန်ပြောပြပါဦး..."

ဦးနေလှိုင်စကားအတွက် မျက်ရည်တွေဝဲလာပြီး သီတာခေါင်းညိတ်ပြသည်။ ပြီးမှ သီတာမှာ သူဇာကိုကြည့်ပြီး...

"ဒီလိုပါ ဆရာ၊ ညက မွေးလူနာတစ်ယောက်ရှိလို့ သီတာ မမနဲ့သွားပြီး မွေးပေးကြပါတယ်..."

"ဘယ်နှစ်နာရီလောက်ရှိမလဲ..."

"ဆယ့်နှစ်နာရီကျော်ကျော်နဲ့၊ နာရီပြန်တစ်ချက်လောက်ပဲရှိချင်ရှိပါ့မယ်ဆရာ..."

"အင်း..ဆက်ပြောပါဦး..."

ဆရာမလေးသီတာ ပြောပြနေသည့်အကြောင်းများအား ဒေါက်တာ မင်းသွင်သည် သေသေချာချာနားထောင်နေမိသည်။

"ကလေးမွေးပေးပြီးတော့ ကျွန်မက မမကို အနားပြန်ယူခိုင်းပါတယ်၊ အဟင့်..ဟင့်..ဟင့်..."

သီတာမှာ စိတ်ထိခိုက်စွာငိုချလိုက်မိတော့သည်။ သီတာငိုနေသောကြောင့် မင်းသွင်နှင့်ဦးနေလှိုင်တို့မှာ ဆက်လာမည့်စကားများအား စိတ်ရှည်လက်ရှည်နှင့်ပင် စောင့်၍နားထောင်နေဖြစ်ကြပါသည်။

ငိုရှိုက်ကိုသတ်ပြီး သီတာ စကားဆက်သည်။





"မမက ဒီနေ့ရန်ကုန်သွားမှာဆိုတော့ မမကို စေတနာနဲ့ ကျွန်မ အနားပြန်ယူခိုင်းတာပါ၊ ကျွန်မက ကျန်တဲ့ကိစ္စတွေကို ဆက်လုပ်ပြီးမှ အနားယူခန်းဆီပြန်လာပါတယ်၊ အနားယူခန်းရောက်တော့ ကျွန်မ မမကို မတွေ့တာနဲ့ သူဇာ့ကိုမေးကြည့်ပါတယ်...

သူဇာက မမ ပြန်မလာသေးဘူးလို့ပြောတော့ ကျွန်မက ငါ ပြန်ခိုင်းလို့ မမ ပြန်လာတာကြာပြီလို့ ပြောလိုက်တယ်...

ဒါပေမဲ့ ကျွန်မတို့က မမ အခုလိုဖြစ်မှန်းလည်းမသိတော့ တခြားလူနာဆောင်တွေဘက် သွားကြည့်နေတယ်ပဲထင်တာနဲ့ မမကို လိုက်မရှာဖြစ်ကြပါဘူး..."

"ဆရာမ မွေးလူနာဆောင်ဘက်ပြန်လာတော့ ဒေါ်ယဉ်လဲ့နွယ်ရဲ့အလောင်းကို မမြင်ဖူးလား..."

စကားဖြတ်ပြီး သိချင်သည့်အချက်ကို ဒေါက်တာ မင်းသွင် မေးကြည့်လိုက်သည်။

သီတာ့မှာ မိမိတို့ဆရာဝန်ကြီး ဒေါက်တာ မင်းသွင်ဆီလေး စားစွာကြည့်ရင်းက...

"ကျွန်မ မတွေ့မိဘူး ဒေါက်တာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက ညဆိုရင်အမှောင်ကျနေလို့ပါ...

ပြီးတော့ ထောင့်ချိုး အကွေ့နေရာလေးလည်းဖြစ်နေတယ်ဆိုတော့ ကျွန်မ သတိမထားမိပါဘူး ဒေါက်တာ..."



www.burmeseclassic.com

www.burmeseclassic.com



မှန်တာပဲလေဟုအသီဖြင့် ဒေါက်တာ မင်းသွင် ခေါင်းညိတ်သည်။

"ကဲ ဆက်ပါဦး ဆရာမ၊ နောက်တော့ ဆရာမတို့ ဘယ်လိုသိသွားကြတာလဲ..."

"ဟုတ်ကဲ့၊ ကျွန်မတို့နှစ်ယောက်လည်း မမကိုမစောင့်ဘဲ အိပ်ပျော်သွားကြပါတယ်...

နံနက်ငါးနာရီထိုးခါနီးကျတော့ ကျွန်မအရင် သူဇာကနိုးလာပြီး ကျွန်မကိုခေါ်နိုးပြီးတော့...

မမ မရှိဘူး၊ ဘယ်သွားနေလဲမသိဘူး၊ ဟုတ်သေးရဲ့လား၊ ရှာပါဦး၊ မိုးလင်းခါနီးပြီလို့ပြောလို့ ကျွန်မတို့ မမကို အဲဒီတော့မှရှာဖြစ်ကြပါတယ်...

ကျွန်မတို့ဆေးရုံပေါ်မှာ လူနာဆောင်တွေဘက်လိုက်ရှာတုန်းပဲ မွေးလူနာဆောင်ဘက်က လူနာစောင့်မိန်းမကြီးတစ်ယောက် ရောက်လာပြီး ဒေါက်တာ ဒေါ်ယဉ်လှဲ့နွယ် မွေးလူနာဆောင်လမ်းမှာ မူးလဲနေလားမသိဘူးလို့ လာပြောတာနဲ့ ကျွန်မတို့စိုးရိမ်ပြီးလိုက်သွား ကြည့်တော့ မမ မျက်လုံးဖွင့်ပြီး သေဆုံးနေတာကို တွေ့ကြရတော့တာပါပဲရှင်..."

"အင်း..."

ဦးနေလှိုင်မှာ ဆရာမလေးစကားအဆုံးတွင် ခေါင်းတညိတ်ညိတ်ဖြင့်ရှိနေ၏။





ဒေါက်တာ မင်းသွင်ကား တွေးတောစဉ်းစားမရဟန်ဖြင့် တိတ်ဆိတ် ငြိမ်သက်စွာရှိနေချေ၏။

"ကျွန်တော်တို့တော့ ခေါင်းတွေရှုပ်သထက်ရှုပ်ကုန်ပြီ ဒေါက်တာ..."

"ဟင်း..."

စခန်းမှူးကြီးပြောလာသည့်စကားအတွက် မင်းသွင် သက်မမောကြီးတစ်ချက် ချလိုက်ရ၏။

နာရီဆီတစ်ချက်ကြည့်ပြီး ဒေါက်တာ မင်းသွင်သည် ထိုင်ရာ မှထရပ်လိုက်သည်။

သူ ထရပ်သည်တွင် ဦးနေလှိုင်ပါ ထိုင်ရာမှ ထရပ်လိုက်သည်။

ဆရာမများအခန်းထဲမှထွက်ခါနီး မင်းသွင်သည် တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ဆရာမများထံလှည့်ပြီး...

"သြော်..ဆရာမတို့ကို မှာထားရဦးမယ်၊ ဒေါ်ယဉ်လှဲ့နွယ် အိမ်ကဖုန်းလာရင် ဒေါ်ယဉ်လှဲ့နွယ် ဆရာဝန်များအဖွဲ့နဲ့ နယ်ဆင်းပြီး ဆေးကုနေတဲ့အကြောင်း လောလောဆယ်ပြောထားလိုက်ကြဦး.."

"ဟုတ်ကဲ့ ဒေါက်တာ..."

ဆရာမများကိုမှာကြားပြီး အခန်းမှ ဦးနေလှိုင်နှင့်အတူ ပြန်ထွက်ခဲ့သည်။

လှေကားမှဆင်းလာကြချိန်တွင် အတွေးကိုယ်စီနှင့်စကား



www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်ခဲ့ကြပေ..။

ဆေးရုံဆင်ဝင်အောက်ဆီရောက်မှ...

"ဒေါက်တာ..."

"ဟုတ်ကဲ့..ပြောပါ ဦးနေလှိုင်..."

"ဒေါက်တာ ဒေါ်ယဉ်လှဲ့နွယ် သေဆုံးမှုကို သွေးရိုးသားရိုးလို့ ဒေါက်တာ ပြောနိုင်မလား..."

"ကျွန်တော်တော့ မပြောတတ်တော့ဘူး၊ ဒါပေမဲ့ ဒေါ်ယဉ်လှဲ့နွယ် သေဆုံးမှုဟာ သွေးရိုးသားရိုးတော့မဖြစ်နိုင်ဘူးလို့ ကျွန်တော် ယူဆတယ်..."

"ဘာကြောင့်လဲ ဒေါက်တာ..."

"သူ့ သေဆုံးပုံက သာမန်သေဆုံးပုံမျိုးမှမဟုတ်ဘဲလေ၊ ဦးနေလှိုင်တို့လည်း မြင်တာပဲမဟုတ်လား...

တော်တော်ကြီး ချောက်ချားစရာကောင်းတဲ့ အရာတစ်ခုခုကို အနီးကပ်မြင်တွေ့လိုက်ရလို့သာ မျက်လုံးပွင့်ပြီးအသက်ထွက်သွားရတဲ့ ပုံမျိုးပဲမဟုတ်လား..."

"အင်း..ဒေါက်တာ ပြောတာ ကျွန်တော် သဘောပေါက်ပါတယ်

ကျွန်တော်လည်း သွေးရိုးသားရိုးလို့ ဘယ်နည်းနဲ့မှမထင်ပါဘူးလေ...





အဲဒီလိုသွေးရိုးသားရိုးမဟုတ်လေ၊ ကျွန်တော်တို့မှာ တာဝန်ပိုကြီးလေပဲ...

အခုဆိုရင် ကျွန်တော်တို့မှာ အမှုတွေကပုံနေ ပြီလို့တောင် ပြောရတော့မယ်၊ တစ်မှုမပြီးသေး တစ်မှုကထပ်ပေါ်နဲ့၊ အမှုတွေဆင့်နေပြီဗျာ..."

"ဟိုကိစ္စတွေ ဦးနေလှိုင်တို့ နည်းနည်းလေးမှတောင် သဲလွန်စမရကြသေးဘူးလား..."

ဦးနေလှိုင် ခေါင်းရမ်းပြသည်။ ဦးနေလှိုင်ကိုကြည့်ပြီး ဒေါက်တာ မင်းသွင်သည် စဉ်းစားဟန်ဖြင့် နှုတ်ခမ်းဖွဖွကိုက်လိုက်၏။

ပြီးမှ...

"အင်း..ကျွန်တော်လည်း ဆရာဝန်တောင် မလုပ်ချင်တော့ဘူး၊ ဒီအမှုတွေကို စိတ်ဝင်စားလွန်းလို့ ရဲအရာရှိတစ်ယောက်ပဲလုပ်ပြီး စုံစမ်းဖော်ထုတ်ချင်တော့တယ်ဗျာ..."

"ဒေါက်တာရေ ကျွန်တော်ကတော့ အတော်ကြီးစိတ်ညစ်နေပြီ၊ ဒေါက်တာနဲ့ပဲ နေရာချင်းလဲလိုက်ကြရင်ကောင်းမယ်ထင်တယ်၊ ဟား..ဟား..ဟား..."

စကားအဆုံး ဦးနေလှိုင်မှာ ဟက်ဟက်ပက်ပက် ရယ်လိုက်မိပါတော့သည်။ ဒေါက်တာ မင်းသွင်ကား ထုံးစံအတိုင်းပင် ပြုံးမယောင် မျက်နှာချောချောဖြင့်သာ ရှိနေပါချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..ကဲ..ဒေါက်တာရေ ခုနစ်နာရီတောင်ထိုးနေပြီ၊ နောက်လိုအပ်မှပဲ ကျွန်တော်တို့တွေ့ကြသေးတာပေါ့၊ ဒေါက်တာလည်း ပြန်လိုက်ပါဦး၊ နောက်တော့တစ်ခါ ဆေးရုံကိုပြန်လာရဦးမယ်မဟုတ်လား၊ ကျွန်တော်တို့လည်း ပြန်လိုက်ပါဦးမယ်..."

ဦးနေလှိုင်၏ နှုတ်ဆက်စကားအဆုံးတွင် ဒေါက်တာမင်းသွင် သည် ခေါင်းဆတ်နှုတ်ဆက်ခဲ့ပြီး ကားထဲဝင်ကာ ဆေးရုံရှေ့မှမောင်း ထွက်ခဲ့လိုက်ပါတော့သတည်း...။ ။

×× ×× ××



- ရှစ် -

"ဒေါက်တာ..ဒေါက်တာ..."

အိမ်ရှေ့မှခေါ်သံတွေကို မင်းသွင် ကြားနေရသည်။ ရေချိုးခန်းထဲရေချိုးနေဆဲမို့ ရုတ်တရက် မင်းသွင် မထူးဖြစ်...။

"ဒေါက်တာ..."

"ဆေးရုံကပြန်မရောက်သေးဘူး ထင်တယ်..."

"ကားလည်းရှိတယ်၊ အိမ်တံခါးလည်းပွင့်နေတယ်၊ ပြန်ရောက်ရောပေါ့..."

"အိမ်ထဲမှာတော့ရှိမှာပါ..."

တစ်ယောက်ထက်မနည်းသောစကားသံတွေကို ရေချိုးခန်းထဲမှ မင်းသွင် ကြားနေရသည်။ ဆပ်ပြာတိုက်ဆဲ ရေလောင်းနေစဉ်မို့ မင်းသွင်မှာ မထူးအားသေးဘဲဖြစ်နေ၏။

"ဒေါက်တာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..ဗျာ..ကျွန်တော် ရှိပါတယ်၊ ရေချိုးနေတာလက်စကြီးနဲ့မို့လို့၊ ခဏစောင့်ပါဦးဗျာ..."

အိမ်ရှေ့မှတကြော်ကြော်ခေါ်နေသည်ကို အားနာလာ၍ မျက်နှာမှဆပ်ပြာမြှုပ်တွေစင်သည်နှင့် မင်းသွင် လှမ်းပြောဖြစ်သည်။

"သြော်..ဒေါက်တာ ရေချိုးနေတာကို၊ အားနာစရာဗျာ၊ ချိုးပါချိုးပါ ဒေါက်တာ၊ အေးအေးဆေးဆေးပဲချိုးပါဗျာ..."

"ကျွန်တော် ပြီးတော့မှာပါ၊ အိမ်ရှေ့မှခဏထိုင်ကြပါဦးနော်..."

"ဟုတ်ကဲ့..ဟုတ်ကဲ့၊ အေးအေးဆေးဆေးလုပ်ပါ ဒေါက်တာ..."

ပြောရင်းဆိုရင်းနှင့် မင်းသွင် ရေချိုး၍ပြီးသွားသည်။

ရေလဲပုဆိုးတိုတိုဝတ်ပြီး ရေစက်ရေပေါက်တို့ကိုသုတ်ရင်း ရေချိုးခန်းထဲမှ မင်းသွင် ထွက်ခဲ့သည်။

"သြော်..ဦးဘိုထွန်းတို့၊ ဦးစောနိုင်တို့ပါလား၊ ဆိုပါဦး ဘာကိစ္စများရှိလို့ပါလိမ့်ခင်ဗျာ..."

အိမ်ရှေ့ထွက်လာသည်တွင် ဧည့်ခန်းထဲထိုင်နေကြသည့် မြို့နယ်အားကစား ဥက္ကဋ္ဌ ဦးစောနိုင်နှင့်မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းတို့ကိုတွေ့လိုက်ရ၍ ရင်းနှီးရည်မွန်စွာဖြင့် မင်းသွင် မေးဖြစ်၏။

မြို့နယ်အားကစား ဥက္ကဋ္ဌ ဦးစောနိုင်သည် ခင်မင်လေး





…ားခြင်းဖြင့် ကြည့်လာရင်းက...

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကိစ္စကတော့ အခုညနေပေါ့ ဒေါက်တာရယ်...

တိုင်းတစ်ပါးမှာ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့တဲ့ အပြေးချန်ပီယံ အားကစားမယ်လေး နဒီလှိုင်ကို ကျွန်တော်တို့မြို့နယ်လူထုက ဂုဏ်ပြုကြိုဆိုဖို့အတွက်ပါ..."

"နဒီလှိုင်..."

ဒက်ခနဲအသိနှင့်အမြင်ထဲ ပေါ်လာရသော နဒီလှိုင် ဒဏ္ဍာန်နှင့်အတူ အမည်လေးကိုပါသံယောင်လိုက်၍ မင်းသွင် …ါဖြစ်သည်။

"ဟုတ်ပါတယ်၊ နဒီလှိုင်ပါ ဒေါက်တာ၊ ဟိုတစ်ပတ်က …ဒီမှာတောင်ပါလာပါသေးတယ်..."

"အင်း..ဟုတ်ပါတယ်၊ ကျွန်တော်လည်းတွေ့လိုက်ပါတယ်..."

"အဲဒါ အခုညနေရောက်လာမယ်လေ၊ ဒါကြောင့် သူ့ကို ကျွန်တော်တို့က ဂုဏ်ပြုကြိုဆိုမယ်...

ပြီးတော့ တစ်မြို့လုံးရဲ့ကိုယ်စား၊ သူ့အတွက်ဂုဏ်ပြုချီးမြှင့် …ဆုကို ဒေါက်တာက ချီးမြှင့်ပေးဖို့ ကျွန်တော်တို့လာပြီး မေတ္တာ…ခံတာပါ..."

"သြော်..ရပါတယ်ဗျာ၊ ဒီလိုလူမျိုးလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က အထူးတလည်ချီးမြှင့်ပေးကြရမှာပေါ့ခင်ဗျာ…"

"ဒါပေါ့ ဒေါက်တာ၊ တစ်နည်းပြောရရင် နဒီလှိုင်းဟာ ကျွန်တော်တို့မြို့ရဲ့ ဂုဏ်ကျက်သရေဆောင်လည်းဖြစ်တယ် ပေါ့…"

"ဟင်…နဒီလှိုင်းက ဒီမြို့ကလား…"

အံ့ဩဟန်နှင့် မင်းသွင် မေးဖြစ်သွားရသည်။

"ဟုတ်ပါတယ် ဒေါက်တာ၊ နဒီလှိုင်းက ဒီမြို့ကပါ နှစ်စဉ်နိုင်ငံခြားမှာသွားပြိုင်တိုင်း ရွှေတံဆိပ်ဆုကြီးပဲဆွတ်ခူးခဲ့ သူလေး…

ခုဆိုရင် ခြောက်နှစ်ဆက်တိုက် ရွှေတံဆိပ်ဆုကြ ဆွတ်ခူးပြီး ချိန်ပီယံဘွဲ့ကိုဆုပ်ကိုင်ထားတုန်းပဲလေ…"

"ဩော်…"

နဒီလှိုင်းပုံလေးက မင်းသွင်မျက်လုံးထဲမထွက်၊ န လှိုင်း၏ ဂုဏ်သတင်းလေးသိရတော့လည်း မင်းသွင်ရင်ထဲ အံ့ဩ စိတ်ဖြင့်ချီးမြှင့် နေမိရပါ၏။

"နေ့တိုင်းလည်း နဒီလှိုင်းက သူ့ ဝါသနာပါတဲ့အ ကစားရပ်တွေကို လေ့ကျင့်နေတာ ဒေါက်တာရဲ့…"

"ဩော်…နဒီလှိုင်းက တခြားကောဘာကစားသေးလဲ…"

"ရေကူးတယ်လေ၊ ရေကူးပြိုင်ပွဲတွေမှာလည်း န လှိုင်းက အမြဲတမ်းဆုရသူပဲလေ…"





"ဩော်…ငယ်ငယ်ရွယ်ရွယ်နဲ့တော်တာပေါ့ဗျာ…"

"ဟုတ်ပါတယ် ဒေါက်တာ၊ မနှစ်ကပဲသချာနဲ့ကျောင်းပြီး သွားတာ…"

"အို…ဟုတ်လား၊ ပညာရေးဘက်မှာလည်းတော်တာပါပဲ လားဗျာ…"

"တော်တယ်တော်တယ် ဒေါက်တာ၊ သူ့ကြောင့် ကျွန်တော်တို့မြို့ကို မသိတဲ့သူမရှိဘူး၊ ဒါကြောင့် ကျွန်တော်တို့မြို့ရဲ့ ကျက်သရေဆောင်လေးလို့လည်း သူ့ကိုတင်စားကြတာ ဒေါက် တာရေ ဟား…ဟား…ဟား…"

"ဒါပေါ့ဗျာ၊ ဟုတ်တာပေါ့၊ ဩော်…ဒါနဲ့ ဘယ်အချိန်၊ ဘယ်နှစ်နာရီမှာ ဘယ်နေရာကို ကျွန်တော် လာခဲ့ရမလဲ…"

"မြို့နယ်အားကစားကွင်းကြီးကိုပဲ ကြွခဲ့ပါ ဒေါက်တာ၊ ကျွန်တော်တို့ ငါးနာရီခွဲလောက် အစီအစဉ်စပါ့မယ်…"

"ဟုတ်ကဲ့ ကောင်းပါပြီ၊ ကျွန်တော် လာခဲ့ပါ့မယ်…"

"ဒါဖြင့် ကျွန်တော်တို့သွားပါဦးမယ် ဒေါက်တာ၊ ဘူတာ မှာ ကြိုဆိုရေးတွေရှိသေးတယ်လေ…"

"ဟုတ်ကဲ့…ဟုတ်ကဲ့ ကောင်းပါပြီ…"

နှုတ်ဆက်စကားများဆိုရင်း ထိုင်ရာမှအားလုံးထဖြစ်ကြ သည်။ ဦးဘိုထွန်းနှင့်ဦးစောနိုင်တို့ကို အိမ်ရှေ့အထိ မင်းသွင် တ်ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုထွန်းနှင့်ဦးစောနိုင်တို့ ပြန်သွားကြသည့်တိုင် အိမ်ထဲသို့ မင်းသွင် မဝင်ဖြစ်သေး…။

တီဗီထဲတစ်ကြိမ်မြင်ဖူးထားသည့် နဒီလှိုင်းမျက်နှာ ဖူးဖူးနနလေးကား မင်းသွင်မျက်လုံးထဲ နေရာယူစွဲထင်နေရသည်မဟုတ်ပါလား…။

ဦးစောနိုင်ပြောပြသွားသည့် နဒီလှိုင်းအကြောင်းများကို ပြန်လည်ကြားယောင်ရင်း မင်းသွင် အိမ်ထဲပြန်ဝင်ခဲ့သည်။

နဒီလှိုင်းနဲ့ပိုးဥဟာ တော်တော့်ကိုတူတယ်၊ အင်း‥ပိုးဥ‥ပိုးဥ၊ ပိုးဥရယ် မင်းရဲ့အဖြစ်ဆိုးဟာ ဆရာ့မျက်လုံးထဲကမထွက်ပါဘူး…

ဟင်း…

သက်မကိုချကာ အနိဋ္ဌာရုံအတွေးများကို ခေါင်းထဲမှ မင်းသွင် ခါထုတ်ပစ်လိုက်သည်။

နာရီဆီတစ်ချက်ကြည့်မိသည်တွင် ငါးနာရီထိုးတော့မည်။ ထမင်းဆိုင်မှလာပို့ထားသည့် ထမင်းချိုင့်ကို ပြင်ဆင်ကာ မင်းသွင် အမြန်စားလိုက်၏။

ထမင်းစားပြီးသည့်တွင် မင်းသွင် အဝတ်လဲသည်။ ခေါင်းဖြီးသည်။ ထို့နောက် မင်းသွင်သည် ကားသော့လေးယူကာ အိမ်မှထွက်လာလိုက်သည်။

မြို့နယ်အားကစားကွင်းရှိရာ အခမ်းအနားဆီသို့ မင်းသွ





ရောက်သွားချိန်သည် အတော်ဖြစ်နေရ၏။

"ဟိုမှာ မြို့နယ်ဆရာဝန်ကြီးလာပြီ…"

"အသက်မကြီးသေးဘူးနော်၊ သိပ်ချောတာပဲ…"

"ချောလည်းချော၊ တော်လည်းတော်တယ်ဟဲ့…"

"အေးလေ‥ဒါကြောင့်သာ မိန်းမတွေဝိုင်းဝိုင်းလည်နေကြတာပေါ့…"

"မိန်းမတွေဝိုင်းဝိုင်းလည်ချင်ပေမယ့် မရပါဘူးဟယ်၊ ဒေါက်တာက သိပ်အနေမှန်တာဟဲ့…"

"အေးဟုတ်တယ်နော်၊ တော်ရုံဆရာဝန်ဆိုပါတာကြာပြီ…"

လူအုပ်ကြားထဲတိုးဝင်လိုက်သည်နှင့်ပင် ဘယ်ကမှန်းမသိသည့်တီးတိုးစကားသံတွေကို မင်းသွင် အတိုင်းသားကြားလိုက်ရ၏။

အေးချမ်း၍ရှက်တတ်သော မင်းသွင်အတွက် ထိုစကားများကား မင်းသွင်မျက်နှာဆီ ဆေးနီရည်များဖြင့်လှမ်းပက်သလို၊ မင်းသွင်မျက်နှာချောချောသည် ရဲလျှက်သွားရပါချေ၏။

ရှက်မျက်နှာရဲရဲကို ထန်ထန်ရင်းထားရင်းကပင် မင်းသွင်သည် လူအုပ်ကိုဖြတ်လျှက် အခမ်းအနားစင်မြင့်ဆီသို့ လျှောက်ခဲ့ရပါ၏။

"ဟော့‥နဒီလှိုင်းကိုလေ မြို့နယ်ဆရာဝန်ကြီးကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆုရိုးမြင့်မှာဟဲ့…''

''နဒီလှိုင်းက သိပ်တော်တာပဲနော်၊ လူကလည်းချော စိတ်ကလည်းကောင်းဆိုတော့ ပြောစရာကိုမရှိဘူး…''

''ဟော့..နဒီလှိုင်းက ဒီကိုပြန်လာတာ ဒီမှာပြန်နေမှာလား…''

''နေမှာပေါ့ဟဲ့၊ သူ့မိဘတွေရှိတာပဲဟာ…''

''မဟုတ်ဘူးလေ၊ ငါက သူ ရန်ကုန်မှာပဲအနေများလို့မေးတာပါ…''

''ဒါကတော့ နိုင်ငံခြားသွားရမှာမို့ ဟိုမှာလေ့ကျင့်ရင်းသွား နေတာပေါ့ဟာယ်၊ အခုတော့ နိုင်ငံခြားအောင်ပန်းတွေဝေပြီး ပြန်ရောက်လာပြီဆိုတော့လည်း သူ့မိဘတွေဆီမှာ ပြန်အနားယူပြီးနေဦးမှာပေါ့…''

''အေးပေါ့လေ…''

သူ့အကြောင်းများနဲ့ နဒီလှိုင်းကို ချီးမွမ်းစကားသံများက သူ ဖြတ်ကျော်ခဲ့ရာ လမ်းတစ်လျှောက်လုံးတွင် ကြားခဲ့ရသည်။

သူနှင့်နဒီလှိုင်းသည် ခင်ဘုန်းမြို့နေလူထု၏ စိတ်ဝင်စားခံလူတန်းစားအဖြစ် သူ သိလိုက်ရ၏။

''ဟော..ဒေါက်တာရောက်ပြီ၊ အတော်ပဲ ဒီမှာထိုင်ပါဒေါက်တာ…''

အခမ်းအနားစင်မြင့်ဆီသို့ ရောက်သည်တွင် အားကစားမှူး





င်းမြို့နယ်ဥက္ကဋ္ဌတို့က ဖိတ်ခေါ်ကာ သူ့ကိုနေရာပေးကြသည်။

နေရာတွင်ထိုင်မိသည်နှင့် သူ့အကြည့်တစ်ချက်သည် ဆောင်မှတ်ပါဘဲနှင့်မျက်ဝန်းလေးတစ်စုံနှင့် တန်းဆုံသွားလိုက်ရပါချေ၏။

ထိုသောအခါဝယ် သူ့ရင်ထဲမည်သို့ရှိသွားမှန်းမသိလိုက် ပါဘဲနှင့်မျက်ဝန်းလေးဆီသို့ ဒုတိယအကြိမ် သူ့အကြည့်သည် ရောက်သွားဖြစ်၏။

မျက်ဝန်းပိုင်ရှင်သည် အမှတ်တမဲ့၊ သမန်ကာလျှံကာ အကြည့်မျိုးနှင့်ပင်လွှဲသွား၏။

ထိုမျက်ဝန်းပိုင်ရှင်သည် အားကစားမယ်လေး နဒီလှိုင်းမှန်း သူ သိလိုက်သည်။

နဒီလှိုင်းသည် တီဗီထဲမှာထက် အပြင်တွင်ပို၍နုနယ်ကာ လှပ်နေကြောင်း သူ သတိချပ်ဖြစ်လိုက်၏။

အစီအစဉ်စနေပြီမို့ စကားပြောမိုက်ကလေးရှေ့တွင် များတွေ ဘာတွေပြော၍ပြောသွားမှန်း မင်းသွင် မသိလိုက်…။

မင်းသွင် စိတ်ကူးထဲတွင်ကား နဒီလှိုင်းကို မြင်နေရ၍ အတိတ်က မိုးဥနှင့်ပတ်သက်သည့်ရင်နာစရာ၊ ခံပြင်းစရာ ဖြစ်များက သူ့အတွက် အသစ်တစ်ဖန်လို ပြန်လည်၍ခံစားနေရပါသည်တကား…။

''နံပါတ်သုံးအစီအစဉ်အရ ခင်ဘုန်းမြို့ဆရာဝန်ကြီး ဦး



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင်က အပြေးချန်ပီယံရွှေတံဆိပ်ဆုရှင် နဒီလှိုင်းကို ခင်ဘုန်း မြို့နယ် လူထုရဲ့ကိုယ်စား ဆုချီးမြှင့်ပေးအပ်မှာဖြစ်ပါတယ်...

ဒေါက်တာ မင်းသွင်အား ဆုချီးမြှင့်ပေးပါရန် ပန်ကြားအပ် ပါတယ်ခင်ဗျား..."

အစီအစဉ်ကြေညာသူထံမှ သူ့အလှည့်ဆုချီးမြှင့်ပေးရန် တောင်းဆိုသံကိုကြားမိလေမှ...

ဒေါက်တာ မင်းသွင်သည် မမေ့နိုင်သောအတိတ်မြင်ကွင်း တို့ကို ဖြောင့်ဖျက်ပစ်ကာ ထိုင်ရာမှထဖြစ်ပါ၏။

သူ့လက်ထဲသို့ချီးမြှင့်ရန် ဆုပစ္စည်းဘူးလေးတစ်ဘူး ရောက်လာသည်တွင် ဆုယူရန် နဒီလှိုင်း စင်မြင့်ပေါ်သို့တက်လာ သည်။

ဆုယူသူနှင့်ချီးမြှင့်သူတို့ကို တစ်ဦးကိုတစ်ဦးလေးစား သမှုဖြင့် ခါးညွတ်နှုတ်ဆက်ပြီး ဆုယူပုံအား ကင်မရာမင်းသည် မှတ်တမ်းတင်ရန် အလှပဆုံး ဖျတ်ခနဲရိုက်ယူနိုင်လိုက်ပါ၏။

ထို့နောက် နောက်ဆုံးအစီအစဉ်ဖြင့် ထူးချွန်သည့်အား ကစားမယ် နဒီလှိုင်းက ကျေးဇူးတင်စကားကိုပြောဆိုပြီးသော်...

အစီအစဉ်မှူးသည် အခမ်းအနားအား လက်ခုပ်သြဘာသံ များဖြင့် အပြီးသတ်လိုက်ပါ၏။

အခမ်းအနားပြီးဆုံးပြီမို့ မင်းသွင်သည် မြို့နယ်မှလူကြီးများ ကိုနှုတ်ဆက်ပြီး အိမ်ပြန်ရန် ကားရပ်ထားရာဆီသို့ လူအုပ်ကြား





ထဲမှပင် တိုးထွက်ခဲ့ရပါ၏။

လူအုပ်ကြားထဲဖြတ်လျှောက်လာခဲ့သည့် တစ်လျှောက်လုံး နဒီလှိုင်းအား ချီးမွမ်းနေကြသောအသံအမျိုးမျိုးကို စိတ်ဝင်စားခြင်း မင်းသွင် ကြားခဲ့ရသည်။

မင်းသွင်သည် နဒီလှိုင်းအကြောင်းလေးကိုတွေးရင်း နေရာမှ ကားကို မောင်းထွက်ခဲ့လေ၏။

အားကစားကွင်းကြီးရှေ့မှ ကားကို မနှေးမမြန်မောင်းလာ ဆဲ မင်းသွင်သည် ရင်ထဲ၌ဖြစ်ပေါ်လာသည့် ထူးခြားချက်တစ်ခုကို သတိပြုမိလိုက်ပါ၏။

မှန်သည်။ ဒေါက်တာ မင်းသွင်ကား ရင်ထဲနွေးလျက်၊ မျက်ဝန်းဝယ် နဒီလှိုင်း၏ပုံရိပ်သည် စွဲထင်လျက်ရှိသည်တကား။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

- တိုး -

ကရင်··ရင်··ရင်···

လူနာများရောင်းလှည့်ပြီး အနားယူခန်းဆီပြန်ရောက်လာစဉ်မှာပင် စားပွဲပေါ်မှဖုန်းမြည်လာသံလေးကြောင့်၊ မင်းသွင် ဖုန်းလေးကို ကောက်ကိုင်နားထောင်လိုက်ပြီး···

"ဟဲလို··ခင်ဘုန်းမြို့ ပြည့်သူ့ဆေးရုံကြီးကပါခင်ဗျာ···"

"·····"

"ဪ··ဒေါ်ယဉ်လှဲ့နွယ်အိမ်ကလား၊ ဟုတ်ပါတယ်ခင်ဗျာ၊ ဒေါ်ယဉ်လှဲ့နွယ် ရန်ကုန်မလာနိုင်သေးပါဘူး···

ဘာဖြစ်လို့လဲဆိုတော့ အရေးပေါ်တာဝန်တစ်ခုနဲ့နယ်ဆင်းပြီး ဆေးကုတဲ့အဖွဲ့နဲ့လိုက်သွားရလို့ပါခင်ဗျာ···"

"·····"





"ဟုတ်ကဲ့··ဟုတ်ကဲ့၊ စိတ်ချပါခင်ဗျာ၊ ပြန်ရောက်လာတာနဲ့တော့ ပြောလိုက်ပါ့မယ်···"

"·····"

"ကောင်းပါပြီခင်ဗျာ···"

"ဟူး···"

ရန်ကုန်မှ ဒေါ်ယဉ်လှဲ့နွယ်ထံဆက်သည့် ဖုန်းအား အဆင်ပြေ အောင်ပြောပြီး သက်မမောတစ်ချက်ဖြင့် ဖုန်းလေးကို မင်းသွင် ပြန်ချလိုက်ရလေသည်။

ဟင်း··သက်ဆိုင်ရာကလည်း ဒေါ်ယဉ်လှဲ့နွယ်ကိစ္စကို ဘယ်လိုလုပ်မလဲမသိဘူး၊ သူ့အိမ်ကတော့ ရောက်မယ့်ရက် ရောက်လို့ ဖုန်းဆက်မေးလာပြီ···

အင်··ဒီလိုပဲပြောနေလို့လည်းမပြီးသေးပါဘူး၊ နေ့ခင်းသောက်ကျရင် ဦးနေလှိုင်ဆီသွားပြီး ဒီကိစ္စပြောဦးမှပါ···

ဟင်း···

အတွေးနှင့်စိတ်ရှုပ်ထွေးစွာ သက်မကို မင်းသွင် ချရပြန်သည်။ လက်ထောက်ဆရာဝန်မရှိသဖြင့် ဆေးရုံတွင်လည်း လုပ်ငန်းခွင်တွင် ကြပ်တည်းမှုကရှိနေရသည်။

အကျိုးအကြောင်းတင်ပြပြီး အထက်မှဆရာဝန်တစ်ဦးချ ဆေးရုံကိုတော့ မင်းသွင် တောင်းဆိုထားပြီဖြစ်သည်။

လောလောဆယ်မတော့ မင်းသွင်သည် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း လူနာများနှင့်ကိစ္စအဝဝတို့ဖြင့် လုံးချာလည်နေရပါချေ၏။

လူနာများရောင်းလှည့်ပြီးပြီမို့ လူနာနှစ်ယောက်ကို ခွဲစိတ်ရန်ပြင်ဆင်ရပါတော့သည်။

ဆရာများအခန်းဆီသို့ မင်းသွင် ထွက်လာခဲ့သည်။

"ဩော်··ဒေါက်တာ···"

အခန်းဝ၌ မင်းသွင်အရိပ်ကိုမြင့်သည်နှင့် အရေးတယူ ဆရာမ များဆိုလာကြ၏။

"အော်ပရေးရှင်းအတွက် အသင့်ဖြစ်ပြီလား ဆရာမ···"

"ဟုတ်ကဲ့ ဒေါက်တာ၊ အားလုံးအဆင်သင့်ဖြစ်ပါပြီ"

ခွဲစိတ်ခန်းတွင်တာဝန်ကျသည့် ဆရာမလေးက သုတ်သုတ်ကလေးထွက်လာရင်းကဆို၏။

"ကဲ··ဒါဖြင့် ဆရာမ၊ ကျွန်တော်တို့စောစောပဲ အလုပ်စလိုက်ကြရအောင်···"

"ဟုတ်ကဲ့ ဒေါက်တာ၊ ဝါဝါ၊ သင်းသင်းတို့လည်း ခွဲခန်းမှာအသင့်ရှိနေကြပါပြီ···"

ဆရာမလေးစကားအတွက် ခေါင်းတစ်ချက်ညိတ်ပြီး ရှေ့မှ မင်းသွင် လှမ်းထွက်ခဲ့လေသည်။

ခွဲခန်းဆီ သူ ရောက်သည်တွင် အားလုံးကအသင့်ဖြစ်နေပြီဖြစ်၏။ ခွဲစိတ်ခံရမည့်လူနာသည်ပင် ခွဲစိတ်ခုတင်ထက်၌ အသင့်ဖြစ်နေလေပြီ···။





ဒေါက်တာ မင်းသွင်သည် လူနာကိုမေ့ဆေးပေးရန် အချက်ပြပြီး မကြာလိုက် ခွဲစိတ်ခြင်းအမှုကို စကြရပါတော့သည်။

လူနာများအပေါ်လည်း စေတနာမေတ္တာတွေထားတတ်သော မင်းသွင်၊ အမှုထမ်းများအပေါ်လည်း နားလည်မှုစေတနာမေတ္တာသည် မပြောင်းလဲမခြားနား···။

ကြီးကြီးငယ်ငယ်ရွယ်ရွယ်၊ မည်သူနှင့်မဆို မင်းသွင်သည် တည်ငြိမ်ပြတ်သားခြင်း၊ ရည်မွန်အေးချမ်းခြင်းပြည့်ဝသော မေတ္တာစေတနာတို့ဖြင့်သာ တစ်တန်းညီညီပေါင်းသင်း ဆက်ဆံတတ်ပါသည့် မင်းသွင်····။

ဒေါက်တာ မင်းသွင်အား ခင်ဘုန်းမြို့နေလူတန်းစားအားလုံးကလည်း ချစ်ခင်လေးစား အားကိုးအားထားမှုနှင့်···

မေတ္တာစေတနာများကြီးမားစွာ ထားရှိနေကြသည်က တစ်ဦးမေတ္တာတစ်ဦးမှာရယ်လို အပြန်အလှန်ပင်မဟုတ်ပါလား···။

နံနက်ပိုင်းမှာပင် ခွဲစိတ်စရာရှိသည့် လူနာနှစ်ဦးစလုံးအား အပြီးသတ် မင်းသွင် ခွဲစိတ်ပြီးစီးသွားချိန်တွင်မတော့ နေ့လယ်ဆယ့်နှစ်နာရီထိုးနေပြီဖြစ်၏။

နေ့လယ်ထမင်းစားချိန်ရောက်ပြီမို့ ဆရာမများလည်း အနားယူ ထမင်းစားနေကြပြီဖြစ်သည်။ မင်းသွင်သည်လည်း အပြင်ထွက် ထမင်းထွက်စားရန် အခန်းထဲမှထွက်လာခဲ့လေ၏။

ဆေးရုံအောက်ထပ်အပေါက်ဝသို့ မင်းသွင် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



နိုက်...

"ဒေါက်တာ..."

"သြော်..ဦးနေလှိုင်၊ အတော်ပဲဗျာ၊ ကျွန်တော်လည်း ထမင်းစားပြီး ခင်ဗျားဆီပဲသွားမလို့လုပ်နေတာ..."

"ဟာ..ဒါဆို ဒေါက်တာ ထမင်းမစားရသေးဘူးပေါ့"

"အခုပဲအော်ပရေးရှင်းခန်းက ထွက်လာတာလေ၊ အခု သွားစားမလို့ပဲ၊ စခန်းမှူးကြီးကောစားပြီးပြီလား..."

"ကျွန်တော်လည်း မစားရသေးပါဘူး၊ ဒေါက်တာနဲ့ ကျွန်တော်က တစ်ကိုယ်ရေတစ်ကာယသမားဆိုတော့ ဘယ်မှာ စားစားဖြစ်တယ်လေ..."

"ကဲ..လာဗျာ၊ ဒါဖြင့် တစ်ခါတည်းပဲသွားစားလိုက်ရ အောင်၊ စားရင်းနဲ့ပဲပြောကြတာပေါ့..."

စခန်းမှူး ဦးနေလှိုင်ကို ကားပေါ်တက်စေပြီး ဆေးရုံရှေ့မှ ကားကို မင်းသွင် မောင်းထွက်ခဲ့လေသည်။

လမ်းတစ်ဘက်မှထမင်းကျိုင်ငယူစားနေကြ ဆိုင်တွင်ပင် မင်းသွင် ကားကိုရပ်လိုက်သည်။

မင်းသွင်နှင့်ဦးနေလှိုင်တို့နှစ်ယောက်ကို တွေ့သည်နှင့်ပင် ထမင်းဆိုင်ကလည်း သဘောပေါက်သည်မို့ ထမင်းပွဲကိုမြန်မြန်နှင့် ကောင်းကောင်း ပြင်ဆင်ပေးလိုက်ပါတော့၏။

"ကဲ..ဒေါက်တာ၊ ကျွန်တော်နဲ့တွေ့ဖို့ ဘာကိစ္စများရှိလဲ





ပြောပါဦး..."

နှစ်ဦးသား ထမင်းစားရင်းက ဦးနေလှိုင်က မေးလာ၍ မင်းသွင်သည် ထမင်းစားဆဲက ခေါင်းတစ်ချက်ကိုဆတ်လိုက်ပြီး..

"ဒေါ်ယဉ်လှဲနှယ်ကိစ္စပဲ ဦးနေလှိုင်၊ ဒီမနက်ဖုန်းလာ တယ်၊ သူ့အဖေလည်း အတော်လေးအသည်းအသန်ဖြစ်နေပြီတဲ့၊ ကျွန်တော်ကတော့ ပြေလည်သလိုပဲပြောထားလိုက်တယ်..."

ဟိုမှာလည်း သေရေးရှင်ရေးဖြစ်နေတယ်မဟုတ်လား၊ ဒေါ်ယဉ်လှဲနှယ်ကိစ္စကို ထပ်သိရင်ပိုဆိုးသွားမယ်ဆိုတော့ ကောင်း သလိုပဲ ကျွန်တော် ပြောပြလိုက်တယ်..."

"အင်း..လောလောဆယ်တော့ ဒီလိုပဲပြောရမှာပေါ့ ဒေါက်တာရယ်..."

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သူ့အိမ်ကဖုန်းခဏခဏလာနေ တော့မှာ၊ ကျွန်တော်က ဘယ်အချိန်အထိလိမ်ညာနေရမလဲ..."

"ကိစ္စမရှိပါဘူး ဒေါက်တာ၊ ကျွန်တော် ဒီကလူတစ် ယောက်ကို လွှတ်လိုက်မယ်...

သူ့အိမ်မှာအကျိုးအကြောင်း သွားပြောပြဖို့ပေါ့လေ၊ ဖုံးထားလို့ရတဲ့ကိစ္စလည်းမဟုတ်တာကိုး..."

"အေးဗျာ ခင်ဗျားတို့သက်ဆိုင်ရာကပဲ ကြည့်စီစဉ်လိုက် ကြပါ၊ ကျွန်တော်ကတော့ သူ့အိမ်ကိုမလွှဲသာလို့ ညာနေရတာ စိတ်မကောင်းဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပါတယ်၊ စိတ်ချပါ ဒေါက်တာ၊ ကျွန်တော်တို့သက်ဆိုင်ရာကပဲ တာဝန်အရစီစဉ်လိုက်ပါ့မယ်…"

"ဒါနဲ့ ဦးနေလှိုင်…"

ကြံ့မဆိုင်ဟင်းချိုကို တစ်ဇွန်းနှစ်ဇွန်းခပ်သောက်ရင်း မင်းသွင် ခေါ်သဖြင့် ဦးနေလှိုင် မင်းသွင်ကို ကြည့်နေမိသည်။

"စကားမစပ်ဗျာ၊ ဟိုလူသတ်မှုကိစ္စတွေ သဲလွန်စမရသေးဘူးလား…"

"ဟင်း…"

သူ့အမေးတွင် ဦးနေလှိုင် သက်မချသည်။ ဦးနေလှိုင်ကို ကြည့်ပြီး နားလည်လိုက်သလို သူလည်း စိတ်ဓာတ်ကျသွားရ၏။

စကားဆက်က ခေတ္တပြတ်သွားကြသည်။ ကိုယ်စီ ထမင်းစားပြီး၍ ရေသောက်လိုက်ကြသည်။

လက်သုပ်ပဝါနှင့်နှုတ်ခမ်းကိုသုပ်ပြီး သွားကြားထိုးတံတစ်ချောင်းကို လှမ်းယူလိုက်ရင်းက ဦးနေလှိုင်က…

"အခြေအနေကတော့ ဘာကိုမှထူးထူးခြားခြား မတွေ့ရသေးပါဘူး ဒေါက်တာ၊ လူသတ်သမားဟာ တော်တော်ပိရိတဲ့လူပါပဲ…

ဘယ်မှာ၊ ဘယ်လိုကျက်စားနေမှန်းကို ကျွန်တော်တို့ သဲလွန်စမရဘူး၊ အလောင်းတွေအနားမှာလည်း ဘာသဲလွန်စမှ မရဘူး၊ ဒီလူသတ်မှုတွေဟာ တော်တော်ပိရိတဲ့လူပါပဲ…"





"အင်း…ကျွန်တော်တောင် ဒီလူသတ်မှုတွေကို တော်တော်စိတ်ဝင်စားမိတယ် ဦးနေလှိုင်…"

"အေးလေ၊ ခုလိုထူးဆန်းတဲ့လူသတ်မှုတွေ ဟိုးလေးကျော်နေမှတော့ ခင်ဗျားမြို့ကလူတွေကလည်း တာဝန်သိကြမှာပါ၊ သဲလွန်စတွေ့လို့ကတော့ ဘယ်သူမှနေမယ်မထင်ပါဘူး၊ ရဲဌာနကိုအကြောင်းကြားမှာပါပဲ…"

"ဟုတ်တယ် ဒေါက်တာ၊ ကျွန်တော်တို့လည်း တာဝန်သိပြည်သူတွေထဲက သတင်းလာပေးမယ့်သူကိုလည်း မျှော်လင့်နေတာပါပဲ…

အင်း…ကျွန်တော်လည်း သွားသတိလာသတိထားပါတယ်၊ ဒီအမှုကို ကျွန်တော်လည်း အမြန်ဆုံးပေါ်ချင်နေပြီ…

ဒီလူသတ်ကောင်ကိုမဖမ်းနိုင်သရွေ့ လူတွေကထိတ်လန့်နေကြရတယ်မဟုတ်လား…"

"ဟုတ်တာပေါ့ ဒေါက်တာ၊ ကျွန်တော်တို့ရဲ့အဖွဲ့တွေကလည်း ဒီလူသတ်ကောင်ကိုဖမ်းနိုင်ဖို့အရေး အပြင်းအထန်ကိုကြိုးစားနေကြပါတယ်…"

"အေးဗျာ၊ ဒီကိစ္စမှာ ကျွန်တော်တို့ပြည်သူတွေမှာလည်း တာဝန်ရှိကြပါတယ်၊ ပြည်သူတွေလည်း တာဝန်သိဖို့လိုမယ်လေ၊ ခါယဉ်လှဲနွယ် သေဆုံးမှုမှာလည်း ဒီလူသတ်သမားရဲ့ ပတ်သက်နေမလားမသိဘူး…"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..ကျွန်တော်တို့လည်းအားလုံးတော့ဆက်စပ်ပြီး စဉ်းစားတွေးယူနေကြတာပဲ ဒေါက်တာ..."

သူ့သတ်မှုတွေအကြောင်း ဆွေးနွေးရင်း စကားစတွေ ပြတ်သွားလိုက်ကြပြန်သည်။

အတန်ကြာမှ တစ်ငုံစာခန့်ရှိသည့် လက်ဖက်ရည်ကြမ်း ခွက်ကို အပြီးသပ်မော့ချလိုက်ပြီး ဦးနေလှိုင်က...

"ကဲ..ဒေါက်တာလည်း ဆေးရုံပြန်ရဦးမယ်မဟုတ်လား ကျွန်တော်လည်း စခန်းပြန်ရဦးမယ်၊ သွားကြရအောင်..."

"အင်း..."

ဦးနေလှိုင်ဆိုသဖြင့် လက်မှနာရီဆီတစ်ချက်ကြည့်ပြီး ထိုင် ရာမှ မင်းသွင် ထခဲ့လိုက်လေသည်။

"ဒေါက်တာပဲ ဆေးရုံပြန်တော့..."

"ခင်ဗျားကကော..."

"ကျွန်တော် ကိစ္စတစ်ခုရှိနေလို့ ဒီကနေပဲပြန်တော့မယ်"

ဦးနေလှိုင်ဆိုသဖြင့် ဆေးရုံသို့ မင်းသွင်တစ်ယောက်တည်း ပင် ပြန်လာခဲ့လိုက်တော့သည်။

ဆေးရုံပြန်ရောက်သည့်တိုင် လူသတ်သမားအကြောင်းနှင့် ဒေါက်တာ ယဉ်လှဲ့နွယ်သေဆုံးမှုအား အလေးအနက်တွေးကာ မင်းသွင် စဉ်းစားနေမိ၏။

မှန်သည်။





မင်းသွင်ကား လူနာတွေကြည့်ပြီး အားလပ်လျှင် ထူးဆန်း သည့်လူသတ်မှုအကြောင်းကို တွေးတောစဉ်းစားကာ ခင်ဘုန်းမြို့နေ လူများအတွက်လည်း စိုးရိမ်စိတ်များဖြစ်ပေါ်နေမိရပါချေ၏။

ညနေဘက် အိမ်ပြန်ချိန်တိုင် မင်းသွင်သည် ဒေါက်တာ ယဉ်လှဲ့နွယ် သေဆုံးမှုအကြောင်းအား စဉ်းစားရင်း အိမ်သို့ကား မောင်းပြန်လာခဲ့လေ၏။

ဒေါ်ယဉ်လှဲ့နွယ် သေဆုံးရတာ လူသတ်သမားကြောင့်ပဲ လား၊ ဒေါ်ယဉ်လှဲ့နွယ်က ဆေးရုံဝင်းထဲမှာကို သေဆုံးသွားတာ၊ လူသတ်သမားဟာ ဘယ်လိုအချိတ်အဆက်တွေများရှိနေပါလိမ့်။

ဒေါ်ယဉ်လှဲ့နွယ်ဟာ မသေခင်ကထိတ်လန့်ကြောက်ရွံ့မှု ကို ပြင်းပြင်းထန်ထန်ခံစားသွားလိုက်ရတဲ့ လက္ခဏာကိုတွေ့ရ တယ်၊ အင်း..စိတ်ဝင်စားစရာတွေပဲ...

စိတ်ဝင်စားမှုအတွေးများနှင့် မမေးမမြန်း ကားမောင်းလာ သော တူရူမှမြင်ကွင်းလှလှလေးကြောင့် ဒေါက်တာ မင်းသွင်သည် အတွေးစတို့ ပြတ်တောင်းသွားရလေသည်။

သူ့မျက်ဝန်းအကြည့်များသည်လည်း ထိုမြင်ကွင်းလှလှ သော၌ပင် စူးနစ်၍နေပါလေတော့သည်။

မှန်သည်။

တူရူတွင်ကား နဒီလှိုင်နှသည် အပြေးကျင့်နေသည်မဟုတ် လား...။



www.burmeseclassic.com

www.burmeseclassic.com



စောစောက မနွေးမမြန်ကားရှိကိုမှ မင်းသွင်သည် ထပ်၍ အရှိန်လျှော့ချလိုက်လေသည်။

ပြေးလာဆဲ နဒီလှိုင်းသည်လည်း သူ့ကိုတွေ့မြင်သွားဟန် ရှိပါ၏။

ပြေးရှိန်ကိုလျှော့ကာ နဒီလှိုင်းသည်လည်း ကားလမ်းတစ်ဖက်မှ သူရှိသည့်ပလက်ဖောင်းဘက်သို့ ကူးလာသည်။

နဒီလှိုင်းလာနေသည်ကိုမြင်၍ မင်းသွင်သည် ကားပေါ်မှ အသင့်ဆင်းရပ်ကာ နဒီလှိုင်းကို ကြိုလင့်ဟန်ပြုပါ၏။

သူ့အနီးရောက်လာသည်နှင့် နဒီလှိုင်းက...

"ဒေါက်တာ..."

"နဒီလှိုင်း..."

"ဒေါက်တာ ဆေးရုံကပြန်လာတာလား..."

နွေးထွေးသောမျက်ဝန်းတွေနှင့်ကြည့်ကာ နဒီလှိုင်းက ခေါင်းညိတ်ပြလိုက်သည်။

"နဒီလှိုင်းကော အပြေးကျင့်နေတာပေါ့ဟုတ်လား..."

"ဟုတ်ပါတယ် ဒေါက်တာ၊ နဒီက မနက်စောစောတစ်ခါ၊ ညနေတစ်ခါ အမြဲတမ်းလေ့ကျင့်နေကြပါ..."

"ဩော်..ကောင်းတာပေါ့ဗျာ၊ ဒီလိုလေ့ကျင့်မှုကြောင့်ပဲ ချန်ပီယံဘွဲ့ကိုနှစ်စဉ်ထိန်းသိမ်းထားနိုင်တာပေါ့ဗျာ"

"ဟုတ်ပါတယ် ဒေါက်တာ၊ နဒီ လာစကားပြော





ဒေါက်တာ အိမ်ပြန်နောက်ကျနေပြီ..."

"ရပါတယ်ဗျာ၊ နဒီက ဘာများပြောချင်လို့ပါလိမ့်..."

"ဒေါက်တာ့ကို ကျေးဇူးတင်စကားပြောချင်လို့ပါရှင်"

"ဘာအတွက်ကြောင့်..."

"မြို့နယ်လူထုရဲ့ကိုယ်စား နဒီကို ဒေါက်တာက ဆုချီးမြှင့်ပေးခဲ့လို့ပါ..."

"ဩော်..နဒီရယ်၊ ဒါများဗျာ..."

"အခမ်းအနား အစီအစဉ်ပြီးတော့ ဒေါက်တာ့ကို နှုတ်ဆက်ကျေးဇူးတင်စကားပြောဖို့ နဒီ လိုက်ရှာပါသေးတယ်..."

နဒီက ရှာသည်ဆို၍ သူ့ရင်သည် အလိုလိုနွေးသွားလိုက်ချေ၏။

မဖြစ်ဖူးသောအဖြစ်မို့လည်း သူသည် သိသိသာသာ တိချပ်ဖြစ်လိုက်မိပါ၏။

သူ နဒီကို စိတ်ဝင်စားနေမိသလားဟူသော မေးခွန်းကိုလည်း ချက်ချင်းပင် သူ့ကိုယ်သူ မေးနေဖြစ်သည်။

ရင်ထဲနွေးထွေးမှုတွေက တစ်ရှိန်းရှိန်းနှင့် သူ့အကြည့်တို့သည် နဒီကိုကြည့်ဆဲ ရှိနေလေ၏။

"ဒေါက်တာက ချက်ချင်းပြန်သွားလို့ နှုတ်မဆက်လိုက်ရဘူး၊ ကျေးဇူးတင်စကားလည်း မပြောလိုက်ရဘူး...

ဒါကြောင့် အခု ဒေါက်တာနဲ့တွေ့တုန်း နဒီ လာနှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး ကျေးဇူးတင်စကားလာပြောလာပါ…”

“ရပါတယ်ဗျာ၊ တစ်မြို့တည်းနေနေကြတာပဲ၊ ကျွန်တော်နဲ့ပတ်သက်လို့ နောက်လည်းလိုအပ်တာရှိရင် ဖုန်းဆက်ပြီး အကူအညီတောင်းနိုင်ပါတယ်…”

“ဟုတ်ကဲ့ ဒေါက်တာ၊ ကျေးဇူးတင်ပါတယ်ရှင်၊ နဒီကို သွားခွင့်ပြုပါဦးနော်…”

“ကောင်းပါပြီဗျာ…”

သူ့ကိုနှုတ်ဆက်ပြီး နဒီလှိုင်းကား သူမစံချိန်လေးအတိုင်း ပြေးထွက်သွားလေပြီ၊ မင်းသွင်သည် နေရာမှကားကိုဆက်၍ မောင်းထွက်လာခဲ့လေသည်။

လမ်းတစ်လျှောက်လုံးနှင့်အိမ်ရောက်သည့်တိုင် သူ့မျက်ဝန်းထဲမှာတော့ နဒီ့မျက်နှာလေးသည် စွဲထင်နေရရင်းဖြင့်၊ သူ့ရင်ထဲမှာလည်း…

အနီးကြည့်လေ နဒီကပိုလှလေ၊ ချစ်စရာကောင်းလေပဲ ကျန်းမာရေးလိုက်စားသူလေးလို့လည်း မပြောရဘူး၊ နဒီ့ကိုယ်လေးနဲ့အသားရောင်လေးတွေက ပြည့်တင်းနုဖတ်နေတယ်…

ဟင်း‥ငါလည်း ဒီမိန်းကလေးကိုတွေ့မှ ဘယ်လိုဖြစ်လဲ မသိတော့ပါဘူး…

ပိုးဥနဲ့တူလို့ပဲ ငါ နဒီ့ကိုစိတ်ဝင်စားနေတာလား၊ အို‥ မဟုတ်ပါဘူး၊ ပိုးဥနဲ့ငါက ဘာမှဖြစ်တာမှမဟုတ်ဘဲ…





ငါ့ပရောဂမကင်းသလို ပိုးဥခမျာသေသွားရရှာလို့ ငါ့ရင်ထဲယနေ့တိုင် ခံစားနေရတာပါ…

ပိုးဥကို သနားတာတော့အမှန်ပဲ၊ ယနေ့တိုင် ပိုးဥအတွက် စိတ်ထိခိုက်နေရတာလည်းအမှန်ပဲ…

ဒါပေမဲ့ ပိုးဥကိုမချစ်ဘူး၊ ချစ်လည်းမချစ်ခဲ့ဘူး၊ ပိုးဥနဲ့ ပတ်သက်ပြီး စိတ်လည်းမလှုပ်ရှားခဲ့ဘူး…

ငါ ချစ်တာ၊ ငါ့စိတ်တွေလှုပ်ရှားနေမိတာက နဒီ‥နဒီလှိုင်း၊ ဟုတ်တယ် ငါ နဒီ့ကိုချစ်တယ်၊ သိပ်ကိုချစ်မိနေပြီ…

ဒါပေမဲ့လေ မဖြစ်ဘူးထင်ပါတယ်၊ နဒီက ငါ့ကိုစိတ်ဝင်စားမယ်မထင်ပါဘူးလေ…

ငါ့ဘက်ကသာ တစ်ဖက်သတ် အချစ်ပုံစံကြီးနဲ့ဖြစ်နေမှာ၊ အေးလေ‥ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိစ္စမရှိပါဘူး၊ ငါက ချစ်တာပဲ၊ နဒီကမချစ်လည်း ငါ့စိတ်ထဲ တိတ်တိတ်လေး နဒီ့ကိုချစ်နေရရင် တော်ပါပြီလေ…

ဟူသောစကားများအား ဒေါက်တာ မင်းသွင် အချိန်တိုင်း ရင်ဝယ် ဆိုဖြစ်နေမိပါသတည်း‥။ ။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ် -

နံနက်စောစောအချိန်မို့ လူတကာတွေ အနွေးထည်နှင့် ချမ်းချမ်းကုတ်ကုတ်ဖြစ်နေချိန်တွင်...

နဒီကား မြန်မာ့အားကစားမယ်လေးတစ်ဦး ပီသလှစွာဖြင့် ခင်ဘုန်းမြို့၏ ကန်တော်ကြီးအား ပတ်ပြေးခဲ့ပြီး အိမ်ပြန်ရောက်လာလေပြီဖြစ်၏။

အိမ်ရောက်တော့လည်း နဒီ မနား၊ နေ့စဉ်တိုင်း သတ်မှတ်ထားသည့်အချိန်အထိ တိကျမှန်ကန်စွာ လေ့ကျင့်ခန်းတွေကို နဒီ လုပ်သည်။

အတန်ကြာမှ နဒီသည် လေ့ကျင့်ခန်းလုပ်နေသည့်အမူအား ရပ်နားလိုက်ပါ၏။

လေ့ကျင့်ခန်းများလုပ်ထားသဖြင့် တစ်ကိုယ်လုံးတွင် ချွေးလေးများနှင့်ရွှဲနစ်နေသည်ပါ။





ဟူး..ဟာ...

ပါးစပ်မှလေကိုရှူသွင်းရှူထုတ်ပြီး အသက်ကိုဝဝရှူသည်။

ပြီးတော့ ငြိမ်ငြိမ်ကလေး နဒီ ထိုင်ပြီးအနားယူမနေပါ။ ခုံထဲတစ်လှမ်းခြင်း ဖြည်းဖြည်းလှမ်းလျှောက်ရင်းနှင့်ပင် နဒီ အနားယူနေပါချေ၏။

"သမီးလေး နဒီ...."

"ဩော်..ရှင် ဖေဖေ..."

နဒီရှိရာ_ခုံထဲဆင်းလာသည့် ဖေဖေ့ကိုကြည့်ပြီး နဒီ ဆူးသည်။

"ငါ့သမီး အနားယူနေလားကွယ့်..."

"ဟုတ်ကဲ့ ဖေဖေ..."

"အေး..ငါ့သမီးလေးကတော့ မြန်မာ့အားစကား ကမ္ဘာကိုလွှမ်းစေရမယ်ဆိုတဲ့စကားအတိုင်း...

ငါ့သမီးက နိုင်ငံအတွက် မျက်နှာပန်းလည်းလှ၊ ဂုဏ်ညီလည်းတိုးစေတဲ့ တကယ့်နိုင်ငံတော်ရဲ့အားထားလောက်တဲ့ အားကစားမယ်လေးတစ်ဦးပါပဲကွယ်...

သမီးအတွက် ဖေဖေလည်းဂုဏ်ယူတယ်၊ နိုင်ငံတော်ကလည်း ဂုဏ်ယူပါတယ် သမီးရယ်..."

ဖခင်ကြီး၏ ချီးမြှင့်လာသောစကားကိုနားထောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နူးသောအပြုံးလေးနှင့် ဖခင်လက်ကိုဆွဲကာ နီးရာခုံတန်းလေးသစ်တွင် ထိုင်စေလိုက်ရင်းက…

"ဟုတ်ပါတယ် ဖေဖေ၊ နိုင်ငံတကာအလယ်မှာ မြန်မာကိုသိဖို့နဲ့၊ မျက်နှာပန်းပွင့်ဖို့ နိုင်ငံတော်ကဂုဏ်ယူအားထားရလောက်အောင်လည်း သမီးက ကြိုးစားရမှာပါ ဖေဖေ…

ခုဆိုရင် ဖေဖေရယ် နိုင်ငံတော်ကပြည်သူတွေအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ ပြည်သူ့ကျန်းမာရေးအတွက် ကျန်းမာရေးဆိုင်ရာ မူဝါဒခုနစ်ရပ်ကို ချမှတ်ပေးထားတာပဲ…"

"အင်း…ရှိရမယ်လေ သမီးရဲ့၊ နိုင်ငံတော်က ဒီလောက်တောင်ထိထိရောက်ရောက် အားကစားကိုဆောင်ရွက်ပေးနေကြတာပဲ၊ ဒီအချက်တွေဟာ ပြည်သူလူထုအတွက် သိပ်တန်းဖိုးရှိတဲ့အချက်တွေပဲ သမီးရဲ့…"

"ဟို…သားအဖတွေ နေမြင့်နေပြီလေရှင်၊ ဘာတွေများစကားကောင်းနေကြပါလိမ့်…"

အိမ်ထဲပြတင်းပေါက်မှ ခြံထဲလှမ်းကြည့်ပြီး ခင်ပွန်းသည်နှင့်သမီးချောတို့ကိုတွေ့၍ ဒေါ်သန်းနွယ်တစ်ယောက် လှမ်း၍ပြောသံကြားမိလေမှ…

"ဟော…ဖေဖေ၊ မေမေ ခေါ်နေပြီ၊ ကဲ…ကဲ ဖေဖေ အိမ်ပေါ်တက်တော့နော်၊ သမီးက ရေချိုးဦးမယ်၊ မမနီက ဈေးသွားပြီထင်တယ်…"





"အေး…သမီးရဲ့မမနီက စောစောကဈေးထွက်သွားတာဖေဖေ မြင်လိုက်တယ်၊ ကဲ…ကဲ ဖေဖေ အိမ်ပေါ်တက်တော့မယ် သမီး…"

"ဟုတ်ကဲ့ ဖေဖေ…"

ဖခင်ကြီး ဦးအောင်မြင့်တစ်ယောက် အိမ်ပေါ်ပြန်တက်သွားသည်တွင် ရေချိုးရန် နဒီ အိမ်လေးမှပတ်ကာ နောက်ဘက်ရေချိုးခန်းဆီသို့ ဝင်ခဲ့လေ၏။

နံနက်စောစော ရေကိုတစ်ဝချိုးပစ်လိုက်ပြီး ရေချိုးခန်းထဲမှ နဒီ ပြန်ထွက်လာသည်တွင် ဈေးမှ မမနီတစ်ယောက် ပြန်ရောက်နေပြီဖြစ်၏။

"မမနီ ပြန်ရောက်ပြီလား၊ ဘာတွေဝယ်ခဲ့လဲဟင်…"

"ကြက်သားရယ်၊ ပုဇွန်ရယ်၊ အသီးအရွက်နည်းနည်းဝယ်လာတယ် ညီမရေ…"

"ဪ…ကောင်းပါတယ်၊ နဒီ အကျီသွားလဲဦးမယ်၊ ပြီးတော့ မမနီကို လာဝိုင်းကူချက်မယ်…"

"ရပါတယ်ဟယ်၊ နင်မရှိလည်း ငါ ချက်နေတာပဲ၊ သွား…သွား အကျီသွားဝတ်ချည် အအေးမိမယ်လေ…"

"ဪ…မမနီကလည်း၊ နဒီရှိတော့လည်း ညီအစ်မနှစ်ယောက်အတူချက်ရတာပေါ့လို့…"

"ကဲ…ကဲ ရှင့်သဘော…ရှင့်သဘော၊ အအေးမိတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မြန်မြန်သာ အကျီချွတ်ပါတော့ ရွှေနဒီရဲ့…”

“အင်းပါ..အင်းပါ…”

“အမလေ..ဟဲ့..ဒီကောင်မလေး…”

“ခစ်..ခစ်..ခစ်…”

မမနီပါးတစ်ဖက်ကို ဆွဲဖျစ်ပြီး အခန်းထဲဝင်ပြေးသွားသဖြင့် မမနီမှာ ငေါက်ငန်းရင်းကျန်ရစ်ခဲ့သည်။

အိမ်မှာ နဒီရှိလျှင် မမနီကို သည်လိုအမြဲစနေကြမဟုတ်ပါလား။ မကြာလိုက်ပါ။ အဝတ်လဲပြီး အခန်းထဲမှ နဒီ ပြန်ထွက်လာသည်။

“အားကစားသမားလို့မပြောရဘူး၊ မြန်လိုက်တာလဲလွန်ရော…”

မြန်မြန်ဆန်ဆန် မီးဖိုခန်းထဲပြန်ရောက်လာသည့် နဒီကို ချစ်စနိုးမျက်စောင်းလေးနှင့် ဝေ့ကြည့်ရင်း မမနီ ဆိုသဖြင့် နဒီမှာ မနီ၏ လက်မောင်းတစ်ဖက်ကို ဖွဖွထုလိုက်ရင်းက…

“ဒါပေါ့..ဒါပေါ့၊ ဂြိုလ်တုခေတ်နဲ့အားကစားမယ်ပဲဟာ၊ ဒီလောက်တော့ရှိမှာပေါ့ အပျိုကြီးရဲ့…”

“နဒီရယ် အပျိုကြီးလို့မခေါ်စမ်းပါနဲ့၊ ငါ လာဘ်ပိတ်ပါတယ်အေ…”

“ဟိ..ဟိ၊ အပျိုကြီးမခေါ်စေချင်ရင် မြန်မြန်စွံအောင်လုပ်လေတော့…”





“စွံတော့မှာ..စွံတော့မှာ…”

“ဟုတ်လား၊ ဘယ်သူနဲ့လဲ၊ ဘယ်တော့လဲပြောစမ်းပါဦး…”

“ဟီး..ဟီး…”

လှသောမျက်နှာအပြုံးလေးနှင့် နဒီမေးတော့ မနီတစ်ယောက်ရယ်သည်။

တကယ်တော့ မနီမှာ ကြုံလိုသေးကွေးသောခန္ဓာလေးနှင့် ပုပြတ်ပြတ်အရပ်ကလေးရှိပြီး ပျော်ပျော်ရွှင်ရွှင် ပြောဆိုနေထိုင်တတ်သူပါလေ…။

နဒီ အိမ်ပြန်လာချိန်တွင် မနီနှင့်နှစ်ယောက်ပျော်ပျော်ရွှင်ရွှင် နေထိုင်လုပ်ကိုင်တတ်ကြသည်။

တကယ်တော့ မနီမှာ နဒီဆိုလျှင် ညီအစ်မနှစ်ဝမ်းကွဲတော်သူပါ။ မနီ၏မိဘများဆုံးပါးသွားသဖြင့် ဆယ်နှစ်သမီးလေးကတည်းက နဒီလှိုင်း၏မိဘများက မွေးစားထားခဲ့ခြင်းဖြစ်ပါ၏။

မိဘနှစ်ပါးလည်းဆုံး၊ ဆွေမျိုးလည်းတော်သည့် ဦးအောင်မြင့်နှင့်ဒေါ်သန်းနွယ်တို့ကို မနီမှာ မိဘရင်းနှစ်ပါးလိုပင် ချစ်ခင်လေးစား၍ စောင့်ရှောက်လာခဲ့သည်မှာ ခုဆိုလျှင် မနီ၏အသက်ပင် သုံးဆယ်ကျော်စပြုနေပြီမဟုတ်ပါလား…။

နဒီကိုဆိုလျှင်လည်း မနီ အလွန်ချစ်သည်။ ဒီပြန်လာလျှင် မနီအဖော်ရ၍ အလွန်ပျော်သည်။ တကယ်တော့ နဒီခမျာ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း မိဘနှစ်ပါးစလုံး အသက်ကြီးမှရလာသည့် အိုသီးကလေးမို့ မိဘနှစ်ပါးအနေအထားနှင့်စာလျှင် နဒီမှာ အလွန်တရာမှ ငယ်နေရသဖြင့် မိသားစုအားလုံး၏ အချစ်ပိုခြင်းကိုလည်း ခံရသူတစ်ဦးပါလေ...။

"မမနီ ဘာရယ်နေတာလဲပြောလေ၊ အမယ် အပျိုကြီးက ပြောပြီးမှရှက်နေတယ်နဲ့တူတယ်၊ မရှက်ပါနဲ့ မမနီရဲ့၊ နဒီ့ကိုမှ မပြောရင် ဘယ်သူ့သွားပြောမလဲ၊ နဒီကိုယ်တိုင် တောင်းရမ်းပေးစားမယ်၊ ကဲ..ပြော..."

ပုခွန်အခွံခွာရင်း ချစ်စရာအပြုံးကျဲကျဲလေးနှင့် နဒီဆိုနေသဖြင့်၊ နဒီ့ကို မနီကလည်း ကျက်ခုတ်ရင်းမျက်စောင်းလှမ်းထိုးသည်။

"အဟင်း..အဟင်း၊ အပျိုကြီး..အပျိုကြီး သနားတယ်၊ သနားတယ်..."

"အမယ် ငါ့ကိုများသနားတယ်တဲ့၊ ဟဲ့..ငါက ရတာမလိုလိုတာမရဖြစ်နေတာအေ့..."

"ဟား..ဟား၊ ဟုတ်လား၊ ပြောစမ်းပါဦး လိုချင်တာရ ရစေမယ်၊ အဟင်း..ဟင်း..."

အတည်ပေါက်နှင့်ပြောလိုက်သည့် မနီစကားကြောင့် ဟက်ဟက်ပက်ပက်ကလေးပင် နဒီ ရယ်ဖြစ်လိုက်မိတော့သည်။

"အမယ်..ဒီမှာရွှေနဒီ၊ မရယ်နဲ့..မရယ်နဲ့၊ နင် တကယ်





တောင်းရမ်းပေးရင် ငါ ပြောမယ်..."

"သြော်..ပြောပါဆို..ပြော..ပြော၊ တကယ်တောင်းပေးမယ်၊ အဟင်း..ဟင်း..."

"ကဲ..နင် ငါ့ကို ဒေါက်တာ မင်းသွင်ကို ရအောင်သွားတောင်းပေးစမ်းဟယ်..."

"အဲ..ဒေါက်တာ မင်းသွင်၊ ဟား..ဟား..."

"ဟား..ဟား..ဟား..."

သူတို့စကားနှင့်သူတို့ဆိုရင်း ညီအစ်မနှစ်ဦးမှာ ဟက်ဟက်ပက်ပက်ပင် ရယ်မိလိုက်ကြပါတော့သည်။

ပျော်စေပျက်စေစကားတွေလည်းပြော၊ အလုပ်တွေလည်းလုပ်နေကြရင်းက ရယ်ရှိန်ကိုသတ်ပြီး မနီက...

"ဟဲ့..ကောင်မလေး အကောင်းလည်းမထင်နဲ့ဦးနော်၊ အလကားပြောတာ..."

"သြော်..မမနီကလည်း တကယ်ရတော့လည်းယူပေါ့တယ်..."

"ဝေးသေး ရွှေနဒီရေ၊ နင်က မနေ့တစ်နေ့ကမှ ဒီမြို့ကို ရောက်တဲ့လူ၊ နင် ဒီဆရာဝန်အကြောင်း ဘာသိလို့လဲ..."

"ဘယ်သိမလဲ၊ ပြောပါဦး၊ ဘာဖြစ်လို့လဲ..."

"အမလေး..အလွမ်းဘွဲ့ရထားတဲ့သူလို့၊ သူ့အကြောင်းက တစ်မြို့လုံးကို ဟိုးဟိုးကျော်နေတာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..အလွမ်းဘွဲ့ရထားတဲ့သူဟုတ်လား မမနီ၊ အဲဒါ ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ..."

"အ,ပါ ရွှေနဒီရယ်၊ အကြောင်းကြောင်းကြောင့် သူ ရည်းစားနဲ့မပေါင်းခဲ့ရတဲ့သူမို့ လူတွေကအဲဒီလိုပြောကြတာပေါ့ ဟဲ့..."

"သြော်..."

စိတ်ဝင်စားမှုရှိလှသည်မဟုတ်သော်လည်း နားထောင် ကောင်းသလိုရှိတော့ နဒီ နားထောင်နေမိလေသည်။

"အဲဒီ ဒေါက်တာ မင်းသွင်ဆိုတာလေ ဒီမြို့ကိုရောက်စ ကတည်းက သူ့ကိုမြင်လိုက်တိုင်း အရယ်အပြုံးကိုမရှိသလောက် ရှားတယ်၊ ကြည့်လိုက်ရင် ငေးငေးဝေဝေလိုလိုပဲ၊ လူကတော့ တကယ့်ကိုလူချော၊ နင်လည်း တွေ့ပါတယ် ရွှေနဒီရယ်၊ နင့်ကို ဆုပေးသေးတယ်လေ...

သူ့ကိုကြည့်ရင် တစ်မျိုးကြီးပါပဲဟယ်၊ အားကိုမရပါဘူး တို့မြို့က အပျိုကြီး၊ အပျိုလေး၊ အပျိုလတ်တွေကအစ သူ့ကို သိပ်သဘောကျကြတာ..."

အပျိုကြီး မမနီစကားကြောင့် တစ်ဖက်သို့မျက်နှာလေး မသိမသာလွှဲပြီး နဒီ မျက်နှာလေးတွန့်ကာ ပြုံးမိလိုက်သည်။

ဟင်းအိုးတည်ဆဲ ဒေါက်တာ မင်းသွင်အကြောင်းအား မမနီမှာ အားပါးတရပြော၍မပြီးဆုံးနိုင်သေးပါလေ...။





ဘာမှမသိသေးသည့် နဒီက မမနီစကားတို့ကို နားထောင် သူသက်သက်ဖြစ်နေရ၏။

"ဒေါက်တာ မင်းသွင်က အနေအထိုင်တည်ကြည်လွန်း လို့သာ ဘယ်အပျိုမှမကပ်ရဲတာ၊ တကယ်လည်း ဒေါက်တာ မင်းသွင်က အနေအထိုင်တည်ကြည်သိမ်မွေ့တယ် ရွှေနဒီရဲ့၊ နင့်ကို ဆုပေးတဲ့နေ့တုန်းကလေ၊ နင်တို့နှစ်ယောက်စလုံးက ချောလိုက်တာ ဟယ်..."

ဟွန့်...

နဒီမျက်နှာလေးရှုံ့ကာ တွန့်သွားသည်။

"အမယ်..နင်ကဘာတွန့်တာလဲ၊ လူတွေကတောင် ပြော ကြသေးတယ်..."

"ဘာပြောကြတာလဲ..."

နှုတ်ခမ်းလေးစူကာ သဘောမကျသလို၊ စွာချင်ချင်ရယ် နဒီ ဆိုသည်။

"ဘာပြောမလဲဟဲ့၊ နင်တို့နှစ်ယောက် သိပ်လိုက်တာပဲတဲ့၊ ချောမှန်နေကြတာပဲတဲ့..."

"ဟွန်း..တော်စမ်းပါ၊ ပိုတိုင်းကြိုက်နေတဲ့အတိုးကြီးနဲ့များ နဒီနဲ့လာပြီး တွဲမပြောစမ်းပါနဲ့၊ နဒီက ခုမှအသက်ကလေး နုနု ငယ်ငယ်လေးရယ်ပဲရှိသေးတာ..."

"အမယ်..ဟိုကရော အသက်ကဘယ်လောက်များကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာလဲဟဲ့…"

"ဟွန့်..သုံးဆယ်ကျော်ရောပေါ့…"

"ယောကျာ်းတစ်ယောက်အတွက် သုံးဆယ်ကျော် အရွယ်ဆိုတာ အကောင်းဆုံးပေါ့ဟဲ့…

ပြီးတော့ သူ့ရာထူးဂုဏ်နဲ့သူ့ရုပ်ရည်နဲ့ ဘယ်လောက်တင့် တယ်သလဲလို့၊ ရွှေနဒီနဲ့ဆိုရင် တကယ်…"

"အို..တော်ပါ၊ နဒီက ယောကျာ်းဆိုရင် ကိုယ့်ဖေဖေက လွဲရင် ဘယ်သူ့မှအထင်မကြီးဘူး၊ ဟွန်း..ယောကျာ်းများတော့ တော်ပါတန်ပါ…"

"သြော်..ရွှေနဒီရယ်၊ နင်ကလည်း အစွဲအလမ်းတယ် ကြီးတာကိုဟယ်…"

"ကြီးရတယ်..ကြီးရတယ်၊ နဒီ့အတွက်က သင်ခန်းစာပဲ လေ၊ ဒါကြောင့် နဒီက ယောကျာ်းတွေနဲ့ရင်ဘောင်တန်းနေတဲ့ အားကစားမယ်ပေမယ့် ယောကျာ်းတွေကိုတော့ အထင်မကြီးပါ ဘူး…"

"အေးပါ၊ အခုတော့ပြောဦးပေါ့၊ တစ်နေ့ အဲဒီလိုလူ့ရွှေ ပဲ သူများတွေထက်ကဲကြတာ…"

"ဟွန့်..နဒီကိုတော့စောင့်ကြည့်လေ မမနီရဲ့၊ ကဲ..တော် ပါပြီလေ၊ ဒီအကြောင်းတွေကို မပြောပါနဲ့တော့…"

ချက်ပြုတ်လုပ်ကိုင်ဆဲ နဒီ စကားစဖြတ်လိုက်သည်။





မီးဖိုထဲတိတ်ဆိတ်သွားသည်။ အားကစားမယ်လေးပီပီ နဒီ အလုပ် လုပ်ပုံလေးတွေက ဂျင်ကလေးလိုလိုပါပင်…။

"သြော်..ရွှေနဒီရေ…"

ချက်ပြုတ်လုပ်ကိုင်ပြီးခါနီးတော့ မမနီခေါ်သဖြင့်…

"ဘာလဲ မမနီ…"

"ဖေဖေနဲ့မေမေအတွက် ဆေးတွေကုန်နေပြီ၊ အဲဒါ နင် ဆေးသွားဝယ်ဦးနော်…"

"ဟုတ်ကဲ့..ဟုတ်ကဲ့၊ နဒီ စာကြည့်တိုက်သွားရင်း ဝယ် လာခဲ့မယ်…"

"အင်း..အင်း၊ ပြီးပါပြီ နင် သွားချင်သွားတော့…"

"ဟုတ်ကဲ့ မမနီ…"

မီးဖိုချောင်ကိစ္စတွေပြီးစီးပြီမို့ နဒီကား မိဘများအတွက် လိုအပ်သည့်ဆေးတွေကိုမှတ်ပြီး ဆေးဝယ်ရန်နှင့်စာကြည့်တိုက်တွင် စာအုပ်လဲရန် အိမ်မှစက်ဘီးလေး နင်းထွက်ခဲ့လိုက်ပါတော့ သတည်း…။ ။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်တစ် -

အား..ဒုန်း..ဘိုင်း..အင့်...

ကျွီး..ဟာ...

ကားဘရိတ်ကိုဆောင့်နင်းသံ၊ အာမေဍိတ်သံ၊ အော်သံနှ
ပစ်ချသံတို့ကား တစ်ချိန်တည်း၌ဖြစ်ပေါ်သွားလိုက်ရခြင်းပါတည်
မှန်ပါ၏။ အဘယ်ကြောင့်ဆိုသော် ဘောလုံးကွင်းဟော
ကွေ့လေးနေရာ၌ ဒေါက်တာ မင်းသွင်သည် ကားကိုချိုးအကွေ့
တစ်ဖက်ကွေ့အကွယ်မှာလည်း ပြေးရှိန်နှုန်းလေးဖြင့် ဘွားခနဲ
ထွက်လာသော အရိပ်ကလေးတို့ကား၊ အရှိန်ကိုယ်စီသတ်လိုက်
သော်ငြား...

ထွက်လာသောအရိပ်ကလေးသည် ဒေါက်တာ မင်းသွ
၏ အရှိန်သတ်လိုက်သည့်ကားခေါင်းဘောနက်ဖုံးပေါ်သို့ ဒုန်း
မြည်ကာရောက်သွားရပြီးမှ...





ကားဖုံးပေါ်မှတဆင့် အောက်သို့ဘိုင်းခနဲပြန်၍ ပစ်ချသွား
ရကာ မချိမဆန့်အသံကလေးသည် နောက်ဆုံးအဖြစ် အင့်ခနဲထွက်
ပေါ်သွားလိုက်ရသည်တကား...။

“ဟာ..နဒီ...”

မျက်လုံးထဲ ပြာခနဲပင်ဖြစ်သွားရသော ဒေါက်တာ
မင်းသွင်သည် ကားတံခါးအား မည်သို့မည်ပုံဖွင့်၍ဆင်းခဲ့သည်
မသိ...။

သူ သိလိုက်သောအချိန်တွင် သူသည် သတိမေ့သွားရှာ
သော နဒီကိုယ်လုံးအား ရင်ခွင်ထဲပွေ့ယူပိုက်ထားလေပြီဖြစ်၏။

“နဒီ..နဒီ...”

“ဒုက္ခပဲ၊ သတိလစ်သွားပြီ...”

“မဖြစ်ဘူး၊ ဒီအတိုင်းတော့မဖြစ်ဘူး...”

အသက်အန္တရာယ်စိုးရိမ်ရခြင်းရှိမရှိ နဒီလှိုင်းကို စမ်းသပ်
ပြီး လုပ်သင့်လုပ်ထိုက်သည်ကိုလုပ်ရန် ဆုံးဖြတ်ချက်တို့ဖြင့်...

ဒေါက်တာ မင်းသွင်သည် သတိလစ်နေသော နဒီကိုယ်
လုံးလေးအား ပွေ့ချီယူကာကားထဲသို့ထည့်လိုက်ပါတော့သည်။

ထို့နောက်တော့ဖြင့် ဒေါက်တာ မင်းသွင်သည် အိမ်သို့
အမြန်ဆုံးရောက်အောင် ကားကိုမောင်းနှင်လာခဲ့လေတော့သည်။

အိမ်ရှေ့၌ကားကိုရပ်လိုက်သည်နှင့်ပင် ကားပေါ်မှ အမြန်
ဆင်းပြီး ကားလေးထဲမှ နဒီကို ပွေ့ချီဆင်းကာ အိမ်ထဲသို့ခေါ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အိမ်ထဲရောက်သည်တွင် နဒီကို ဘယ်နေရာတွင်ချရမည် မှန်းမသိ၍၊ တစ်ချက်မျှ သူ စဉ်းစားလိုက်သည်။ ပြီးမှ မထူး တော့သည့်အတူတော့ သူ့ခုတင်ရှိရာအခန်းထဲသို့ပင် ခေါ်သွင်းလာခဲ့ လေတော့သည်။

သူ့ခုတင်ထက်မှာပင် နဒီကို သူ ညင်သာစွာချလိုက်သည်။ သည့်နောက် အချိန်မဆွဲဘဲ နဒီကိုယ်မှဒဏ်ရာတွေကို သူ ရှာဖွေ ကြည့်လိုက်သည်။

နဒီ၏ဒူးတံတောင်နှင့် လက်ဖျံနေရာလေးများတွင် အသား နုနုလေးများ ပွန်းပဲ့သွားသည့်ဒဏ်ရာလေးများကို သူ မြင်လိုက်ရ လေသည်။

ပွန်းပဲ့သွားသည့်ဒဏ်ရာလေးများကို အရက်ပျံနှင့်သုတ် သင်ဆေးကြောပြီး ညှစ်ဆေးလေး သူ လူးပေးထားလိုက်သည်။

သည့်နောက် နဒီ သတိရလာစေရန် ရေစိုအဝတ်တစ်ခုနှင့် နဒီ့မျက်နှာလေးဆီ သူ သုတ်ပေးလိုက်လေသည်။

"အင်း..."

"အား..ကျွတ်..ကျွတ်..."

သတိရလာသံလေးနှင့်အတူ နဒီ ညည်းညူသံလေးကို သူ ကြားလိုက်ရသည်။ မင်းသွင်သည် နဒီ လက်ကလေးတစ်ဖက် ကို ဆုပ်ကိုင်ထားလိုက်ပြီး...





"နဒီ..."

"အား..ကျွတ်..ကျွတ်..."

ညည်းသံသဲ့သဲ့လေးသာထွက်ပေါ်လာပြီး နဒီ မျက်ဝန်း လေးကား ပွင့်မလာရှာသေးပါ..။

နဖူးပေါ်ဝဲကျနေသည့် နဒီ့ဆံနွယ်လေးတွေကို သူ သပ် တင်ပေးလိုက်ပြီး နဒီ့မျက်နှာလေးကိုကြည့်နေရင်းမှ...

"နဒီ..နဒီ သတိရလာပြီလားဟင်..."

"အင်း..အား..."

"နဒီ..နဒီ၊ သတိကောင်းကောင်းရလာပြီလားဟင်၊ မျက် လုံးဖွင့်ကြည့်ပါဦး..."

"အားကျွတ်..ကျွတ်..နာတယ်..နာတယ်..."

"ဟင်..နာတယ်ဟုတ်လား၊ ဘယ်နေရာနာတာလဲ၊ မျက် လုံးဖွင့်ကြည့်ပါဦး၊ နဒီ ကောင်းကောင်းသတိရရင် မျက်လုံးဖွင့် ကြည့်နော်..."

"အင်း..အင်း..."

ညည်းညူသံလေးတွဲ့တွဲ့လေးလို ထွက်ပေါ်လာပြီး နဒီ ပြန်ငြိမ်သွားသည်။

ထိတ်လန့်သွားခြင်းဖြင့် နဒီ မျက်လုံးလေးတွေပြာဝေဝါး မှုံးနောက်သွားဟန်ရှိပါ၏။

သူသည်ပင် စောစောကအဖြစ်ကြောင့် မျက်လုံးတွေပြာ



www.burmeseclassic.com

www.burmeseclassic.com



ဝေကာ ယခုတိုင်ရင်ခုန်နေရဆဲရှိသေးသည်မဟုတ်ပါလား…။

"နဒီ…"

နဒီမျက်နှာလေးနှင့်လက်ကလေးတွေကိုကိုင်ပြီး ခေါ်သည်။

"အင်း…"

ထူးသံလိုလို၊ ညည်းသံလေးလိုလို မသဲမကွဲလေသံလေးဖြင့် နဒီမျက်ဝန်းလေးအစုံ ဖြည်းဖြည်းချင်းပွင့်လာသည်။

ပထမတွင် မှုန်နောက်၍မှုန်ဝါးနေသလို အမြင်မျိုးရှိပါလိမ့်မည်။ တစ်စတစ်စနှင့် နောက်ပိုင်းအမြင်လေး ကြည်လာသည်မတော့…

"ဟင်…ဒေါက်တာ၊ နဒီ…နဒီ…"

"အို…နဒီ၊ နေ…နေပါဦး၊ ငြိမ်ငြိမ်လေးနေပါဦးဗျာ…"

ဒေါက်တာ မင်းသွင်ကိုမြင်သော် အနာအကြင်တို့ပင်လွင့်စဉ်ကာ အိပ်ရာမှ နဒီ ဝုန်းခနဲထလိုက်မည့်အခြေအနေကြောင့် မင်းသွင်ကား နဒီ့ပခုံးလေးကိုမှီကာ တောင်းပန်ခဲဆိုလိုက်ရပါချေ၏။

"မလန့်ပါနဲ့၊ မကြောက်ပါနဲ့ နဒီရယ်၊ နဒီ ကိုယ့်အိမ်ရောက်နေတာပါ…

ဘောလုံးကွင်းထောင့်မှာ ကိုယ့်ကားနဲ့တိုက်မိပြီး နဒီ သတိမေ့သွားလို့ ကိုယ် အိမ်ကိုခေါ်လာတာပါ၊ နဒီ မှတ်မိတယ်





ဟုတ်လားဟင်…"

"ဟုတ်ကဲ့…"

နဒီဆိုရင်း ခေါင်းလည်းညိတ်ပြသည်။ မင်းသွင်သည် ဒီ၏ လှပသောမျက်နှာလေးကိုကြည့်ပြီး…

"ဟူး…တော်သေးတာပေါ့ နဒီရယ်၊ ဘာမှကျိုးပြဲမသွားပြီး၊ တစ်စုံတစ်ရာသာဖြစ်သွားရင်တော့ ကိုယ် ဘယ်လိုမှစိတ်ကောင်းနိုင်တော့မှာမဟုတ်ဘူး…

ဘာဖြစ်လို့လဲဆိုတော့ နဒီက နိုင်ငံတော်ကတောင် အားထားနေရတဲ့ အားကစားမယ်လေးတစ်ဦးမဟုတ်လား…"

"သြော်…ဘယ်လိုပဲဖြစ်ဖြစ်၊ မဖြစ်ဖြစ် အခုဖြစ်ရတဲ့အနေအထားမှာ နဒီအပြစ်လည်းပါပါတယ် ဒေါက်တာရယ်…

ကံမကောင်းလို့ဖြစ်သွားလည်း ဘာတတ်နိုင်မလဲ ဒေါက်တာရယ်…"

"ကိုယ် ဘယ်လိုမှဖြေလို့ရတော့မှာမဟုတ်ဘူးလေ…"

"အဟင်း…ခုက ဘာမှမဖြစ်ပါဘူး…"

"ဒါကြောင့် ကိုယ် ဖြေသာသွားရတာပေါ့၊ ခုလို နဒီ ကြုံရမယ်လို့ ကိုယ် မထင်မိဘူး…

ဆေးရုံကအပြန်မှာ မိတ်ဆွေလူနာတစ်ယောက် ဝင်ကြည့်ပြီး ရှင်းတဲ့လမ်းကရွေးပြီး ပြန်လာကာမှခုလိုဖြစ်ရတယ်…"

"နဒီလည်းပဲ ဘောလုံးကွင်းအဟောင်းဘက်က လူရှင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပြီး ညနေဘက်ဆို အဲဒီမှာပဲအပြေးကျင့်နေတာ…"

"ဒီနေ့တော့ကံဆိုးသွားတာပဲပေါ့နော်…"

"ကံမဆိုးပါဘူး ဒေါက်တာ၊ ဒါကံကောင်းတယ်လို့ ခေါ်တာပေါ့၊ နဒီမှ ဘာမှမဖြစ်တာ…"

"အေးလေ၊ ကြီးကြီးကျယ်ကျယ်မဖြစ်ပေမယ့် နဒီ အသားလေးတွေတော့ အနာတရဖြစ်ကုန်ပြီ…"

"ဒါလောက်ကတော့ ကိစ္စမရှိပါဘူး ဒေါက်တာရယ်၊ ရပါတယ်…"

"နဒီမေ့နေတဲ့အချိန်တုန်းက ကိုယ် ဆေးထည့်ပေးထားပြီးပြီ…"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ငါးနာရီထိုးတော့မယ် နဒီ ပြန်ပါဦးမယ်…"

နဒီ့စကားလေးအတွက် သူ ခေါင်းညိတ်ပြသည်။ နဒီ ပခုံးလေးနှစ်ဖက်မှ ဖေးမကိုင်ကာ သူ ထူမပေးသည်။

"ရပါတယ် ဒေါက်တာ…"

မနေတတ်သလို၊ ရှက်သလိုဖြင့် နဒီမျက်နှာလေးလွှဲကာ ဆိုသည့်အတွက် မင်းသွင်ရင်ထဲခွေးကာ မချင့်မရဲရှိရ၏။

"အား…ကျွတ်…ကျွတ်…"

ခုတင်ပေါ်မှခြေစုံရပ်မိသည်တွင် နဒီထံမှ ညည်းသံလေး ကြားသဖြင့် စိုးရိမ်ပိုကာ လျှာခလုတ်တိုက်မိမတတ် သူ မေးသည်။





"ဟင်…ဘယ်ကနာလဲ နဒီ…"

"ဒီမှာ…ဒီမှာ ဒေါက်တာ၊ အား…နာလိုက်တာ၊ အခုမှ နာမှန်းသိတယ်…"

ဝဲဘက်နောက်ကျောခြမ်းဆီ နဒီ လက်ကလေးနှင့်စမ်းကာ ဆိုသဖြင့် မင်းသွင်သည် စွပ်ကျယ်အင်္ကျီလေးဖုံးနေသည့် နဒီ နောက်ကျောလေးဆီကြည့်ပြီး…

"လဲကျသွားတုန်းက ဒီဘက်နဲ့ကျတယ်ထင်တယ်…"

"ဟုတ်တယ် ဒေါက်တာ၊ ဒါကြောင့်နာတာဖြစ်မယ်၊ အရိုးများကျိုးသွားသလားမသိဘူးနော်…"

"ဒီပုံကတော့ကျိုးမယ့်ပုံမဖြစ်နိုင်ဘူး၊ ကိုယ် နည်းနည်း ကြည့်မယ်နော်…"

ဝေဒနာအတွက် ဆရာဝန်တစ်ယောက် စစ်ဆေးကြည့်ရှုခြင်းအတွက် နဒီ မငြင်းသာ…။

ခပ်ညိုညိုနေရာလေးဆီ လက်ညှိုးဖြင့် မင်းသွင် ထောက်ကြည့်လိုက်ပြီး…

"ဒီနေရာကနာမှာပေါ့…"

"ဟုတ်တယ်…ဟုတ်တယ် ဒေါက်တာ…"

"ဒီနေရာကော…"

ဝဲဘက်ကျောတစ်ပြင်လုံး ဟိုစမ်းဒီစမ်းပြုရင်း မင်းသွင် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နာတာပါပဲ ဒေါက်တာ…"

"ဒီနေရာက…"

"အဲဒီနေရာက ပိုနာတယ်…"

"အင်…ဘာမှတော့မဖြစ်ပါဘူး၊ ကျသွားတဲ့ဒဏ်ကြောင့်ပါ၊ ပြီးတော့ သောက်ဆေးလည်းပေးလိုက်မယ်…"

မင်းသွင်ဆိုရင်း လူးဆေးနှင့်သောက်ဆေးတို့ကို ပေးသည်။

"နဒီ…"

"ရှင် ဒေါက်တာ…"

"ကိုယ် လိုက်ပို့မယ်…"

"ရပါတယ် ဒေါက်တာ၊ နဒီ့ခြေထောက်ကကောင်းပါတယ်…"

"ခြေထောက်ကကောင်းပေမယ့် ဒဏ်ရာကရှိနေတယ် မဟုတ်လား၊ အိမ်မြန်မြန်ပြန်ရောက်ရင်ကောင်းတာပေါ့…"

ရှေ့မှ နဒီ ထွက်သွားသည်ကို သူ အမီလိုက်ပြီး ပြောရင်းက အိမ်ရှေ့ရောက်သည်တွင်…

"ကိုယ့်စကားနားထောင်ပါ နဒီ…"

အမိန့်သံလို၊ ကြင်နာသံလိုရှိသည့် သူ့စကားသံနွေးနွေးထွေးထွေးကြီးကြောင့် နဒီကား ငြင်းဆန်ဆိုရန် နှုတ်ပင်ဟနိုင်ခြင်းမရှိလေပါတော့…။

သူ့ကိုသာ ပိုင်းစက်နေသောမျက်ဝန်းရွှဲရွှဲကြီးတွေနှင့် တစ်





ချက်မျှကြည့်မိသော်၊ သူနှင့်အတူ ကားထဲသို့ ဝင်ရောက်ထိုင်လိုက်ရပါတော့သတည်း။

မှန်ပါ၏။ ထိုနေ့က…

"နောက်နေ့ကျရင် နဒီကို ကိုယ် လာကြည့်မယ်နော်"

ဟုဆိုရင်း နဒီ နေအိမ်ခြံရှေ့၌ကားကိုရပ်ပေးခဲ့ပြီး သူ ပြန်သွားခဲ့ပါသတည်း။ ။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်နှစ် -

နီရဲနေသောမျက်လုံးကြီးတွေက ညဥ့်အမှောင်ပေးသည့် သားကောင်၏အရိပ်အား ထက်မြက်စူးရှာစွာရှာဖွေနေ၏။

ထို့အတူ ခြေလှမ်းတို့သည်လည်း အသင့်…။

လျှင်ပါးသောနားအစုံက ဆောင်းလေဝှေ့သံလေးကိုပင် ကြားယောင်နိုင်စွမ်း ရှိနေသလိုရယ်…။

အမှိုက်စလေးများလွင့်ပါးသွားသည့် ရွေ့လျားသံလေးများကို အာရုံကစူးရောက်သည်။

တိုးညှင်းသောလှုပ်ရှားသံမျိုး ကြားလိုက်ရသည်နှင့်ပင် နီရဲစူးရှသောမျက်လုံးကြီးအစုံသည် ဖျတ်ခနဲထိုနေရာသို့ရှာဖွေရောက်ရှိ၏။

အမှောင်ထဲပေမို့ သူ့အရိပ်ကမထွက်…။





တမင်လည်းပဲ အမှောင်ကိုရွေးပြီး သူ လှုပ်ရှားသည်။

အဝေးပြေးကားဂိတ်နှင့်မလှမ်းမကမ်းတွင်ရှိသည့် ပန္နည်းဝိုဒေါင်ကြီးများကြား၊ ကမ်းနားဘက်မှ ကုန်စိမ်းသိုလှောင်ရုံကြီးများကြား…

တိတ်ဆိတ်သောသုသာန်တစပြင်၊ လူသေတို့ထားသည့် ဆေးရုံအဆောက်အအုံများကြား၊ စက်ရုံကြီးများကြား၊ အမှောင်ကြီးစိုးနိုင်သောနေရာတိုင်းသည် သူ ကျက်စားရာအကောင်းဆုံးနေရာတွေ၊ သူ ပျော်မွေ့ရာနေရာတွေ၊ အလွယ်တကူမမြင်နိုင်သောမှောင်တူးတူးနေရာမျိုး၌ သားကောင်ကို သူ စောင့်စားသည်။

တွေ့သမျှသည် သူ၏သားကောင်၊ အရှင်းဆုံးဆိုရသော် သူ စောင့်စားသောသားကောင်သည် မနုဿသားကောင်ရယ်ပါ။

ဖျူပ်..ဖျပ်..ဖျပ်…

စောင့်စားဆဲအသံတစ်သံ ထွက်ပေါ်လာသည်။ သုတ်သုတ်သွက်သွက်လျှောက်နေရသည့် လူတစ်ယောက်၏ခြေသံမျိုး၊ ဖိနပ်နှင့်ဖနောင့်တို့ရိုက်သံမျိုး ထွက်ပေါ်နေရခြင်းဖြစ်သည်။

မှန်သည်။

လူတစ်ယောက်…

သားကောင်ကိုတွေ့သွားသော သူ့မျက်လုံးတို့သည် နှစ်ခြိုက်သွားဟန်လို၊ ပို၍ပိုရဲကာ တောက်ပြောင်သွား၏။

သူ့အတွက် ကံကောင်းခြင်းတစ်ရပ်၊ ရေးကြီးသုတ်ပြာရှိ



www.burmeseclassic.com

www.burmeseclassic.com



နေရာသည့်တစ်ယောက်သောသူအတွက်တော့ ကံဆိုးခြင်းတကာ့တွင် ကံအဆိုးဆုံးသောလူသားရယ်…

မနုဿသားကောင်ကို မြင်သည်နှင့်ပင် မှောင်ရိပ်ထဲမှ သူ ဖျတ်ခနဲထွက်သည်။

သို့သော် ကံကြမ္မာဆိုးဝင်တော့မည့်လူသားတစ်ဦးကား ဘာမှမသိရှိရှာသေးပါလား…။

သူ့ခြေလှမ်းကျဲကြီးများသည် ထိုလူနောက်မှတစ်လှမ်းချင်း လိုက်နေ၏။ ပြေး၍လည်း ထိုလူနောက်သို့ သူ မလိုက်၊ သူ့ခြေလှမ်းတစ်လှမ်းသည် ထိုလူ၏ခြေနှစ်လှမ်းစာနှင့်ညီလျော်နေပြီး တစ်စတစ်စနီးကပ်လာသည်။

သားကောင်နှင့်မုဆိုး၊ မုဆိုးနှင့်သားကောင်လို…

သို့သော်…

မုဆိုးသည် သားကောင်အား အသေရရ၊ အရှင်ရရသဲကြီး မဲကြီးလိုက်ဟန်လိုတော့မရှိ…။

မုဆိုးသည် ခြေတစ်လှမ်းချင်းသာ ရှေ့မှသားကောင်သည် မည်သို့ပြေးပြေး ပြေးပါစေ၊ သူ့ခြေလှမ်းတို့သည်က တစ်လှမ်းချင်းပင်ဖြစ်သည်။

တစ်နေရာ၌ သူ့ခြေလှမ်းတို့သည် ဆုံးရမည်။

သူ့ခြေလှမ်းဆုံးသောနေရာသည် သားကောင်နှင့်ပွဲပြီးသွားသောနေရာသာပင်…။





သားကောင်နှင့်မုဆိုး၊ မုဆိုးနှင့်သားကောင်သည် ဝါးတစ်ရပ်စာခန့် အကွာအဝေး အနေအထားမျိုးရောက်သော်…

သားကောင်သည် ကံတရားချွတ်ယွင်းနိမ့်ကျနေခြင်းမှ ကံဇာတာမြင့်တက်လာလေဟန်…။

ကိုယ်စောင့်နတ်တို့ နှိုးဆော်လိုက်လေဟန်ရယ်…။

နောက်သို့ ဖျတ်ခနဲလှည့်ကြည့်ဖြစ်ရလေသည်။

ထိုအခါ…

"ဟာ…"

မလှမ်းမကမ်းလည်းဖြစ်၊ လမ်းမီးတိုင်များအောက်တွင်မို့လည်း သူ့သဏ္ဍာန်အား ကွဲပြားစွာမြင်တွေ့လိုက်ရသောလူ့အဖို့ကား…

ရုတ်တရက်သော ထိတ်လန့်ခြင်းတို့ကြီးစိုး၍ ကြက်သေသေကာရှိသွားရလေပြီးမှ…

ထိုလူ၏ကိုယ်စောင့်နတ်သည် အမွှေးကြီးလူကိုလှုပ်ခေါ်နှိုးနေလေဟန်…။

ထိုသူကား အချိန်မီသတိတို့ပြန်ဝင်ရောက်လာရလေ၍…

"အား‥အား‥ကယ်ကြပါဦး‥ကယ်ကြပါဦး…"

အော်ရင်းဟစ်ရင်း ဖနောင့်နှင့်တင်ပါးတစ်ထပ်တည်းကျအောင် ပြေးပါလေတော့သတည်း။

ထိုလူအား ကံတရားလှပခြင်းကြောင့် အပြေးမှန်၊ အအော်



www.burmeseclassic.com

www.burmeseclassic.com



မှန်သွားရပါချေ၏။

မှန်သည်။

ထိုလူအော်၍ပြေးသောနေရာသည် လူနေအိမ်ခြေထူထပ်သောနေရာ၊ ပြီးတော့ ရဲဝန်ထမ်းများလည်းနေထိုင်ကြသော့နေရာ၊ ရှေ့မှထိုလူမှာ အော်၍ပြေးသော်လည်း သူ့ကား နောက်မှတစ်လှမ်းချင်းလိုက်ဆဲပါ...။

“ကယ်ကြပါဦး..ကယ်ကြပါဦး...”

“ဟာ..အော်သံကြားတယ်ဗျို့...”

“ဟင်..ဘယ်သူလဲ၊ ဘယ်ကလဲ...”

“ဘာဖြစ်တာလဲ...”

“ဟာ..ဟိုမှာ..ဟိုမှာ လူတစ်ယောက်အော်ရင်းပြေးလာတာ...”

“ဟာ..ဟိုမှာ..အနောက်..အနောက်မှာလည်း...”

“ဟေ့..လိုက်..လိုက်ကြ၊ ဝိုင်းထားကြမလွတ်စေနဲ့”

“မလွတ်စေနဲ့ဗျို့၊ ဝိုင်းထား..ဝိုင်းထား၊ လုံးဝမလွတ်စေနဲ့...”

“ဟုတ်တယ်..ဟုတ်တယ်ဗျာ၊ ရုပ်ကြီးကိုကြည့်ပါလား၊ မလွတ်စေနဲ့ဖမ်းမိအောင်ဖမ်းကြ...”

အိမ်ပေါက်ဈေးမှလူများနိုးလာကြ၍ အော်ဟစ်ကာညာသံပေးကာ လူသတ်သမားကြီးအား ဝိုင်း၍ဖမ်းကြသည်။





ရဲအဖွဲ့ဝင်များမှာလည်း သေနတ်ကိုယ်စီဖြင့် အသင့်ရှိနေ၏။

“ဟေ့..မပစ်နဲ့..မပစ်ကြနဲ့၊ အရှင်ဖမ်း..အရှင်ဖမ်း...”

“ဟာ..မတွေ့တော့ဘူးဗျာ...”

“ဟင်..ပျောက်သွားပြီ၊ ဘယ်ရောက်သွားလဲမသိဘူး”

“တကယ်လျှင်တဲ့လူကြီးပဲ...”

“အေးကွာ၊ ကိုယ်ခန္ဓာကြီးသလောက်၊ လျှင်လိုက်တာလွန်ရော...”

မှန်သည်။ သူ့ကား ပျောက်သွားရပြီဖြစ်၏။ အင်အား၍ လူအုပ်ကြီးကား ပိုက်စိပ်တိုက်ရှာကြပါသော်လည်း...

အဆောက်အအုံများ၏ကြိုးကြား အမှောင်ထုများကြား၌ သူ့ကား ပျောက်သွားရလေပြီသတည်း...။

“ဟာကွာ၊ တွေ့လိုက်ရသားနဲ့၊ နာတာပဲ...”

“အေးကွာ..ဒါ လူသတ်သမားကြီးပဲကွ...”

“ဟုတ်တယ်..ဖြစ်နိုင်တယ်...”

“သေချာတာပေါ့..သေချာတာပေါ့၊ ကျုပ် နောက်ကိုလိုက်လာတာဗျာ၊ ကျုပ် အချိန်မီသိပြီး ဒီဘက်ကိုအအော်မှန်၊ အပြေးမှန်လာခဲ့လို့သာပေါ့၊ ဟူး..ဟောဟဲ..ဟောဟဲ...”

သူ့သတ်သမားကြီး အလိုက်ခံရသူက သေယ်ဖော်နှင့် အမောဆိုက်ကာ လူအုပ်ကြီးထဲ ဝင်ပြောပြသည်။ ရဲအဖွဲ့ဝင်တစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကိုကြည့်ပြီး…

"ခင်ဗျားက ဒီအချိန်ကြီးဘယ်သွားမလို့လဲဗျ…"

"အေးလေ၊ ခင်ဗျားက နာရီပြန်နှစ်ချက်ထိုးတော့မယ်

ရဲတပ်ဖွဲ့တချို့က ထိုလူကိုအပြစ်တင်သလိုဆိုလာ၍…

"ကျုပ် မိန်းမ သူ့မိဘအိမ်သွားလည်ရင်း အခု ကလေ မွေးမယ့်ဆဲဆဲ ဗိုက်နာနေတဲ့အကြောင်း ကျုပ်ဆီကိုဖုန်းလာလို့ပါ

"ခင်ဗျားမိန်းမ မိဘအိမ်ကဘယ်မှာလဲ…"

"ဘူတာကြီးလမ်းဆုံမှာပါ…"

"ခင်ဗျားနှယ်ဗျာ၊ ဟိုခရီးနဲ့ဒီခရီး ခြေလျင်များလာရတ လို့…"

"စက်ဘီးကဘီးပေါက်နေတယ်ဗျာ၊ ကျုပ်လည်း ကျ မိန်းမဇောကပ်နေတော့ လူသတ်သမားသတင်းလည်း မေ့ေ သွားတယ်ဗျာ…

ကျုပ်က ကံကောင်းတဲ့သူမို့သာပဲ၊ နို့ဖြင့်မတွေးရဲဘူး လူသတ်သမားကြီးက တကယ့်ကိုကြောက်စရာဗျာ၊ ဘယ်လို မယှဉ်နိုင်ဘူး…"

"ဒါတော့ဟုတ်တယ်၊ လူသတ်သမားကြီးကို ကျုပ် လည်း မြင်လိုက်တယ်…"

"ကျုပ်တို့လည်း တွေ့လိုက်ပါတယ်…"

လူသတ်သမားကြီးအား တွေ့မြင်လိုက်သူအားလုံးက ပ





ပြောဆိုကြသည်။

ရဲအဖွဲ့ဝင်တချို့မှာလည်း လူသတ်သမားကြီးအား တွေ့ လိုက်ရ၍ လူသတ်သမားနှင့်ပတ်သက်၍ တိတ်ဆိတ်စွာတွေးခေါ် ဦးစားနေမိကြပါလေ၏။

မှန်သည်။

ရဲအဖွဲ့ဝင်များအဖို့ အပြင်းအထန်လိုက်လံစုံစမ်းနေကြရ သည့်လူသတ်သမားကြီးနှင့်ပတ်သက်၍…

သဲလွန်စမဟုတ်၊ ခြေရာမဟုတ်…။

လူကြီးတစ်ယောက်လုံးကို နှင်းမှုန်တွေကြားလမ်းမီးတိုင် အောက်၌ တပ်အပ်သေချာမြင်တွေ့လိုက်ကြရလေပြီတကား။

သို့ဖြင့်…

လူသတ်သမားကြီးအား ဖမ်းဆီးရမိရန်အတွက် ယခင်က ထက် ကြိုးစားအားထုတ်ရတော့မည့်အကြောင်းများအား…

ရဲတပ်ဖွဲ့ဝင်တိုင်း၏ နှလုံးသားခံယူချက်ဝယ် အသိတရား များတို့ နှိုးယှဉ်လျက်ကိန်းအောင်းနေကြရပါသတည်း။ ။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်သုံး -

ဆေးရုံမှပြန်ရောက်၍ ရေချိုးပြီးချိန်တွင် နဒီအခြေအနေ
မင်းသွင် သွားကြည့်ရန်ဆုံးဖြတ်ထားလေသည်။

သို့ဖြင့် မင်းသွင်သည် ရေမိုးချိုးပြီးသည်နှင့် ညစာမှမစ
ခင် အိမ်မှထွက်ခဲ့လေ၏။

တီ..တီ..တီ...

ကျွီး...

လမ်းထိပ်အရောက် ဝင်လာသည့်ဆိုင်ကယ်တစ်စီးန
တိုက်မိတော့မလိုရှိ၍ ကားဘရိတ်ကိုအသံမြည်သည်အထိ မင်းသွ
ဖိနှင်းပစ်လိုက်ရသည်။

ဆိုင်ကယ်စီးသူမှာ ဦးထုပ်နှင့်တစ်ဆက်တည်း မျက်နှ
ကာထားသည့် ပလပ်စတစ်မှန်ကို မ,တင်ကြည့်လိုက်လေမှ





"ဟာ..စံခန်းမှူးကြီးကို၊ လူတောင်မှားသွားတယ်..."

"ရန်ကုန်ကပို့လိုက်တဲ့ ဌာနကဆိုင်ကယ်လေးစီးကြည့်
တာ၊ ဒါနဲ့ ဒေါက်တာ ဘယ်သွားမှာလဲ..."

"ကျွန်တော် ဦးအောင်မြင့်တို့အိမ်ကိုသွားမလို့ပါ၊ ဦးနေ
လှိုင်ကိစ္စရှိလို့ ကျွန်တော်ဆီလာတာထင်တယ်..."

"ကိစ္စရယ်လို့တော့မဟုတ်ပါဘူး၊ ပျင်းတာနဲ့ထွက်လာ
တာ..."

"ဟုတ်လား၊ အတော်ပါပဲ၊ ကျွန်တော်ရယ် ကိစ္စရယ်
ထူးတွေတော့မရှိပါဘူးဗျာ၊ ဟိုနေ့က ကျွန်တော့်ကားနဲ့နဒီတိုက်မိ
သလိုဖြစ်သွားလို့ ဒီနေ့သက်သာရဲ့လားလို့ သွားကြည့်မလို့ပါ၊
ဒါနဲ့ ဦးနေလှိုင် ထမင်းစားပြီးပြီလား..."

"ဘယ်စားရဦးမလဲ၊ ဒေါက်တာကော..."

"ကျွန်တော်လည်း မစားရသေးပါဘူး၊ ကဲ ကျွန်တော်တို့
ထမင်းပဲအရင်သွားစားကြပြီး စကားပြောကြတာပေါ့..."

"ဒီလိုပဲကောင်းပါတယ်..."

ဆိုင်ကယ်လေးကိုပတ်ကွေ့ကာ ဦးနေလှိုင် ရှေ့မှမောင်း
နှင်သွားသည်တွင် မင်းသွင်ကား နောက်မှလိုက်သွားသည်။

ဘယ်ဆိုင်မှာ ညစာစားကြမည်ကို သူတို့ပြောစရာမလို၊
ဘဝတူလူလွတ်များမို့ ခင်ဘုန်းမြို့တွင် ကောင်းလည်းကောင်းနာ
မည်လည်းကြီးသည် ရှင်ပြုံးစားသောက်ဆိုင်၌ ခင်ဘုန်းမြို့



www.burmeseclassic.com

www.burmeseclassic.com



သို့ရောက်လာကတည်းက လပေးနှင့်ထမင်းစားနေကြသူချင်းမို့ သွားရမည့်နေရာကို သိနေပြီးသားပါ...။

စားသောက်ဆိုင်သို့လာပြီး သူကိုယ်တိုင် ထမင်းလာစားလျှင်လည်းရသည်။ လိုအပ်၍ အိမ်ကိုထမင်းချိုင့်ပို့ခိုင်းလျှင်လည်း ရသည်။

လူလွတ်များမို့ တစ်ခါတစ်ရံလမ်းမထွက်ချင်တော့လျှင် ဆိုင်သို့ဖုန်းဆက်ပြီး ထမင်းချိုင့် မှာလိုက်ကြသည်။

များသောအားဖြင့်တော့ ဆိုင်တွင်လာရောက်စားသည့် နေရက်များက များပါသည်။ ရွှင်ပြုံးစားသောက်ဆိုင်တွင် ထမင်းအတူစားသောက်ရင်းဖြင့် ဒေါက်တာ မင်းသွင်နှင့်စခန်းမှူးကြီး ဦးနေလှိုင်တို့နှစ်ဦးမှာ သိကျွမ်းရင်းနှီးသွားရပါသည်။

တစ်နည်းအားဖြင့်လည်း ဘဝတူလူလွတ်သမားချင်းမို့ တစ်စတစ်စ၊ အခင်အမင်တွေက ပိုလာရသည်လည်းရှိပါ၏။

ရွှင်ပြုံးစားသောက်ဆိုင်ရှေ့အရောက်တွင် ဦးနေလှိုင် ဆိုင်ကယ်လေးဘေးနားမှာ ကားကိုညင်သာစွာထိုးရပ်လိုက်သည်။ ထို့နောက် သီးသန့်ခန်းနေရာလေးဆီသို့ ဦးနေလှိုင်က ဦးဆောင်ခေါ်လာခဲ့၏။

စားသောက်စရာတို့ကို မှာစရာပင်မလိုတော့အောင် စားသောက်ဆိုင်ပိုင်ရှင်မှာ သူတို့နှစ်ဦး ဘာကြိုက်တတ်သည်ကို သိနေသည်မို့ သူတို့နှစ်ဦးစလုံး ကိုယ်စီကြိုက်တတ်သည့် ဟင်းလျာ





များအား အသင့်စီစဉ်ပြင်ဆင်ပေးလာ။

"ဒေါက်တာ ကြားပြီးပြီလား..."

"ညကသတင်းထင်တယ်..."

တူတစ်စုံစီကိုင်ရင်း ကျွမ်းကျင်စွာ ထမင်းစားနေကြရာမှ စပ်မိစပ်ရာစကားများ ပြောဆိုနေကြရာတွင် ညကသတင်းဆီကောဦးရောက်သွားကြသည်။

"ဟုတ်တယ်လေ၊ လူသတ်သမားကို ကျွန်တော်တို့ရဲ့တွေက ညကတွေ့လိုက်ကြပြီ..."

"ကျွန်တော်လည်းကြားပြီးသွားပြီ၊ ဆေးရုံမှာလည်း ဒီသတင်းပဲပြောနေကြတယ်လေ၊ ဒါပေမဲ့ လူသတ်သမားက လွတ်သွားတယ်ဆိုတော့ ခက်တာပေါ့ဗျာ..."

"အေးဗျာ၊ အခုတော့ ဘယ်တတ်နိုင်ဦးမလဲ၊ ရုပ်ကိုတော့ လူတွေတော်တော်များများက မှတ်မိကြပါပြီ၊ လူသတ်သမားဟာ တော်တော်ရုပ်ဆိုးတဲ့သူပဲ..."

"ဟုတ်လား..မျက်နှာဖုံးစွပ်ထားတာများလား၊ ဦးနေလှိုင် အခုခေတ်မှာ မျက်နှာဖုံးနဲ့လူသတ်တာကလည်း မရှားဘူးမဟုတ်လား..."

"ဒေါက်တာ ပြောတဲ့အချက်ကလည်း စဉ်းစားစရာပါပဲ၊ ဦးတော့ လူကြီးကလည်း တော်တော်ထွားကျိုင်းတယ်လို့ပြောတယ်၊ သန်သန်မာမာ၊ တောက်တောက်တင်းတင်းကြီးတဲ့၊ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



က အဝေးကနေတောင် တော်တော်ထင်ပေါ်တာလို့ပြောကြတာ..."

"အင်း..ဦးနေလှိုင်..."

"ဘာလဲ ဒေါက်တာ..."

စဉ်းစားဟန်လေးတွေဖြင့် မင်းသွင်ခေါ်သဖြင့် ဦးနေလှိုင်သည် မင်းသွင်မျက်နှာချောချောဆီ လေးနက်စွာကြည့်ပြီးထူးသည်။

"ကျွန်တော့်ယူဆချက်ပေါ့လေ..."

"အင်း..ပြောပါဦး..."

"ဒီလူဟာ စိတ္တဇလူသတ်သမားများဖြစ်နေမလား မသိဘူး၊ အသတ်ခံရတဲ့လူတွေကလည်း လူသတ်သမားနဲ့ဘယ်လိုမှ အဆက်အစပ်မရှိကြဘူးမဟုတ်လား..."

ကျွန်တော် အဲဒီအချက်ကိုတော့ သိပ်ပြီးမသင်္ကာလှဘူး ဦးနေလှိုင်..."

"အင်း..ဒေါက်တာ့အတွေးအတိုင်းပဲ ကျွန်တော်လည်း စဉ်းစားမိတယ်၊ အများဆုံးကလည်းဖြစ်နိုင်တယ်ဗျာ၊ ဒီလူဟာ စိတ္တဇလူသတ်သမားပဲ..."

"အေးဗျာ၊ ဒီလိုဝေဒနာရှင် လူသတ်သမားတစ်ယောက်ကို ခင်ဗျားတို့ရဲတွေနဲ့ပြည်သူတွေပါ ပူးပေါင်းပြီး မြန်မြန်ဖမ်းဆီးမိဖို့ဆောင်ရွက်ကြရမယ်..."

"ဒါပေါ့ ဒေါက်တာ၊ ကျွန်တော်တို့ရဲတွေကလည်း လူသတ်သမားကိုတွေ့လိုက်ပြီးကတည်းက သတိဝီရိယနဲ့ပိုက်စိပ်တိုက်





ကိုရှာနေကြပါတယ်...

ဒီနေ့ဆိုတစ်နေ့လုံး ကျွန်တော်တို့ရဲတွေမအားကြဘူး၊ ညကလူသတ်သမားပျောက်သွားတဲ့နေရာကို အသေးစိပ်မှတ်သားပြီး ရှာကြတယ်လေ...

မနက်စာထမင်းတောင်မှ ကျွန်တော်တို့ တစ်နာရီထိုးမှ စားကြရတာ၊ သြော်..ဒါနဲ့စကားမစပ်၊ ယဉ်လဲ့နွယ်အဖေ နာရေးသတင်းလည်း မနက်တုန်းကသတင်းစာမှာ ကျွန်တော် ဖတ်လိုက်ရတယ်..."

"ဟုတ်တယ်၊ ကျွန်တော်လည်းဖတ်လိုက်ရတယ်၊ ယဉ်လဲ့နွယ်ကိစ္စကော ဦးနေလှိုင်တို့ လူလွှတ်လိုက်ပြီလား..."

"လွှတ်လိုက်ပါပြီ၊ ဒေါ်ယဉ်လဲ့နွယ်အိမ်က သူ့ကိစ္စကိုသိသွားကြပြီ..."

"အေးဗျာ၊ စိတ်မကောင်းစရာပဲဗျာ၊ ဒေါ်ယဉ်လဲ့နွယ်နေရာမှာ ဒီအပတ်အတွင်း လူစားရောက်လာတော့မယ် ဦးနေလှိုင်"

"ဟုတ်လား၊ ကောင်းတာပေါ့၊ ဒေါက်တာ့အတွက် အဆင်ပြေတာပေါ့၊ ဒေါက်တာလည်း တစ်ယောက်တည်းပင်ပန်းနေပြီမဟုတ်လား..."

"ကျွန်တော်ကတော့ ပင်ပန်းလို့ ဆရာဝန်တစ်ဦးထပ်တောင်းတာမဟုတ်ပါဘူး၊ လူနာတွေအတွက် အဆင်ပြေအောင်လို့ပါ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း..ဒေါက်တာကတော့ဗျာ၊ တကယ့်ကိုသမား ကောင်းစိတ်ဓာတ် ပြည့်ဝလွန်းပါပေတယ်၊ ဒါကြောင့်လည်း ခင်ဘုန်းမြို့မှာ ဒေါက်တာ မင်းသွင်ဆိုတဲ့နာမည်လေးက မွှေးပျံ့နေတာပဲပေါ့..."

"ကဲ..ကျွန်တော့်ကိုအခုလိုမြှောက်တာ အထူးပဲကျေးဇူးတင်ပါတယ် စခန်းမှူးကြီးရယ်..."

"မမြှောက်ပါဘူး၊ တကယ်ပြောတာပါ..."

"အထူးပဲကျေးဇူးတင်ပါတယ်..."

"ကဲ..မြှောက်တယ်ထင်ပြီး ကျေးဇူးတွေဇွတ်တင်နေတော့လည်း မပြောတော့ပါဘူးတဲ့လေ..."

စကားပြောရင်း ထမင်းစားပြီးသွားကြသည်။ ထမင်းစားပြီး၊ နှုတ်ခမ်းကိုယ်စီသုတ်၊ ရေကိုယ်စီသောက်ပြီး၍...

"ကဲ..ဒေါက်တာရေ စကားပြောတော့ကောင်းတယ်၊ မှောင်တောင်လာပြီ၊ ဒေါက်တာလည်း သွားစရာရှိသေးတယ် မဟုတ်လား၊ ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦး..."

"ကောင်းပြီ ဦးနေလှိုင်..."

နှစ်ဦးသားထိုင်ရာမှထကာ စားသောက်ခန်းထဲမှထွက်ခဲ့လိုက်ကြလေသည်။

မင်းသွင်းကားပေါ်သို့တက်ပြီး စက်နှိုးချိန်တွင် စခန်းမှူးဦးနေလှိုင်သည် လက်ပြကာ ဆိုင်ကယ်လေးနှင့်ရှေ့မှထွက်သွား





လေပြီဖြစ်၏။

မင်းသွင်ကား စိတ်ကူးရှိထားသည့်အတိုင်း အိမ်မပြန်သေးဘဲ၊ နဒီလှိုင်းကိုသွားကြည့်ရန်အတွက်၊ နဒီ နေထိုင်ရာလမ်းဆီကို ကားလေးကိုဦးတည်မောင်းနှင်ခဲ့လေ၏။

မကြာလိုက်၊ နဒီအိမ်ခြံရှေ့ရောက်သည့်တွင် ခြံတံခါးပိတ်ထားသည်မို့ ကားဟွန်းပေးပြီး ခြံတံခါးကိုဖွင့်ခိုင်းမနေတော့၊ ကားပေါ်မှဆင်းပြီး ခြံတံခါးကလန့်လေးကို လက်လျှိုဖွင့်ကာ ခြေလျှင်လျှောက်ရင်းပင် ခြံထဲသို့ဝင်ခဲ့သည်။

"ဟောတော်..ရွှေနဒီရေ..."

တစ်ထပ်တိုက်ပုလေးရှေ့ ဆင်ဝင်အောက်သို့ မင်းသွင်ရောက်သည့်တွင် မနီ၏ အလန့်တကြားလို အံ့ဩဟန်ကြီးနှင့်ဆိုလိုက်သောစကားသံကြောင့် မင်းသွင်ပင် လန့်သွားသယောင် ခြေလှမ်းတွန့်ကာ မနီဆီကြည့်မိသည်။

"မမနီ ဘာဖြစ်တာလဲ၊ အလန့်တကြား..."

အိမ်ထဲမှ နဒီအသံလေးကို မင်းသွင် ကြားလိုက်ရသည်။

မနီမှာ မင်းသွင်ဆီတစ်ချက်ကြည့်ပြီး အိမ်ထဲသို့သုတ်ခနဲဝင်ရောက်သွားရင်းက...

"ဒေါက်တာ..ဒေါက်တာ..ဒေါက်တာ မင်းသွင်လေ၊ အိမ်ရှေ့မှာရောက်နေတယ်..."

"ဟင်..ဟုတ်လား၊ အို..မမနီကလည်း ညည်းသည်လာ



www.burmeseclassic.com

www.burmeseclassic.com



တာ ဒီလိုလုပ်ရလား အားနာစရာကြီး၊ ခေါ်လေ ဒီမှာ နဒီက ခြေထောက်နာနေတဲ့ဥစ္စာ…”

“ဟဲ့…ငါကလည်း ရုတ်တရက်ဆိုတော့ အံ့သြသွားတာပေါ့…”

ညီအစ်မနှစ်ယောက် တွတ်တွတ်ထိုးနေကြစဉ်ပင် မင်းသွင်သည် အိမ်ရှေ့တံခါးဝဆီသို့ ရောက်လာ၏။

“သြော်…”

တံခါးဝ၌ မင်းသွင်ကိုမြင်သည်တွင် မနီ နှုတ်မှသြော်ဟု ထွက်သွားရပြန်သည်။

နဒီမှာလည်း နောက်သို့ဖျတ်ခနဲလှည့်ကြည့်လိုက်ပြီး မင်းသွင်ကိုမြင်သော် အားနာဟန်လေးဖွက်ရင်းက…

“သြော်…ဒေါက်တာ အားနာလိုက်တာ၊ ကြွပါ ဒေါက်တာ၊ ကြွပါရှင်…”

“နဒီအခြေအနေ ဘယ်လိုနေလဲလို့ ကိုယ် လာကြည့်တာပါ…”

အိမ်ထဲလှမ်းဝင်ရင်း မင်းသွင်ဆိုသဖြင့် နဒီမှာ ရှက်ယောင်ဝဲဝဲမျက်နှာလှလှလေးဖြင့် ညာဘက်ခြေထောက်လေးဆီ ငုံ့ကြည့်ရင်း…

“ဆောင်းတွင်းဆိုတော့ နည်းနည်းလေးတော့ယောင်တာပေါ့ ဒေါက်တာ…”





“ပွန်းပဲ့တဲ့ဒဏ်ရာလေးတွေကော နည်းနည်းတော့နာမှာပေါ့…”

“ဟုတ်ကဲ့၊ ဒူးနဲ့တတောင်ဆစ်တွေကပဲ နာပါတယ်၊ ကျခြားနေရာကတော့ မနာပါဘူး…”

“ကျောကရော…”

“နောက်ကျောကတော့ အနာဆုံးပါပဲ၊ ခြေထောက်က စကမနာဘူး၊ နောက်မှနာလာတာ…”

“ထိုင်ပါ ဒေါက်တာ…”

“ဟုတ်ကဲ့…”

မနီမှာ ထိုင်ရန်ဆိုသဖြင့် နီးရာထိုင်ခုံတစ်ခုံတွင် မင်းသွင် င်ထိုင်လိုက်သည်။

မင်းသွင်သည် နဒီ၏မီးရောင်အောက်၌ အသားဝင်းဝင်း သးနှင့်ရှိနေသည့်အလှကို တစ်ချက်မျှဝေ့ခနဲကြည့်လိုက်ပြီး…

“ကိုယ့်ကြောင့် နဒီရဲ့လှေကျင့်ခန်းတွေပျက်နေပြီ…”

“ဒေါက်တာ့ကြောင့်မဟုတ်ပါဘူး…”

“ကိုယ့်ကြောင့်ပဲပေါ့၊ နဒီဒဏ်ရာလေးတွေ အမြန်ဆုံး က်အောင် ကိုယ် ကုပေးပါ့မယ်၊ ရောင်နေရင်လူးပေးဖို့ဆိုပြီး ဆေးတောင် ကိုယ် ယူလာသေးတယ်၊ နဒီ ဒီညလူးလိုက်နော်၊ င်တာတွေအားလုံး သက်သာသွားမယ်…”

လက်ထဲအသင့်ပါလာသော ဆေးပုလင်းလေးကို နဒီထံ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပေးရင်း မင်းသွင် ဆိုသည်။

အားနာဟန်လေးစွက်သောမျက်နှာလေးဖြင့် နဒီ လှမ်း
ယူသည်။

သူတို့စကားပြောနေကြစဉ်တွင် အလိုက်တသိဖြင့် မနီမှ
အအေးလေးပြင်ဆင်ကာ ထွက်လာပြီး…

"ဒေါက်တာ အအေးလေးသုံးဆောင်ပါဦးရှင်…"

"ဒုက္ခရှာလို့ဗျာ၊ ကျွန်တော် ထမင်းအခုတင်စားလာခဲ့
သောက်နိုင်မယ်မထင်ဘူး…"

"သောက်လိုက်ပါ ဒေါက်တာ၊ နည်းနည်းပဲဖြစ်ဖြစ်
သလောက်ပဲသောက်လိုက်ပါ…"

ညှို့ဝတ်စကားဆိုလာသည့် နဒီ့မျက်နှာလေးဆီ လှမ်း
ကြည့်သည်။ မင်းသွင်အကြည့်တွေ နဒီ့မျက်ဝန်းလှလှလေးတွေ
ကိုးလို့ကန့်လန့်လေးတွေ ဖြစ်ကုန်ရချေ၏။

မနီပေးလာသည့် အအေးဖန်ခွက်လေးကို မင်းသွင် လှမ်း
ယူပြီး တစ်ငုံသောက်ဖြစ်သည်။

ပြီးတော့ ဂျပန်အိမ်ညှို့ခန်းလေးလို ဆင်ယင်မှုမျိုးရှိသည့်
နဒီတို့အိမ်ခန်းလေးဆီ မင်းသွင် ကြည့်ရင်း…

"နဒီ့ရဲ့မိဘများရော ဘယ်သွားကြလဲ…"

"ဖေဖေနဲ့မေမေ ဘုရားသွားကြတယ် ဒေါက်တာ၊ မနေ့
ဖြန်လည်း လပြည့်ညနေ၊ ဖေဖေနဲ့မေမေကတော့ ညတိုင်းဘုရား





သွားပြီး ပုတီးစိတ်နေကြပါပဲ…"

"ဩော်…ဘယ်နှစ်နာရီ ပြန်လာကြမလဲ…"

"ကိုးနာရီနဲ့ဆယ်နာရီကတော့ ပြန်လာနေကြပါပဲ ဒေါက်
တာ…"

"ဩော်…"

"ဖေဖေနဲ့မေမေက အသက်ကြီးကြပါပြီ၊ နဒီတ ဖေဖေနဲ့
မေမေတို့ အသက်ကြီးမှရတာ…"

"ဩော်…ဩော်၊ နဒီကတော့ အသက်ကြီးမှရတဲ့ကလေး
ဆိုပေမယ့်၊ တော်တော်ထက်မြက်ထွန်းပေါက်တာပဲ…"

"အဟင်း…ဟင်း…"

သူ့စကားကို သဘောပေါက်သလို နဒီ ရယ်မိသည်။
အနီးမှ မနီမှာ စကားတစ်ခွန်းမှဝင်မဆိုဖြစ်…

ဆရာဝန်ချောကြီးနှင့် ညီမချောလေးကို တစ်လှည့်ဆီ
ကြည့်နေမိလေသည်။

နဒီကား မင်းသွင်၏မျက်ဝန်းရွဲရွဲကြီးတွေနှင့် အကြည့်
အား ရင်ဆိုင်မကြည့်ဝံ့ရှာသလိုပါ…။

နဒီ့အသွင်လေးကိုကြည့်ပြီး သူ့အကြည့်အောက်၌ အနေ
ခက်နေရှာသည့်အဖြစ်လေးကိုလည်း မင်းသွင် သတိထားမိလိုက်
သည်။ သို့ဖြင့် မင်းသွင်သည် နာရီဆီတစ်ချက်ကြည့်ပြီး ဆိုင်ရာမှ
ထရပ်လိုက်ရင်းက…



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြန်ဦးမယ် နဒီ၊ လိုအပ်ရင် ကိုယ့်ဆီဖုန်းဆ
လိုက်နော်၊ နောက်နေ့တွေလည်း ကိုယ် လာကြည့်ဦးမှာပါ…"

"ဟုတ်ကဲ့ ဒေါက်တာ…"

"ကျွန်တော် ပြန်ပါဦးမယ်…"

"ဟုတ်ကဲ့ ဒေါက်တာ…"

မနီကိုပါ မင်းသွင် နှုတ်ဆက်ပြီးထွက်ခဲ့လေသည်။ ထို
မှစ၍ နဒီအိမ်သို့ ဒေါက်တာ မင်းသွင်တစ်ယောက် အဝင်အထွ
ရှိသည်ဟူသော သတင်းကား…

ဂုဏ်သတင်းတစ်ရပ်လိုလို၊ အတင်းလိုလို၊ အဖျင်းလို
နေ့ချင်းညချင်းဆိုသလို ခင်ဘုန်းတစ်မြို့လုံး၌ သင်းပျံ့နေပါတေ
သတည်း…။ ။

×× ×× ××



## - တစ်ဆယ့်လေး -

ဟင်း··ကျွတ်··ကျွတ်…

စိတ်ညစ်ညျူးသလို စိတ်လေးဟန်၊ စိတ်ရှုပ်ဟန်၊ စိုးထိတ်ဟန်တို့ဖြင့် နဒီကား သက်မမောကြီးများ တဟင်းဟင်းချရင်း လျှာနှင့်သွားကြားထဲမှ လေသံတကျွတ်ကျွတ်ကိုလည်း ထုတ်နေမိရပါချေ၏။

မှန်ပါ၏။ နဒီ စိတ်လည်းညစ်ရသည်။ ရှက်လည်းရှက်ရပါသည်။ အဘယ်ကြောင့်ဆိုသော်…

တစ်ရက်မှနှစ်ရက်၊ ထိုမှယနေ့ဆိုလျှင် တစ်ပတ်တိတိပြည့်ပေတော့မည်။ လူတွေကလည်း စိတ်အမျိုးမျိုးနှင့်စိတ်ဝင်တစား တစ်နေ့ထက်တစ်နေ့ အပြောတွေများလာကြသည်။

မနက်ကလည်း မမနီ ဈေးသွားတော့ ဒီအကြောင်းတွေပင် ကြားခဲ့ရသည်ဟု ပြန်ပြောသည်။ ပတ်ဝန်းကျင်မှ ဘိုးတိုးဖေဖန်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုသံများကို မမနီမှတဆင့် ပြန်ကြားရသည့်အတွက် တစ်နေ့ ထက်တစ်နေ့ နဒီ ရှက်ခြင်းနှင့်အလွန် စိတ်ညစ်ရပါ၏။

မှန်သည်။

နဒီ စိတ်ညစ်နေရခြင်းကား နေ့စဉ်လို နဒီ့ဒဏ်ရာများအား လာရောက် ကြည့်ရှုပေးဆေးကုပေးနေသော ဒေါက်တာ မင်းသွင် ကြောင့် မဟုတ်ပါတကား…။

ဟင်း‥ဒုက္ခပဲ၊ ဒီညလည်း ဒေါက်တာ လာဦးမလားမသိ ဘူး၊ ငါ စိတ်ညစ်လိုက်တာ…

မလာနဲ့လို့ ပြောလိုက်ရအောင်ကလည်း မြို့နယ်ဆရာဝ ကြီးဆိုတော့ သူ့ဂုဏ်သိက္ခာကို စော်ကားနေသလိုဖြစ်နေမှာပေ ပြီးတော့ ငါ့ကိုလည်း ဒေါက်တာက သိပ်စိတ်ဆိုးသွားမှာ၊ ဒုက္ခ ပဲနော်…

ဟွန်း‥ဒီကမိန်းမတွေကိုကလည်း ကဲကိုကဲကြပါတယ် ဒီဆရာဝန်ကို သူတို့ကြိုက်ကြလို့ ငါ့ဆီလာတာနှာမလိုဖြစ်ပြီး သွား ပုပ်လေလွင့်စကားတွေ လျှောက်ပြောနေကြတာ၊ စိတ်ညစ်တယ် တကယ်ပဲ‥ဟင်း…

နာရီဆီတစ်ချက်ကြည့်ပြီး စိတ်ယောက်ယက်ခတ်ကာ ပေ လုပ်ဒီလုပ်ဖြင့် နဒီစိတ်ထဲမှာ မကျေမနပ်ဖြင့် ဆိုဖြစ်နေမိခြင်းပေ

ဟင်း‥ခုနစ်နာရီထိုးတော့မယ်၊ ဒေါက်တာ လာမလာ မသိဘူး၊ ကျွတ်‥အရေးထဲ မမနီက ဘုရားကို ဖေဖေတို့နဲ့လိုက်





သွားရသေးတယ်၊ စိတ်ညစ်တယ်…

ငါလည်း ဒဏ်ရာတွေပျောက်နေပြီပဲ၊ လမ်းလည်းကောင်း ကောင်းလျှောက်နိုင်ပြီ၊ ဒီနေ့တော့ ဒေါက်တာ မလာပါစေနဲ့…

တီ‥တီ…

ဟော‥ပြောရင်းဆိုရင်းရောက်နေပြီတော့၊ ဒုက္ခပဲ၊ စိတ် ညစ်တယ်၊ ဟင်း…

မင်းသွင်တစ်ယောက် မလာတော့ရန် နဒီတစ်ယောက် ဆုတောင်း၍မှမဆုံး…

အိမ်ရှေ့မှကားဟွန်းသံကို ကြားလိုက်ရသဖြင့် နဒီ့ကိုယ် လေး တုန်တက်သွားရကာ ပျာယာခတ်သွားရပါတော့သည်။

အိမ်ရှေ့တံခါးပေါက်ဆီ နဒီ လှမ်းကြည့်မိပြီး တံခါးကို ကျက်ချင်း သွားရောက်မဖွင့်ဖြစ်၊ လှုပ်ရှားနေသည့်စိတ်တို့ကို ငြိမ် သက်အနယ်ထိုင်သွားအောင် နဒီ နေလိုက်ရသေးသည်ပါ…။

တီ‥တီ…

အင်…

ညှို့ခန်းထောင့်လေးတွင် ငြိမ်ငြိမ်လေး နဒီ ရပ်နေဆဲ ခေါ်လ်လေးထပ်နှိပ်သံ ကြားလိုက်ရ၏။ တံတွေးလေးတစ်ချက်မျို ကာ နဒီကား တံခါးဖွင့်ပေးရန် ထွက်ခဲ့ရပါလေတော့သည်။

"နဒီ…"

နဒီ့အလုကို ရင်တွင်းနှစ်လို ကြည်မွေ့စွာကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင် ခေါ်သည်။

"အဟော်..ဒေါက်တာ ရောက်နေတာကြာပြီထင်တယ်၊ နဒီက စာအုပ်ဗီရိုတွေရှင်းနေတာ၊ ဘဲလ်မြည်သံကြားမှ ဘယ်သူများလဲလို့ထွက်ကြည့်တာ..."

တံခါးဖွင့်ပေးရင်း ဟန်ကောင်းကောင်းလှလှလေးဖြင့် စကားကို သွက်သွက်ကလေး နဒီ ဆိုရလေသည်။

နဒီ့စကားလေးကြောင့် မင်းသွင်စိတ်ထဲ မကျေနပ်သလို ဖြစ်ချင်သည်။

သူနှင့်ပတ်သက်လျှင် နဒီ အားလုံးကိုသတိထားအမှတ်ရ စေချင်နေရသည်မဟုတ်ပါလား...။

နဒီ ဖွင့်ပေးသည့်တံခါးမှ အိမ်ထဲဝင်လာပြီး မင်းသွင်သည် နဒီကို စေ့စေ့ကြည့်သလိုအကြည့်မျိုးနှင့်ကြည့်လိုက်ရင်းက

"ကိုယ် ဒီအချိန် လာတတ်တာပဲ..."

"ဟုတ်ကဲ့၊ နဒီ သတိမထားမိလို့ပါ ဒေါက်တာ၊ ဟိုလေ နဒီလည်း ဒဏ်ရာတွေအားလုံးကောင်းသွားပြီဆိုတော့ ဒေါက်တာ လာတော့မယ်မထင်တာလည်း ပါ,ပါတယ်..."

မျက်လွှာလေးသိမ်းသလို၊ အကြည့်လေးတွေရှောင်သလိုနှင့် နဒီဆိုသောစကားအတွက်...

မင်းသွင်သည် နဒီအား စူးစူးနစ်နစ်ကြီးတစ်ချက်ကြည့်ပြီး စကားမဆိုဘဲ ဧည့်ခန်းဆီသို့ ဆက်ဝင်သွားလိုက်လေသည်။





ဧည့်ခန်းထဲသို့ မင်းသွင် ဝင်သွား၍ နဒီလည်း နောက်မှ လိုက်ဝင်သွားရလေသည်။

ဧည့်ခန်းထဲရောက်သော် မင်းသွင်သည် ရုတ်တရက်ကြီး ရပ်တန့်လှည့်ကာ နဒီဘက်ကြည့်လာ၍...

"အို..."

နောက်မှလိုက်လာမိသည့် နဒီမှာ ကံမကောင်း၍ မင်းသွင် နှင့်တိုက်မိမလိုဖြစ်တော့မည့်အဖြစ်အတွက် မျက်လုံးလေးပြူးသွား ရင်းက ကိုယ်ရှိန်ကို အတောင့်ကြီးသတ်ကာ ရပ်လိုက်ရပါလေ

"နဒီ..."

"အို..ဒေါက်တာ..."

ဒေါက်တာ မင်းသွင်သည် နဒီလှိုင်း၏ဖူးဖူးထွေးလှမျက် လေးအား စိုက်စိုက်ကလေးကြည့်လာရင်းက...

"ကိုယ်သိပါတယ် နဒီ၊ နဒီ ကိုယ့်ကိုလာစေချင်တဲ့စိတ် အာတောင်မှ ကိုယ်လာတာကိုတော့ နဒီ စိတ်ညစ်နေတယ် ဟုတ်လား..."

"အို..ဟို..မဟုတ်..မဟုတ်..."

"နဒီ မညာတတ်ပါဘူးကွယ်၊ ဘာလို့ ကိုယ့်ကိုညာနေ ကိုယ်လည်း အားလုံးကြားပါတယ်၊ သိနေပါတယ် နဒီရယ်"

သူ့စကားတွေအတွက် နဒီ သူ့ကိုသာ ကြည့်နေမိတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အကြည့်တွေလည်း နဒီ့မျက်နှာလေးမှမခွာပါ။ သူ့
အကြည့်ကိုလွှဲပြီး နဒီလက်မောင်းလေးနှစ်ဖက်မှ ကိုင်ထားသည့်
သူ့လက်တွေဆီကြည့်ပြီး 'မသိမသာလေး နဒီ ဖယ်ရှားမိသည်။
သို့သော်လည်း သူက ပို၍ပင် နဒီ့လက်မောင်းလေးအား
ဖျစ်ကိုင်လာရင်းက...

"နဒီ..."

သူခေါ်သည်ကို နဒီ မထူးဖြစ်၊ သူက နဒီ့မျက်နှာလေး
ဆီသို့သာ စေ့စေ့ကြည့်ပြီး စကားတွေဆက်ပြောသည်။

"လူတွေကဘာယ်လိုပြောပြောပါ နဒီရယ်၊ ကိုယ်တော့
ဘာမှဂရုမစိုက်တော့ဘူး၊ နဒီလည်း ဘာမှဂရုမစိုက်ပါနဲ့၊ အစက
တော့ နဒီ့ကိုငဲ့ပြီး ကိုယ် နဒီ့ဆီကို မလာတော့ဘူးလို့ဘဲနေနေတာ
ဒါပေမဲ့ ကိုယ့်ကိုယ်ဥ္ဇက နဒီ့ဆီကိုမလာဘဲနဲ့မနေနိုင်လို့ ကိုယ်
နေ့တိုင်းရောက်လာဖြစ်တာ..."

"ဟင်..."

သူ့စကားကြွင် နဒီ ရှက်ဝန်းရိပ်လေးတွေ သူ့ထံတစ်ချက်
ရောက်သလို၊ နဒီ့အံ့ဩဟန်လေးကိုပါ သူ တွေ့လိုက်ရလေ၏

"နဒီ..."

နဒီ မထူး၊ ဖြစ်နိုင်လျှင် နဒီ အခန်းထဲဝင်ပြေးပုန်းနေလိုက်
ချင်ပါတော့သည်။

သို့သော်လည်း နဒီ့လက်မောင်းလေးနှစ်ဖက်မှ သူ့လက်





တွေက တင်းကျပ်နေရလေသည်မို့ နဒီ မပြေးသာပါလေ...။

"နဒီ့ကို ကိုကို ချစ်တယ်..."

"အမေ့..."

တိုက်ရိုက်ကြီးကြားလိုက်ရသောစကားကြောင့် နဒီကား
လန့်များပင်လန့်သွားရပါတော့၏။

"မလန့်ပါနဲ့ နဒီရယ်၊ ရှက်လည်းမရှက်ပါနဲ့၊ ကြောက်
လည်းမကြောက်ပါနဲ့၊ လူတွေကပြောနေကြတဲ့စကားကိုပဲ ကိုကိုက
ပိုကြိုက်မိပါသေးတယ်...

ကိုကိုနဲ့နဒီ နီးစပ်သွားရင် သူတို့ဘာပြောနိုင်ကြတော့
မလဲ၊ မဟုတ်ဘူးလား..."

"အို..ဟို..နဒီ ဒေါက်တာ့အတွက် ကော်ဖီသွားဖျော်"

"နေပါစေ နဒီ၊ ကိုကို မသောက်နိုင်ပါဘူး၊ ကိုကို
လိုချင်တာ နဒီ့အချစ်ပဲ၊ ဒီညဟာ ကိုကို့ရင်ထဲကဆန္ဒကို အကောင်
အထည်ဖော်ဖို့ဆုံးဖြတ်ချက်နဲ့ ကိုကို နဒီ့ဆီ လာခဲ့တာပါ...

ကိုကို နဒီ့ကိုချစ်တယ်၊ ကိုကို ချစ်တာ နဒီနဲ့လူချင်းတွေ့
မှမဟုတ်ပါဘူး၊ တီဗီထဲမှာ နဒီ့ကို စပြီးတွေ့ကတည်းက ကိုကို့
စိတ်တွင် အဲဒီကတည်းက လှုပ်ရှားနွေးထွေးခဲ့တာပါ၊ ချစ်တယ်
နဒီရယ်..."

"အို..အို..ဟင်အင်း..."

မသိမသာ နဒီ့ကိုယ်လုံးလေးအား ရင်ခွင်ထဲသို့ဆွဲသွင်းနေ



www.burmeseclassic.com

www.burmeseclassic.com



လေ၍ နဒီမှာ မင်းသွင် ရင်ဘတ်ကြီးဆီ အလန့်တကြား လက်ကလေးနှစ်ဖက်နှင့်ထောက်ကာ ခေါင်းလေးရမ်း၍ငြင်းဆန်နေမိလေ၏။

"နဒီ ကိုကို့ကို မယုံတာလား၊ ဒါမှမဟုတ် ကိုကို့ကို ကြောက်နေတာလား…"

"အို…နဒီ…နဒီကို လွှတ်…လွှတ်ပါ ဒေါက်တာ၊ ဟို…ဟို မမနီနဲ့နဒီမိဘတွေ ပြန်ရောက်လာကြတော့မယ်…"

"လာပါစေလေ၊ ကိုကို တစ်ခါတည်းတောင်းရမ်းယူသွားမှာပေါ့…"

"အို…နဒီ စိတ်ညစ်တယ်…"

ငိုချင်လာသယောင် မျက်နှာလှလှလေးမှာ မဲ့မဲ့လေးဖြစ်လာရင်း နဒီ ဆိုနေ၏။

"ဟင်း…ကဲ ဒါဆိုရင် ကိုကို လွှတ်ပေးမယ်၊ ဒါပေမဲ့ နဒီ ကိုကို့ကို ကတိတစ်ခုတော့ပေး…"

လက်ကလေးပိုက်၊ မျက်ခုံးကလေးကျုံ့ကာ နဒီ သူ့ကို မဝံ့မရဲလေးကြည့်မိ၏။

သူက နဒီ၏ဖူးဖူးထအလှလေးကိုကြည့်ရင်း…

"သုံးရက်စဉ်းစား၊ ပြီးရင် ကိုကို့ကိုအဖြေတစ်ခုပေး၊ ကိုကို နဒီ့ကိုချစ်တယ်၊ သိပ်ချစ်တယ်၊ လာမယ့်ရှေ့လထဲမှာလက်ထပ်ချင်တယ်၊ အဲဒီအတွက် အဖြေတစ်ခုတည်းကိုပဲ နဒီ ပေးရ





မယ်…

အဲဒီအဖြေက ကိုကို့ကိုချစ်တယ်ဆိုတဲ့အဖြေပဲ၊ သုံးရက်မြောက်တဲ့နေ့၊ မနက်စောစောမှာပေးရမယ်နော်၊ အဲဒီမနက်ကျရင် ကိုကို နဒီ့ဆီကိုဖုန်းဆက်မယ်…"

"အို…ဒေါက်တာ…"

"ကိုကိုလို့ခေါ်ပါလား…"

"ဒေါက်တာက နှုတ်ကျိုးနေလို့…"

"အဟွန်း…အဟွန်း…"

မင်းသွင် ပြုံးသည်။ အချိန်တန်တော့ သူ့အလိုလိုဖြစ်လာမည်ကို မင်းသွင် နားလည်လိုက်သည်။

"နဒီ ဘာပြောချင်လဲ၊ ပြောလေ…"

"ဟို…နဒီက ဒေါက်တာ လိုချင်တဲ့အဖြေကိုမပေးနိုင်ဘူးဆိုရင်ကော…"

ဟင်…

နဒီ့စကားတွင် သူ့ သက်မမောကြီးတစ်ချက်ချကာ မျက်နှာအသွင်သည် ချက်ချင်းကြီးနွမ်းဝေသွားရချေ၏။

ဟင်း…

သက်မမောကြီး နောက်တစ်ချက်ချကာ ဆက်တိတစ်ခုတွင် သူ ထိုင်ချလိုက်သည်။

နဒီ့ထံမှ သူ့အကြည့်လွှဲကာ ငေးနေမိ၏။ နှုတ်ခမ်းဖူးဖူး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေစေ့ကာ တံတွေးတစ်ချက်ကိုမျိုချပြီး နဒီ သူ့ကိုကြည့်နေမိသည်။

မြို့နယ်ဆရာဝန်ကြီးတစ်ယောက်ပေမယ့် နှလုံးသားရေးရာနှင့်ပတ်သက်လာတော့ ဒေါက်တာ မင်းသွင်၏အသွင်နှင့် အသည်းနှလုံးတို့သည် နုနယ်နေသေးကြောင်း နဒီ တွေ့မြင်နားလည်လိုက်ပါ၏။

"ဟား..ဆောရီးပဲ နဒီရေ၊ ကိုကိုက ဒါတွေအတွေ့အကြုံ မရှိလေတော့ ကိုယ့်ဘက်တစ်ဖက်တည်းပဲ ပြောနေမိတယ်၊ ကိုယ်လိုချင်တာတစ်ခုတည်းပဲ ပြောနေမိတယ်...

အေးလေ..ဒီလိုလုပ်ပါ နဒီရယ်၊ ကိုကို့အနေနဲ့ကတော့ ယနေ့ထိ ကိုကို့ဘဝထဲမှာ ဘယ်မိန်းကလေးနဲ့မှ ရင်းနှီးချင်တာ မရှိသေးဘူး၊ နဒီနဲ့တွေ့မှ ကိုကို့စိတ်တွေလည်း ပြောင်းလဲယိုင်နဲ့လာတော့တယ်...

ကျေးဇူးပြုပြီး ကိုကို တစ်ခုပြောပါရစေကွာ၊ စောစောက ကိုကို ပြောသလို သုံးရက်တော့ နဒီ စဉ်းစားပါ၊ သုံးရက်ပြည့်ရင် ကိုကို ဖုန်းဆက်မယ်၊ အဲဒီအခါ နဒီ ဆုံးဖြတ်ထားတဲ့အတိုင်းသာ ပြောလိုက်ပါ၊ နဒီကလက်ခံရင် ကိုကို ပျော်ရမယ်၊ နဒီက ငြင်းပယ်ရင် ဝမ်းနည်းစွာနဲ့ပဲ ကိုကို နောက်ဆုတ်ပါ့မယ်...

အဲဒီအခါ ကိုကို နဒီကိုအနှောင့်အယှက်မပေးပါဘူးလို့လည်း ကတိပေးပါတယ်..."





"ဟုတ်ပြီလား နဒီ..."

သူ့ကိုငေးငေးလေးကြည့်ပြီး နဒီ ခေါင်းညိတ်ပြလေသည်။

"ကဲ..ဒါဖြင့် ကိုကို သွားမယ်..."

"ဟုတ်ကဲ့ ဒေါက်တာ..."

ထိုင်ရာမှထရပ်သည်တွင် နဒီမျက်နှာလေးဆီသို့ အတန်ကြာသည်အထိ ကြည့်နေမိပါသေး၏။

ပြီးမှ မင်းသွင်သည် ကားရပ်ထားရာဆင်ဝင်အောက်သို့ ဆက်ခဲ့လေသည်။ မင်းသွင်ကို လိုက်ပို့ရင်း တံခါးပိတ်ရန်အတွက် ဒီလည်း မင်းသွင်နောက်မှ ပါလာသည်။

ကားပေါ်တက် စက်နှိုးပြီးသည်တွင် မင်းသွင်သည် နဒီဆီလှမ်းကြည့်ပြီး...

"နဒီ..."

"ရှင်..ဒေါက်တာ..."

"နဒီ အပြေးပြန်ကျင့်လို့ရပြီပေါ့..."

"ဟုတ်ကဲ့၊ မနက်ဖြန်ဆို နဒီ ပြန်လေ့ကျင့်တော့မှာပါ"

"အင်း..ဒြော် နဒီကိုပြောရဦးမယ်၊ ကိုကို နဒီဆီက အဖြေစောင့်နေတဲ့သုံးရက်အတွင်းမှာ နဒီဆီကို ကိုကို မလာတော့ဘူး၊ နဒီ မစိုးရိမ်နဲ့နော်...

နဒီဆီက အဖြေတစ်ခုခုရပြီးတဲ့အချိန်ကျတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



အမြေပေါ်မှာမှုတည်ပါတယ်၊ ကဲ ကိုကို သွားမယ် နဒီ၊ နဒီ့အတွ
ကောင်းသောညဖြစ်ပါစေဗျာ…”

နဒီ ဘာမှစကားပြန်မပြောလိုက်နိုင်ခင်မှာပင် မင်းသွ
ကားလေးမောင်းထွက်သွားလေပြီ…။

ခြံထဲမှမောင်းထွက်သွားသည့် မင်းသွင်၏ကားနောက်
လေးကိုသာ နဒီ ကြည့်ကျန်ရစ်သည်။

ရင်ထဲ ဝမ်းနည်းသယောင်ယောင်ဖြစ်၍ နဒီကား ဆင်
အောက်တွင် အတန်ကြာကြီးရပ်လျက် ရှိနေရပါသတည်း။

×× ×× ××



## - တစ်ဆယ့်ငါး -

“ဒေါက်တာ အရေးပေါ်လူနာရောက်လာတယ်…”

“ဟင်..ဟုတ်လား…”

အရေးတယူဆိုရင်းပင် မင်းသွင် ထိုင်ရာမှထလိုက်ပြီး
နားကျပ်ကိုဆွဲယူကာ ထလိုက်သွားရပြန်ပါ၏။

မင်းသွင်၏ခြေလှမ်းများသည် အရေးပေါ်လူနာခန်းထဲသို့
သွက်သွက်ကြီး လှမ်းလာခဲ့သည်။

ဒေါက်တာ မင်းသွင် ရောက်လာသည်ကိုမြင်သော လူနာ
သမိ့ဘာဖြစ်လာမှန်းမသိ၍ လိုက်ကြည့်သည့်လူနာနှင့်ဆရာမများ
မှာ လမ်းရှင်းနေရာဖယ်ပေးလိုက်ကြ၏။

မင်းသွင်သည် ဆရာမများကို စကားမဆိုခင် လူနာကို
ဦးစွာကြည့်လိုက်သည်။

ထိုအခါ လူနာမျက်နှာဆီကြည့်မိလိုက်သော မင်းသွင်



www.burmeseclassic.com

www.burmeseclassic.com



သည် ယောင်ယောင်မှုမျက်မှောင်တွန့်သွားရချေသည်။

"လူကြီးကသိပ်ရုပ်ဆိုးတာပဲနော်၊ သူ့ရဲ့နဲ့တောင်တူတယ်"

"အေးလေ၊ ငါသာ ဆရာဝန်၊ ဆရာမသာဆိုရင် ဆေးကု ပေးဖို့မပြောနဲ့၊ အနားတောင်မကပ်ရဲဘူး..."

"တော်တော်ကိုရုပ်ဆိုးတဲ့သူပဲ၊ မျက်နှာကကြောက်စရာကြီး၊ အကောင်ကြီးကလည်းကြည့်ဦးလေ၊ အရက်ဖောဖောနေလား မသိဘူး၊ ဖေါင်းဖေါင်းပွပွကြီး..."

"အေးဟယ်..အဲဒီလူက ဘာရောဂါတဲ့လဲ..."

"ဘယ်သိမလဲ၊ အခုမှရောက်လာတာ..."

လာရောက်ဝိုင်းကြည့်ကြသည့် လူများ၏စကားသံများက မင်းသွင်နားထဲသို့ ရောက်လာခြင်းပါ..။

"ဆရာမ..လူနာရှင်ကော..."

လူနာရုပ်ဆိုးကြီး၏အကြောင်းကို ဆက်မတွေးအား၊ ဆေးရုံသို့လာရောက်ပို့သည့်လူနာရှင်ကို ဆရာမထံမှ မင်းသွင် မေးကြည့်သည်။

ဆရာမများထဲ အသက်အကြီးဆုံးနှင့်လုပ်သက်အရင့်ဆုံးဖြစ်သည့် ဆရာမကြီး ဒေါ်အေးခင်သည် ဒေါက်တာ မင်းသွင်အား ခင်မင်လေးစားစွာ ကြည့်လာရင်းက...

"လူနာရှင်မရှိဘူး ဒေါက်တာ၊ ပါမလာဘူး...

ဟင်..."





နားမလည်သလို၊ စိတ်အိုက်သွားပုံနှင့် ဆရာမကြီးအား မင်းသွင် ကြည့်မိသည်။

"ဆေးရုံလာတင်ပေးတာ ဆိုက်ကားသမားတွေက လာတင်ပေးသွားတာပါ ဒေါက်တာ...

လမ်းမှာဗိုက်အောင့်လို့ဆိုပြီး အော်ဟစ်လူးလိမ့်နေတာတွေ့လို့ ဆိုက်ကားသမားတွေကဝိုင်းပြီး ဆေးရုံပို့သွားတာပါ ဒေါက်တာ..."

ဆရာမကြီးစကားကို မင်းသွင် ခေါင်းညိတ်လိုက်ပါတော့သည်။

"အား..အား..နာလာပြီ၊ နာလာပြီ၊ ကျွတ်..ကျွတ် ကယ်ကြပါဦးဗျာ၊ ကျုပ် မခံနိုင်လွန်းလို့ပါ၊ နာလွန်းလို့ပါ..."

လူနာရုပ်ဆိုးကြီးသည် အနာကြီးလွန်း၍ မောဟိုက်ကာ သတိလစ်သလိုလိုနေရာမှ ရောဂါကထဖောက်လာပြန်၍ လူးလိမ့်အော်ဟစ်လာရပြန်လေသည်။

မင်းသွင်သည် လူနာရုပ်ဆိုးကြီးအား စူးစမ်းကြည့်လိုက်ပြီး...

"ဒီမှာ..ဒီမှာ ခင်ဗျားဘယ်နေရာကနာလဲ၊ ကျွန်တော့်ကို ပြောပါ...

ခင်ဗျားဆေးရုံရောက်နေပြီ ဘာမှမပူပါနဲ့၊ ခင်ဗျားအနာပျောက်မှာပါ၊ ကဲ..ပြောပါဦး၊ ခင်ဗျားနာတာဘယ်နား



www.burmeseclassic.com

www.burmeseclassic.com



ကလဲ…”

“ကျွန်တော်··ကျွန်တော် ဒီဘယ်ဘက်ကမိုက်တစ်ချမ်းလုံးနာနေတယ် ဆရာ…

ခါးကလိုလို၊ ဟောဟဲ··ဆီးခုံကလိုလို၊ တင်ပဆုံရိုးနားကလိုလို…

ဟောဟဲ··ဆရာရယ် အတိအကျတောင် ကျွန်တော် ပြောမပြတတ်တော့ပါဘူး ဆရာရယ်…”

နာလွန်း၍မောဟိုက်နေသော လူနာရုပ်ဆိုးကြီးမှာ မျက်လုံးကိုပင်မဖွင့်နိုင်…

ကတုန်ကယင်မောဟိုက်သံဖြင့် စကားတို့ကို အနိုင်နိုင်ဆိုနေရပါလေ၏။

လူနာစကားကိုနားထောင်ရင်း မင်းသွင်သည် စဉ်းစားရင်းက…

“ခင်ဗျားကျောက်ကပ်ရောင်ဖူးလား၊ ဆီးရောဂါနဲ့ပတ်သက်လို့ဖြစ်ဖူးလား…”

“ဟုတ်··ဟုတ်ကဲ့၊ ကျွန်တော့်မှာ အဲ··အဲ့ဒီရောဂါရှိပါတယ် ဆရာ…”

“အင်း··ခင်ဗျားကိုကြည့်ရတာ အရက်လည်းသိပ်သောက်တယ်နဲ့တူတယ်…”

တိတ်ဆိတ်ခြင်းဖြင့် လူနာရုပ်ဆိုးကြီး ဝန်ခံနေသလို





သည်။

“ဟင်း··ကဲ··ဆရာမ သူ့ကိုအနာသက်သာမယ့်ဆေးတိုက်ပြီး ဆေးတစ်လုံးပါထိုးပေးလိုက်ပါ…

ပြီးတော့ ကျောက်ကပ်နဲ့ဆီးလမ်းကြောင်းတွေကို ဓာတ်မှန်ရိုက်ထားလိုက်ပါ၊ လိုအပ်ရင် ကျွန်တော်တို့ချက်ချင်း ခွဲကြတာပေါ့…”

ဆရာမဘက်သို့လှည့်ကာ မင်းသွင်ဆိုသည်တွင် ဆောင်ရွက်ရန်အတွက် ဆရာမ ထွက်သွားလေသည်။

မင်းသွင်သည် လူနာရုပ်ဆိုးကြီး၏ သွေးပေါင်ချိန်နှင့် အဆုတ်နှလုံးတို့ကို တိုင်တွာစမ်းသပ်ကြည့်ပြီးနောက်…

နာသည်ဆိုသော လူနာရုပ်ဆိုးကြီး၏ ဘယ်ဘက်ခါးတစ်ခြမ်းကို စမ်းသပ်ကိုင်ကြည့်ပြီး…

“ဒီနေရာကနာတာလား၊ ဘယ်နေရာကပိုနာလဲ…”

“အခုတော့ ရှေ့ကောနောက်ပါတစ်ပြင်လုံး နာနေတာပဲ ဆရာရယ်…”

အနာသက်သာစအချိန်လေးတွင် အမောပြေအနားယူနေရင်းက လူနာရုပ်ဆိုးကြီးကဖြေသည်။

“ဆီရောသွားလား…”

“နည်းနည်းပဲသွားတယ် ဆရာ…”

“ပေါက်လို့ကောထွက်ရဲ့လား…”



www.burmeseclassic.com

www.burmeseclassic.com



"ခက်ခက်ခဲခဲညှစ်ပြီးပေါက်မှထွက်တယ် ဆရာ…"

"အင်း..ခင်ဗျားက ကိုယ့်မှာရောဂါရှိတာသိသားနဲ့ မဆင် မခြင်သောက်စားတာကိုးဗျ…

ဒီရောဂါမျိုးက အပူအစပ်တွေနဲ့လုံး ဝမရဘူးဆိုတာ ခင်ဗျားလည်း သိတော့သိထားမှာပဲမဟုတ်လား…"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် အရက်ဖြတ်ပါ့မယ်၊ အား.. အား ဆရာရေ နာ..နာလာပြန်ပြီဗျ၊ အမလေး သေရပါတော့မယ် ကယ်ကြပါဦး၊ အမလေး..အမလေး…"

ဝေဒနာကတစ်ချီတစ်မောင်း လှည့်လာပြန်သည်တွင် လူ နာရှုပ်ဆိုးကြီးကား ပလူပျံအောင် အော်ဟစ်လူးလိမ့်နေရပြန်၏

လူနာရုပ်ဆိုးကြီး အော်ဟစ်လူးလိမ့်နေချိန်တွင် ဆရာမကြီး ပြန်ရောက်လာသည်။

"ကဲ..ဆရာမ၊ ကျွန်တော် ပြောသလိုဆက်လုပ်ထား လိုက်ပါ…"

"ဟုတ်ကဲ့ ဒေါက်တာ…"

ဆရာမကို မှာထားခဲ့ပြီးလူနာဆီတစ်ချက်ကြည့်ကာ အနား ယူခန်းသို့ မင်းသွင် ပြန်လာခဲ့လေသည်။

အနားယူခန်းသို့ပြန်ရောက်သည့်တိုင် နာကြင်မှုအတွေး မောပိုက်နေ၍ မျက်လုံးမှိတ်ကာအမောဖြေနေသည့် လူနာရုပ်ဆိုး ကြီး၏မျက်နှာကြီးသည် မင်းသွင် မျက်ဝန်းထဲမှမထွက်…။





မင်းသွင်သည် လူနာရုပ်ဆိုးကြီးအားမြင်ယောင်ဆဲ၊ နားထဲ မှလည်း…

လူသတ်သမားက လူကောင်လည်းထွားတယ်၊ တော် တော်လည်းရုပ်ဆိုးတယ်လို့ တွေ့လိုက်ရတဲ့လူတွေကပြောတယ်…

မျက်နှာက ကြောက်စရာကောင်းလောက်အောင်ကို ရုပ် ဆိုးတယ်တဲ့…

ရဲအရာရှိ ဦးနေလှိုင်နှင့်လူသတ်သမားအား တွေ့လိုက်ရ သည့်လူများ၏စကားသံတို့ကို ပြန်လည်ကြားယောင်နေရလေ၏။

အို..မလှစုန်းရှိုးလိုတော့ မဖြစ်သေးပါဘူး…

ဒီလိုရုပ်ဆိုးလွန်းတာနဲ့ စိတ္တဇလူသတ်သမားဆိုတာ ဘယ် သူကအတိအကျပြောနိုင်မလဲ…

အင်း..လူသတ်သမားကို မြင်တွေ့လိုက်ရတဲ့လူကို ခေါ် ပြီး ဦးနေလှိုင်နဲ့တော့ ဒီကိစ္စတိုင်ပင်ဦးမှပဲ…

မဟုတ်တော့လည်းမဟုတ်ဘူးပေါ့၊ ဟုတ်တယ်ဆိုရင် တော့၊ ဒီလူကို သီးသန့်ခန်းတစ်ခုမှာထားပြီး စောင့်ကြည့်နေရ မယ်…

ဒီလူဟာ လူသတ်သမားမဟုတ်ရင်တော့ ဘာအကြောင်း သဲ၊ လူသတ်သမားဟုတ်နေရင် ဆေးရုံပေါ်ကလူတွေအားလုံး ကျွဖြစ်ကုန်မယ်၊ အင်း..အခုပဲ ငါ ဦးနေလှိုင်ဆီဖုန်းဆက်ထားမှ ဖြစ်မယ်…



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့်အတူ မင်းသွင်သည် ဦးနေလှိုင်ဆီဖုန်းဆက်ရန်
ဖုန်းလေးအား လှမ်းကိုင်မည်ပြုဆဲ…

"ဒေါက်တာ…"

"ပြောဆရာမ…ပြော…"

"လူနာဓာတ်မှန်လာပို့တာပါ ဒေါက်တာ…"

"အင်း…ပြပါဦး…"

ဆရာမ လက်ထဲမှဓာတ်မှန်ကို မင်းသွင် လှမ်းယူထောင်
ကြည့်လိုက်သည်။

"ဟာ…ဆရာမရေ၊ အော်ပရေးရှင်းလုပ်ဖို့အသင့်သာဖြစ်
ပေတော့၊ ဒီလူနာကို ဒီနေ့ပဲအော်ပရေးရှင်းလုပ်လိုက်မှဖြစ်မယ်"

"ဟုတ်ကဲ့ ဒေါက်တာ…"

"သြော်…ဆရာမ…"

"ရှင်…ဒေါက်တာ…"

"လူနာအခု ဘယ်လိုနေလဲ…"

"အခုတော့ ဆေးထိုးဆေးတိုက်ထားလို့ နည်းနည်းငြိမ်
နေပါတယ် ဒေါက်တာ…"

"အင်း…ကဲ…ကဲ၊ ဒီလူနာကိုခွဲဖို့ အဆင်သင့်လုပ်ထား
လိုက်ပါတော့နော် ဆရာမ…"

"ဟုတ်ကဲ့ ဒေါက်တာ…"

ဆရာမလေး ထွက်သွားသည်နှင့် မင်းသွင်သည် ရဲ့အ



ရှိ ဦးနေလှိုင်ဆီသို့ ဖုန်းလှမ်းဆက်လိုက်ပါတော့၏။

ထို့နောက်မတော့ မင်းသွင်သည် လူနာရုပ်ဆိုးကြီးအား
ခွဲစိတ်ကုသပေးရန်အတွက် ခွဲခန်းဆီသို့ ထွက်လာခဲ့ပါတော့
သတည်း…။

× × × × ×

ဒေါက်တာ မင်းသွင်တစ်ယောက် ခွဲခန်းထဲမှထွက်လာချိန်
တွင် မွန်းတည့်ဆယ့်နှစ်နာရီခွဲနေလေပြီ ဖြစ်၏။

မင်းသွင်သည် မိမိ၏သီးသန့်အနားယူခန်းထဲသို့ ဝင်လိုက်
သည်နှင့် ဦးနေလှိုင်နှင့်ရဲတပ်သားနှစ်ယောက်တို့ကို တွေ့လိုက်ရ
လေသည်။

"သြော်…ဦးနေလှိုင်တို့ ရောက်နေတာကြာပြီလားဗျာ"

"အင်း…နာရီဝက်လောက်တော့ကြာသွားပါပြီ…"

"ဒါနဲ့ ဟိုလူနာအခြေအနေကဘယ်လိုလဲ…"

"အခြေအနေကို အတတ်တော့မပြောနိုင်သေးဘူး၊ ခွဲစိတ်
ရတာတော့မဆိုးပါဘူး…"

"ဒါဖြင့် သူအခုသတိမေ့နေတုန်း ကျွန်တော်တို့သွားကြည့်
ရင်ကောင်းမယ်ထင်တယ်…"

"ပိုကောင်းတာပေါ့၊ သေသေချာချာကြည့်ရတာပေါ့၊
ကျွန်တော်လည်း အဲဒီရည်ရွယ်ချက်နဲ့ချက်ချင်း ခေါ်လိုက်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ..သွားကြရအောင်..."

မင်းသွင်စကားနှင့်အတူ အားလုံးထိုင်ရာမှထကာ အခန်းထဲမှထွက်ခဲ့ကြလေသည်။

"ဒီလူနာကို ဒေါက်တာ ဘယ်မှာထားလဲ..."

"ကျွန်တော့်စိတ်ကူးနဲ့ပဲ တစ်ယောက်တည်း သီးသန့်ထားထားတယ်..."

"ကောင်းပါတယ်..."

ဆိုရင်း လူနာရုပ်ဆိုးကြီးထားရာ သီးသန့်အခန်းဆီသို့ ရောက်လာခဲ့ကြလေသည်။

"ဟာ..ဆရာ..."

"ဟုတ်တယ်..ဟုတ်တယ်၊ လူသတ်သမားကြီးဟာ ဒီလူကြီးပဲ..."

"ဟာ..ဟုတ်တယ်..ဟုတ်တယ်..."

အခန်းထဲဝင်ခဲ့ကြပြီး လူနာအားတွေ့လိုက်သည်နှင့်ပင် လူသတ်သမားကို တွေ့ဖူးထားကြသည့် ရဲသားနှစ်ယောက်မှာ ရုတ်ချည်းဆိုလိုက်ကြသည်။

"သေသေချာချာလည်း ကြည့်ကြပါဦးကွာ၊ တော်ကြာ မဟုတ်ရင် လူတစ်ဖက်သားမှာ နစ်နာနေပါဦးမယ်..."

"ဟုတ်တယ်၊ သေသေချာချာတော့ကြည့်ကြပါဗျာ၊ ခင်ဗျားတို့က မြင်ဖူးထားတဲ့လူတွေ၊ ကျွန်တော်တို့က မြင်ဖူးတာမဟုတ်





ဘူး..."

"အားလုံးကို သေသေချာချာစေ့စေ့စပ်စပ် ကြည့်ပြီးမှ ဟုတ်မဟုတ်ပြောပါဗျာ..."

လူသတ်သမားဟုတ်မဟုတ်၊ သေချာစေရန် မင်းသွင်နှင့် ဦးနေလှိုင်တို့က သတိပေးပြောရသည်။

ရဲသားနှစ်ယောက်မှာ ခွဲစိတ်ထား၍ မှေးဆေးမပြယ်သေးသည့်လူနာရုပ်ဆိုးကြီးကို မျက်နှာနှင့်ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတို့ကအစ သေချာစွာကြည့်နေလိုက်ကြရင်းက...

"ငါမြင်တာတော့ ဒီပုံစံကြီးပဲကွ..."

"ဟုတ်တယ်၊ ငါ မြင်တာလည်း ဒီပုံစံကြီးပဲ၊ အနီးကပ်တော့ဘယ်သူမှမမြင်ပေမယ့်လည်း ဘယ်လိုမြင်မြင်၊ သူ့ပုံစံက မှတ်မိကိုလွယ်တယ်..."

"ဟုတ်တယ်ကွာ၊ ဒီလူကြီးမှဒီလူကြီးအစစ်ပဲ၊ သေချာတယ်..."

"ဆရာ ကျွန်တော်တို့ကတော့ ဒီလူကြီးပဲဆိုတာ သေချာတယ်..."

"ဟုတ်တယ် ဆရာ၊ ကျွန်တော်တို့ပြောတာ မသေချာဘူးထင်ရင် လူသတ်သမားစပြီး အလိုက်ခံရတဲ့လူကိုခေါ်ပြီးပြကြည့်ပါလား..."

ရဲသားနှစ်ဦးမှာ သူတို့အချင်းချင်း၊ သေချာမချ စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးမှ…

မင်းသွင်နှင့်ဦးနေလှိုင်ဘက်လှည့်ကာ သေချာကြောင်းကို ထပ်ဆိုရင်း လူသတ်သမားအလိုက်ခံရသည့်လူကို ခေါ်ပြီးပြရန် အကြံပေးလာလေ၏။

မင်းသွင်နှင့်ဦးနေလှိုင်သည် တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ခေါင်းညိတ်နေမိလိုက်ကြလေ၏။

မင်းသွင်သည် လူနာခုတင်ခြေရင်းမှချိတ်ထားသည့် လူနာမှတ်တမ်းကိုယူကြည့်လိုက်ပြီး…

"သူ့နာမည်က ဦးဘမော်တဲ့၊ အသက်က (၄၃)နှစ်၊ နေတာက ခင်ဘုန်းပိုင်၊ အဂါးကျေးရွာမှာနေတယ် ဦးနေလှိုင်…"

"သြော်…အဂါးကျေးရွာဆိုတော့ ခင်ဘုန်းမြို့နဲ့လှမ်းတော့ တော်တော်လှမ်းတယ်…"

"ဟုတ်လား၊ ခရီးဘယ်လောက်သွားရလဲ…"

"ကျွန်တော်တို့ ဒီမန်းကျည်းတန်းကနေ သွားမယ်ဆိုရင်တောင် နှစ်ညအိပ်ခရီးလောက်သွားရတယ်…

ပြီးတော့ လှေနဲ့ပဲသွားလို့ရတယ်၊ ဟိုဘက်ကသဘော် မသွားဘူး၊ ရေတိမ်တယ်…"

"သြော်…"

"အင်း…ဒါပေမဲ့ ဒီလူ့အကြောင်းကိုသိရအောင်တော့ အဂါးရွာကို လူလွှတ်ပြီးစုံစမ်းနိုင်းရမှာပဲ ဒေါက်တာ မင်းသွင်ရေ"





"ဟုတ်တာပေါ့၊ ဒီလိုလုပ်မှလည်း အကြောင်းရင်းမှန် ဇစ်မြစ်ကိုသိရမှာပေါ့ ဦးနေလှိုင်ရယ်…"

မင်းသွင်စကားကို ခေါင်းညိတ်ရင်း ဦးနေလှိုင်သည် သူ့တပည့်များဘက် လှည့်လိုက်ရင်းက…

"ကဲ…ဟေ့ ကျော်ဇောနဲ့သီဟ၊ မင်းတို့လူသတ်သမားအလိုက်ခံရတဲ့လူအိမ်ကို စုံစမ်းပြီးသွားခေါ်ခဲ့ကြကွာ၊ မြန်မြန်လည်း လာကြနော်…"

"ဟုတ်ကဲ့ ဆရာ…"

ရဲသားနှစ်ယောက်ထွက်သွားကြသည့်တွင် မင်းလွင်နှင့် ဦးနေလှိုင်တို့လည်း လူနာရုပ်ဆိုးကြီးအခန်းမှ ထွက်ခဲ့ကြပြီး…

ဦးနေလှိုင်က…

"ကဲ…ဒေါက်တာ မင်းသွင်၊ ခင်ဗျား ထမင်းမစားရသေးဘူးမဟုတ်လား…"

"ဘယ်စားဦးမလဲ၊ ခင်ဗျားကော…"

"ကျွန်တော်တော့ စားပြီးပြီ…"

"ကျွန်တော် ဒီကပဲ တပည့်တွေအလာကိုစောင့်တော့မယ်၊ ခင်ဗျား ထမင်းသွားစားလိုက်ပါဦး…"

"ကောင်းပြီ၊ ကျွန်တော် သွားစားလိုက်မယ်…"

တစ်နာရီထိုးတော့မည့်နာရီဆီတစ်ချက်ကြည့်ပြီး မင်းသွင်သည် ထမင်းစားရန် ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စားနေကြစားသောက်ဆိုင်ဆီသို့ မင်းသွင် ကားမောင်းထွက်ခဲ့သည်တွင် မင်းသွင်၏မျက်ဝန်းရိပ်ထဲ အလှလေးနှင့်နဒီ အသွင်လေးသည် ဝင်ရောက်လာလေ၏။

အလုပ်အားလပ်သွားသည့်အချိန်တိုင်း၌ ချစ်သောနဒီသည် သူ့ရင်ထဲ၊ ခေါင်းထဲ ဝင်ရောက်လာမြဲရှိ၏။

ချစ်သော နဒီသည် သူ့အတွေးထဲဝင်ရောက်လာတိုင်း သူသည် နှလုံးသားတို့တုန်ခါနွေးထွေးရမြဲရှိပါချေ၏။

စားသောက်ဆိုင်ရောက်၍ ထမင်းစားသည့်တိုင်လည်း မင်းသွင်သည် အရှူးအမူးစွဲချစ်ရသည့် နဒီအတွေးသည်သာ သူ့ရင်ထဲရှိမြဲရှိနေ၏။

မှန်သည်။

မနက်ဖြန်ဆိုလျှင် နဒီနှင့်သူ ကတိကဝတ်ပြုထားကြသည့် သုံးရက်မြောက်သောနေ့ပင် မဟုတ်ပါလား…။ ထိုအတွေးက သူ့အား ပို၍ရင်ခုန်လှိုက်မောစေသည်။

ကတိပြုထားကြသည့်နေ့ရက်များ၌ နဒီနှင့်သူသည် လုံးဝမတွေ့ဖြစ်ခဲ့ပါလေ…။

အလုပ်သွားအလုပ်ပြန်ပင်လျှင် ပြန်၍အပြေးလေ့ကျင့်မည်ဆိုသည့် နဒီနှင့်သူ မတွေ့မိကြပါလေ…။

ဘာပဲဖြစ်ဖြစ် မနက်ဖြန်အချိန်စောစောဆိုလျှင်တော့ အဖြူအမဲသဲကွဲမည့်အဖြေကို နဒီထံမှ သူ ရရှိမည်မဟုတ်ပါလား…။





အကယ်၍များ နဒီထံမှအဖြေသည် သူ တောင်းတသောဆန္ဒရှိသည့်အဖြေမျိုးမဖြစ်ခဲ့ပါလျှင်…

အတွေးနှင့်ပင် သူ့ရင်သည် နာကြင်မြေ့မြေ့မောမောကြီးနယ် ခံစားလိုက်ရပါလေ၏။

ဟင်း…

နောက်ဆုံးသော် မင်းသွင်သည် သက်မမောကြီးအားချရင်း ထမင်းစားပြီးသည်နှင့် ဆေးရုံသို့ပြန်ခဲ့ရလေတော့၏။

ဆေးရုံကြီး၏ဆင်ဝင်အောက်၌ မင်းသွင် ကားလေးကိုထိုးရပ်လိုက်သည်နှင့်ပင် စောင့်နေဟန်ရှိသည့် ဦးနေလှိုင်ကို မင်းသွင် တွေ့လိုက်ရလေသည်။

တစ်စုံတစ်ရာပြောရန်အသွင်ရှိနေသည့် ဦးနေလှိုင်ကိုကြည့်ရင်း မင်းသွင် ကားပေါ်မှဆင်းခဲ့သည်။

ဦးနေလှိုင်ရှေ့တွင် မင်းသွင် ရပ်လိုက်သည်နှင့် ဦးနေလှိုင်က…

"လူသတ်သမား အလိုက်ခံရတဲ့သူကလည်း ဒီလူကိုဟုတ်တယ်လို့ပြောတယ်…"

"သေချာတယ်တဲ့လား…"

"သိပ်သေချာကြီးရယ်လို့တော့ မပြောပေမယ့်၊ ဒီပုံစံကြီးပါပဲလို့တော့ ပြောတယ်ဗျာ…"

"သူလည်းတစ်ချက်ပဲလှည့်ကြည့်ပြီး မြင်လိုက်ရတာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြောက်နဲ့ထွက်ပြေးနေရတော့ နောက်ထပ်ပြန်လှည့်မကြည့်ဖြစ်ဘူးတဲ့၊ ဒါပေမဲ့ ဒီလူမှဒီလူပါပဲလို့တော့ ပြောတယ်ဗျာ…

ဒေါက်တာ စဉ်းစားကြည့်လေ၊ ထူးထူးခြားခြား ရုပ်ဆိုးနေတာကြီးကို မြင်ဖူးထားတဲ့လူတိုင်းက မမှတ်မိဘဲနေမယ်မထင်ပါဘူး…”

“အင်း…”

မင်းသွင်သည် ဦးနေလှိုင်စကားအတွက် ခေါင်းညိတ်ရင်း စဉ်းစားဟန်ဖြင့် ရှိနေမိလေသည်။

“အင်းလေ ဘာပဲဖြစ်ဖြစ်ပေါ့၊ ကျွန်တော်ကတော့ ဒီလူကို ရဲအစောင့်နှစ်ယောက်ကို အရပ်ဝတ်နဲ့စောင့်ကြည့်ခိုင်းထားလိုက်ပြီ ဒေါက်တာ မင်းသွင်…

ပြီးတော့ ဒီလူနေတဲ့ရွာကိုလည်း မနက်ဖြန်ပဲလူလွှတ်ပြီး စုံစမ်းခိုင်းလိုက်မယ်…”

“အင်း…ဒီလိုတိတိကျကျလုပ်တာ ကောင်းပါတယ် ဦးနေလှိုင်၊ ကျွန်တော်တို့ရဲ့သံသယတစ်ခုအတွက်နဲ့တော့ အပြစ်မရှိတဲ့လူတစ်ယောက် ဒုက္ခမဖြစ်စေဖို့၊ စိတ်အနှောင့်အယှက်မဖြစ်စေဖို့ အရေးကြီးပါတယ်…”

“ဒါမှန်တာပေါ့၊ ကျွန်တော်တို့ရဲ့တပိဖွဲ့ဝင်တွေအတွက်လည်း အဲဒါအရေးကြီးဆုံးပဲလေ…





ဒါကြောင့် မသိမသာစောင့်ကြည့်နေဖို့ ကျွန်တော့်တပည့်တွေကို မှာထားပါတယ်…

ကဲ…ဒေါက်တာလည်း ဂျူတီပြန်ဝင်ရဦး မယ်မဟုတ်လား၊ ကျွန်တော့်ကိုလည်း သွားခွင့်ပြုပါဦး…”

“ကောင်းပြီ ဦးနေလှိုင်၊ ညနေထမင်းစားချိန်ကြတော့ ပြန်ဆုံကြသေးတာပေါ့…”

“ကောင်းပြီ…”

ရဲသုံးဂျစ်ကားလေးပေါ်တက်ကာ ဦးနေလှိုင် မောင်းထွက်သွားလေမှ ဒေါက်တာ မင်းသွင်သည် ညနေပိုင်းအချိန် ဂျူတီဝင်ရန် ဆေးရုံထဲသို့ ဝင်ခဲ့လိုက်ပါတော့၏။ ■

xx xx xx



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်ခြောက် -

ကိုယ်တွင်းသို့ အသိတရားတစ်ချက် ဝင်ရောက်လာသည်နှင့်မျက်ဝန်းအစုံကိုလည်း ဖျတ်ခနဲ မင်းသွင် ဖွင့်ဖြစ်လေသည်။

တစ်ဆက်တည်းပင်လည်း ခေါင်းရင်းမီးခလုတ်ကို လက်တစ်ဖက်နှင့်လှမ်းဖွင့်ပြီး ကိုယ်ပေါ်မှစောင်ကိုပါ ဖယ်ခွာပစ်လိုက်၏။

သူ့အိပ်ခန်းတစ်ခန်းလုံး ထိန်လင်းသွားသည်နှင့် အိပ်ရာပေါ်မှဆတ်ခနဲထထိုင်ရင်း စားပွဲပေါ်မှနာရီလေးဆီသို့ လှမ်းကြည့်လိုက်လေသည်။

နံနက်ခြောက်နာရီထိုးပေပြီ…။

ခုနစ်နာရီနှင့်ခုနစ်နာရီခွဲလောက်ဆိုလျှင် နဒီ အပြေးလေ့ကျင့်ရာမှ ပြန်ရောက်လောက်ပေပြီဟု မင်းသွင် စဉ်းစားတွက်ဆနေမိလေသည်။





မှန်သည်။

ဒီနေ့ နဒီ့ဆီမှအဖြေတစ်ခုကို ရရေးအတွက် နဒီထံသို့ သူ ဖုန်းဆက်ရမည့်နေ့ပင်မဟုတ်ပါလား…။

ဟင်း…

မျှော်လင့်ချက်တို့ဖြင့် တင်းပြည့်နေရသည့်ရင်မှ သက်မ မောကြီးတစ်ချက်အားချရင်း အိပ်ရာပေါ်မှ မင်းသွင် ဆင်းမည်ပြုဆဲ…

ဟား…ကျွတ်…

မိမိခြေအစုံကိုကြည့်ပြီး မင်းသွင် စိတ်ညစ်သွားသည်။ ညဘက်အိပ်ရာဝင်တိုင်း ခြေဆေးအိပ်ရမည့်အလုပ်က မင်းသွင်အတွက် အပျင်းဆုံးအလုပ်တစ်ခုပင…။

ဟင်း…အိပ်ရာတွေလည်း ပေကျံကုန်ပြီ၊ လျှော်ပစ်ရဦးမယ်…

ဖြူစင်သပ်ရပ်သော ခြေချောင်းလေးတွေမှ ပေရေကပ်နေသည့် ဖုံမှုန့်လေးတွေဆီကြည့်ပြီး စိတ်ညစ်ညစ်နှင့် မင်းသွင် အိပ်ရာထက်မှ ဆင်းလိုက်သည်။

ရေချိုးခန်းထဲသို့တန်းဝင်ခဲ့ပြီး ခြေထောက်တွေကို ရေဆေး မျက်နှာသစ်၊ သွားတိုက်၊ တစ်ကိုယ်ရေသန့်ရှင်းရေးတွေကို မင်းသွင် လုပ်လိုက်သည်။

တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ပြီးသည်နှင့်အိပ်ရာခင်းကို



www.burmeseclassic.com

www.burmeseclassic.com



လဲပြီး စနစ်တကျသပ်ရပ်စွာ အိပ်ရာကိုသိမ်းဆည်းပြင်ဆင်နေ

တင်းတောင်...

အိမ်ရှေ့မှ ဘဲလ်မြည်သံကြားသဖြင့် နံနက်စာကော်ဖီ မုန့်လာပို့သည်ကိုသိသည်နှင့် အိမ်ရှေ့သို့ထွက်ခဲ့ရလေသည်။

အိမ်ရှေ့တံခါးကိုဖွင့်ပေးပြီး ကော်ဖီနှင့်မုန့်ကို သူ ယူ လိုက်သည်။ ကော်ဖီမှ မသောက်ရသေးခင် ဟိုလုပ်ဒီလုပ် လူရောစိတ်ပါ အလုပ်တွေရှုပ်နေသလိုဖြင့် နံနက်ခုနစ်နာရီထိုး ပြီဖြစ်၏။

ကော်ဖီကို သူ မသောက်ဖြစ်သေး၊ စောင့်နေဆဲ ခုနစ် ရီထိုးပြီဟူသောအသိနှင့် ဖုန်းလေးအနီးသို့ သူ ရောက်သွားရ သည်။

နဒီ ပြန်ရောက်လောက်ပြီ၊ ပြန်ရောက်ပါစေဟူသော စိတ်ကူးတို့ဖြင့် လက်ကဖုန်းနံပါတ်လေးတွေဆီသို့ လှည့်ခေါ်နေ လေ၏။

"ဟဲလို..."

"........"

"ဩော်..နဒီအစ်မထင်တယ်၊ ကျွန်တော် ခေါက် မင်းသွင်ပါ၊ နဒီနဲ့စကားပြောချင်လို့ပါ..."

"........"

"ဟင်..နဒီ ပြန်မရောက်လာသေးဘူး ဟုတ်လား၊ ဘယ်





အချိန်လောက်ပြန်ရောက်လာမလဲဗျာ၊ သူ ဘယ်မှာသွားပြေးလဲခင် ဗျာ..."

ခုတလော နဒီကို နေ့စဉ်ပြေးနေကြနေရာများတွင် မတွေ့ ရ၍ မင်းသွင် မေးကြည့်လိုက်သည်။

"........"

"ဩော်..မန်ကျည်းတန်းကမ်းခြေဘက်မှာ သွားပြေးတာ လား၊ ပြန်ရောက်မယ့်အချိန်လည်း အတိအကျမသိဘူးပေါ့...

ကောင်းပြီလေ..ကောင်းပါပြီ၊ နဒီ ပြန်လာတဲ့အခါ ကျွန် တော် ဖုန်းဆက်တယ်လို့သာပြောပေးပါခင်ဗျာ၊ ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ်ဗျာ..."

ဟူး...

တစ်ဖက်မှဖုန်းချသွားပေမယ့် မင်းသွင်ကား ဖုန်းလေးကို ဆုပ်ကိုင်ထားဆဲမှ ရင်ထဲမချင့်မရဲဖြင့် ငေးမောမောကြီးနှင့်ရှိနေရ ပါလေတော့၏။

ဟင်း...

သက်မောတစ်ချက်နှင့်အတူ ဖုန်းလေးကိုပြန်ထားရင်း စိတ်အိုက်အိုက်ရှိကာ မင်းသွင် ခေါင်းကိုရမ်းနေမိသည်။

သေသေချာချာပြောထားပါရက်နဲ့ နဒီရယ်၊ ဒါ သက် သက် နဒီ ငါ့ကိုရှောင်တာပဲဖြစ်မယ်...

ဟုတ်ပါတယ်လေ၊ ပြေးတာတောင်မှ အားကစားကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာလာမပြေးတော့ဘဲ၊ ကမ်းခြေမှာသွားပြေးနေတယ်တဲ့···

နှုတ်ခမ်းတို့ဖွဖွစေကာ မင်းသွင် စဉ်းစားတွေးတောမိခြင်းပါ···။

ထို့နောက်မှာတော့ ဆေးရုံသွားရခါနီးပြီမို့ နံနက်စာကော်ဖီကိုသောက်လိုက်ပြီး ဆေးရုံသို့ထွက်ခဲ့လိုက်ပါတော့၏။

ကားမောင်းရင်း လမ်းတစ်လျှောက်လုံး အတွေးထဲမှာ နဒီရှိနေ၏။ ဆေးရုံရောက်တော့လည်း အတွေးထဲမှာနေရာယူထားပြန်၏။

ဟင်း···

သက်မတွေကို မင်းသွင် အခါခါချနေ၏။ ရင်ထဲမှာ လုံးဝမရှင်း၊ မတင်မကျ၊ မချင့်မရဲကြီးနှင့်မောမော ကျပ်ကျပ်ကြီး မင်းသွင်ရင်ထဲ ဖြစ်နေရလေသည်။

ယိုဝေဒနာသည် မင်းသွင်အတွက် ပထမဦးဆုံးခံစားရသည့်ဝေဒနာပင်၊ မခံစားဖူး၍ ခံရချက်ဖြင့်ဆိုးပါ၏။

ဒီအသက်အရွယ်ရောက်ခါမှ အချစ်အတွက်ခံစားနေရခြင်းအတွက် မင်းသွင် ရှက်လည်းရှက်သည်။ ရှက်လည်းမရှက်ချင်တော့ပေ···။

စိတ်မှာ နဒီတစ်ကိုယ်လုံးကို စိတ်ရှိတိုင်းကိုင်လှုပ်၍ မေးချင်တာတွေမေးပြီး၊ ပြောချင်တာတွေပစ်လိုက်ချင်နေရသည်။

ဟင်း···





အခုတော့ တာဝန်ချိန်က အဆီးအတားနယ်ရှိနေရပါချေ၏။ မင်းသွင်သည် သက်မမောကြီးကိုသာ ချဖြစ်လိုက်ပါတော့၏။

မင်းသွင်သည် သူ့အခန်းထဲငူငူကြီးနှင့်အတန်ကြာနေပြီးမှ လူနာများလိုက်ကြည့်ရန်အတွက် စားပွဲပေါ်မှနားကျပ်ကိုယူကာ အခန်းထဲမှထွက်ခဲ့ရပါလေတော့၏။

မင်းသွင်ထွက်လာမည့်အချိန်ကိုပင် မင်းသွင်နှင့်အတူ ရောင်းလှည့်မည့်အလှည့်ကျ ဆရာမလေးသည် အသင့်စောင့်နေပါ၏။

ဆရာမလေးကို တစ်ချက်ကြည့်ပြီး မင်းသွင် ရှေ့မှဆက်လျှောက်သွားသည်တွင် ဆရာမလေးသည် မင်းသွင်နောက်မှ လိုက်သွားရပါ၏။

အမျိုးသမီးဆောင်၊ အမျိုးသားဆောင်၊ မွေးလူနာဆောင်များအားလုံးကို မင်းသွင်တစ်ယောက်တည်းပင် လိုက်၍ကြည့်ရသည်။

လူနာဆောင်များအားလုံး လိုက်ကြည့်ပြီးသည်တွင် မင်းသွင်သည် ဘမော်ဟုခေါ်သော လူနာရုပ်ဆိုးကြီးဆီသို့ ဆရာမလေးနှင့်အတူ နောက်ဆုံးမှဝင်ကြည့်ရပါ၏။

ဘမော်အခန်းထဲသို့ ဆရာဝန်နှင့်ဆရာမတို့နှစ်ယောက်ဝင်သွားသည်တွင် အပြင်ဘက်တွင် မသိမသာစောင့်နေကြသည့် ရဲတပ်ဖွဲ့နှစ်ဦးမှာ အသင့်အနေအထားဖြင့် ဂရုစိုက်၍စောင့်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြရပါချေ၏။

ခြေသံများကြားမိ၍ လူနာရှပ်ဆိုးကြီး ဦးဘမော်သည် မျက်လုံးတို့ဖွင့်ကြည့်လာ၏။

သူ့ခုတင်ခြေရင်းမှ လူနာမှတ်တမ်းအား ဖတ်ကြည့်နေသည့် ဒေါက်တာ မင်းသွင်ကို မြင်သည်တွင်...

ဦးဘမော်သည် စူးစိုက်ကြည့်နေရာမှ တစ်စတစ်စမျက်လုံးတို့ ပြူးကျယ်လာရဟန် ရှိနေရပါချေ၏။

ဟား...

လူနာမှတ်တမ်းကိုကြည့်ပြီး ဒေါက်တာ မင်းသွင်သည် လူနာထံကြည့်လိုက်လေသည်တွင် လူနာဦးဘမော်သည် ရင်ထဲ၌ ချောက်ချောက်ချားချားကြီးနှင့် ဟာခနဲဖြစ်သွားလိုက်ရပါချေ၏။

"ဘယ်လိုလဲ ဦးဘမော်၊ ခင်ဗျားနေကောင်းတယ်နော်"

တည်ငြိမ်၍ရည်မွန်နွေးထွေးစွာ မေးလာသည့် ဒေါက်တာ မင်းသွင်စကားသံနှင့် အဆင်းချောချောကြီးကို ဦးဘမော်သည် ငေးငေးကြီးကြည့်နေဖြစ်၏။

ဒေါက်တာ မင်းသွင်၏ဒီအသွင်၊ ဒီအသံနှင့်ဒီဟန်တို့ကို ဦးဘမော် မမေ့ပါ...။

"ဦးဘမော် နေကောင်းတယ်မဟုတ်လား..."

ဒေါက်တာ မင်းသွင်၏ထပ်မေးလာသည့်အသံကို ကြားလေမှ ဦးဘမော်သည် ဒေါက်တာ မင်းသွင်၏မျက်နှာချောချော





း စိုက်စိုက်ကြီးကြည့်နေဆဲက...

"ဟုတ်..ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် နေကောင်းတယ်ပါ ယ်..."

"ညကအိပ်ပျော်ရဲ့လား၊ ခွဲထားတဲ့အရှိန်ရှိနေသေးတယ်ဆို ာ့ နည်းနည်းတော့နာမှာပေါ့ဗျာ..."

"ဟုတ်ပါတယ် ဆရာ၊ ညက နာလွန်းလို့ ဆရာမက းတစ်လုံးထိုးပေးတော့ ကျွန်တော် အိပ်ပျော်သွားပါတယ်..."

"ဦးဘမော်ခေါင်းထဲမှာ ကြည်ကြည်လင်လင်ရှိရဲ့လား"

"ရှိပါတယ် ဆရာ..."

"ခုကော ခွဲထားတဲ့နေရာက နာနေသေးလား..."

"ညတုန်းကတော့ မနာတော့ပါဘူး ဆရာ..."

"အင်း..တစ်ရက်နှစ်ရက်ဆိုရင်တော့ အနာသက်သာ မှာပါ၊ တစ်ပတ်လောက်ကျရင်တော့ ချုပ်ရိုးဖြည်မယ်..."

"ဆရာမ အဖျားတိုင်းကြည့်လိုက်ပါဦး..."

ဆရာမကို အဖျားတိုင်းခိုင်းပြီး မင်းသွင်သည် ဦးဘမော် ကြည့်နေမိလေသည်။

ဦးဘမော်သည်လည်း သူ့ထံ၌သာ အကြည့်တွေတလည် ည်နှင့်ရောက်နေရပါလေ၏။

"နည်းနည်းလောက်ပဲရှိပါတယ် ဒေါက်တာ..."

"အင်းလေ၊ ဒါလောက်တော့ရှိမှာပေါ့၊ အ[illegible]လည်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးတာကိုး၊ ကဲ..ခင်ဗျားမှာအဖျားလည်းမရှိဘူး၊ ကောင်းသွားမှာ ပါ၊ ဒါနဲ့ ခင်ဗျားရဲ့အိမ်က တစ်ယောက်မှလည်းလာတာမတွေ့ လား...”

“ကျွန်တော်က မိသားစုမှမရှိဘဲ ဆရာ၊ ဘယ်လာတွေ့ ပါ့မယ်လဲ၊ ကျွန်တော့်မိဘတွေကလည်း ဆုံးတာကြာပြီ...”

“ဒါဖြင့် ခင်ဗျားဘာလုပ်လဲ၊ အခုက ဘယ်မှာနေလဲ”

“ကျွန်တော်နေတာ အတည်တကျတော့မရှိဘူး၊ အဆင် ပြေသလိုနေပြီး အဆင်ပြေသလိုပဲလုပ်သွားတာပါပဲ...

ကျွန်တော့်မှာစားမယ့်သောက်မယ့် လူပိုမှမရှိဘဲ၊ ကျွန် တော့် တစ်ဝမ်းတစ်ခါးပဲဆိုတော့ ကြုံသလိုပါပဲ ဆရာ...”

“ဟင်း..အင်း...”

မင်းသွင်သည် ဦးဘမော်စကားတွေနားထောင်ပြီး ဦးဘ မော်အသွင်ကိုပါ လေ့လာကြည့်နေရင်းက ရင်ထဲသက်မကိုချ နေရပါလေ၏။

“ဆရာ...”

မင်းသွင် စဉ်းစားသလိုရှိဆဲ ဦးဘမော်ခေါ်သံကြောင့်...

“ပြော ဦးဘမော်...”

“ဆရာက ဆရာ မင်းသွင်မဟုတ်လား...”

“ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် မင်းသွင်ပါ၊ ဘာဖြ လို့လဲ...”





“ဆရာ အဲဖြောင့်မှာတာဝန်ကျခဲ့သေးတယ်မဟုတ်လား”

“ဪ..ဟုတ်ပါတယ်၊ ကျွန်တော် အလုပ်ရရခြင်း တာဝန်ကျတဲ့မြို့ဟာ အဲဒီအဖြောင့်မြို့ပဲ၊ ဦးဘမော်က ကျွန်တော့်ကို သိနေလို့လား...”

“ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဆရာ့ကိုကောင်းကောင်း သိပါတယ်၊ ဆရာသာ ကျွန်တော့်ကို ကောင်းကောင်းမသိတာ လည်းပါတယ်၊ မမှတ်မိတော့တာလည်းပါမှာပါ...

ဆရာ့ကို ကျွန်တော် အဖြောင့်မြို့မှာကတည်းက ကောင်း ကောင်းသိခဲ့ပါတယ် ဆရာ...”

ဦးဘမော် မျက်နှာဆိုးဆိုးကြီးကို မင်းသွင် ကြည့်နေမိ သည်။ သိတာမသိတာကိုတော့ မင်းသွင် စဉ်းစား၍မရ...။

ဆရာမလေးလည်း ဒေါက်တာ မင်းသွင်နှင့်လူနာရုပ်ဆိုး ကြီး၏စကားတွေကို နားထောင်ရင်း တစ်လှည့်စီကြည့်နေမိလေ၏။

“ဆရာ...”

“ဗျာ...”

“ဆရာ ဒေါင်းပျံကိုတော့ ကောင်းကောင်းမှတ်မိဦးမယ် ထင်တယ် ဆရာ...”

“ဟင်..ဒေါင်းပျံ...”

ဒေါင်းပျံသည် တံတွေးကိုတစ်ချက်မျိုချလိုက်ပြီး သူ့မျက် နှာချောချော အတွင်းသွားများစေ့ကြိတ်ထားသဖြင့် ပါးကြောတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားစွာထင်းနေရလေ၏။

သူ့အသွင်သည် ဒေါသနှင့်ထိခိုက်ကြေကွဲမှုတို့ ဝင်စွက်နေရချေ၏။

"ဆရာ..."

"ကျွန်တော် ဒီနာမည်ကိုမကြားချင်ဘူးဗျာ၊ ခင်ဗျားက ဒီလူယုတ်မာကြီးနဲ့ ဘာပတ်သက်နေလဲ..."

မင်းသွင်အသံက တင်းမာသွားသရောင်...

ဆရာမလေးမှာ မင်းသွင်၏ဒေါသမျက်ချောချောအား အံ့သြစွာကြည့်နေဖြစ်လေ၏။

"ကျွန်တော်ကတော့ ဘဂျမ်းနဲ့ဘယ်လိုမှမပတ်သက်ပါဘူး ဒေါက်တာရယ်...

ဒါပေမဲ့ ကျွန်တော်က ဘယ်မှာမဆိုရတဲ့အလုပ်ကို လုပ်နေရတဲ့သူဆိုတော့ ဒေါင်းပျံ့ရဲ့ကူဖော်လောင်းဖက် နိုင်းဖတ်အဖြစ်နဲ့ ကျွန်တော် လုပ်ခဲ့ဖူးပါတယ်၊ ကျွန်တော် ပြောရင် ဆရာ ကျွန်တော့်ကိုမှတ်မိလာမှာပါ..."

မင်းသွင်သည် လူနာရုပ်ဆိုးကြီးအား စပ်စုစုကြည့်ပစ်လိုက်သည်။

"ဒေါင်းပျံ့တို့အုပ်စုက ဆရာ့ကိုဝိုင်းချုပ်ပြီး အကြောထဲဆေးထိုးသွင်းနေတုန်းက သူတို့ရဲ့အထိုးအကြိတ်ခံပြီး ဟန့်တားခဲ့တဲ့သူဟာ ကျွန်တော်ပါပဲ ဆရာ၊ သူတို့ကြောင့် ကျွန်တော့်မျက်နှာ





ဟာလည်း ခုလိုဖြစ်သွားရတော့တာပါ..."

ဦးဘမော်စကားတို့ကို မင်းသွင် မကြားမိတော့သလို အတွေးတို့သည် အဝေးသို့လွင့်စဉ်ထွက်သွားကြလေ၏။ မင်းသွင် ၏အာရုံ အကြားအမြင်ထဲတွင်ကား...

"ဟား..ဟား..ဟား ယော့ဒီမှာ ဆရာဝန်စုတ်၊ မင်းနာမည် က မင်းသွင်ပဲကွ၊ ငါက ဒေါင်းပျံ၊ ဒေါင်းပျံတဲ့၊ ဒီနယ်မှာ ငါ့ကို ဘယ်သူမှလာမကြာနဲ့၊ အကြောခံတဲ့လူစားမျိုးမဟုတ်ဘူးကွ...

မနေ့တစ်နေ့ကမှရောက်လာတဲ့မင်းက ဘာလူဝါးဝချင် တာလဲ၊ မရဘူးကွ..မရဘူး၊ ကြည့်စမ်း မင်း ရောက်လာမှ ငါက တစ်မြို့လုံးရဲ့လူဆိုးကြီးဖြစ်နေတော့တယ်...

ငါ ကြံနေတဲ့ ဆရာမလေး ပိုးဥကိုလည်း မင်းက မင်း ညာနဲ့မင်းရုပ်ရည်နဲ့သိမ်းသွင်းနေတယ်..."

"တော်စမ်းဗျာ၊ ခင်ဗျားဟာလူယုတ်မာပီပီ ဘာတွေပြော နေတာလဲ..."

"အံမယ်..ငါ့ကိုများ လူယုတ်မာတဲ့၊ ကဲကွာ..နွပ်..."

"အို..."

"ကျုပ်ကိုဝိုင်းချုပ်ထားပြီး ခင်ဗျား သိပ်သတ္တိကောင်း နေပါနဲ့၊ ခင်ဗျားသတ္တိရှိရင် ကျုပ် ကိုလွှတ်ပေး၊ ခင်ဗျားဟာ ယုတ်မာ၊ လူသတ်သမား၊ ခင်ဗျားကို ကျုပ် သတ်မယ်၊ ကျုပ်ကို လွှတ်ပေး..."



www.burmeseclassic.com

www.burmeseclassic.com



“ဟား…ဟား…ဟား၊ အေး…ဟုတ်တယ်ကွ၊ ငါက လူယုတ်မာပဲ၊ မစားရတဲ့အမဲတော့ သဲနဲ့ပက်ရမှကျေနပ်တဲ့ငါကွ၊ ဒီမှာ ငါ့လက်ထဲက မင်း လုယူချင်နေတဲ့ ပိုးဥကို မင်းအတွက် ငါ ပေးလိုက်ပါပြီကွာ၊ ဟား…ဟား…”

“တောက်…ခင်ဗျားကြီး…”

မျက်လုံးကိုစုံမှိတ်ပြီး မင်းသွင် အော်ပစ်သည်။ မင်းသွင် အသည်းတို့ ဆတ်ဆတ်ခါနာရပါ၏။

ဖြစ်နိုင်ရင် ဒေါင်းပျံကို မင်းသွင် သတ်ပစ်ချင်နေမိသည်။

အံသွားတို့ကို ကျိုးကြေမတတ်ဖိကိုက်ထားသည်။ ဒေါသ မျက်လုံးတွေက စူးစူးတောက်နေရချေ၏။

မင်းသွင်၏ စူးစူးတောက်သော ဒေါသမျက်လုံးတွင်ကား ဒေါင်းပျံ၏လူမဆန်သော ယုတ်မာပက်စက်မှုကြောင့်…

သူ့လက်အောက်မှ ဆရာမလေး ပိုးဥ၊ မိန်းမချောလေးသည် အရှက်ကိုအသက်နှင့်ကာကွယ်သွားခဲ့ရှာ၏။

တစ်ကိုယ်လုံး အဝတ်အစားတွေဖရိုဖရဲနှင့်စုတ်ပြတ်နေသည့် ပိုးဥ အလောင်းအား လွန်ခဲ့သောနှစ်နာရီလောက်ကပင် သူ ကြည့်ရှုခဲ့ရလေသည်မဟုတ်ပါလား…။

ပိုးဥအလောင်းအား မကြည့်ဝံ့ဝံ့၊ မကြည့်ရဲရဲဖြင့် အသည်းနာ၊ ရင်နာ၊ ယူကြုံးမရ၊ ထိခိုက်ချောက်ချားမှုများစွာဖြင့် သူ ကြည့်ခဲ့ရသည်ပါ…။





ဒေါင်းပျံအပေါ် ဒေါသနှင့်မကျေနပ်မှုများကြောင့် ဒေါင်းပျံဆီးသွားရန် စိတ်ကူးနေဆဲပင်…

ဒေါင်းပျံနှင့်အဖွဲ့သည် သူ့အိမ်ထဲဝင်ရောက်လာပြီး သူ့အိမ်၌ပင် သူ့အားအတင့်ရဲစွာ နိုင့်ထက်စီးနင်းပြုခြင်းကို မမျှော်လင့်၊ မထင်မှတ်ဘဲ ခံနေရခြင်းအတွက် သူ့ဒေါသမှာ ပို၍ပြင်းထန်နေရပါချေ၏။

သို့သော် လူသုံးယောက် ချုပ်ကိုင်ထားခြင်းခံရသည့် သူ့အဖို့ ဘာမှမတတ်နိုင်လောက်အောင် ရှိနေရပါလေ၏။

“ဟား…ဟား…ဟား…”

“တောက်…ယုတ်မာလွန်းတဲ့သူ၊ ဒီမှာ ခင်ဗျားဟာ ခင်ဗျားလို ယုတ်မာတဲ့စိတ်နဲ့လူတကာကို လိုက်ပြီးတွက်မနေနဲ့၊ ဆရာမနဲ့ကျုပ်နဲ့က ဘာမှမဖြစ်ဘူး၊ ကျုပ်တို့က အလုပ်မောင်နှမတွေ၊ အလုပ်အတူလုပ်နေကြတာကလွဲပြီး စည်းကမ်းရှိတယ်ဗျ…

ခင်ဗျားလိုယုတ်မာတဲ့စိတ်မျိုး ကျုပ်မှာမရှိဘူး၊ ကျုပ်တို့မှာ စည်းကမ်းရှိတယ်၊ ကိုယ့်လက်အောက်က ဆရာမကို ဘယ်တော့မှခင်ဗျားလို မိုက်ရိုင်းယုတ်မာတဲ့စိတ်နဲ့မကြံဘူးဗျာ…

အခု ခင်ဗျားယုတ်မာလိုက်လို့ ဆရာမရဲ့ဘဝ ဘာဖြစ်သွားသွားပြီလဲဆိုတာ ခင်ဗျားသိလား…”

“ဟား…ဟား သိသားပဲ၊ မင်း ကောင်မနိဗ္ဗာန်ရောက်သွားပြီဆိုတာ၊ ဟား…ဟား…ဟား…”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..လူယုတ်မာကြီး..."

"အေး..ငါကတော့ ငါ့အကြံပျက်ရတာနဲ့အမျှ ယုတ်မာ မှာပဲ၊ ဒါမှကျေနပ်မယ်၊ အခု ဟောဒီမှာ မင်းအလှည့်..."

ဒေါင်းပျံဆိုရင်း အင်္ကျီအိတ်ထဲမှထုတ်ယူလိုက်သည့်အရာ ကို မင်းသွင် ကြည့်လိုက်သည်။

ဆေးရည်ဖြူဖြူတို့ အသင့်စုပ်ထားပြီဖြစ်သည့် ဆရာဝန် သုံးစလင်းတစ်ခု...။

ဖြူဖြူအရည်သည် မူးယစ်ဆေးဝါးအရည်အဖြစ် မင်းသွင် နားလည်လိုက်သည်။

"ခင်ဗျား..ခင်ဗျား၊ ဒါ..ဒါ..."

မင်းသွင် ရုန်းကန်သည်မရ...။

"ဟေ့ကောင်တွေ သေသေချာချာချုပ်ထားကြစမ်း၊ ငါ ထိုးမယ်..."

"တောက်..ခင်ဗျားတို့မဟုတ်တာတွေမလုပ်နဲ့..."

"ဆရာ ဒေါင်းပျံ..ဆရာ ဒေါင်းပျံ၊ ဆရာဝန်ကို ဒီလို မလုပ်ပါနဲ့ဗျာ၊ လွှတ်ပါ..လွှတ်လိုက်ကြပါ..."

"ဟေ့ကောင် ဘမော်၊ မင်း ဘာလာရှုပ်တာလဲ၊ မင်း ထွက်သွားစမ်း..."

"မသွားဘူးဗျာ..မသွားဘူး၊ ဆရာဝန်ကို ခင်ဗျားတို့ ဒီလို မလုပ်ကြနဲ့၊ အခုလွှတ်ဆိုလွှတ်လိုက်ဗျာ၊ ခင်ဗျားတို့မလွှတ်ရင်





ကျုပ် လူတွေသွားခေါ်လိုက်မယ်..."

"ဟား..ဟုတ်တယ်ဗျ၊ ဒီမှာဗျ ကျွန်တော့်ကိုကူညီပါ၊ ဒီလူတွေ ကျွန်တော့်ကို မဟုတ်တာတွေလုပ်နေကြတယ်၊ သွားပါ.. သွားပါ၊ လူတွေကိုသွားခေါ်ပါ၊ ရဲတွေဆီအကြောင်းကြားပေးပါ ဗျာ၊ သွား..သွား ခင်ဗျားမြန်မြန်သွားပါ..."

ချုပ်ထားသည့်ကြားမှ မင်းသွင် ရုန်းကန်ရင်း နောက်ထပ် အပြေးရောက်လာသည့် ဘမော်ဆိုသူအား အကူအညီတောင်းလိုက် သည်။

"ဟေ့ကောင် ခင်မောင် ဟိုခွေးကောင် ဘမော်ကိုထိန်း လိုက်စမ်းကွာ..."

"ဟင်..ခင်ဗျားတို့..."

အိမ်ပေါ်မှ ဘမော် ထွက်ပြေးသွားသော်လည်း ဘမော် မလွတ်တော့...။

ခင်မောင်လက်ထဲတွင် ဘမော်ကား ဖွဲအိတ်ကြီးနှယ်ရှိနေ တော့သည်။

"တောက်..."

ဘမော်အဖြစ်ကိုကြည့်ပြီး ပြင်းထန်သောတက်တစ်ချက် ကိုခေါက်မိရုံမှအပ၊ မင်းသွင် မတတ်နိုင်...။

ဘမော်အား ခင်မောင် လှဲသိပ်ပြီးချိန်တွင် မင်းသွင် အလှည့်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝလှုပ်၍မရနိုင်အောင် ဝိုင်းချုပ်ထားကြပြီး သူ့အကြေ ထဲသို့ ဒေါင်းပျံသည် မှုးယစ်ဆေးဝါးဖြူဖြူရည်များအား ထိုးသွင် နေလိုက်ပါတော့၏။

အား··အ··အဟား···

ဆေးသွင်းပြီးသည်နှင့် မင်းသွင်သည် ကြမ်းပေါ်သို့အရှ ကျိုးပြတ်လဲကျသွားပါတော့၏။

မင်းသွင် မျက်ခွံတို့သည် လေးအိတွဲလုံနေသလိုရှိ၏ မျက်ဝန်းအစုံသည် မှေးစင်းလျက်ပွင့်သလိုမပွင့်သလိုရှိနေ၏။

စိတ်နဲ့ကိုယ်သည် လေဟုန်းစီးနေသလိုလို၊ ညောင်းည တွဲရွဲနေသလိုလိုရှိယ်···။

သတိလစ်လုလုခင်စပ်ကြား၌ အိမ်ပေါ်မှဆင်းသွားကြ သည့်ခြေသံတွေကို မင်းသွင် ကြားလိုက်ရသလိုရှိသည်။

စိတ်ကိုတင်းပြီး မျက်ဝန်းအစုံကို တစ်ချက်မျှ မင်းသွင် အနိုင်နိုင်ဖွင့်ကြည့်ဖြစ်သည်။

ထိုအခါ မင်းသွင် တွေ့လိုက်ရသည်က အလွန်တရာ ရုပ်ဆိုးပြီး ရင့်ရော်ကြမ်းတမ်းထွားကျိုင်းသော လူကြီးတစ်ယော မင်းသွင်ကို စိုက်ကြည့်နေ၏။

အား···

မင်းသွင်ကား ထိတ်လန့်ချောက်ချားစိတ်ဖြင့် အားအင် ဖြည့်ညစ်ကာ သံကုန်ခြစ်၍အော်ပစ်လိုက်ပြီးနောက် အသိတ





များကား အမှောင်တုများလွှမ်းမိုးလိုက်ပါတော့သတည်း။

အား···

အဝေးသို့လွင့်စင်ထွက်သွားသော မင်းသွင်စိတ်တို့သည် ကိုယ်တွင်းသို့ ပြန်ဝင်ရောက်လာခိုက်၊ မင်းသွင်သည် အခုပင်ခံ အားလိုက်ရသလို တုန်လှုပ်မောဟိုက်ရပါလေ၏။

"ဆရာ···"

"အင်း··ခင်ဗျားကို ကျွန်တော် မှတ်မိပါပြီ···"

ဘမော် ခေါ်သံကြားသည်တွင် အတိတ်၏ထိတ်လန့်မှုကို ထိတ်ရင်း မင်းသွင် ဆိုသည်။

"ခင်ဗျားမျက်နှာကို သူတို့ဘယ်လိုလုပ်လိုက်ကြတာလဲ"

"ကျွန်တော့်မျက်နှာနဲ့တစ်ကိုယ်လုံးကို ဆူးနဲ့ရိုက်တယ် ဆရာ···"

"ဟာ··အေးဗျာ၊ ဒီလူတွေလူမဆန်အောင် သိပ်ရက်စက် တယ်ဗျာ၊ ကျွန်တော့်ကိုလည်း မူးယစ်ဆေးရည်တွေထိုးသွင်းတယ်··

ကျွန်တော်က သိနေတော့ သတိရတာနဲ့ဒီဆေးတွေကို ချက်ချင်းချေဖျက်ရတယ်···

အေးလေ သူများကိုမကောင်းကြံတော့ ဒေါင်းပျံလည်း ဆိုးဝါးဆုံးသေခြင်းနဲ့သေသွားရတာပဲလေ···

ဒေါင်းပျံအဖော်သုံးယောက်လည်း ရေနစ်ပြီးသေဆုံးသွား ကြတာပဲ၊ သူတို့အလောင်းတွေဆေးရုံရောက်လာလို့ ကျွန်တော်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်ရသေးတယ်၊ ဟင်း…"

စကားအဆုံး သက်မကြီးတစ်ချက်ကို မင်းသွင် ချလိုက်သည်။ ဘမော်ကား စကားဆက်မဆိုဖြစ်တော့‥။ မင်းသွင် အသွင်ချောချောကိုသာကြည့်ပြီး စကားတို့ကိုသာ ဆိတ်ငြိမ်စွာနားထောင်နေလိုက်ပါတော့၏။

"ကဲလေ ခင်ဗျားနေကောင်းအောင်နေပါ၊ ခင်ဗျားရောဂါလည်းကောင်းသွားပါပြီ…

ဆေးရုံကဆင်းတဲ့အခါကြတော့ ခင်ဗျားနေစရာမရှိရင် ကျွန်တော်နဲ့အတူ လာနေပေါ့…"

"ဟား‥ကျွန်တော် ကျေးဇူးတင်ပါတယ် ဆရာ၊ ဆေးရုံကဆင်းရင် ကျွန်တော် ရွာပြန်မယ်စိတ်ကူးထားပါတယ်…"

"အင်းလေ‥ခင်ဗျားသဘောပေါ့၊ အရက်ကိုလည်း ခင်ဗျားလျှော့သောက်ဦးနော်…"

"ဟုတ်ကဲ့ပါ ဆရာ…"

စကားအဆုံး ဘမော်အခန်းထဲမှ ဆရာမလေးနှင့်အတူ မင်းသွင် ပြန်ထွက်လာခဲ့လေသည်။

အတိတ်၏အရိပ်တို့ စွန်းထင်းနေသည်မို့ မင်းသွင်မျက်နှာချောချောသည် ကြည်လင်မှုတို့နည်းပါးနေရချေ၏။

အနားယူခန်းထဲသို့ မင်းသွင် ဝင်လိုက်သည်တွင် သူ့ကိုစောင့်နေသည့် ညွှန့်သည်တစ်ယောက်ကို တွေ့လိုက်ရလေသည်။





ညွှန့်သည်သည် သူ့ကိုမြင်သည်နှင့် ထိုင်ရာမှထရပ်ပြီး…

"ဒေါက်တာ မင်းသွင် ထင်ပါတယ်…"

"ဟုတ်ကဲ့ ကျွန်တော် ဒေါက်တာ မင်းသွင်ပါ၊ ဒီက‥"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်တော် ဒေါက်တာနဲ့အတူ အလုပ်လုပ်ဖို့ မနေ့ညကပဲရောက်လာပါတယ်၊ ကျွန်တော့်နာမည်က ထွန်းနောင်ပါ…"

"ဟာ‥ဒေါက်တာ ထွန်းနောင်၊ ဟုတ်ပြီ ကျွန်တော် သိပ်ဝမ်းသာတယ်ဗျာ၊ ကျွန်တော်လည်း ရောက်လာမယ့်ဆရာဝန်ကို မျှော်နေတာပါ…"

"ဒီမှာ ဒေါက်တာ မင်းသွင်တစ်ယောက်တည်း ပင်ပန်းနေပြီထင်တယ်…"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ဒီလိုပေါ့ အခုတော့ ခင်ဗျားရောက်လာပြီပဲ…"

"ကျွန်တော် ဒီနေ့ပဲအလုပ်ဝင်ပါတယ် ဒေါက်တာ…"

"ကျေးဇူးပါပဲဗျာ၊ ကဲ နာ့စ်တွေလည်း ဒေါက်တာရောက်တာမသိသေးဘူးထင်တယ်၊ ကျွန်တော် တစ်ခါတည်းမိတ်ဆက်ထားပေးပါမယ်၊ လာ…"

အသစ်ရောက်လာသည့် ဒေါက်တာ ထွန်းနောင်ကိုခေါ်ပြီး ဆရာမများအခန်းဆီသို့ ထွက်ခဲ့ကြလေသည်။

ညွှန့်သည်တစ်ယောက်နှင့်အတူ ဒေါက်တာ မင်းသွင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်ကိုတွေ့သည်နှင့် အခန်းထဲရှိဆရာမလေးတွေမှာ ထရပ်ပြီးကြိုဆိုလိုက်ကြသည်။

"ဆရာမကြီး ဒေါ်အေးခင်နဲ့ဟိုဆရာမလေးနှစ်ယောက်ကော မမြင်ပါလား…"

"မွေးလူနာဆောင်ဘက်သွားပါတယ် ဒေါက်တာ၊ သွားခေါ်ရမလား…"

"နေပါစေတော့၊ ဆရာမတို့နဲ့ ကျွန်တော် လာမိတ်ဆက်ပေးတာ၊ ကျွန်တော်တို့ အင်အားပြည့်လာပြီလေ၊ ဒါ မနေ့ညက ရောက်လာတဲ့ ဒေါက်တာ ထွန်းနောင်တဲ့…"

ဟု မိတ်ဆက်ပေးလိုက်သည်တွင် ဆရာမလေးများ၏မျက်နှာများမှ ဝမ်းသာရိပ်များကို တွေ့လိုက်ကြရလေသည်။

"ကဲ‥ဒေါက်တာ ထွန်းနောင် ဒီကဆရာမတွေကတော့ သီတာ၊ သူဇာ၊ သွယ်သွယ်၊ သန်းသန်းတဲ့၊ နောက်ထပ်ဆရာမနှစ်ယောက်သုံးယောက်ကျန်ပါသေးတယ်၊ ဆေးရုံအလုပ်သမားတွေလည်းရှိပါသေးတယ်၊ နောက်တော့ ဒေါက်တာ အားလုံးကိုသိသွားမှာပါ…"

"ဟုတ်ကဲ့ ဒေါက်တာ…"

"ကဲ‥လက်ထောက် ဆရာဝန်နေရမယ့်အခန်း ကျွန်တော်လိုက်ပြမယ်…"

ဆရာမများအခန်းမှထွက်လာပြီး လက်ထောက်ဆရာဝန်





နေရမည့်သီးသန့်ခန်းဆီသို့ ခေါ်လာခဲ့သည်။

"ဟုတ်ကဲ့ ဒေါက်တာ၊ ဆေးရုံကဆောက်ထားတာ တော်တော်စနစ်ကျပြီး သိပ်ကောင်းတာပဲ…"

"ဟုတ်တယ်ဗျ၊ ဒါနဲ့ခင်ဗျားက မိသားစုနဲ့လား…"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်တော့်မှာမိသားစုရှိပါ၊ ဒါပေမဲ့ ကျွန်တော် ဒီမှာနေဖို့ အိမ်အဆင်ပြေမှခေါ်လိုက်မှာပါ…"

"ဪ‥နေဖို့အိမ်အဆင်ပြေဖို့ဆိုတာကတော့ မြို့ထဲလောက်မှာငှားမှ အဆင်ပြေမယ်ထင်တယ်…

ဆေးရုံနားကအိမ်တွေက နည်းနည်းကျဉ်းတယ်၊ မိသားစုဘယ်နှစ်ယောက်ရှိလဲ…"

"ခြောက်ယောက်ပါ ဒေါက်တာ၊ ကျွန်တော် ဇနီးရယ်၊ သားသုံးယောက်ရယ် အိမ်ဖော်တစ်ယောက်ရယ်ပါ…

ကျွန်တော်တို့မိသားစုအတွက် အိမ်လည်းနည်းနည်းကျယ်မှဖြစ်မယ်လေ…"

"ဟုတ်တာပေါ့၊ ခင်ဗျားအတွက် ကျွန်တော်လည်း ဝိုင်းကူရှာပေးပါ့မယ်…"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ…"

လက်ထောက်ဆရာဝန် အနားယူခန်းထဲမှာပင် အေးအေးဆေးဆေး သူတို့စကားတွေပြောဖြစ်ကြသည်။

အတန်ကြာသည်အထိ စကားတွေပြောဖြစ်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်စရန် အခန်းထဲမှထွက်ခဲ့ကြလေ၏။

ဆရာဝန်အသစ်တစ်ယောက် ထပ်ရောက်လာပြီမို့အားလုံး အားတက်ပျော်ရွှင်နေမိကြသည်။

မှန်သည်။ မင်းသွင်သည်ပင်လည်း စောစောပိုင်းက အတိတ်၏အရိပ်များ စွန်းသွားရ၍ စိတ်အနှောင့်အယှက်ကြီးအဖြစ် ခံစားလိုက်ရပေမယ့်…

ဒေါက်တာ ထွန်းနောင်နှင့်တွေ့ပြီးသည့်အချိန်မှစ၍ စိတ်ထဲအားရစွာဖြင့် ဂျူတီချိန်များကုန်မှန်းမသိ၊ တစ်နေ့တာအချိန်တို့ ကုန်သွားရပါလေတော့သတည်း။ ။

×× ×× ××

- တစ်ဆယ့်ခုနစ် -

"အို…ဒီကားမီးကြီးကလည်း ထိုးထားလိုက်တာ၊ မျက်လုံးကိုပြာနေတာပဲ…"

နှုတ်မှတိုးတိုးရွတ်ဆိုရင်း အထိုးခံထားရသည့်ကားမီးရောင်ကြောင့် မျက်လုံးထဲပြာသွားရ၏။ ပြေးရှိန်ကို နဒီ လျှော့ချလိုက်ရတော့သည်။

ကြည့်ပါဦး၊ မီးကိုတစ်ခါတည်းထိုးထားလိုက်တာ၊ အားမှမနာတတ်ဘူး…။

ကိုယ့်ကြောင့် သူတစ်ပါးအနှောင့်အယှက်ဖြစ်တာကို နားမလည်ဘူးလားမသိဘူး…

မျက်နှာချင်းဆိုင်မှ ကားမီးကြီးနှစ်လုံးကို ဖွင့်ပြီး[illegible]နှင် လာသောကားကြောင့် နဒီလိုင်း ဒေါလေးပင်ပွကာ[illegible]ဖြစ်ရ[illegible] ကျွီး…



www.burmeseclassic.com

www.burmeseclassic.com



"အမေ့..."

"အို..အို..."

ချိုင်း...

ကားမီးရောင်ကြောင့် မျက်လုံးတွေပြာနမ်းနေ၍ နဒီ ဘာ ကိုမှမမြင်၊ နဒီနှင့်ရှေ့တည့်တည့်တွင် ကားရပ်သွားသည်ကိုတော့ သိလိုက်သည်။

ကားတံခါးဖွင့်သံပိတ်သံနှင့်အတူ လူတစ်ယောက်၏ ခေါ်မှုကြောင့် ကားထဲသို့ နဒီ ရောက်သွားရသည့်အဖြစ်ကို နောက် ဆုံး နဒီ သိလိုက်ရချေ၏။

"ဟင်..ဒေါက်..ဒေါက်တာ..."

ကားရှေ့မီးကိုပိတ်ပြီး ကားထဲမှမီးကို မင်းသွင် ဖွင့်လိုက် သည်။

ထိုအခါမှ နဒီ့မျက်လုံးထဲ မှိမှိအနီးတွင် မြင်တွေ့လိုက် ရသည့် မင်းသွင်ကြောင့် လန့်ဖျပ်ကာ ခေါ်ဖြစ်သွားရလေ၏။

အင်း...

နဒီကို စိုက်စိုက်ကြည့်ရင်း မင်းသွင်သည် အေးအေးဆေး ဆေးပင် ခေါင်းတစ်ချက်ညိတ်ကာ အင်းဟုဆိုဖြစ်လိုက်သည်။

"ဟို..ဟို..."

နဒီကား မှိမှိအနီးတွင် ဒေါက်တာ မင်းသွင်ရှိနေ၍ လန့် သလိုတုန်သလိုဖြင့် မနေတတ်မထိုင်တတ်လေး ဖြစ်နေရပါလေ





၏။

"နဒီ..."

"ဟို နဒီ ဆက်ပြီးပြေးရဦးမယ်..."

"အဲဒါကို ကိုကို ခွင့်မပြုနိုင်သေးဘူး..."

"အို..."

ကားပေါ်မှဆင်းတော့မည့် နဒီ့လက်တစ်ဖက်ကို မင်းသွင် ဆွဲကာဆိုသဖြင့် နဒီမှာ ရုက်လန့်စွာဖြင့် ထူပူသွားရချေသည်။

ကားမီးကိုဖွင့်ထားဆဲ နဒီ့မျက်နှာလေးဆီသာ မင်းသွင် စိုက်ကြည့်မိသည်။

ပြီးမှ မင်းသွင်သည် ကိုင်ထားသည့် နဒီ့ လက်ကလေးကို ညင်သာစွာလွှတ်ပေးလိုက်ရင်း စကားကိုဆက်ဆိုသည်။

"နဒီ ကိုကို့ကို ဘာဖြစ်လို့ရှောင်နေရတာလဲ..."

"အို..နဒီ မရှောင်ပါဘူး..."

"သေချာရဲ့လား..."

"ဟုတ်ကဲ့..."

"ဒါဖြင့် ကိုကို ဖုန်းဆက်မယ့်အချိန်ကို သိရက်သားနဲ့ဘာ လို့မစောင့်တာလဲ..."

"အဲဒါ နဒီ မေ့သွားလို့ပါ..."

"ဟင်..မေ့သွားလို့..."

ရင်ထဲဘယ်နားကနာသွားမှန်း မသိသလိုလိုခံရချက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင် ဆိုမေးမေးဖြစ်သည်။

"ဟုတ်ကဲ့..."

မင်းသွင်ကို မကြည့်၊ မျက်လွှာလေးချိမ်းကာ နဒီ ဖြေသည်။

ဟင်...

ရင်မှမောဟိုက်သောသက်မသော မင်းသွင် ချလိုက်သည်။

"ကဲ..ဒါဖြင့်အစက မနက်ရောညနေရော မြို့ထဲကလမ်းတွေမှာပဲပြေးနေတာ ဘာလို့အခုမှ ဒီကမ်းခြေမှာ လာပြေးနေရတာလဲ..."

"ဟိုမှာမပြေးချင်တော့လို့ပါ..."

"ဘာလို့မပြေးချင်တော့တာလဲ..."

"ဒီမှာက လေကောင်းလေသန့်ရလို့ပါ ဒေါက်တာ..."

"အင်းလေ၊ ဟုတ်ပါပြီတဲ့၊ ကဲ ထားတော့၊ ဟိုနေ့က မပြတ်သေးတဲ့ကိစ္စ ဒီနေ့ပြန်ဆက်မယ်..."

"နဒီ မသိဘူး..."

"ဘာမသိတာလဲ..."

သူ စေ့စေ့ကြည့်ပြီးမေးတော့၊ နဒီ မဖြေတော့၊ မျက်နှာလေးကပို၍ငုံ့သွားရသည်။

မင်းသွင်စိတ်ထဲ မချင့်မရဲဖြစ်လိုက်ရသည့်ဖြစ်ခြင်း၊ သို့



သော်လည်း အေးအေးဆေးဆေးပင်ဆက်ပြီး စကားပြောဖြစ်ပါသည်။

"ကိုကို မေးမယ်၊ နဒီ့မှာချစ်သူရှိလား..."

သူ့ကိုမကြည့်ဘဲ နဒီ ခေါင်းလေးယမ်းပြသည်။

"သေချာလား..."

သူ ထပ်မေးတော့ နဒီ သူ့ကိုမော့ကြည့်လာသည်။

"မရှိတာကို ရှိတယ်လို့ပြောရမှာလား ဒေါက်တာ..."

နဒီ့အသံလေးက မကျေနပ်သံလေးစွက်သွားရသည်။

နဒီကိုကြည့်ပြီး မင်းသွင်မျက်နှာချောချောမှာ ပြုံးယောင်ယောင်ရှိလာရင်းက...

"ရှိနေရင်တောင်မှ မရှိဘူးလို့လိမ်ပြောတာပဲကြားချင်တယ်..."

"အို..."

"အဟွန်း..."

လန့်သယောင် အံ့သြဟန်သွင်လေးဖြင့် မျက်ဝန်းလှလှလေးပြူးကာ နဒီ သူ့ကိုကြည့်တော့ သူ ကြည်နူးစွာပြုံးဖြစ်လိုက်သည်။

မတွေ့ဖူးသောထိုအပြုံးချောကြီးအား နဒီပင် ငေးကြည့်ဖြစ်သွားရ၏။

နဂိုကချောမွေ့သော သူ့အသွင်သည် ရယ်လိုက်ပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ပို၍နုပျိုသွားသည်ဟု နန္ဒီစိတ်ထဲတွေးဖြစ်သွားရလေ၏

"နန္ဒီ ကိုကို့ကို သဲသဲကွဲကွဲအဖြေတစ်ခုပေးပါ..."

နန္ဒီ မပြော၊ ဖြေရခက်ဟန်ဖြင့် ခေါင်းလေးငုံ့သွားသည် နန္ဒီကိုကြည့်ပြီး မင်းသွင် ဆက်ပြောသည်။

"ကိုကို့ကို နန္ဒီ မုန်းလား..."

"ဒေါက်တာ့ကိုမုန်းရအောင် ဒေါက်တာနဲ့နန္ဒီက ရန်သူ တွေမှမဟုတ်တာ..."

"ရန်သူတွေမဟုတ်လို့ ချစ်သူတွေအဖြစ် ကိုကို ခံယူချင် တယ်၊ အို..ချစ်သူဘဝထက်ကိုလည်း ပိုပြီးလိုချင်တယ်...

တစ်ယောက်ဘဝကိုတစ်ယောက်ဆီမှာ ပုံအပ်နှင်းထား ချစ်သူဇနီးမောင်နှံဘဝအထိ ကိုကို ရယူပိုင်ဆိုင်ချင်တယ်..."

သူ့စကားတွေကြောင့် နန္ဒီမျက်နှာဖူးဖူးလေးမှာ ရှက်သွေး တို့ဖြင့် ရဲရဲနီနေရပါတော့၏။

သူ့မျက်ဝန်းညိုကြီးများအောက်တွင် နန္ဒီ အနေကျပ်လှ သည်။

တုံ့တွေးတစ်ချက်ကို နန္ဒီ သာသာကလေးမျိုချမိသည်

"ပြောပါဦး နန္ဒီရယ်၊ ကိုကို နန္ဒီ့ဆီကအဖြေရတာ နန္ဒီ့ရဲ့မိဘများထံမှာ သွားပြီးတောင်းရမ်းချင်ပါတယ်...

ပြောလေ နန္ဒီ၊ ကိုကို့ကိုချစ်လား၊ လက်ထပ်မလား..."

"ဟို..ဟိုလေ၊ နန္ဒီ..နန္ဒီ..."





အရှက်အလန့်တွေ လွှမ်းကျုံးနေရသည့် နန္ဒီ့တစ်ကိုယ်လုံး ကား တုန်ရင်နေရပါတော့၏။

"နန္ဒီရယ်..."

"အို..ဟို..."

နန္ဒီ့ခါးလေးမှဆွဲယူကာ မင်းသွင်သည် ရင်ခွင်ထဲဆွဲသွင်း ထားမိလိုက်ပါတော့သည်။

နန္ဒီကား ငယ်ထိပ်မှပင်အရှက်တို့ကျုံးပေါက်ထွက်သွား သလားပင်၊ မျက်ဝန်းများထဲပြာခနဲရှိကာ ဘာမှန်းမသိလိုက် အောင်ဖြစ်သွားလိုက်ရပါလေ၏။

"နန္ဒီ့ကိုချစ်တယ်၊ လက်ထပ်ပါရစေ နန္ဒီရယ်နော်၊ ချစ် တယ် နန္ဒီရယ်၊ သိပ်ချစ်ရတာပါ၊ အမြန်ဆုံး ကိုကို လက်ထပ်ပါရ စေကွယ်နော်..."

ရင်ခွင်နွေးနွေးအတွေ့တွင် အရှက်အငွေ့များ ပျယ်လွင့် ဟန်ရှိလေသည်။

နန္ဒီကား ဒေါက်တာ မင်းသွင်၏ရင်ခွင် နွေးနွေးကြီးထဲ သက်ဝင်စွာရှိနေလေပြီမဟုတ်ပါလား...။

လေငြိမ်နေ၍ ပင်လယ်ရေပြင်သည်လည်း ငြိမ်သက်နေ ရှိသည်။

ကမ်းခြေအားလှိုင်းပုတ်သံကို ဒီနေ့မှ နန္ဒီမကြားမိ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေမျက်နှာပြင်မှ နွေးထွေးသောအငွေ့များ သည် ချစ်သူနှစ်ဦးအား ပို၍နွေးထွေးနေသလိုရယ်…။

တိတ်ဆိတ်ငြိမ်းချမ်း၊ နွေးထွေးခြင်းဖြင့် မန်ကျည်းတန်း ကမ်းခြေ သောင်ပြင်လေးထက် ကားလေးပေါ်တွင်ချစ်သူနှစ်ဦး ကား အချစ်ရင်ငွေ့များနှင့်အနမ်းငွေ့များတို့ဖြင့် နွေးထွေးနေရပါ သတည်း…။

"နဒီ…"

"ရှင်…"

မင်းသွင်နှုတ်ခမ်းထက် ပါးနုနုလေးကပ်ကာ ချစ်ရည်သံ ချိုအီအီလေးဖြင့် နဒီ လည်းထူးပါ၏။

"ကိုကိုလို့ခေါ်ကွာ…"

"ရှက်လို့…"

"ဒါလေးကိုခုထိရှက်တုန်းလား၊ ဒါဖြင့် စကြာဝဠာထဲ တစ်ပါတည်းခေါ်သွားလိုက်တော့မယ်…"

"ဟာ…ကိုကိုလို့ခေါ်တော့မယ်…"

"အဟွန်း…အဟွန်း…"

အနှစ်ခြိုက်ဆုံး မင်းသွင် ရယ်လိုက်မိ၏။

"နဒီ…"

"ကိုကို…"

"ဟာ…သိပ်ကောင်းတာပဲ၊ ပြန်ခေါ်ပါဦး…"





"ကိုကို…ကိုကို…ကိုကို…"

"ဟား…သိပ်ကောင်းတာပဲ…"

"ကိုကို နဒီကိုတကယ်ချစ်တာလားဟင်…"

"ဟာ…ဘယ်လိုမေးလိုက်တာလဲ…"

"မယုံလို့မေးတာပေါ့၊ ကိုကို့မှာ တခြားချစ်သူရှိနေရင် ဘယ်လိုလုပ်မလဲ…"

"ကျွန်တော့်ဘဝမှာ ခင်ဗျားတစ်ယောက်တည်းရှိတာ၊ ခင်ဗျားလေးကကော ကျွန်တော် ယုံရမှာလား၊ စိတ်ချရမှာလား"

"အမယ်…တစ်ဖက်သားကို အထင်သေး၊ အမြင်သေးနဲ့ ပြောပါနဲ့ ဆရာဝန်ကြီးရဲ့၊ ကျွန်မကို ရှင်ကြီးက ချစ်တတ်အောင် သင်ပေးလို့၊ ကျွန်မက အခုမှရှင်ကြီးကို ချစ်တတ်လာတာ…"

"အဟွန်း…ဟွန်း၊ ဒီလိုရန်တွေ့ပုံလေးကို သိပ်ကြိုက်သွားပြီဗျာ၊ အချစ်လေးက ကိုကို့ကိုမယုံဘူးလား၊ စိတ်မချဘူးလား"

"အလွမ်းဘွဲ့ရထားတဲ့သူလို့ သတင်းကြီးနေတဲ့ဟာ ကျွန် ရှင်ကြီးဘယ်လိုယုံရမှာလဲ၊ စိတ်ချရမှာလဲ…"

"အဟွန်း…အဲဒီလိုမယုံတာမှ ပိုကြိုက်သေးတယ်၊ ခင်ဗျားလေးက ကျွန်တော့်ကိုမယုံဘူး၊ စိတ်မချဘူးဆိုရင်တော့ ကျွန်တော့်ကို အမြန်ဆုံးလက်ထပ်လိုက်ပေါ့…

မနက်ဖြန် လူကြီးတွေကိုပြောပြီး ရုံးမှာချက်ချင်းလက်ထပ် ကြအောင်လေ…"



www.burmeseclassic.com

www.burmeseclassic.com



"အို..နေပါဦး..."

"တွေ့လား၊ ကျွန်တော်မျိုးက လက်တွေ့လုပ်ပြတော့ ခင်ဗျားလေးကပဲ ငြင်းတာမဟုတ်လား..."

"အဟင်း..ကိုကိုကလည်း နဒီက မချစ်လို့မှမဟုတ်တာ၊ သိပ်မြန်လွန်းတော့ သူများတွေပြောကုန်မှာစိုးလို့ပါ ကိုကိုရယ်..."

နဒီ့လက်ကလေးတွေ ချစ်သူကိုတင်းတင်းလေးဖက်လာ ရင်းက ဆိုသည်။

ချစ်သူနုနုလှလှလေးအား မင်းသွင်သည်လည်း လူချင်း မျက်နှာချင်းကြားလေမှအသွေးမခံနိုင်အောင် ပူးယှက်ထားရင်းက

"လူတွေပြောမှာကို ဂရုစိုက်ရမှာလည်း အချစ်ရယ်၊ သူများတွေပြောကြတာက နဒီနဲ့ကိုကို့ကို သူတို့တွေမရနိုင်ကြလို့ သူတို့တွေမရနိုင်ကြလို့ပြောကြတာ၊ နာမလိုလို့ပြောကြတာ...

မရဘူးကွာ၊ ကိုကိုတော့ အမြန်ဆုံးပဲ နဒီ့ကိုယူမယ်၊ ဒီလကုန်တော့မယ်၊ နောက်လဒီဇင်ဘာထဲမှာ ကိုကိုတို့လက်ထပ်ကြရအောင်ကွယ်နော်...

နဒီနဲ့ကိုကို ကြာကြာကြီးခွဲပြီး မနေနိုင်တော့လို့ပါနော် ကိုကို့ကိုချစ်တယ်ဆို မသနားဘူးလား၊ ချစ်ရင် အမြန်ဆုံးလက်ထပ်ကြရအောင်နော် အချစ်..."

မချင့်မရဲ နဒီ့ကိုယ်လုံးလေးအား ဖက်ထားရင်း မင်းသွင် ဆိုနေလေ၏။





"ကိုကိုရယ်၊ ကိုကို့ကို နဒီချစ်တယ်၊ သနားတယ်၊ သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ စောစောက ကိုကို ပြောသလိုပဲ ဒီဇင်ဘာလောက်မှ နဒီတို့ လက်ထပ်ကြတာပေါ့နော်၊ သိပ်လည်းမကြာတော့တာမှမဟုတ်ဘဲ၊ နောက်လပဲဟာ..နော် ကိုကို..."

"ကောင်းပါပြီ၊ ဒါပေမဲ့ လူကြီးတွေဆီတော့ကြိုပြီး ကိုကို သွားတောင်းရမ်းထားမယ်နော်..."

"ဟုတ်ကဲ့၊ ဘယ်တော့လဲဟင်..."

"ဒီညနေ..."

"ဟာ..ကိုကိုကလည်း..."

"ဒါဖြင့် မနက်ဖြန်ကွာ၊ မငြင်းနဲ့တော့..."

"မငြင်းတော့ပါဘူး ကိုကိုရယ်၊ နဒီက ကိုကို့ကို သိပ်ချစ်တာပါ၊ ကိုကို့သဘောအတိုင်း စိတ်ချမ်းသာသလိုလုပ်ပါ...

ကိုကို ပျော်ရင် နဒီလည်းပျော်တယ်၊ ကိုကို စိတ်ချမ်းသာရင် နဒီလည်း စိတ်ချမ်းသာနေမှာပါပဲ..."

"ကိုကို့ချစ်သူ အလိမ္မာလေးရယ်..."

အနမ်းမိုးလေးများ သည်းသွားပြန်၏။

"ကိုကို..."

"ဗျာ..."

"ပြန်ကြရအောင်နော်..."

"ကောင်းပါပြီ အချစ်ရယ်၊ ညနေကျရင် ကိုကို အချစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်သေးတယ်၊ ကမ်းခြေကိုပဲ ကိုကို လာခဲ့မယ်နော်···

မျက်နှာဖူးဖူးလေးမှ ချစ်စရာအပြုံးလေးနှင့် နဒီ ခေါ
လေး ညိတ်ပြသည်။

ထို့နောက် ချစ်သူနှစ်ဦးကား ကမ်းခြေမှ ကားဖြ
မောင်းထွက်ခဲ့ပါလေတော့၏။

ထိုနေ့ကဖြင့် ချစ်သူနှစ်ဦးစလုံးကား ဘယ်သွားသွ
ဘာလုပ်လုပ်၊ ဘယ်လိုနေနေ၊ ရင်ထဲခွေးလှိုက်သာယာနေကြ
သတည်း···။ ။

×× ×× ××



## - တစ်ဆယ့်ရှစ် -

ဖူးဖူးထအောင်လှသော အလှပိုင်ရှင် နဒီမျက်နှာလေးမှ
သည် တစ်ကိုယ်လုံးအား မင်းသွင်သည် ကြည့်နေမိလေသည်။

နဒီသည်လည်းပဲ ယောကျ်ားပီသစွာချောခန့်နေရသည့်
ချစ်သူကိုကိုအား မျက်ဝန်းလှလှလေးတွေနှင့် ကြည့်နေမိပါလေ၏။

"နဒီ···"

"ရှင်··ကိုကို···"

"ကိုကိုကို့ ဘာကြည့်နေတာလဲ···"

"ကိုကိုကရော နဒီ့ကို ဘာကြည့်နေတာလဲ···"

"ကိုကို့ချစ်သူက သိပ်ချောသိပ်လှပြီး သိပ်ချစ်လို့ ကိုကို
ကြည့်နေတာ···"

"နဒီလည်း ကိုကို့လိုပဲပေါ့···"

"ဟုတ်ရဲ့လား ကောင်မလေး···"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် လူကြီးကကော ဟုတ်ရဲ့လား…"

"ကြည့်စမ်း ကိုကို့ကိုနောက်နေတယ်…"

"အဟင်း‥ဟင်း‥ဟင်း…"

"သိပ်ချစ်တာပဲ နဒီရယ်၊ ကိုကို့ဘဝမှာလေ အခုမှအချစ်ဆိုတာကို စစဦးတွေ့ဖူးကြုံဖူးချစ်ဖူးရတာပါ…"

"ယုံလိုက်မယ်နော် ကိုကို…"

"တော်တော်စကားတတ်တယ်…"

"ကိုကို သင်ပေးထားလို့ပါ…"

"နဒီ ကိုကို့ကိုချစ်တယ်နော်…"

"နဒီ မညာဘူး၊ မရှက်ဘူး၊ ကိုကို့ကို နဒီ သိပ်ချစ်တယ် ကိုကိုကရောဟင်…"

"ပြောမပြတတ်အောင်ပဲကွယ်၊ ဖြစ်နိုင်ရင် ကိုကို့ရင်ကိုခွဲပြီး နဒီ့ကိုထည့်ထားချင်တယ်…"

"ကိုကိုရယ်…"

"အချစ်ရယ် ကိုကို အခုလိုပဲအတူနေချင်ပြီကွယ်…"

"အခုလည်း အတူနေနေရတာပဲလေ…"

"အိုကွာ လက်ထပ်ပြီးအတူနေချင်တာ…"

"ကိုကိုကလည်းကွယ်၊ မကြာခင်ပဲလက်ထပ်တော့မယ့်ဟာ…"

"အခု လူတွေကတောင်မှ နဒီနဲ့ကိုကိုတို့ချစ်နေကြပြီဆို





တာ သိနေကြပြီ၊ သတင်းကလည်းမြန်တယ်နော်၊ ဘယ်လိုဘယ်လိုပေါက်ကြားသွားမှန်းကို မသိဘူး…"

"ပြောပါစေ နဒီရယ်၊ လူတွေက ကိုကိုတို့အကြောင်းကို စိတ်ဝင်စားနေကြတာကို…

ကိုကိုကလည်း လူတွေသိအောင်တမင်ပဲ နဒီတို့အိမ်ကို ဝင်ထွက်ပြလိုက်တာပဲ၊ ကိုကို ဒီညနေလာပြီး ဦးနဲ့ဒေါ်ဒေါ်တို့ဆီမှာ လာတောင်းတော့မယ်နော် အချစ်…"

"ဟာ‥နေဦး ကိုကို…"

"လုပ်ပြန်ပြီကွာ…"

"မဟုတ်ပါဘူး ကိုကိုရယ်၊ နဒီက အကောင်းပြောမလို့ပါ၊ ဖေဖေနဲ့မေမေကို နဒီ ညကပဲဖွင့်ပြောထားတယ် ကိုကိုရဲ့၊ မနက်ဖြန်ကျရင် ကိုကို လာတောင်းမယ်လို့ပြောတော့၊ အဲဒါ ဖေဖေက နဒီတို့ချင်းရည်ငံနေရင်တော့ သဘောမတူစရာမရှိပါဘူးတဲ့…

ဒါပေမဲ့ မနက်ဖြန်တော့ ရက်မကောင်းသေးလို့ လာမတောင်းပါသေးနဲ့ဦးတဲ့၊ သန်ဘက်ခါက ရက်ကောင်းတယ်တဲ့"

"ဟယ်‥ရက်ကလည်းတစ်ရက် နောက်ကျသွားရပြန်ပြီ…"

ချစ်စိတ်တို့မချင့်မရဲဖြင့် ဆိုမိသည်။ ချစ်သူမျက်နှာချောချောအား ပြုံးပြုံးလေးနှင့် နဒီ ကြည့်ရင်းက…



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလည်းကွယ်၊ ဒီနေ့စနေ မနက်ဖြန်တနင်္ဂနွေဆို တော့ ပိုတောင်ကောင်းသေးတယ်မဟုတ်လား၊ နော်··ကိုကိုနော် နဒီ သည်းဖို့လည်းထားပါဦး ကိုကိုရယ်၊ နဒီလည်း ကိုကိုနဲ့အမြဲ ဆုံးပဲ အတူနေချင်ပါပြီ၊ နဒီလေ ကိုကို့ကိုသိပ်ချစ်တယ်···"

"ကဲ··ကဲ အချစ်ကို ကိုကို လက်ဆောင်တစ်ခုပေးစရာရှိ တယ်၊ အချစ် မျက်လုံးလေးမှိတ်ထားနော်····"

နဒီမျက်ခွံလေးထက် လက်ချောင်းလေးတွေနှင့် မင်းသွင် မှိတ်စေလိုက်၍ နဒီမျက်ဝန်းအစုံ မှေးမှိတ်သွားရလေသည်။

ထိုအခါမှ မင်းသွင်သည် အင်္ကျီအိတ်ထဲမှပစ္စည်းလေးတစ် ခုကိုထုတ်ယူလိုက်ပြီး နဒီလည်တိုင်နုနုလေးတွင် ကိုယ်တိုင်ဆွဲပေး လိုက်လေသည်။

"ကဲ··အချစ်၊ မျက်လုံးဖွင့်ကြည့်တော့···"

နဒီ မျက်ဝန်းလေးတွေဖွင့်ကြည့်သည်။

"ဟင်··အို··ဆွဲကြိုးလေးနဲ့လောကက်ကလေး၊ အို ကိုကို ရယ် တန်ဖိုးကြီးလွန်းတယ်၊ နဒီ မယူ···"

"ရှူး··ဘယ်လိုပြောလိုက်တာလဲ အချစ်ရယ်၊ ကိုကို့ဘဝ တစ်သက်တာမှာ အချစ်ဆုံးမိန်းကလေးတစ်ယောက်ကိုပဲ ပေးဖို့ ရည်ရွယ်ထားခဲ့တဲ့ပစ္စည်းပါ၊ ဟောဒီမှာ ကိုကို့ဆီမှာလည်း တစ်ကုံးရှိသေးတယ်···"

"ဟင်··ပုံစံတူပါလား ကိုကို···"





"အဲဒါ ကိုကို့ဖေဖေနဲ့မေမေတို့ရဲ့ ပစ္စည်းတွေ၊ ဖေဖေနဲ့ မေမေဟာ သူတို့ဆုံးမှ ဒီပစ္စည်းတွေချွတ်သွားကြတာ၊ နောက်ပြီး တော့ ကိုကို့ကိုမှာသွားသေးတယ်၊ သူတို့လိုချစ်ခြင်းမျိုးလည်း ကိုကို့ ရှိပါစေတဲ့···

ပြီးတော့ ကိုကို လက်ထပ်မယ့်မိန်းကလေး၊ မင်္ဂလာဦး ညမှာ ဒီကြိုးတစ်ကုံးကိုပေးဆွဲပါတဲ့···

အဲဒီမင်္ဂလာဦးညကစပြီး မချွတ်တမ်းဆွဲထားပါတဲ့၊ ကိုကို တို့ညည်ချုပ်ငြိမ်းမယ့်အခါမှပဲ ချွတ်ပြီးသားစဉ်မြေးဆက် လက် ဆင့်ကမ်းပါတဲ့ဗျာ···

အခု ကိုကိုက မင်္ဂလာဦးညမတိုင်ခင်ဘဲ အချစ်လေးကို ချစ်လွန်းလို့ ဒီကြိုးလေးကိုပေးဆွဲလိုက်ပါပြီ၊ ကိုကိုလည်း ဆွဲလိုက် တော့မယ်၊ ဘယ်တော့မှမချွတ်နဲ့နော်···"

"ကိုကိုရယ်···"

နှစ်ကျပ်သားခန့်ရှိသော ရွှေဆွဲကြိုးလေးနှင့်ဘဲဥပုံလော် ကက်ပြားလေးဆီ ငေးငေးလေး နဒီ စိုက်ကြည့်နေမိသည်။

"နဒီ···"

"ကိုကို···"

"ဒီမှာဖွင့်ကြည့်လိုက်ပါဦး···"

နဒီလိုင်း ရင်ညွန့်ထက်မှ လော်ကက်ပြားလေးကို မင်းသွင် ပြလိုက်သည်တွင်···



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်..ကိုကို့ပုံလေးလည်းပါတယ်..."

"ဟုတ်တယ်၊ ကိုကို့ပုံကတစ်ခြမ်း၊ နဒီပုံလေးက တ
ခြမ်းထည့်ရမယ်၊ အစကတော့ အဲဒီအထဲမှာ ကိုကို့မိဘတွေ
ထည့်ထားတယ်လေ၊ ခုတော့ ကိုကို့နဲ့နဒီတို့ပုံထည့်ထားရမ
နဒီပုံလေးကို ကိုကို့ကိုလည်း ထည့်ပေးဦးနော်..."

"ဟုတ်ကဲ့ပါ ကိုကိုရယ်..."

ချစ်သူကိုကိုအား တင်းကျပ်စွာဖက်ထားရင်း ရင်ခွင်တွ
မျက်နှာလေးအပ်ထားရင်းက...

"ကိုကိုရယ်၊ ကိုကို့အချစ်တွေကို နဒီ မငံ့မရဲချစ်နေခဲ့
တာပါ၊ ကိုကိုက ချစ်တယ်ဆိုတာကို နဒီ လုံးဝမယုံရဲခဲ့ဘူး
ဘာဖြစ်လို့လဲဆိုတော့ ကိုကို့မှာချစ်သူရှိခဲ့တယ်ဆိုလို့..."

"ဟင်..အဲဒါ ဘယ်သူပြောလဲ..."

"ဒီလိုပဲ သူများတွေကပြောနေကြတာပဲလေ..."

"အဟွန်း..ဟွန်း..."

မင်းသွင် ရယ်သည်။ သူ့အရယ်အပြုံးသည် နဒီနှင့်တွေ့
ဖြစ်တည်မွေးဖွားရသည်ဆိုကလည်း မှားမည်မဟုတ်ပါလေ...

"ကိုကိုရယ် အဲဒီအတွက် နဒီက ကိုကို့ကို မငံ့မရဲချစ်ခဲ့
ရတာပါ..."

"သြော်..အချစ်ကလေးရယ်၊ ကဲ..ကဲ နဒီ သဘော
ပေါက်သွားအောင် ကိုကို ရှင်းပြမယ်ဟုတ်ပြီလား..."





ချစ်သူကိုယ်လုံးအိအိလေးအား ရင်ခွင်ထဲထွေးပိုက်ထားဆဲ
မင်းသွင် စကားဆက်သည်။

"ကိုကို တစ်ခုတော့ဝန်ခံပါတယ်၊ ဒီအကြောင်းတွေနဲ့ပတ်
သက်တိုင်း၊ တိုက်ဆိုင်တိုင်း၊ တွေးမိတိုင်း၊ သတိရတိုင်းမှာ...

ကိုကို ယူကြုံးမရဖြစ်ရတယ်၊ စိတ်ထိခိုက်ရပါတယ်
ကွယ်...

ဒီလိုပါအချစ်ရယ် ကိုကို ဆရာဝန်ပေါက်စဘဝတုန်းက
နယ်စပ်မြို့လေးတစ်မြို့ဖြစ်တဲ့ အပြောင်းဆိုတဲ့မြို့လေးမှာ တာဝန်
ကျခဲ့တယ်လေ..."

သူ့ရင်ခွင်ထဲမှ မော့မော့လေးကြည့်ကာ သူ့စကားတို့ကို
စိတ်ဝင်တစား နဒီ နားထောင်နေမိလေသည်။

ချစ်သူဆံနွယ်ပျော့ပျော့လေးတွေကို ဖွဖွကိုင်ရင်း မင်းသွင်
စကားဆက်သည်။

"အဲဒီမှာ ကျန်းမာရေးမှူးတစ်ယောက်နဲ့ ဆရာမလေးငါး
ယောက် ကိုကို့လက်အောက်မှာရှိတယ်...

ကျန်းမာရေးမှူးကတော့ တောရွာလေးဘက် သွားနေ
ရတော့ မြို့မှာသိပ်မရှိလှဘူး...

အဲဒီ ဆရာမလေး ငါးယောက်ထဲမှာ နဒီနဲ့ဆင်ဆင်တူတဲ့
ပိုးဉဆိုတဲ့ ဆရာမလေးတစ်ယောက်ရှိတယ်..."

"ဟင်..ပိုးဉ၊ ဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင်ရင်ခွင်ထဲမှထွက်ရင်း မင်းသွင်အား စူးစိုက်ကြည့်ကာ နဒီ မေးသည်။

"ဟုတ်တယ်၊ နဒီ သိလို့လား…"

"အို…ကိုကိုရယ်၊ ပိုးဥဆိုတာ နဒီ့ရဲ့အစ်မကြီးပဲ၊ ပိုးဥနဲ့မမက အသက်ကွာတယ်…

မမကြီးဆုံးသွားရတဲ့သတင်းကို နဒီတို့မှာ ကြက်သီးထအောင်ကြားရပါတယ်…

သူ့ချစ်သူက သူ့ကိုဖျက်စီးပစ်ပြီးမယူလို့၊ မမကြီးကအရှက်နဲ့အသက်ကို လဲသွားတာတဲ့၊ လက်စသပ်တော့ မမကြီးရဲ့ချစ်သူက ကိုကို…"

"ဟာ…မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကိုကိုက ပိုးဥနဲ့ဘာမှမဆိုင်ဘူး…

အဲဒီတုန်းက ကိုကို အဖြောင့်ကိုရောက်တာ လေးငါးလလောက်ပဲရှိသေးတာ…"

ချစ်သူလေး အထင်လွဲတော့မည်ဆဲဆဲမှ ချစ်သူလေးအား တင်းကျပ်စွာဖက်ထားရင်း မင်းသွင် ကပျာကယာရှင်းပြရသည်။

"ကိုကို ရှင်းပြတာကို စိတ်အေးအေးထားပြီး နားထောင်ပါ အချစ်ရယ်…

အချစ်မယုံရင် အဖြောင့်ကလူတွေဆီ လှမ်းမေးနိုင်တယ်၊ ကိုကို အဖြောင့်မှာတာဝန်မကျခင်ကတည်းက လူတွေဆီ လှမ်းမေး





နိုင်တယ်…

ကိုကို အဖြောင့်မှာတာဝန်မကျခင်ကတည်းက ဗိန္ဒောယောင်ယောင်ဘာယောင်ယောင်နဲ့ ဆေးကုနေတဲ့ ဒေါင်းပျံဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်…

အဲဒီလူက ပိုးဥကို သဘောကျနေတယ်၊ တိုတိုပြောရရင်ကွာ ကိုကိုလည်းရောက်ရော၊ ကိုကို့နဲ့ပိုးဥကို စိတ်မချ နာမလိုသမုတ်ပြီး ညဏ်နီညဏ်နက်တွေထုတ်နေတော့တာပဲ…

တကယ်တော့ အဲဒီဒေါင်းပျံဟာ တပည့်တပန်းတွေမွေးပြီး ရမ်းရမ်းကားကားလုပ်ရဲကိုင်ရဲတဲ့ လူဆိုးတစ်ယောက်ပဲ…

ကိုကို့နဲ့ ပိုးဥက အလုပ်တူတော့ တွဲသွားတွဲလာစကားပြောတာတွေမြင်ရင် သူ ခံပြင်းနေတတ်တယ်…

ပိုးဥနဲ့သူ ဘယ်လိုအခြေအနေတွေရှိတယ်ဆိုတာလည်း ကိုကို မသိဘူး၊ ကိုကိုကတော့ အလုပ်မောင်နှမပီပီ အလုပ်အတူလုပ်နေတာပဲရှိတယ်…

ကြည့်ရတာ ပိုးဥကလည်း အေးအေးဆေးဆေးပါပဲ၊ ဒေါင်းပျံကိုကြောက်ပြီး ရှောင်ပုံတော့ရတယ်…

ဟင်း…တစ်နေ့မှာတော့ကွယ် ပိုးဥကို ဒေါင်းပျံဟာ အကြမ်းဖက်ဖျက်စီးလိုက်တယ်…

မမြင်ရက်စရာ ပိုးဥရဲ့အလောင်းကို ကိုကို မြင်ရပြီး၊ အကြောင်းတွေသိရတဲ့အခါ ကိုကို တော်တော်ပဲ စိတ်ထိခိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားသွားရတယ်…

ပိုးဥအတွက်နဲ့ ကိုကိုက မကျေနပ်လို့ ဒေါင်းပျံကိုသွားတွေ့မယ်လုပ်တုန်းမှာ ဒေါင်းပျံဟာ သူ့အဖွဲ့နဲ့ကိုကိုဆီရောက်လာပြီး ကိုကို့ကိုဝိုင်းချုပ်ပြီး မူးယစ်ဆေးဝါးတွေထိုးသွားတယ်…"

"အို…သိပ်ယုတ်မာတဲ့လူကြီးပဲ…"

"ဟုတ်တယ်၊ သူ့ကိုလူတွေအားလုံးက ကြောက်နေကြရတယ်၊ ဒါပေမဲ့ မကြာပါဘူး အဲဒီလူလည်း ရက်ရက်စက်စက်ပဲ အသတ်ခံလိုက်ရတယ်…"

"ဒါနဲ့ ကိုကို့ကို မူးယစ်ဆေးတွေထိုးသွားတော့ ကိုကို ဘာမှမဖြစ်ဘူးလား…"

"ထိုးစကတော့ ဘယ်ဟန်နိုင်မလဲ၊ နောက်မှ မူးယစ်ဆေးတွေကို ချေဖျက်ရတယ်၊ သြော်…ကိုကိုပြောတာတွေ နဒီ မယုံရင် ကိုကို သက်သေပြဖို့ရှိတယ်…

အခု အဖြောင့်မှာနေခဲ့တဲ့လူတစ် ယောက် ဆေးရုံလာတက်နေတယ်၊ အဲဒီလူနဲ့သွားမေးကြည့်၊ အဲဒီ လူလည်း အားလုံးသိတယ်…

ပိုးဥနဲ့ကိုကို ဘာမှမဖြစ်ဘူးဆိုတာတော့ နဒီ ယုံ၊ ဒါပေမဲ့ ပိုးဥအတွက် အခုထိတော့ ကိုကို စိတ်မကောင်းဖြစ်နေတုန်းပဲ"

"မမေးတော့ပါဘူး ကိုကိုရယ်၊ ကိုကို့ကို နဒီ ချစ်တယ်၊ ယုံတယ်၊ စောစောကအထင်လွဲမလိုဖြစ်သွားရတဲ့ နဒီကိုခွင့်လွှတ်





ပါနော်…"

"ဒါလေးတွေက ကိုကို့အတွက် အသေးအမွှားပါ အချစ်ရယ်၊ ထာဝရသက်ဆုံးတိုင် မင်းကိုချစ်ပြီး ခွင့်လွှတ်နေမယ့် ကိုကိုပါ…"

"ကိုကိုရယ်…"

"နဒီ ကိုကို့ကို ဝှဝှစားစားချစ်ရဲ့ပြီလားဟင်…"

"ကိုကိုရယ်၊ နဒီလေ ကိုကို့ကိုဘယ်အထိ၊ ဘယ်လောက်ချစ်တယ်ဆိုတာတွေတောင် မပြောပြတတ်တော့ဘူး…"

"ဒါဖြင့် ကိုကိုပဲ ကိုယ့်ဘာသာနားလည်ယူလိုက်တော့မယ်နော်…"

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်ကိုး

"ဒေါက်တာ မင်းသွင်ရေ၊ ကျွန်တော်တို့တော့ရောက်ပြီ ဗျာ၊ ကျွန်တော် ပြောင်းလာလာခြင်းလုပ်ရတဲ့အလုပ်ကတော့ လယ်ကီးပဲ ဦးနေလှိုင်ရေ…"

ရေချိုးပြီး၍မှန်ရှေ့ အဝတ်လဲခေါင်းဖြီးနေဆဲ၊ ဧည့်ခန်းထဲမှ စခန်းမှူးဦးနေလှိုင်နှင့် ဒေါက်တာထွန်းနောင်တို့ စကားသံများ ကြားလိုက်ရသည့် မင်းသွင်ကား ချက်ချင်းပင်အပြုံးတို့ဖြင့် အခန်းထဲမှထွက်လာခဲ့ရင်း…

"ဟာ..ဆရာတို့ဗျာ၊ ကျွန်တော် လာခေါ်မှာပေါ့၊ ကိုယ့်ဟာကိုယ်လာခဲ့ကြရတယ်လို့၊ အားနာစရာဗျာ…"

"ကိစ္စမရှိပါဘူး ဒေါက်တာ မင်းသွင်ရယ်၊ ကျွန်တော်တို့က ဒေါက်တာ့အကျိုးကို အထူးပဲသယ်ပိုးချင်တဲ့ စိတ်တွေနဲ့ပဲ





ကျွန်တော်တို့ဟာကျွန်တော်တို့ပဲ လာခဲ့ကြတာပါ…"

"ဒေါက်တာရေ ကျွန်တော်ကတော့ ခင်ဘုန်းမြို့ကိုရောက်တာနဲ့ ကိုယ့်ဆရာသမားအတွက် မိန်းမတောင်းလိုက်ရတာဆိုတော့ ကံကောင်းပြီလို့ ယူဆလိုက်ရတယ် ဒေါက်တာ…"

"အဟွန်း..အဟွန်း၊ ခင်ဗျားတို့ကို ကျွန်တော် ကျေးဇူးအထူးပဲတင်ပါတယ်ဗျာ…

ကျွန်တော်ကလည်း မိဘတွေဆုံးပြီးကတည်းက တစ်ကောင်ကြွက်လိုပဲနေခဲ့တော့တာဆိုတော့ ဆရာတို့ကိုပဲ ဒီအလုပ်မှာ အားကိုးရတာပါ…

ကဲ..စောပါသေးဗျာ၊ ငါးနာရီလောက်မှသွားကြတာပေါ့ ဒီမှာပဲအေးအေးဆေးဆေးထိုင်ပြီး စကားပြောနေကြသေးတာပေါ့"

မင်းသွင်ဆို၍ ဧည့်ခန်းတွင်အားလုံး ထိုင်လိုက်ကြသည်။

"ဘယ်လိုလဲ ဒေါက်တာ ကိုထွန်းနောင်၊ ဦးနေလှိုင်ပြောပေးတဲ့မိတ်ဆွေအိမ်နဲ့ အဆင်ပြေသွားပြီဆို…"

"ဟုတ်ကဲ့ ဒေါက်တာ၊ စကားတွေတော့ အားလုံးပြောပြီးဆိုပြီးသွားပါပြီ…"

"ဒေါက်တာ မင်းသွင်ရေ လောလောဆယ်တော့ ပြောင်းမရသေးဘူး…"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ…"

ဝင်ပြောလာသည့် ဦးနေလှိုင်စကားကြောင့် မင်းသွင်



www.burmeseclassic.com

www.burmeseclassic.com



မေးဖြစ်သည်။

"အခွန်ဦးစီးမှူးတစ်ယောက် ငှားထားတဲ့အိမ်ဆိုတော့ အခွန်ဦးစီးမှူးက ဒီဇင်ဘာလကုန်မှပြောင်းရမယ်လေ...

အခွန်ဦးစီးမှူးပြောင်းသွားမှ ဒေါက်တာ ထွန်းနောင်ဆက်ငှားပြီး မိသားစုခေါ်လို့ရမှာ..."

"သြော်..ဒီလိုလား၊ ဒါဆိုလည်းမဆိုးပါဘူး၊ တစ်လလောက်ပဲစောင့်ရမှာပဲဟာ..."

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်တော်လည်း အိမ်ကိုအကျိုးအကြောင်း ဖုန်းဆက်ပြောထားလိုက်ပါပြီ..."

"သြော်..စကားမစပ်ဗျာ၊ ဒေါက်တာ မင်းသွင်ကို ကျွန်တော် ပြောစရာတစ်ခုရှိသေးတယ်..."

ဦးနေလှိုင်ဆိုသဖြင့် ဘာများလဲဟူသောအကြည့်ဖြင့် မင်းသွင် လှမ်းကြည့်သည်။

လေးနက်သောအသွင်ဖြင့် ဦးနေလှိုင် စကားဆက်သည်။

"ဘမော်ကိုစောင့်ကြည့်နေကြတဲ့ ကျွန်တော့်တပည့်တွေကပြောတယ်..."

"ဟုတ်လား၊ ဘာပြောကြလဲ၊ ပြောပါဦး..."

လူနာရုပ်ဆိုး ဘမော်အကြောင်းစလာသဖြင့် ဒေါက်တာမင်းသွင်နှင့်ဒေါက်တာ ထွန်းနောင်တို့နှစ်ယောက်စလုံးမှာ စိတ်ဝင်စားနေမိကြလေ၏။





"ကျွန်တော့်တပည့်တွေပြောတာက ဒီလိုဗျ၊ ဘမော်ဟာ ဒေါက်တာ မင်းသွင်ကို တော်တော်အလေးအနက်ထားပြီး ကြည့်ကြည့်နေတတ်တယ်လို့ပြောတယ်...

တစ်ခါတစ်ခါ ဆေးရုံပေါ်မှာလမ်းလျှောက်သလိုလိုနဲ့ ဒေါက်တာ မင်းသွင်ကို လိုက်ကြည့်နေတာ သူတို့တွေ့တွေ့နေရတယ်တဲ့...

အဲဒါ ကျွန်တော့်တပည့်တွေကလည်း ဘမော်ကို မျက်ခြေမပြတ်ရဲဘူးဖြစ်နေတယ်၊ ဘမော်ကို ဒေါက်တာလည်း သတိထားနေဖို့ ကျွန်တော် ပြောတာ..."

ရဲအရာရှိ ဦးနေလှိုင် စကားကိုနားထောင်ရင်း မင်းသွင်သည်လည်း စဉ်းစားနေမိလေ၏။

"အင်း..အေးဗျာ၊ ကျွန်တော်လည်း အခုမှသတိထားမိသလိုပဲ၊ ဟုတ်တယ် ဦးနေလှိုင်...

ဘမော်ကို ကျွန်တော် သွားကြည့်တဲ့အခါတိုင်း ဘမော်မျက်လုံးကြီးတွေဟာ ကျွန်တော့်ဆီကို စူးစူးဝဲဝဲရောက်ရောက်နေတယ်၊ ကျွန်တော်က ကြည့်လိုက်ရင်တော့ ဘာသိဘာသာလိုနေလိုက်တယ်ဗျ..."

"ဒါဆိုရင် ဒေါက်တာ မင်းသွင် ဘမော်ကို သတိကောင်းကောင်းထားနေမှဖြစ်တော့မယ်..."

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



ဘမော်ကို အလေးအနက်ထားလာသည့်စိတ်ဖြင့် မင်းသွင် အင်းချလိုက်သည်။

ဘာမှန်းမသိရှာသေးသည့် စိတ်ဝင်တစားနားထောင်နေလေသော ဒေါက်တာ ထွန်းနောင်ဘက်လည်း ရဲအရာရှိဦးနေလှိုင်သည် လှည့်ကြည့်လာရင်းက…

“ဆေးရုံမှာဆိုတော့ ဒေါက်တာ ကိုထွန်းနောင်လည်း သတိထားနေရမှာပဲ…”

“ဟုတ်တယ်…”

ဒေါက်တာ ထွန်းနောင်ကိုကြည့်ပြီး မင်းသွင် ဆိုသည်။

“ဘာကြောင့်များလဲ ဆရာတို့ရယ်၊ ရှင်းပြပါဦး…”

ဒေါက်တာ ထွန်းနောင်ကား မေးနေသေး၍ ဗီးကုန်းမြို့တွင်ဖြစ်ပေါ်တတ်သည့် လူသတ်မှုအကြောင်းများနှင့် ယခုဆေးရုံပေါ်တွင် တက်ရောက်ကုသနေသည့် လူနာ ဘမော်အကြောင်းတို့အား…

ဦးနေလှိုင်သည် စိတ်ရှည်လက်ရှည် ပြောဆိုပြလိုက်လေ၏။

“ဟင်‥ဟုတ်လား၊ အေးဗျာ ကျွန်တော်လည်း ထူးဆန်းတဲ့လူသတ်မှုတွေနဲ့ အတော်များများကြုံခဲ့ရတယ်၊ ရဲတွေက အဲဒီလူသတ်မှုတွေကို လုံးဝမဖော်ထုတ်နိုင်ကြဘူး…”

ဦးနေလှိုင်စကားအဆုံးတွင် ဒေါက်တာ ထွန်းနောင်သည်





ည်း သူ ကြုံတွေ့ခဲ့ရသည့်အကြောင်းများအား လေးလေးနက်က် စဉ်းစားဟန်ဖြင့် ပြောပြနေလေသည်။

“ကျွန်တော့်တပည့်တွေပြောပုံဆိုရင်တော့ ဘမော်ဟာ ုံးဝစိတ်ချလို့မရဘူး ဒေါက်တာ မင်းသွင်…”

“ဒေါက်တာ မင်းသွင်ပြောပြလို့ အဖြောင့်မြို့မှာ ဒေါက်ာ မင်းသွင်နဲ့ဒီလူ သိခဲ့တယ်ဆိုတာမှန်တယ်ထား၊ အဲဒီအချိန်တည်းက ဒီလူဟာ စိတ်ရောဂါဖြစ်မဖြစ် ဘယ်သူသိသလဲ…

စိတ်ဝေဒနာသမားတွေဟာ အမျိုးမျိုးရှိတတ်ကြတယ်ဆိုာ ဒေါက်တာတို့က ကျွန်တော်တို့ထက် ပိုသိမှာပါ…

ခုချိန်မှာ သူတို့က ကောင်းနေတတ်ပေမယ့် ဖောက်ပြန်တဲ့ချိန်ကို ဘယ်ပြောနိုင်ကြမလဲမဟုတ်ဘူးလား…”

ဦးနေလှိုင်စကားများအား မင်းသွင်နှင့်အတူ ဒေါက်တာ ွန်းနောင်ပါ စိတ်ဝင်စားစဉ်းစားရင်း နားထောင်နေမိကြလေသည်။

“ကျွန်တော်လည်း ဒေါက်တာ မင်းသွင်ကို ဒီလူလိုက်ချောင်းနေတယ်ဆိုကတည်းက လုံးဝမသင်္ကာတော့ဘူး…

ဒါကြောင့် ကျွန်တော့်တပည့်တွေကိုတောင် နောက်ထပ်စ်ယောက်တိုးပြီး စောင့်ကြည့်ထားခိုင်းသေးတယ်…

နောက်ထပ်တော့ ဘယ်လိုအကြောင်းနဲ့မှ ကျွန်တော်တို့ ူသတ်မှုအဖြစ်မခံနိုင်တော့ဘူး…”



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မင်းသွင်နှင့်ဒေါက်တာ ထွန်းနောင်တို့ ခေါင်းတညိတ်ညိတ်ဖြင့် နေကြရလေ၏။

"မနက်ဖြန်ကျရင်တော့ ဒီလူနာဘမော်ကို ကျွန်တေ လေ့လာပြီးကြည့်ဦးမယ်..."

မင်းသွင်ကိုကြည့်ပြီး ထွန်းနောင် ဆိုသည်။

"ဒါနဲ့ ဦးနေလှိုင်..."

ဒေါက်တာ မင်းသွင် ခေါ်သဖြင့် ဆေးလိပ်တစ်လိပ် မီးညှိမည်ပြုဆဲ ဦးနေလှိုင် ကြည့်သည်။

"ဘမော်နေတဲ့ရွာကို လူလွှတ်လိုက်တာရောက်ပြီလား"

"မရောက်သေးဘူးဗျာ၊ ဘာသတင်းမှလည်းမကြားသေ ဘူး၊ သွားတာနည်းနည်းကြာပြီဆိုတော့ ရောက်တော့မှာပါ...

ဘာပဲပြောပြောလေ၊ ဒီလူကြည့်ရတာသိပ်ဟန်ပုံမပေ တာ ကျွန်တော်တို့သိနေတာပဲ၊ ဒေါက်တာတို့က အနီးကပ်ဆုံးနေ ကုနေကြတာဆိုတော့ ပိုသတိထားကြပါ..."

"ဟုတ်ကဲ့ ဦးနေလှိုင်၊ ကျွန်တော်တို့ သိထားကြရမှာပေ ဗျာ၊ ဦးနေလှိုင်နဲ့ဦးနေလှိုင်ရဲ့တပည့်တွေကို ကျွန်တော်တို့ကျေးဇ တင်ပါတယ်..."

"အချင်းချင်းပဲဟာ မလိုပါဘူး ဒေါက်တာ မင်းသွင်ရာ"

"ဟာ..ကျွန်တော်တို့ စကားကောင်းနေကြတာ သွားကြ အချိန်တန်ပြီ၊ ငါးနာရီထိုးတော့မယ်..."





ဒေါက်တာ ထွန်းနောင်လာပြောမှ နာရီကိုသူတို့ကြည့်ဖြစ် ကြသည်။

ထို့နောက် ထိုင်ရာမှအားလုံးထခဲ့ကြပြီး ဆင်ဝင်အောက်၌ ပ်ထားသည့် ဒေါက်တာ မင်းသွင် မောင်းသောကားလေးနှင့်ပင် သူတို့ ထွက်ခဲ့လိုက်ကြလေ၏။

ကားမောင်းဆဲ လမ်းတစ်လျှောက်လုံးတွင် မင်းသွင်သည် ပုံ့ပေါက်ကလေး၏ ရင်အစုံအလား နှလုံးစိုင်တစ်ခိုင်လုံး အခုန် န်လာခဲ့ရပါချေ၏။

လူရည်သန့် လူရှုယ်အရာရှိလေးများပီပီ၊ စည်းကမ်းကူညီမှု လေးများနှင့်ရှိကာ စကားမဆိုဖြစ်ကြ...။

ကားထဲတွင်တိတ်ဆိတ်နေ၏။

နဒီတို့ခြံရှေ့ရောက်ခါနီးသော် စကားမဆိုဘဲ သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးဖြစ်လိုက်ကြ၏။

မင်းသွင် မောင်းသောကားလေးသည် နဒီခြံဝန်းအတွင်း မောင်းနှင့်ဝင်ရောက်လာခဲ့တော့လည်း ဦးနေလှိုင်နှင့်ဒေါက်တာ ထွန်းနောင်တို့သည် ကူညီပြုံးလေးနှင့်ရှိလိုက်ရပါ၏။

ဆင်ဝင်အောက်၌ မင်းသွင်ကားလေး ထိုးရပ်သွားလေ ...။

"သြော်..ဒေါက်တာတို့နဲ့အတူ စခန်းမှူးကြီးလည်းပါလာ ဘာကိုး၊ ကြွပါခင်ဗျာ..ကြွပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြွပါရှင်..ကြွပါ..."

ဆင်ဝင်အောက်၌ ကားရပ်သံကြားသည်နှင့်ပင် နဒီလို...
မနီနှင့်အတူ နဒီလှိုင်မိဘများဖြစ်ကြသည့် ဦးအောင်မြင့်နှင့်ဒေါ်...
နှယ်တို့ကပါ အားနာစရာကောင်းလောက်အောင် မွှန်ရည်...
ထွက်ကြိုနေကြရှာလေ၏။

"ထိုင်ပါခင်ဗျား၊ အားလုံးထိုင်ကြပါ..."

ဘာသာရေးကိုင်းရှိုင်းလွန်းသည့် နဒီမိဘနှစ်ပါး၏ ...
ချမ်းသိမ့်မွေ့သော မျက်နှာတို့ကိုကြည့်ပြီး ဧည့်ခန်းတွင်ကို...
နေရာယူထိုင်လိုက်ကြလေသည်။

ဧည့်ခန်းထဲဧည့်သည်များ ထိုင်လိုက်ကြသည်နှင့်ပင် ...
သည် သွက်လက်စွာလိုလေသေးမရှိ၊ ဖွယ်ဖွယ်ရာရာစားသော...
စရာများနှင့်ဧည့်ခံပါတော့၏။

ဒေါက်တာ မင်းသွင်၊ ဒေါက်တာ ထွန်းနောင်နှင့်ရဲအရာ...
ဦးနေလှိုင်တို့သည် မိဘနှစ်ပါးဘေးနားတွင် ထိုင်နေသည့် နဒီ...
အကြည့်တွေတစ်ချက်စီ ရောက်ရပြီးမှ...

ရဲအရာရှိ ဦးနေလှိုင်က...

"မင်္ဂလာရှိတဲ့ညနေခင်းပါပဲလို့ ဦးနဲ့ဒေါ်ဒေါ်တို့...
ကျွန်တော် ဦးဆုံးပြောချင်ပါတယ်ခင်ဗျာ..."

"မင်္ဂလာရှိပါတယ်ကွယ်၊ မင်္ဂလာရှိပါတယ်..."

အသက်အရွယ်လည်းရ၊ တရားရည်လည်းပြည့်ဝစွာ...





ဦးအောင်မြင့် ဆိုသည်။

"အခု ကျွန်တော်တို့လာတဲ့ကိစ္စကို ဦးနဲ့ဒေါ်ဒေါ်တို့လည်း သိကြမှာပါပဲခင်ဗျာ..."

"အေး..သမီးလေးကပြောပြထားလို့ သိနေပါတယ်ကွယ်..."

"ဒါဖြင့် ဦးနဲ့ဒေါ်ဒေါ်တို့ဘက်က သဘောလေးကို ကျွန်တော်တို့သိပါရစေခင်ဗျား..."

"ဦးတို့မှာ ဒီသမီးလေးတစ်ယောက်တည်းပဲရှိတော့တာ ဆိုတော့ အခုလို ဆရာဝန်ကြီးရဲ့မြတ်နိုးမှုကို သမီးလေးခံရတာ ဦးတို့မှာဝမ်းမြောက်ဂုဏ်ယူနေရပါပြီ...

ဦးတို့ဟာ အသက်ကြီးကြပါပြီကွယ်၊ အခုလို ဆရာဝန်ကြီးနဲ့ကောင်းမွန်ရာရာဖြစ်သွားတဲ့ မင်္ဂလာသတင်းကိုကြားရတော့ ဦးတို့အဖို့ သမီးလေးအတွက်စိတ်လည်းချ၊ စိတ်လည်းချမ်းသာကြရပါတယ်...

ဆရာဝန်ကြီးရဲ့လက်ထဲ ဦးတို့ရဲ့သမီးလေးကို ဝမ်းမြောက်ဂုဏ်ယူစွာအပ်ပါတယ်ကွယ်..."

"လေးစားပါတယ်၊ ကျေးဇူးတင်ပါတယ် ဦးရယ်..."

ချောမွေ့ခြင်းနှင့်တည်ငြိမ်အေးချမ်းစွာ မင်းသွင် ဆိုသည်။

"ဟုတ်ကဲ့ ဦး၊ ဦးတို့လူကြီးမိဘများဘက်က အခုလို သဘောတူ ကြည်ဖြူခွင့်ပြုတဲ့အတွက် ကျွန်တော်တို့အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်ခင်ဗျာ…

ဒီတော့ခင်ဗျား တစ်ဆက်တည်းပဲပြောရရင် မင်္ဂလာရက်ကိုရော ဦးတို့ဘယ်လိုသတ်မှတ်ပေးချင်ပါသလဲခင်ဗျား…"

"လုပ်ပါ…လုပ်ပါ၊ ဆရာဝန်ကြီးတို့ စခန်းမှူးကြီးတို့သာ ဘယ်အချိန်လောက်ဖြစ်ချင်လဲဆိုတာ ပြောပါ၊ ရက်ကောင်းရက်သာကို ဦးကရွေးပေးမယ်လေ…"

ဦးအောင်မြင့်ဆိုသဖြင့် ဦးနေလှိုင်မှာ မင်းသွင်ဘက် ကြည့်လိုက်သည်။

"ဒေါက်တာ မင်းသွင် အခုလကုန်ဖို့ငါးရက်လိုသေးတယ်၊ ဒီဇင်ဘာဒုတိယပတ်မဟုတ်ရင် တတိယပတ်လောက်လုပ်ပါလား…"

ဒေါက်တာ ထွန်းနောင် တိုးတိုးတိတ်တိတ် အကြံဉာဏ်မှုပေးလာ၍ မင်းသွင်သည် ခေါင်းကိုတစ်ချက်ညိတ်လိုက်ပြီး…

"ကျွန်တော် မင်္ဂလာရက်ကို ဒုတိယပတ်ထဲမှာလောက်ဖြစ်ချင်ပါတယ် ဦး…"

"ဆရာဝန်ကြီး သဘောအတိုင်းပါပဲ၊ ဦးတို့နေ့ကောင်းရက်ကောင်း ရွေးလိုက်ပါ့မယ်…"

"ဟုတ်ကဲ့ခင်ဗျာ…"

နှင်းဆီလှမ်းကြည့်ရင်း မင်းသွင် ဆိုသည်။ မင်းသွင်အကြည့်တွင် နှင်းမျက်နှာလေး သိမ်းသွားရှာ၏။





နှင်းရင်ထဲမှလည်း တုန်ခါနွေးထွေးလိုက်နေသည့်အဖြစ်အား မင်းသွင်သည် ထိုးဖောက်မြင်နေမိ၍ နှုတ်ခမ်းလွှန့်လွှန့်ပြုံးဖြစ်သွားရ၏။

"ကဲ…ဒါဖြင့် ကျွန်တော်တို့ရဲ့မင်္ဂလာကိစ္စဟာ ပြီးမြောက်အောင်မြင်သွားပြီပေါ့ခင်ဗျား…"

"ပြီးပါပြီ…ပြီးပါပြီ စခန်းမှူးကြီးရယ်၊ ကဲ ဆရာဝန်ကြီးနဲ့စခန်းမှူးကြီးတို့ သုံးဆောင်ကြပါဦး…"

ချစ်သမီးချောလေး၏ မင်္ဂလာကိစ္စစကားများ ပြောဆိုပြီးသည့်တွင် ဒေါ်တင်တင်သည် စားသောက်စရာများနှင့်ဧည့်ခံစကားတို့ဆိုလာပါ၏။

နူးညံ့သိမ်မွေ့ခြင်းနှင့် အေးချမ်းသော နှင်းတို့မိသားစုလေးအား သူတို့အားလုံးက သတိထားမိကြသည်။

အသက်အရွယ်တွေနှင့်အမျှ တရားဘာဝနာဘက်လိုက်စားနေကြသည့် နှင်းမိဘများ၏ စကားသံများနှင့်ပြောဟန်တို့သည်…

လွန်စွာမှ နူးညံ့သိမ်မွေ့လွန်း၍ နားထောင်ရသည်ပင်လျှင် ရင်ထဲချမ်းမြေ့နေရပါချေ၏။

မှန်သည်။

ထိုနေ့ညက မင်္ဂလာစကားများ ထမြောက်ပြီးသည့်နောက် ဖွယ်ဖွယ်ရာရာကျွေးမွေးဧည့်ခံသည့် စားသောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



များအား စာ်သောက်ကြရင်း ငြိမ်းချမ်းသောတွေရာလေးပါးစကား
တို့လည်း ပြောဆိုကြရင်းဖြင့် အချိန်တို့သည် ကုန်မှန်းမသိကုန်
သွားကြသည်ကိုမှ သတိမထားမိကြပါလေ…။

ဒေါက်တာ မင်းသွင်၊ ဒေါက်တာ ထွန်းနောင်နှင့်ရဲ့အ
ဦးနေလှိုင်တို့ကား ညည့်ဆယ့်တစ်နာရီထိုးခါနီးလောက်မှ ထပ်ပြ
ဖြစ်ခဲ့ကြပါလေ၏။ ။

×× ×× ××



\- နှစ်ဆယ် -

"ဟင်…"

နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ အအိပ်ဆတ်သော နဒီမှာ
ဖျတ်ခနဲနိုးလာရင်းက နဒီနားထဲ ညည်းညူးသံတွေလို သဲ့သဲ့ကြား
လိုက်မိသည်ထင်၍ ခဏမျှငြိမ်သက်ကာ နားစွင့်နေမိလေသည်။

ဟင်း…ဟင်း…

ဟင်…ဖေဖေ…ဖေဖေ့ညည်းသံပဲ…

အိပ်ရာမှ နဒီ ဖြိုးဖြိုးဖျတ်ဖျတ်ထလိုက်၏။ မမနီ ခုတင်ဆီ
လှမ်းကြည့်မိတော့ တုတ်တုတ်မျှမလှုပ်၊ နဒီ နာရီဆီ လှမ်းကြည့်
မိလိုက်ပြန်သည်။

ညဦးနာရီပြန်တစ်ချက်တိတိ ထိုးနေလေပြီ၊ အခန်းထဲမှ
ခပ်သွက်သွက်ထွက်ခဲ့ပြီး မိဘများအခန်းဆီသို့ နဒီ ရောက်လာ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်··ဖေဖေ···"

မီဘာနှစ်ပါးအိပ်သည့်အခန်းထဲသို့ နဒီ ဝင်လိုက်သည်နှင့် ပင် မေမေသည် ဖေဖေ့ကိုတတ်နိုင်သမျှ ပြုစုနေရှာပြီး ဖေဖေ့ခမျာ မျက်လုံးမှမဖွင့်နိုင်၊ မျက်နှာဖြူဖတ်ဖြူရော်ဖြင့် သဲ့သဲ့လေး ညည်း ညူနေသလို၊ နဒီ တွေ့လိုက်ရသည်။

"အို··ဖေဖေ၊ ဖေဖေ ဘာဖြစ်တာလဲ မေမေ···"

"သမီးဖေဖေ သွေးတိုးကောဆီးချိုပါတက်နေတယ်···"

"ဟင်··ဟုတ်လား၊ မေမေရယ် နဒီကို လာခေါ်နိုးရော ပေါ့၊ ဟာ··ဖေဖေ့ခြေထောက်တွေကလည်း အေးစက်နေတာပဲ လား၊ ဖေဖေ့မျက်နှာကိုလည်း ကြည့်ရတာသိပ်မကောင်းဘူး၊ မေမေ ဘာဆေးတွေတိုက်ထားလဲဟင်···"

ဖခင်ကို ဟိုကိုင်ဒီစမ်းဖြင့် စိုးရိမ်တကြီး နဒီ မေးလိုက် သည်။

"သောက်နေကြဆေးတွေတော့ တိုက်ထားတာပဲ သမီး ရယ်···"

"ဟာ··မဖြစ်ဘူး မေမေ၊ ဖေဖေ့ရောဂါတွေကစုံနေ တယ်၊ ဆေးရုံမြန်မြန်တင်မှဖြစ်မယ်···"

ဟင်း··ဟင်း···

သမီးစကားနှင့်ခင်ပွန်းသည်၏ ညည်းညူးသံသဲ့သဲ့လေး သာ ကြားနေရသည့် ဒေါ်သန်းနွယ်ကား ပို၍စိုးရိမ်စိတ်များ လွှမ်း





လာရပါတော့၏။

စောစောကနားမလည်၍ ဆေးတိုက်ထားလျှင် သက်သာ သွားမည်ဟု အထင်ရှိသည့် ဒေါ်သန်းနွယ်မှာ ကြန့်ကြာသွားရသည့် အချိန်များအတွက် နောင်တရမဆုံးရှိနေရပါတော့သည်။

"ဒါဖြင့် သမီးရယ်၊ သမီး ဖေဖေကို မြန်မြန်ဆေးရုံတင် ကြရအောင်ကွယ်···"

"ဟုတ်ကဲ့ပါ မေမေ၊ သမီး မမနီကိုသွားခေါ်လိုက်မယ်၊ ပြီးတော့ မြင်းလှည်းပါသွားငှားလိုက်မယ်···"

"ဖြစ်ပါ့မလား သမီး၊ အချိန်ကလည်း···"

"မဖြစ်လို့မဖြစ်ဘူး မေမေ၊ ဖေဖေကအရေးကြီးတယ်၊ မြင်းလှည်းမောင်းတဲ့အိမ်မှာ သွားခေါ်နိုးရမှာ···"

ဆိုရင်းပင် အခန်းထဲမှ နဒီ လှမ်းထွက်ခဲ့ပြီး မမနီကို သွားခေါ်နိုးရသည်။

"မမနီ··မမနီ မြန်မြန်ထပါ၊ ဖေဖေ့ကိုဆေးရုံတင်ရမယ်၊ ဖေဖေ ရောဂါသိပ်တက်နေတယ်···"

"ဟင်··ဟင်··ဟုတ်လား၊ ဒုက္ခပဲ ဘယ်လိုလုပ်ရမလဲ နဒီ···"

အိပ်မှုံစုံမွှားဖြင့် လူးလဲထရင်း စိုးရိမ်တကြီးဖြင့် မေး ဆိုသည်။

"နဒီ လုပ်ပါ့မယ်၊ ကဲ··မမနီ ဖေဖေ့အခန်းမှာသွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ၊ နဒီ စက်ဘီးနဲ့မြင်းလှည်းသမားကို သွားခေါ်လိုက်မယ်...''

''အေး..မြန်မြန်သွား ညီမရေ...''

မမနီက အိမ်တံခါး၊ ခြံတံခါးတွေ လိုက်ဖွင့်ပေးသည်။ နဒီကား စက်ဘီးလေးသွက်သွက်နင်း၍ မြင်းလှည်းသမားအိမ်သို့ နင်းထွက်သွားလိုက်ပါတော့၏။

မြင်းလှည်းသမားအိမ်ကား သိပ်တော့ဖြင့်မဝေးလှ၍ တော်သေးသည်။

သိပ်တော့ဖြင့် မကြာလိုက်ပါ၊ မြင်းလှည်းသမားအိမ်ရောက်တော့ နဒီ၏တောင်းတောင်းပန်ပန် အကူအညီတောင်းမှုကြောင့် မြင်းလှည်းသမားသည်လည်း အိပ်ရေးပျက်ခံကာပင် ထ၍ လိုက်လာခဲ့ရှာပါလေ၏။

မြင်းလှည်းလေးအိမ်ရှေ့ ထိုးရပ်သည်နှင့် မြင်းလှည်းသမားအကူအညီဖြင့် ဖေဖေ့ကို မြင်းလှည်းပေါ်သို့တင်ရသည်။

''ကဲ..မေမေနဲ့မမနီက မြင်းလှည်းနဲ့လိုက်သွား၊ နဒီက အိမ်တံခါးတွေပိတ်ခဲ့ပြီး စက်ဘီးနဲ့နောက်ကလိုက်လာခဲ့မယ်...

မြင်းလှည်းဆရာရေ မြင်းလှည်းကို ဆေးရုံကိုမောင်းပါတော့နော်...''

နဒီဆိုလိုက်သည်နှင့် မြင်းလှည်းလေး ခြံထဲမှမောင်းထွက်သွားသည်။ နဒီသည်လည်း ခြံတံခါး၊ အိမ်တံခါးတွေပိတ်ခဲ့ပြီးနောက်၊ စက်ဘီးလေးနှင့်လိုက်သွားခဲ့ပါတော့၏။





လမ်းမီးရောင်တို့ဖြင့် မြင်နေရသည့်နှင်းပဝါပါးပါးလေး တွကိုကြည့်ပြီး စက်ဘီးလေးကို နဒီ အသော့နင်းနေရသည်။ သည်အေးမြ၍ တိတ်ဆိတ်နေ၏။ လူခြေတိတ်ချိန်မို့လည်း ည ည် နှင်းပဝါတို့ဖြင့် လွှမ်းထား၍လှပသယောင်ယောင်၊ ချောက် ားရသယောင်ယောင်ရယ်...

စည်းချက်မှန်မှန်လို ပေါ်ထွက်နေသည့်မြင်းခွာသံလေးက လည်း နားထောင်၍ကောင်းသယောင်ယောင်....

ငြိမ်သက်နေသောဝန်းကျင်တခို၌ စည်းချက်မှန်မှန်မြင်းခွာ လေးသည် တိတ်ဆိတ်မှုကိုခွင်းလျက် ကျယ်လောင်နေရချေ၏။

အတန်ကြာသော် ဆေးရုံဝန်းရှေ့သို့ရောက်လာပြီမို့ ဖေဖေ့ တွက် နဒီ စိတ်တွေလောနေရ၏။ ဆေးရုံကြီးဆင်ဝင်အောက် ောက်သည်နှင့်ပင် တာဝန်ကျဆရာဝန်၊ ဆရာမတွေနှင့် နဒီ ားတွေ့ပြီး ဖခင်အခြေအနေကို ပြောပြသည်။

တာဝန်ကျဆရာဝန်မှာ ဒေါက်တာ ထွန်းနောင်ဖြစ်နေ၍ စိတ်အေးရသည်။

''ကဲ..နဒီ၊ ဘာမှစိတ်မပူပါနဲ့၊ ဦးကိုဆေးရုံတင်တာက တာ့အကောင်းဆုံးပဲပေါ့...

ကဲ..ဆရာမတို့ရေ ခုတင်တစ်ခုစီစဉ်လိုက်ပါဦး၊ ပြီး တော့ ဦးရဲ့ရောဂါကိုကြည့်ရအောင်...''

ဆရာဝန်ကြီး ဒေါက်တာ မင်းသွင်၏ဇနီးလောင်း



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမလောင်းအသိတွေနှင့် ဆရာမတွေမှာလည်း လိုလေ မရှိ ပြုစုလုပ်ဆောင်ပေးကြပါလေ၏။

"နဒီ..ကျွန်တော် ဒေါက်တာ မင်းသွင်ကို သွားခေါ် ရမှာလား..."

"ကိစ္စမရှိပါဘူး ဒေါက်တာ၊ ဒေါက်တာ ရှိနေပြ ကိုကို့ကိုဒုက္ခမပေးတော့ပါဘူး..."

"ဒါနဲ့ဒေါက်တာ ဖေဖေ့အခြေအနေ..."

"အင်း..ဆေးရုံကိုခေါ်လာတာ မှန်သွားတယ်၊ ဦးရဲ့အ အနေကစိုးရိမ်ရတယ်လေ..."

"ရှင်..."

"ဩော်..ဆေးရုံသာမခေါ်ခဲ့ရင် စိုးရိမ်ရတယ်လို့ပြော ပါ၊ အခုတော့ အချိန်မီပဲ စိတ်အေးအေးပဲထားပါတော့နော်..."

နဒီ့ကိုရင်းနှီးစွာ နှစ်သိမ့်စကားဆိုပြီး ဒေါက်တာ ထွ နောင်သည် ဆရာမများအကူအညီဖြင့် နဒီ့ဖခင် ဦးအောင်မြင့် အခြေအနေအား စမ်းသပ်စစ်ဆေးကာ ကုသချက်များဖြင့် ပြု နေပါတော့၏။

"သမီး နဒီ..."

"ရှင်..မေမေ..."

"သမီး ဖေဖေအတွက် လိုအပ်တဲ့ပစ္စည်းတွေရှိ တယ်၊ ရေနွေးအိတ်တို့ခါတ်ဗူးတို့ပေါ့..."





"ဟုတ်ကဲ့ မေမေ၊ နဒီ ပြန်ယူပေးပါ့မယ်၊ မမနီ မေမေနဲ့ နေခဲ့ဦးနော်၊ နဒီ လိုအပ်တဲ့ပစ္စည်းတွေ အိမ်ပြန်ယူလိုက်ဦးမယ်"

"အင်း..အင်း..."

ဆေးရုံတင်ထားရဦးမည်မို့ ဖေဖေ့အတွက် လိုအပ်သည့် ပစ္စည်းတွေကိုယူရန် ဆေးရုံမှစက်ဘီးလေးအသော့နှင်း၍ နဒီ ထွက် ခဲ့ရပြန်သည်။

လမ်းမကြီးပေါ်ရောက်သည့်တွင် လူလည်းရှင်း၊ လမ်း လည်းကျယ်သည်မို့ စက်ဘီးလေးကို နဒီ ပို၍နှင်းပစ်လိုက်သည်။ ဘိုးဖေ့နေရသည့် နှင်းပဝါတို့၏အေးမြမြအတွေ့ကိုမှ နဒီ သတိ ထားမိ...။

ဖေဖေ့အတွက် ပူလောင်စိုးရိမ်စိတ်များကြောင့် နဒီကိုယ် ၌င် ချွေးစေးလေးများပင် ပျံချင်ချင်ရှိနေရပါချေ၏။

တူရူသို့ အကြည့်များပို့ကာ စက်ဘီးလေးကိုသွက်သွက် ကြီးနှင်းနေဆဲ လမ်းမကြီး၏တစ်နေရာ၌ပင်...

"ဟင်..ရှေ့က..."

တရွေ့ရွေ့လာနေသည့် မြင့်မြင့်ထွားထွားနှင့်အရိပ်တစ်ခု အား နှင်းပဝါပါးအောက်၌ နဒီ လှမ်းမြင်လိုက်ရလေသော်...

လူသတ်ကောင်...

နဒီ့အသိဉာဏ်ထဲ လူသတ်ကောင်အကြောင်းသည် ဟုတ်ချင်းဝင်ရောက်လာရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တုတ်ကောဟုတ်ရဲ့လား၊ သူလိုငါလိုပဲ သွားနေတဲ့သူပဲလား…

စက်ဘီးအရှိန်ကိုလျှော့ချပြီး ရှေ့မှတရွေ့ရွေ့လာနေသည့် လူဆီသို့ စိုက်ကြည့်ကာ နဒီ တွေးမိသည်။

စက်ဘီးကို နဒီ မရပ်ဖြစ်၊ ရှေ့မှလူကိုအကဲခတ်ရင် တဖြည်းဖြည်းနင်းနေမိသည်။ နှင်းမှုံပါးပါးအောက်မှ တဖြည်းဖြည်းနီးကပ်လာလေပြီ…

ဟင်…ဟာ…အား…

ဝုန်း…အ…

နဒီ့မျက်လုံးထဲ ရှေ့မှလူ၏အသွင်သည် မြင်သာထင်သာသွားရလေသော် နဒီကား မည်မျှထိတ်လန့်ချောက်ချားသွားရလေသည်မသိပါလေတော့…။

ကြောက်စိတ်ကြောင့် စက်ဘီးလက်ကိုင်ပင် ပရမ်းပတာဖြစ်သွားရပြီးနောက် လမ်းပေါ်သို့စက်ဘီးကောလူပါ ပစ်လဲသွားလေတော့၏။

ဟာ…အား…

နဒီ ရုတ်တရက်မထနိုင်၊ စက်ဘီးအောက်မှ နဒီ့ခြေတစ်ဖက်မှာ မျက်ခနဲနာသွားရသည်။ လူသတ်ကောင်ကြီးသည်လည်း နီးကပ်လာပြီ…

ဟာ…အ…အား…အား…





စက်ဘီးကို နဒီ တွန်းဖယ်ပစ်သည်။ လူသတ်ကောင်ကြီး၏ခြေလှမ်းနှစ်လှမ်းအလိုလျှောက်မှ စိတ်စောအဟုန်တို့ဖြင့် ထပြေးနိုင်သွားရလေသည်။

သို့သော် လူသတ်ကောင်ကြီး၏လက်တစ်ဖက်မှာ နဒီ့ ဈက်နှာဆီရောက်လာရသလိုကြောင့်…

အား…အား…အား…

နဒီကား လျှင်မြန်စွာမျက်နှာလေးကို ရှောင်တိမ်းလိုက်သော်လည်း လူသတ်ကောင်ကြီးလက်မှာ နဒီ့ရင်ညွန့်လေးထက် ကြမ်းတမ်းစွာပုတ်ခတ် ထိပါးသွားရသည့်အသိကြောင့် ငယ်သံပါအောင်အော်ရင်း ခြေဦးတည့်ရာသို့ စွတ်ပြေးရပါလေတော့၏။

စောစောက ခြေတစ်ဖက်မျက်နာသွားရသည့် ဝေဒနာတို့ ဘယ်ရောက်သွားလေသည်မသိ၊ အပြေးချန်ပီယံမလေး နဒီကား ခြေဦးတည့်ရာစွတ်ပြေးရင်း အော်ဟစ်အကူအညီတောင်းနေရပါလေတော့၏။

“ကယ်ကြပါဦး…ကယ်ကြပါဦး၊ နဒီ့ကို လူသတ်ကောင်ကြီးလိုက်နေတယ်…”

တိတ်ဆိတ်နေသော ညအချိန်၌ နဒီ၏အော်ဟစ်သံလေးကား လွှမ်းမိုးနေရပါတော့၏။

နဒီအော်ဟစ်သံနှင့် လူသတ်ကောင်အား သတိထားမိသော် ကြည့်နေသူလည်းရှိ၍ လူတွေမှာနိုးထလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှဒုတ်ဓားဆွဲ၍ ထွက်လာကြ၏။ ဦးနေလှိုင်အပ
အဝင် ရဲအဖွဲ့ဝင်များလည်းရောက်လာကြ၏။

"ဟာ..ဟို..ဟိုမှာ ဆရာ..."

ရဲသားတစ်ယောက် ညွှန်ပြလိုက်၍ ခပ်လှမ်းလှမ်းမှလူ
သတ်ကောင်အား လှစ်ခနဲ ဦးနေလှိုင် မြင်လိုက်ရလေ၏။

"ဟော့..ဘယ်သူမှမပစ်နဲ့နော်၊ အရှင်လက်ရပဲဖမ်းကြ..."

ဦးနေလှိုင် အမိန့်ပေးထား၍ လူသတ်ကောင်အား လက်
ဖမ်းမိကြရန် ဝိုင်း၍ကြိုးစားကြရသည်။

"ကဲ..ဆရာ လှမင်းရေ ဆေးရုံကိုဖုန်းဆက်ကြည့်ပါဦး
လူနာဘမော် သူ့အခန်းထဲမှာရှိနေရဲ့လားလို့..."

"ဟုတ်ကဲ့ စခန်းမှူးကြီး..."

ဦးနေလှိုင် အမိန့်ပေးသဖြင့် ဆရာ လှမင်း ဖုန်းဆက်ရန်
ထွက်သွားသည်။ ခဏကြာသော် ဆရာ လှမင်း အပြေးအလွှား
ဟန်ဖြင့် ပြန်ရောက်လာသည်။

"စခန်းမှူးကြီး..."

အလောတကြီးလာခေါ်သည့် ဆရာလှမင်းခေါ်သံကြောင့်
ဦးနေလှိုင် လှည့်ကြည့်လိုက်သည်။

"ဘမော် အခန်းထဲမှာမရှိဘူး၊ ပျောက်နေတယ်တဲ့ စခန်း
မှူးကြီး..."

"ဟင်..."





ဆရာ လှမင်းစကားကြောင့် အဖြေကို ဦးနေလှိုင် တွေ့
သွားရသလိုရှိပါ၏။

"ဆရာ..လူသတ်သမားလွတ်သွားပြီ ဆရာ၊ ကျွန်တော်
တို့ ဘယ်လိုမှရှာမတွေ့တော့ဘူး..."

လူသတ်သမားနောက်လိုက်သည့် ရဲအဖွဲ့ဝင်တွေပြန်
ရောက်လာပြီးဆိုသဖြင့် ဦးနေလှိုင်သည် ခေါင်းတစ်ချက်ကိုဆတ်
လိုက်ပြီး...

"ကဲ..မိုးလင်းသည်အထိ ဆရာ လှမင်းတို့အဖွဲ့က လူ
သတ်သမားကို နေရာအနှံ့ရှာကြပါ၊ ကျွန်တော်က ဆေးရုံကိုသွား
မယ်၊ ကျွန်တော်တို့တွေ့ရင်လည်း ဆရာ လှမင်းတို့ဆီ အကြောင်း
ကြားမယ်၊ ဆရာတို့ဆီကတွေ့လို့ ဖမ်းထားပြီဆိုလည်း ကျွန်တော်
တို့ဆီအကြောင်းကြားလိုက်ပါ..."

"ဟုတ်ကဲ့ပါ စခန်းမှူးကြီး..."

"ဪ..ဒါနဲ့ နဒီကော..."

"ရှိပါတယ် စခန်းမှူးကြီး၊ ဟိုရှေ့ကအုတ်ခုံလေးမှာ
အမောဖြေနေတယ်..."

"အင်း..ကောင်းပြီ၊ ကဲ ကျွန်တော် သွားမယ်..."

"ဟုတ်ကဲ့ စခန်းမှူးကြီး..."

ရဲတပ်ဖွဲ့ဝင်တွေကိုမှာခဲ့ပြီး နဒီဆီကို ဦးနေလှိုင် ထွက်ခဲ့
လေသည်။ နဒီ့ရှေ့ရောက်သည့်တွင် နဒီ၏ထိတ်လ[illegible]မောဟိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖြူယော်ယော်မျက်နှာလေးဆီကြည့်ပြီး…

"တော်သေးတာပေါ့ နန္ဒီရယ်၊ အပြေးချန်ပီယံမို့လို့ သက်လုံကောင်းသွားတယ်လို့ဆိုရမယ်၊ နန္ဒီ ဘာဖြစ်သွားသေးလဲ"

ခေါင်းလေးရမ်း၍သာ နန္ဒီ ဖြေနိုင်သည်။

"ကဲ..နန္ဒီ ဘယ်သွားမလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်"

မျက်ရည်လေးဝဲရင်း နန္ဒီ ခေါင်းလေးသာ ရမ်းပြသည်။

"အင်းလေ..နန္ဒီ မောနေဦးမှာပေါ့၊ အနားယူဦးလေ ပြီးတော့ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော့်ကိုရှင်းပြဦးပေါ့…"

နန္ဒီ ခေါင်းလေးညိတ်ပြသည်။ မိနစ်အနည်းငယ်ကြာ အမောဖြေအနားယူပြီးကာမှ နန္ဒီ စကားဆိုနိုင်သည်။

"နန္ဒီ ဖေဖေ့ကိုဆေးရုံတင်လိုက်ရလို့၊ လိုအပ်တဲ့ပစ္စည်းတွေ အိမ်ပြန်ယူဖို့အလာမှာ လူသတ်ကောင်နဲ့တွေ့တာပါပဲ…"

"ဟင်..ဦးကိုဆေးရုံတင်ရတယ်၊ ဘယ်အချိန်ကတင်တာလဲ…"

"စောစောကတင်ပါ…"

"ဒေါက်တာ မင်းသွင် သိပြီလား…"

"ကိုကိုတော့ မသိသေးပါဘူး၊ ဆေးရုံမှာ ဒေါက်တာထွန်းနောင်ရှိနေလို့ ကိုကို့ကို မပြောတော့တာ…"

"သြော်..ဒေါက်တာ ထွန်းနောင်ရှိတော့လည်း ပြီးတာပဲလေ…"





"ဒါနဲ့လူသတ်ကောင်ကို နန္ဒီ တွေ့လိုက်တယ်မဟုတ်လား…"

"ဟုတ်ကဲ့…"

"ဆရာ…"

"သြော်..ဆရာကွန်း မင်းတို့စောင့်နေတဲ့ကြားက ဘမော် ပျောက်သွားတယ်ဆို…"

လူသတ်ကောင်အကြောင်းအား နန္ဒီကိုမေးရန်မေ့ခဲ့ကာ ဆေးရုံတွင်အစောင့်ထားသည့် ရဲတပ်သားလေး ရောက်လာသဖြင့် ဦးနေလှိုင်မှာ စိတ်တိုသံငွေ့ငွေ့ဖြင့် ဆိုမေးမေးလိုက်လေသည်။

"ဟုတ်ကဲ့ ဆရာ၊ ဒါပေမဲ့ အခု ဘမော်ကိုပြန်တွေ့လို့ ဆရာဆီ လာအကြောင်းကြားတာပါ…"

"ဟင်း..ဟုတ်လား၊ ဘမော်ကို ဘယ်မှာပြန်တွေ့တာလဲ"

"လူသေတိုက်နားမှာ ပြန်တွေ့တာပါ ဆရာ…"

"အခု သူ့ကိုဘယ်လိုလုပ်ထားလဲ…"

"ကျွန်တော်တို့ အကြမ်းတော့မကိုင်ရဲဘူး၊ သူ့ကိုအခန်းထဲ ချော့ဝင်နိုင်းပြီး အခန်းတံခါးကို အပြင်ကသော့ခတ်ထားလိုက်တယ်…"

"အင်း..ဟုတ်ပြီ၊ ကဲ..နန္ဒီ၊ ကျွန်တော်တို့နဲ့ ဆေးရုံခဏလိုက်ခဲ့ပါဦး၊ ဘာဖြစ်လို့လဲဆိုတော့ နန္ဒီတွေ့တဲ့လူသတ်ကောင်ဟာ အခု ဆေးရုံမှာရှိနေတဲ့လူဟုတ်မဟုတ်၊ နန္ဒီကိုကြည့်ခိုင်းဖို့ပါ…"



www.burmeseclassic.com

www.burmeseclassic.com



နဒီ ခေါင်းလေးညိတ်ပြီး ဦးနေလှိုင်နှင့်အတူ ဆေးရုံသို့ ပြန်လိုက်ခဲ့ရလေသည်။

ဆေးရုံဝန်းထဲသို့ ဦးနေလှိုင် ဂျစ်ကားလေးမောင်းပြီးမောင်း ဝင်လာသည်တွင် ဆင်ဝင်အောက်၌ ငြိမ့်ခနဲထိုးရပ်ထားသည့် ဒေါက်တာ မင်းသွင်ကားလေးအား လှမ်းတွေ့လိုက်ပါလေ၏...

"ဟောဒေါက်တာ မင်းသွင်လည်း ဆေးရုံရောက်နေပြီ"

"အို..ဟုတ်တယ်၊ ကိုကို့ကို ဘယ်သူသွားခေါ်လဲမသိဘူး..."

ဒေါက်တာ မင်းသွင်ကားလေးနားတွင် ဦးနေလှိုင် ဂျစ်ကားလေးကိုရပ်လိုက်သည်။

"ဒေါက်တာ မင်းသွင်..."

ကားပေါ်မှ မင်းသွင် ဆင်းသည်တွင် ဦးနေလှိုင် လှမ်းခေါ်လိုက်လေ၏...

"ဟင်..ဦးနေလှိုင်..."

"ကိုကို..."

"ဟင်..နဒီ..."

ဦးနေလှိုင်ကားပေါ်မှဆင်းလာသည့် ချစ်သူလေးအနီး တိုးသွားလိုက်ပြီး မင်းသွင်သည် နဒီ့ပခုံးလေးဆီ ထွေးဖက်လိုက်လေ၏။

"နဒီက ဘယ်လို..."





"ဖေဖေ့ကို ဒီညဆေးရုံတင်လိုက်ရတယ်လေ..."

"ဟင်..ဟုတ်လား၊ ကိုကို ဘာမှမသိဘူး၊ လမ်းမှာဆူဆူညံညံအသံတွေကြားလို့ တစ်ခုခုတော့ဖြစ်ပြီဆိုပြီး ဆေးရုံကို ကိုကို ထွက်လာခဲ့တာ..."

ဘာဖြစ်သလဲ ဦးနေလှိုင်၊ ကျွန်တော့်ကိုပြောပါဦး၊ ဟိုလူသတ်သမားကိုတွေ့ပြန်ပြီလား၊ ဒါမှမဟုတ် လူသတ်မှုတစ်ခုဖြစ်ပြန်ပြီလား၊ ကျွန်တော့်အိမ်ရှေ့မှာ ပြေးလွှားသံတွေအော်ဟစ်သံတွေကြားလို့ ကျွန်တော်တို့လမ်းကလူတွေလည်း အားလုံးနိုးကုန်ကြတယ်၊ ကျွန်တော်က စိုးရိမ်ပြီး ဆေးရုံကိုလာခဲ့တာ..."

"ကဲ..ဒေါက် တာ မင်းသွင်ကို ကျွန်တော်တို့နောက်တော့ အားလုံးရှင်းပြပါ့မယ်၊ အခုလောလောဆယ် ဘမော်ဆီသွားလိုက်ကြရအောင်..."

ဦးနေလှိုင်စကားနှင့်အတူ သူတို့အားလုံး ဘမော်ထားရာ အခန်းဆီသို့ လျှောက်ခဲ့ကြလေသည်။

ဘမော်ထားရာ အခန်းရှေ့သို့ရောက်သော် နဒီကား သော့ခတ်ထားသည့်သံတိုင်တံခါးကြားမှ ဘမော်အား မြင်တွေ့လိုက်ရလေသော်...

"အား..."

အသံလေးများပြာသွားမတတ် နဒီ အော်ရင်း ရှိုက်သော ကိုကို၏ရင်ခွင်လေးတွင် မျက်နှာလေးအပ်ထားမိလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ကြောက်ရွံ့လွန်း၍ နဒီကိုယ်လုံးလေးမှာ တဆတ်ဆတ်ပင်တုန်၍ နေလေသည်။

စခန်းမှူး ဦးနေလှိုင်ကား ဘမော်နှင့်နဒီကိုကြည့်ပြီး…

"နဒီ၊ နဒီ တွေ့တဲ့လူက ဒီလူပဲလား…"

"ဟုတ်တယ်…ဟုတ်တယ်၊ နဒီ ကြောက်တယ်…"

ချစ်သူရင်ခွင်ထဲမှ နဒီ မျက်နှာလေးကိုမထုတ်ရဲဘဲ ဆိုသည်။ ဦးနေလှိုင် ဘမော်ကိုကြည့်လိုက်သည်။ မင်းသွင်သည်လည်း တဆတ်ဆတ်တုန်နေရှာသည့် ချစ်သူလေး၏ကိုယ်လုံးလေးအား ထွေးဖက်ထားရင်းက ဘမော်ဆီသာ ကြည့်နေလေသည်။

ဟင်း…

ရင်ထဲကြိတ်ကာ သက်မကြီးအား မင်းသွင်နှင့်ဦးနေလှိုင်တို့ ချမိလိုက်ကြသည်။ ထို့နောက် ဘမော်အခန်းရှေ့မှ သူတို့အားလုံး ပြန်ထွက်ခဲ့ကြလေ၏။

မင်းသွင်နှင့်ဦးနေလှိုင်တို့စိတ်ထဲမှာတော့ စိတ္တဇလူသတ်သမား ဘမော်အား သိလိုက်ရလေသည်မို့ စိုးထိတ်သောစိတ်များ ပြေပျောက်သယောင် ရှိရပါတော့သတည်း။ ။

×× ×× ××



– နှစ်ဆယ့်တစ် –

နံနက်ငါးနာရီခွဲပြီ၊ ညက ဗျာသံဆူသံတွေ ရုတ်ရုတ်သဲသဲ ဖြစ်သံကြားသဖြင့် ဆေးရုံသို့ မင်းသွင် လိုက်သွားကြည့်ရာမှ ချစ်သူ နဒီအား လူသတ်သမားအလိုက်ခံရသည်ကို သိလိုက်ရလေ၏။

ချစ်သူကိုနှစ်သိမ့်၊ ကိစ္စအဝဝတွေကို ရဲကတာဝန်ယူပြီးချိန်တွင် သူ အိမ်ပြန်လာခဲ့သည်။ သူ အိမ်ပြန်လာချိန်တွင် နံနက်လေးနာရီထိုးပြီးလေပြီမို့ သူ အိပ်၍မပျော်ပါလေတော့…။

အိပ်မပျော်သော်လည်း နံနက်စောစော အေးသည်မို့အိပ်ရာထဲမှာလဲကာ နဒီနှင့်ချစ်ခရီးအား အတူကြည်နူးကာတွေးနေဖြစ်ပါ၏။ မကြာတော့မည့်အချိန်တွင် ချစ်မြတ်နိုးသောသူလေးနှင့် နှီးစပ်စွာအတူနေရတော့မည့် ချစ်ကမ္ဘာလေးအကြောင်း ပျော်မွေ့စွာတွေးဆဲ၊ အချိန်သည် ငါးနာရီခွဲလာပြီမို့ အိပ်ရာမှ သူ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကို သန့်ပြန့်စွာသိမ်းပြီး ရေချိုးခန်းထဲ သူ ဝင်ခဲ့သည်။ မျက်နှာသစ်၊ သွားတိုက်၊ အားလုံးပြီးသည်တွင် အိပ်ခန်းထဲ သူ ပြန်ဝင်ရောက်ပြီး မှန်ရှေ့ရပ်ကာ မျက်နှာသုတ်၊ ခေါင်းဖြီးလိုက်သည်။ ခေါင်းဖြီးဆဲ မှန်ရိပ်ထဲမှသူ့အသွင်အား သူ သတိထားကြည့်မိ၏။ သူ့မျက်နှာသည် အနည်းငယ်ချောင်နေသလိုလို၊ မျက်ဝန်းအစုံသည်လည်း မှိုင်းဝေ့ချင်ချင်ရယ်…။

သို့သော်ငြားလည်း သူ့အသွင်သည် ချောမွေ့ပြေပြစ်နေသည်ကအမှန်ပင်…။

ညည သူ အိပ်ရာဝင်နောက်ကျတတ်သည်။ အအိပ်အနေလည်းနေသည့်သူ့အဖို့ ညကဖြင့်တစ်ညလုံးနီးပါး မအိပ်ရလောက်အောင်ရှိသည်မို့ အိပ်ရေးမဝ၍၊ သူ့မျက်နှာသည် အနည်းငယ်ချောင်နေရခြင်းပါ…။

ပြီးနောက် အဝတ်လဲလိုက်သည်။ ဟိုလုပ်ဒီလုပ်နှင့်ပင် ခြောက်နာရီခွဲကျော်စပြုလာပြီဖြစ်၍ ဆိုင်တွင်နံနက်စာကော်ဖီထွက်သောက်ရန် ဆုံးဖြတ်လိုက်၏။

အခန်းထဲမှထွက်ခါနီး စားပွဲပေါ်မှ စီးကရက်ဘူးနှင့်မီးခြစ်ကလေး ယူမည်ပြုပြီးမှ မယူဘဲထားခဲ့လိုက်သည်။

တကယ်တော့ မင်းသွင်သည် စီးကရက်ကို စွဲစွဲမြဲမြဲခုံမင်မင် သောက်လေ့မရှိသောကြောင့်ပါ…။

အခန်းတံခါး၊ အိမ်တံခါးတို့ကိုပိတ်ပြီး ကားထဲဝင်ထိုင်ကာ





စက်နှိုးလိုက်သည်။

ခြံထဲမှကားဘီးလေးလိမ့်ရုံ မောင်းထွက်လာပြီး ခြံရှေ့ကတ္တရာလမ်းမထက် မောင်းတင်တော့မည့်အခိုက်…

ဟင်…

ကလပ်မနင်းဖြစ်ဘဲ ဘရိတ်သာနင်းပစ်လိုက်၍ ကားစက်ပင်ထိုးရပ်သွားရလေ၏။

ချက်ချင်းဆိုသလို ကားပေါ်မှဆင်းခဲ့ပြီး ကတ္တရာလမ်းပေါ်မှပစ္စည်းလေးကို မင်းသွင် ကောက်ယူလိုက်သည်။

ဘဲဥပုံလော့ကက်လေးနှင့်ရွှေဆွဲကြိုးလေး၊ မဖြုတ်တမ်းဆွဲစေဖို့ နဒီကို သူကိုယ်တိုင်ဆင်မြန်းပေးခဲ့သည့် ရွှေဆွဲကြိုးလေးရယ်ပါ…။

အင်း..ဒါ ညက လူသတ်သမားလက်ချက်ပဲဖြစ်ရမယ်၊ ခုလောက်ဆို နဒီလည်း သူ့ဆွဲကြိုးမရှိတော့တာသိပြီးပြီပေါ့…

ကံကောင်းသေးတယ်၊ ဥစ္စာမှန်လို့ပြန်ရတယ်၊ နဒီကို ပြန်ပေးရမယ်၊ နဒီ ဝမ်းသာသွားရှာမှာပဲ…

လော့ကက်ပတ္တာလေးကို မင်းသွင် ဖွင့်ကြည့်လိုက်သည်။ အထဲမှာ သူ့ပုံတစ်ခြမ်း၊ နဒီပုံလေးတစ်ခြမ်း…။

ဓာတ်ပုံလေးတွေကိုကြည့်ပြီး ကြည်နူးစွာဖြင့် ကားပေါ်ပြန်တက်ကာ မောင်းထွက်ခဲ့လေ၏။

နံနက်စာကော်ဖီမသောက်သေးဘဲ နဒီဆီသွားရန်စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကားကိုမောင်းထွက်ခဲ့သည်။ နဒီတို့ခြံရှေ့ရောက်သည်တွင် အပြင်မှ တံခါးတွေပိတ်ထားသည်ကိုမြင်လိုက်ရ၏။

ဆေးရုံမှာပင်ရှိဦးမည်ဟုအတွေးဖြင့် ဆေးရုံသို့ မင်းသွင် ဆက်လိုက်ခဲ့ရပြန်၏။

လမ်းတစ်လျှောက်လည်း နဒီ ပြန်လာတာနှင့်များဆုံနေမလားအသိဖြင့် သူ ဂရုစိုက်ကြည့်ခဲ့ရသေး၏။

သူ့ကားလေး ဆေးရုံဝင်းထဲရောက်မှ တစ်ဖက်ဂိတ်ပေါက်မှ ထွက်သွားသည့် မြင်းလှည်းတစ်စီးပေါ်တွင် နဒီမိခင်နှင့်မနီတို့ ပြန်သွားသည်ကို တွေ့လိုက်ရလေ၏။

ဆေးရုံပေါ်တွင် နဒီ ကျန်နေမည်ကို မင်းသွင် တွက်လိုက်မိ၏။ ရပ်နေကြနေရာလေးတွင် ကားကိုရပ်ခဲ့ပြီး ဆေးရုံပေါ်သို့ တက်ခဲ့ပြီး တစ်ဆက်တည်းပင် နဒီဖခင်ရှိရာအဆောင်ဆီသို့ လျှောက်လာခဲ့သည်။

"ဟင်..ကိုကို..အစောကြီးပါလား..."

ချစ်သောကိုကို့မျက်နှာချောချောကို မြင်သည့်တွင် ကြည်နူးကျေနပ်သော မျက်နှာလေးဖြင့် နဒီဆိုလေ၍ မင်းသွင်သည် နဒီ့ဖခင်ခုတင်အနီးသို့လျှောက်ကာ တစ်ချက်ကြည့်ပြီး အသံကိုနှိမ့်ရင်းက...

"အိပ်မပျော်တော့တာနဲ့ စောစောပဲထွက်ခဲ့တော့တယ်၊ ဦးအခြေအနေသက်သာရဲ့လား နဒီ၊ အိပ်ပျော်နေတယ်ထင်တယ်"





"ဟုတ်တယ် ကိုကို၊ ဖေဖေ အိပ်ပျော်နေတယ်၊ အခြေအနေအများကြီးသက်သာပါတယ်၊ ကိုကိုလည်း ညက အိပ်ရေးပျက်သွားမှာပဲ..."

"အိပ်ရေးပျက်တာ ကိုကို့အတွက် အဆန်းမှမဟုတ်တာ နဒီရယ်..."

"မေမေနဲ့မမနီတော့ အစောကြီးပဲပြန်သွားတယ် ကိုကို"

"ကိုကို တွေ့လိုက်ပါတယ်..."

"ဟို..ကိုကို..."

"ဘာလဲ နဒီ..."

"ဟို..ဟိုလေ၊ ကိုကို့ကို ပြောစရာရှိလို့ နဒီလည်း ဘယ်လိုမှစိတ်မကောင်းဘူး ကိုကိုရယ်..."

"ဘာဖြစ်လို့လဲ နဒီ..."

"ကိုကို နဒီ့ကိုစိတ်ဆိုးမလားမသိဘူး၊ နဒီ ကြောက်တယ်၊ ပြောလည်းမပြောရဲဘူး..."

"ဘာများမို့လဲ နဒီရယ်၊ ကိုကိုဟာ နဒီ ကြောက်ရမယ့်သူမဟုတ်ဘူး၊ ချစ်ရမယ့်သူပါ..."

သူ့စကားကြောင့် နဒီမှာ ခေါင်းလေးကိုတဆတ်ဆတ်ညိတ်ရင်း...

"ဟုတ်ပါတယ် ကိုကိုရယ်၊ အဲဒီလိုစိုးရိမ်ကြောက်ရွံ့ရတယ်ဆိုတာကလည်း ကိုကို့ကို သိပ်ချစ်နေလို့ပါပဲ..."



www.burmeseclassic.com

www.burmeseclassic.com



အသံလေးနိမ့်ရင်း နှစ်ကိုယ်ကြား နဒီ ဆိုသည်။ လူနာတွေရှေ့မို့ ချစ်သူမျက်နှာလေးအား အပြုံးလေးနှင့်သာ မင်းသွင် ကြည့်နေမိပါလေ၏။

"နဒီလေ စောစောကတော့မသိဘူး၊ နောက်..နောက်မှ ဟို..ဟိုလေ…"

နဒီ ပြောမထွက်…။

"ကဲ..နဒီ၊ ဦးလည်းအိပ်ပျော်နေတာပဲ၊ ကိုကို့ရုံးခန်းထဲ သွားပြီးစကားပြောကြတာပေါ့၊ လာ…"

လူနာတွေရှေ့မို့ စကားပြောမကောင်းသဖြင့် ရုံးခန်းဆီသို့ နဒီ့ကိုခေါ်လာခဲ့သည်။

"ကဲ..ထိုင် နဒီ…"

နဒီ့ကိုထိုင်ခိုင်းပြီး ချစ်သူလေးနှင့်မျက်နှာချင်းဆိုင်တွင် သူ ဝင်ထိုင်သည်။

"ဟိုလေ နဒီ ပြောမှာ…"

"နေဦး၊ နဒီ မပြောသေးနဲ့ဦး၊ နဒီ့ကို ကိုကို ပြစရာလေး တစ်ခုရှိနေသေးတယ်၊ ကိုကို ပြမယ်နော်၊ နဒီ ကြည့်နေ၊ နဒီ သိပ်ပျော်သွားမယ် ဟောဒီမှာ…"

"ဟယ်..ကိုကို၊ ဒါ..ဒါဘယ်ကပြန်ရတာလဲဟင်၊ နဒီ ဝမ်းသာလိုက်တာ ကိုကိုရယ်၊ နဒီဖြစ်လေ ညကစိတ်ထိခိုက်ရတာ ကိုကိုရဲ့၊ နဒီ့ကို လူသတ်သမားက လည်ပင်းလှမ်းအညှစ်မှာ အဲဒီ





ဆွဲကြိုးလေးပါသွားတာဖြစ်မယ် ကိုကို---

ပြောပါဦး ကိုကိုရယ်၊ ကိုကို ဘယ်ကပြန်ရတာလဲဟင်၊ နဒီ ဝမ်းသာလိုက်တာ…"

သိုးမွေးခေါင်းစွပ်အနွေးထည်အောက်မှ ဆွဲကြိုးလေးကို ဖြည်းဖြည်းချင်း မင်းသွင် ထုတ်ပြလိုက်သည်နှင့် နဒီအား အမှန်တကယ်ဝမ်းသာအားရ ပျော်ရယ်သံလေးခြင့်ချိုမြိန်သါ…။

မင်းသွင်သည် နဒီ၏နုထွေးသော လက်ချောင်းလေးများ ကို ဖွဖွဆုပ်ဖျစ်ရင်းက…

"ကိုကိုတို့အိမ်ရှေ့လမ်းမပေါ်မှာရတာ၊ တော်သေးတယ် သူများတွေတွေ့ပြီးကောက်မသွားသေးလို့…"

"ဟုတ်တယ်နော် ကိုကို၊ နဒီလေ နဒီ့လည်ပင်းမှာဆွဲ ကြိုးလေးမရှိတာလည်းသိရော၊ ကြိတ်ပြီးငိုလိုက်ရတာ…"

မင်းသွင်သည် နဒီ့မျက်ခွံအစ်အစ်ကလေးကို ကြည့်နေမိ လေ၏။

"ကိုကို…"

"ဟင်…"

"ဒါဖြင့် လူသတ်သမားက ကိုကိုတို့လမ်းကနေ ဖြတ် ပြေးသွားတာဖြစ်မယ်နော်၊ လူတွေဝိုင်းလိုက်လို့ ပြေးရင်းဒီဆွဲကြိုး လေးကျကျန်ခဲ့တာဖြစ်မယ်…"

"အင်း..ကိုကိုလည်း ဒီလိုပဲတွေးမိတယ်၊ ဆေးရုံကို



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတို့လမ်းကနေဖြတ်ပြီး ဘမော် ထွက်ပြေးတာဖြစ်ဖို့များတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကိုကိုတို့လမ်းက လူတွေလည်း တိတ်တယ်၊ အိမ်လည်းကျဲတယ်၊ ဆေးရုံသွားတဲ့ဖြတ်လမ်းလည်း ရှိတယ်မဟုတ်လား…

အင်း‥ဒီလိုပဲပေါ့ နဒီရယ်၊ သူက ဦးနှောက်မှပုံမှန် မရှိသေးဘဲကို၊ သူ့ကိုသနားလို့လည်းမရဘူး၊ သနားတော့လည်းသနားစရာပါပဲ၊ ကဲလေ နောက်ဆို မစိုးရိမ်ရတော့ပါဘူး၊ ဘမော်ကို ရဲတွေက တာဝန်ယူထားလိုက်ပြီ…

သူတို့ ဘမော်ကို အခန်းထဲကနေပေးမထွက်တော့ဘူး၊ အပြင်ကနေပြီးသော့ခတ်ထားတယ်၊ သူ့ဒဏ်ရာပျောက်တာနဲ့ သူ့ကို စိတ်ကျန်းမာရေးဆေးရုံပို့လိုက်တော့မှာပါ…

စိတ်ဝေဒနာလူသတ်သမားကိုမိပြီဆိုမှ လူတွေလည်းအရမှအသက်ရှုရဲကြတော့တယ်၊ ကဲ‥ကဲ ဒီကြိုးလေးပြတ်သွားတာ ကိုကို ပြန်ဆက်ပြီးမှပေးမယ်နော်…"

"ဟင့်အင်း‥နဒီဟာနဒီပဲ ဒီနေ့ပြန်ဆက်ခိုင်းလိုက်မယ်၊ နဒီလည်ပင်းက တစ်ရက်တာ ဒီဆွဲကြိုးလေးပြုတ်သွားတာ နဒီ တော်တော် စိတ်ထိခိုက်သွားတယ် ကိုကိုရယ်…

နောက်ဆိုရင်တော့ နဒီရဲ့ဝိညာဉ်ချုပ်ငြိမ်းတဲ့နေ့မှပဲ ဖြုတ်ပါတော့မယ် ကိုကို၊ ဒီဆွဲကြိုးလေးဟာ ကိုကို့ကို နဒီချစ်လွန်းတဲ့စိတ်တွေစုစည်းထားတဲ့ နဒီရဲ့အသက်တမျှပါပဲ ကိုကိုရယ်…"





လက်ဖဝါးတွင်ဆုပ်ထွေးကာ ရင်ဝယ်အပ်ထားရင်း နဒီဆိုသည်။ နုထွေးသော နဒီ၏လက်ချောင်းတွေကို ဆုပ်ထားဆဲ မင်းသွင်သည် ချစ်ရည်စိတ်မျက်ဝန်းရွှဲကြီးတွေနှင့် ကြည့်နေမိပါလေ၏။

"ကိုကို ရှစ်နာရီထိုးပြီ၊ ဆရာမတွေရောက်လာပြီ နဒီ ဖေဖေ့နား ပြန်တော့မယ်နော်…"

မင်းသွင် ခေါင်းညိတ်ပြလိုက်သည်။ ထွေးဆုပ်ထားသည့် နဒီ့လက်ကလေးတစ်ဖက်ကို သူ ဖြည်းညင်းစွာ ဖြေလွှတ်ပေးလိုက်၏။ ။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ့်နှစ် -

"ဟင်..ဟာ..."

နံနက်အိပ်ရာမှနိုးနိုးခြင်း ကိုယ်ပေါ်မှစောင်ကို ဖယ်ကာထ ထိုင်လိုက်သည်နှင့်ပင် မင်းသွင်ကား အမှန်တကယ်ထိတ်လန့်တုန်လှုပ်သွားရပါလေသည်။

မင်းသွင်သည် သူ့လက်နှစ်ဖက်နှင့်ညဝတ်အိပ်ထားသည့် သူ့အင်္ကျီကို နားမလည်နိုင်စွာ ငုံ့ကြည့်နေမိရင်းက...

ဟာ..ဘာတွေလဲ၊ သွေးတွေလား၊ ငါ့လက်မှာရော၊ ငါ့အင်္ကျီမှာကော ဘယ်ကပေနေတာလဲ...

အို..ငါ အိပ်နေရင်းကဘယ်ကဘယ်လို ဒါတွေပေနေရတာလဲ၊ ဟင်..ငါ့ခြေထောက်တွေ...

လက်နှင့်အင်္ကျီပေါ်မှပေနေသည့် သွေးတို့ကိုကြည့်ရင်း စဉ်းစားမရနိုင်အောင်ကြည့်ဆဲ မင်းသွင်အကြည့်သည် ခြေထောက်





များဆီရောက်သွားရခိုက်...

မင်းသွင်သည် မျက်ဝန်းတို့ပြူးကျယ်သွားရကာ ထိတ်လန့်တုန်လှုပ်သွားရပါတော့သတည်း...။

မှန်ပါ၏။ အဘယ်ကြောင့်ဆိုသော် မင်းသွင်၏ခြေအစုံသည်လည်း လမ်းလျှောက်ထားသည့်နှယ် ပေရေညစ်ပတ်နေရသည်မဟုတ်ပါတကား...။

ဟား..ဒါတွေဟာဘယ်လိုဖြစ်တာလဲ၊ ငါ ဘာဖြစ်တာလဲ၊ ငါ ဘာဖြစ်လဲ၊ ဒါတွေပေရေစွန်းထင်းနေရအောင် ညက ငါ ဘယ်မှမသွားဘူး၊ ဘာမှလည်းမလုပ်ဘူး...

မှတ်မှတ်ရရ ငါ အိပ်ရာဝင်တော့ ခြေထောက်ဆေးအိပ်သေးတာပဲ၊ အိုး..ငါ့ခြေထောက်တွေဟာ ငါ အိပ်ရာကနိုးတိုင်း အဲဒီလိုပေရေနေတာ ဘာကြောင့်လဲ...

မင်းသွင် စဉ်းစားသည်။ ဘယ်လိုမှစဉ်းစား၍မရ၊ တကယ်တော့ မင်းသွင်၏ခြေအစုံသည် အိမ်ရာမှနိုးတိုင်း ပေရေနေတတ်သည်ကို တွေ့နေရသည်ကဖြင့် ကြာပေပြီ...။ တစ်ခါတစ်ရံ ဖုန်မှုန့်တွေကပ်နေသည်။ တစ်ခါတစ်ရံ အမှိုက်စအညစ်အကြေးလေးများ စွန်းထင်းပေကပ်နေတတ်၏။

ဘယ်လိုမှစဉ်းစားမရ၍ အမှတ်တမဲ့ပင် မင်းသွင် နေလာသည်။ ခြေဆေးရပြင်းသည့်အကျင့်ကလည်းရှိနေ၍ မင်းသွင်အသိတွင် ထိုအချက်သည် အလေးအနက်ရှိ၍မနေပါလေ...။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခုသော်ဖြင့် မင်းသွင် စဉ်းစားရသည်။ အကျႌနှင့်လက်တွေမှာက သွေးတွေလိုလိုပေကျံနေ၏။ ခြေအစုံသည်လည်း ညစ်ထေးနေ၏။ စဉ်းစားသော်လည်း ဘယ်လိုမှမရ၊ ကိုယ့်ကိုယ်ကိုကြည့်ရင်းနဲ့တော့ စိတ်ထဲတစ်မျိုးကြီးဖြစ်နေသည်မှာအမှန်။ ရင်ထဲ ကတုန်ကရင်ဖြစ်နေသလိုလို၊ ထိတ်လန့်နေသလိုလို…

ဟား…

လှုပ်ရှားနေသည့်စိတ်ကိုထိန်းရင်း အိပ်ရာထဲမှဝုန်းခနဲထကာ ရေချိုးခန်းဆီသို့ ပြေးဝင်ခဲ့ပါတော့၏။ ခဏကြာသော် ပင်ကိုယ်သန့်ရှင်းချောမွေ့စွာဖြင့် ရေချိုးခန်းထဲမှ မင်းသွင် ပြန်ထွက်ခဲ့သည်။ ပေရေနေသည့် အိပ်ရာခင်းကိုလည်း လဲပစ်လိုက်သည်။

စိတ်ကမသန့်သလိုရှိနေ၍ စောင်နှင့်ခေါင်းအုံးစွပ်တွေကိုပါလဲလိုက်သည်။ အားလုံးပြီးသည်တွင် မင်းသွင်သည် ဧည့်ခန်းထဲထွက်ခဲ့ပြီး ငူငူကြီးထိုင်နေလိုက်သည်။

ဘာတွေတွေးရမှန်းမသိအောင် မင်းသွင် ဖြစ်နေရ၏။ စားပွဲပေါ်မှ စီးကရက်ဘူးနှင့်မီးခြစ်ကိုထုတ်ယူပြီး စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိဖွာလိုက်သည်။ ထိုအခါမှ ကတုန်ကရင်နှင့်လေးလံနေသည့် မင်းသွင်စိတ်တွေ အနယ်ထိုင်သွားရသလိုရှိ၏။

ဒီမနက်မှထူးဆန်းလိုက်တာ၊ ငါ့လက်တွေမှာ သွေးတွေပေနေတယ်၊ ငါ့ခြေထောက်တွေလည်း ပေနေတယ်၊ ငါ ဘာတွေဖြစ်ပြီး ဘာတွေလုပ်နေပါလိမ့်၊ ဟာ…ငါ ဘာမှ မှမလုပ်တာဘဲ…





ဒါဖြင့် ဒီသွေးတွေကဘယ်ကလာတာလဲ၊ ငါ့ခြေထောက်တွေကရော ဘာလို့အမြဲတမ်းပေနေတတ်တာလဲ…

အနည်းနဲ့အများပေတာပဲကွာတယ်၊ နေ့တိုင်းပေနေတာကတော့ပေနေတာပဲ၊ ဟာ…မဟုတ်သေးပါဘူး…

မင်းသွင်တွေးဆဲ ခေါင်းကိုညင်ညင်ခါရမ်းနေမိလေသည်။ စီးကရက်ကိုတစ်ချက်ဖွာရင်း မီးခိုးတွေကိုမှုတ်ထုတ်ပစ်သည်။ စီးကရက်မီးခိုးငွေ့တွေကြားထဲ မင်းသွင်မျက်နှာချောချောသည် တွေတွေနှင့်ငေးငေးဝေဝေရှိနေချေ၏။

ငါဟာ ညညတွေမှာ ယောင်ပြီးတော့များ အပြင်ထွက်ပြီးလမ်းလျှောက်တတ်သလား၊ မဖြစ်နိုင်ပါဘူး ငါ မယောင်တတ်ပါဘူး၊ ငါ ဆေးကျောင်းသားဘဝတုန်းက သူငယ်ချင်းတွေနဲ့လည်း အတူအိပ်ခဲ့ဖူးသေးတာပဲ…

ယောင်တယ်ဆိုတာ အကျင့်တစ်ခုပဲဟာ၊ ခုမှတော့ ငါ မယောင်တော့ပါဘူးလေ၊ ဒါဖြင့်…ဒါဖြင့်…

ဆက်မတွေးဝံ့တော့သလို၊ မင်းသွင်အတွေးတွေကို ရပ်ပစ်လိုက်ရလေသည်။ သူ့မျက်ဝန်းထဲမှာတော့ အိပ်ရာကထစ၊ သွေးစွန်းနေသည့် သူ့လက်အစုံနှင့်ရေချိုးခန်းစိမ်ထားခဲ့သည့် သွေးစွန်းနေသည့်အကျႌတို့ကို မြင်ယောင်နေမိဆဲပါ။ ရင်ထဲလေးလံနေရချေ၏။

ဟား…



www.burmeseclassic.com

www.burmeseclassic.com



အသက်ပြင်းပြင်းတစ်ချက်ကို မင်းသွင် ရှူထုတ်ပစ်လိုက်လေ၏။ စီးကရက်တိုကို ဆေးလိပ်ပြာခွက်ထဲထိုးချေပစ်လိုက်ပြီး ထိုင်ရာမှ မင်းသွင် ထလိုက်၏။ ထို့နောက် မရှင်းလင်းသောရင်အစုံနှင့်လေးလံသောစိတ်တို့ဖြင့် နံနက်စာကော်ဖီကိုပင် မသောက်ဖြစ်တော့ဘဲ ဆေးရုံသို့ထွက်ခဲ့လိုက်ပါတော့၏။

× × × × ×

"ဗျာ..ဘယ်..ဘယ်လို၊ ဦးနေလှိုင် ညက..ညက၊ လူသတ်မှုဖြစ်တယ်ဟုတ်လား..."

ဆေးရုံရောက်သည်နှင့် သူ့အလာကိုစောင့်နေဟန်ရှိသည့် စခန်းမှူးဦးနေလှိုင် ပြောလိုက်သောစကားကြောင့် ဒေါက်တာမင်းသွင်သည် လွန်စွာမှမယုံကြည်နိုင်အောင် အဖြစ်နှင့်ထိတ်လန့်ချောက်ချားစွာဖြင့် ဆိုမေးမေးလိုက်ရခြင်းပါ...။

"ဟူး..ဟုတ်တယ် ဒေါက်တာ မင်းသွင်၊ ကျွန်တော်တို့လည်း ဘယ်လိုမှစဉ်းစားလို့မရတော့ဘူးဗျာ..."

လွန်စွာမှ စိတ်အကျပ်အတည်းဖြစ်ပုံဖြင့် ဦးနေလှိုင် ဆိုရှာ၏။ မင်းသွင်သည် စားပွဲပေါ်တွင်မေးတင်ထောက်ကာ စိတ်ပျက်နေသည့် ဦးနေလှိုင်အား ကြည့်နေမိသည်။

သို့သော်လည်း ဦးနေလှိုင်ကို မင်းသွင် မမြင်၊ မင်းသွင်





အကြည့်တွေထဲ သူ့ အိပ်ရာထဲစကအဖြစ်တွေကိုသာ မြင်ယောင်နေမိရပါလေ၏။

မင်းသွင် တံတွေးတစ်ချက်ကိုမျိုချသည်။ ရင်မှာကတုန်ကရင်ဖြစ်လိုက်ရလေခြင်း၊ ချောက်ချားရလေခြင်း ကိုယ့်ကိုယ်ကိုသံသယထား၍စဉ်းစားသော်လည်း ဘယ်လိုမှမရ...။

"ဦးနေလှိုင်၊ ဘမော်ကောရှိလား..."

"ရှိတယ် ဒေါက်တာ၊ လူသတ်မှုဖြစ်စဉ်က သူ့အခန်းထဲမှာပဲရှိတယ်..."

"အခု အသက်ခံရတာဘယ်သူလဲ..."

"ဆေးရုံကပဲ၊ လူနာစောင့်အသက်ခံရတာ၊ အလောင်းကိုကျွန်တော်တို့ သုံးနာရီလောက်ကရတယ်၊ ဘယ်အချိန်ကတည်းက အသက်ခံရမှန်းမသိဘူး၊ အလောင်းကို ကင်းကျရဲတွေကပဲတွေ့တာ၊ ဟင်း..ဘမော်ကို လူသတ်သမားထင်ပြီး ကျွန်တော်တို့ပေါ့သွားတာကျွန်တော်တို့အမှားပဲဗျာ..."

ဦးနေလှိုင်စကားတို့ကို နားထောင်းရင်း အတွင်းသွားတို့စေ့ကြိတ်ကာ မင်းသွင် နားထောင်နေမိသည်။

သူ့ကိုယ်သူလည်း မကျေမနပ်ဖြစ်နေမိသည်။ ဒီမနက် သူ့ အိပ်ရာထဲစအဖြစ်က ဘာကြောင့်ဖြစ်ရသနည်း...။ သူ စဉ်းစား၍မရ၊ စဉ်းစားမရလေ သူ့ကိုယ်သူမကျေနပ်လေ မင်းသွင် ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု လူသေကဘယ်မှာလဲ ဦးနေလှိုင်…"

"ရေခဲတိုက်ထဲပို့လိုက်ပြီ…"

"ဒေါက်တာ ထွန်းနောင်ကော ဒီအကြောင်းတွေသိပြီးပြီလား…"

"မသိသေးဘူး…"

"ကဲ…ဒါဖြင့် ကျွန်တော်တို့ အလောင်းကိုသွားကြည့်ကြရအောင်…"

သူဆိုတော့ ဦးနေလှိုင် ခေါင်းညိတ်ပြီး ရေခဲတိုက်ဆီသို့ ထွက်ခဲ့ကြလေသည်။

ရေခဲတိုက်ဘက်သို့လျှောက်လာကြဆဲ သူတို့စကားမဆိုဖြစ်ကြ၊ မင်းသွင်မျက်ဝန်းထဲမှာတော့ သူ့အဖြစ်တွေကသာ တဝဲဝဲ မြင်ယောင်နေမိရ၏။

အဝတ်အုပ်ထားသည့်အလောင်းအနီး ရောက်သည့်တွင် အဝတ်အုပ်ထားသည့်အဝတ်တို့ကို မင်းသွင် အသာလှန်၍ကြည့်လိုက်သည်။

အလောင်းကိုကြည့်ပြီး မင်းသွင်ပင် တွန့်သွားရသည်။ လည်ပင်းမှသွေးတွေက ပစ်ခဲနေပြီဖြစ်၏။ လည်ပင်းကိုအသွားထက်သည့်ဓားဖြင့် လှီးဖြတ်ထားဟန်ရှိသည်။ အလောင်းကိုယ်ပေါ်မှသွေးတို့ကိုမြင်သည့်တွင် မင်းသွင်သည် အိပ်ရာထဲစကား သွေးစွန်းနေသောသူ့အဖြစ်ကိုလည်း မြင်ယောင်ရပြန်ပါ၏။





"ဦးနေလှိုင်…"

ဆေးစစ်ချက်မျိုးပြောရန် မင်းသွင်ခေါ်သည့်တွင် ဦးနေလှိုင်မှာ စိတ်ဓာတ်ကျနေသော အကြည့်တို့ဖြင့်သာ မင်းသွင်ကို ကြည့်နေတော့သည်။

အလောင်းပေါ်မှအဝတ်ကိုဖယ်ချလိုက်ပြီး အလောင်းကို စစ်ဆေးကြည့်ရှုရင်းက စကားဆက်သည်။

"ဒီလူဟာလည်း ကြောက်ရွံ့ချောက်ချားပြီးမှ သေရတာ၊ မျက်လုံးနားကဒဏ်ရာက တစ်ခုခုနဲ့အရိုက်ခံရတာပဲ၊ လက်သီးနဲ့ထိုးတာလည်းဖြစ်ချင်ဖြစ်နိုင်တယ်လေ၊ လည်ပင်းကဒဏ်ရာကတော့ တစ်ခါတည်းနဲ့သေစေနိုင်တဲ့ ဒဏ်ရာပါပဲ၊ အသွားထက်တဲ့ဓားနဲ့လှီးဖြတ်ထားတာပဲ၊ ဟား…"

ပါးစပ်မှလေပြင်းတစ်ချက်ကို မှုတ်ထုတ်ပြီး စိတ်ပန်းကိုယ်ပန်းဖြင့် ဦးနေလှိုင် လှည့်သွားတော့သည်။ မင်းသွင်သည် စေ့စပ်သေချာစွာ လူသေ၏ခန္ဓာတစ်လျှောက်ကိုပါ စမ်းကိုင်ကြည့်ရှုလိုက်သည်။

ထိုအခိုက် လူသေ၏ရင်ဘတ်နေရာ၊ အင်္ကျီအိတ်ထဲ၌ တစ်စုံတစ်ရာမာမာလေးကို စမ်းမိသဖြင့် စူးစမ်းဟန်ဖြင့် မင်းသွင် ထုတ်ယူကြည့်လိုက်မိတော့…

ဟင်…

မင်းသွင် မျက်လုံးပြူးသွားရလေသည်။ ရင်ထဲမှလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါင်း အကြိမ်တစ်သောင်းမက ရှေ့ရွတ်မိလိုက်သည်။ ဦးနေလှိုင်ဆီ မင်းသွင် လှမ်းကြည့်လိုက်သည်။

ဦးနေလှိုင်ကား တစ်ဖက်သို့လှည့်နေ၍ မင်းသွင်အဖြစ်ကို မမြင်၊ ချက်ချင်းပင် မင်းသွင်သည် လူသေအင်္ကျီအိတ်ထဲမှရသည့် ပစ္စည်းလေးအား သူ့ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်ပါတော့၏။

မင်းသွင်ရင်တို့သည် ပို၍လှုပ်ရှားစွာလှုပ်ရှားလာ၏။ မသိမသာတုန်ရင်နေသော လက်အစုံဖြင့် လူသေအလောင်းအား အဝတ်ဖြင့် ပြန်အုပ်ထားလိုက်ပါတော့သည်။

"အား..ဒေါက်တာ မင်းသွင်ရေ၊ ကျွန်တော်ကတော့ ဘယ်လိုမှစဉ်းစားလို့မရတော့အောင်ပဲဗျာ၊ ဒီနည်းနဲ့တော့ လူသတ်သမားကို ကျွန်တော်တို့ဖမ်းလို့မဖြစ်တော့ဘူး..."

မင်းသွင် စကားမဆို၊ ဦးနေလှိုင်ကိုသာ ကြည့်နေမိတော့သည်။ ရေခဲတိုက်ထဲမှပြန်ထွက်ခဲ့သည်တွင် ဦးနေလှိုင် စကားဆက်သည်။

"ပစ်မိန့်ပေးပြီပဲ ဖမ်းရတော့မယ်ဗျာ..."

"ဟုတ်တယ် ဦးနေလှိုင်၊ အဲဒါကတော့ နောက်ဆုံးနည်းအဖြစ်နဲ့ အမှန်ကန်ဆုံးပဲ၊ ဒီလိုသာ လက်ရဖမ်းဖို့ကြိုးစားနေရင်တော့ ရှေ့အန္တရာယ်ကို ပွံ့ပိုးနေသလိုဖြစ်တော့မှာပဲ..."

"အင်း..ကျွန်တော်တို့ ဒီညကစပြီး ကင်းအစောင့်ပိုပိုရှိ





ပြန်ချထားရမယ်၊ ပစ်မိန့်လည်းပေးမယ်၊ လူသတ်သမားကို မျှားပြီပဲ ဖမ်းရတော့မယ်ဗျာ၊ ဒီနည်းပဲရှိတော့တယ်..."

"ကောင်းတယ် ဦးနေလှိုင်၊ မြို့နေလူထုအတွက် ဘေးအန္တရာယ်ကိုဖြစ်တဲ့နည်းနဲ့ပဲ ကာကွယ်ပေးရတော့မှာပါ..."

မင်းသွင် ဆိုသည်။ သူ့အနေနှင့်လည်း လူသတ်သမားကို အမှန်တကယ်ဖမ်းမိစေချင်သည်ပါ...။

ဆေးရုံဆီသို့ပြန်လျှောက်လာစဉ်တွင် မင်းသွင်သည် အတွင်းသွားတို့ စေ့ကြိတ်ထားမိ၏။

စိတ်ထဲတွင်မတော့၊ လူသေအလောင်းမှရသည့်ပစ္စည်းလေးအကြောင်းကိုသာ စဉ်းစားနေမိ၏။

ဘာကြောင့်များ ဒီပစ္စည်းဟာအလောင်းဆီမှာ ငါ တွေ့ရတာလဲ၊ တကယ်တော့ ဒီပစ္စည်းဟာ...

"ဒေါက်တာ မင်းသွင် ကျွန်တော် ပြန်ဦးမယ်၊ ညနေဘက်တော့ ကျွန်တော်တို့သုံးယောက် ထမင်းစားဆုံပြီးဆွေးနွေးကြသေးတာပေါ့ဗျာ..."

"ဩော်..အင်း၊ ကောင်းပြီ ဦးနေလှိုင်..."

ကျေနပ်မှုမရှိ၊ စဉ်းစား၍မရအောင် အတွေးများရှိသဲ ဦးနေလှိုင်၏နှုတ်ဆက်သံ ကြားဖြတ်ဝင်ရောက်လာသဖြင့် မင်းသွင် အတွေးတို့ပြတ်ကာ ဆိုလာရ၏။

ဦးနေလှိုင် ပြန်သွားသည်တွင် မင်းသွင်သည် သူ၏အနား



www.burmeseclassic.com

www.burmeseclassic.com



ယူခန်းဆီသို့ ဝင်ရောက်ခဲ့လေသည်။ အခန်းထဲသို့ရောက်သည်တွင် သူ၏ဘောင်းဘီအိတ်ထဲမှပစ္စည်းလေးကို ထုတ်ယူလိုက်ပြီး ပေကျံနေသည့်သွေးစလေးများအား လက်ဆေးခွက်တွင် သွားရောက်ဆေးကြောလိုက်သည်။

ထို့နောက် သူသည် ရေစင်အောင်သုတ်ပြီးစားပွဲပေါ်သို့ ပစ်တင်လိုက်လေ၏။ ကုလားထိုင်တွင် ဝင်ထိုင်ပြီး စားပွဲပေါ်မှ ပစ္စည်းလေးကို သူ စူးစိုက်ကြည့်နေမိသည်။

ကြည့်ဆဲ သူ့ အိပ်ရာထစကအဖြစ်က သူ့မျက်လုံးထဲဝင်ရောက်လာ၏။

ဘုရား··ဘုရား···

ရင်ထဲ သူ ဘုရားတမိသည်။ ဘာကိုမှစဉ်းစား၍လည်း မရ၊ စဉ်းစား၍သာမရရှိရမည်။ တိုက်ဆိုင်မှုတွေကဖြင့် ထူးဆန်းနေရပါ၏။ သူ့အတွက် ထူးထူးဆန်းဆန်းတိုက်ဆိုင်မှုများပါပင်···။

သူ အိပ်ရာထစက သူ့အဖြစ်တွေ၊ သွေးစွန်းနေတဲ့သူ့လက်၊ သူ့အင်္ကျီတွေ၊ ဖိနပ်မပါဘဲသွားထားလာထားသလို၊ ပေရေနေသည့် သူ့ခြေအစုံ၊ ပြီးတော့ လူသေအလောင်း၊ လူသေ့ထံမှရသည့်ပစ္စည်း စသည့်မြင်ကွင်းတို့သည် သူ့အတွက် အိပ်မက်မဟုတ်ခဲ့···။

တိုက်ဆိုင်လွန်း၊ ထူးဆန်းလွန်းနေသည့် သူ့အတွက်အဖြစ်တွေပင်မဟုတ်ပါလား···။

သူ့မျက်လုံးထဲမှကိုလည်း မထွက်၊ မင်းသွင်သည် စားပွဲ





ပေါ်မှပစ္စည်းလေးကိုကြည့်ဆဲ···

ဒီပစ္စည်းဟာ သေတဲ့လူနဲ့ဘယ်လိုမှမပတ်သက်တဲ့ပစ္စည်းပဲ၊ ဒီလူသေဆီဘယ်လိုရောက်နေရတာလဲ၊ ဒီပစ္စည်းကို ဘယ်သူကအလွဲသုံးစားလုပ်ရတာလဲ၊ ခိုးဝှက်ပြီးကိုင်တာလား၊ လူသေအင်္ကျီအိတ်ထဲကျန်ခဲ့တာက ရုန်းရင်းဆန်ခတ်ဖြစ်ရင်းကျန်ခဲ့တာလား···

ဟား··ငါ ဘယ်လိုစဉ်းစားရမလဲ၊ တကယ်တော့ ဒီပစ္စည်းဟာ ငါတို့ဆရာဝန်တွေသာ ကိုင်တဲ့ဓား၊ ခွဲစိတ်ခန်းသုံးဓားပဲ၊ ပြီး··ပြီးတော့ ဒီဓားဟာ ငါ့··ငါ့ဓား၊ ဘုရား··ဘုရား···

စဉ်းစားဆဲ ချောက်ချားရလွန်း၍ မင်းသွင်ကား မူးမိုက်မတတ်ပင်ရှိနေရပါသည်။ ဂျူတီဝင်ရန်အချိန်ကနီးလာပြီမို့ ထိုင်ရာမှထရပ်လိုက်သည်။ ဓားလေးကိုစားပွဲပေါ်၌ထားခဲ့ပြီး အခန်းထဲမှ မင်းသွင် ထွက်ခဲ့သည်။

ထိုခြေလှမ်းတွေသည် မရည်ရွယ်ပါဘဲနှင့် ဘမော် အခန်းဆီသို့ လျှောက်လာခဲ့လေ၏။ ဘမော်အခန်းရှေ့သို့ရောက်သည်တွင် မင်းသွင် ရပ်ကြည့်လိုက်သည်။ သူ့ကိုမြင်သည်တွင် ဘမော်သည် သူနှင့်နီးရာသံတိုင်တံခါးပေါက်ဆီသို့ လျှောက်လာရင်းခေါ်သည်။

မင်းသွင်သည် ဘမော်ကိုသာ ကြည့်နေမိသည်။ ဘမော်သည် ရုပ်သာဆိုးပေမယ့်၊ အကျင့်နှင့်စကားသံသည် နူးညံ့သိမ်မွေ့လှပါ၏။

ဘမော်သည်လည်း မင်းသွင်ကိုသာ ငေးကြည့်နေမိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါက်တာ မင်းသွင်၏ ချောမွတ်သောအသွင်၊ နူးညံ့သော စိတ်၊ ကြင်နာနွေးထွေးတတ်သောစိတ်တို့ကို ဘမော်သည် လွမ်းဆွတ်လေးစားနေရသည်ပါ…။

"ဦးဘမော် နေကောင်းတယ်နော်…"

"ဟုတ်ကဲ့ ဒေါက်တာ…"

"မနက်ဖြန်ဆိုတစ်ပတ်ပြည့်ပြီ၊ ဦးဘမော် ချုပ်ရိုးဖြေရတော့မယ်…"

"ဟုတ်ကဲ့ ဆရာ…"

"နေရထိုင်ရတာကောင်းတယ်မဟုတ်လား…"

"ကောင်းပါတယ် ဆရာ၊ ကျွန်တော် ကောင်းပါတယ်"

"အင်း··ကြားရတာဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး…"

"ဟုတ်ကဲ့ ဆရာ…"

ဘမော်ကို မင်းသွင် ကြည့်လိုက်သည်။ ပြီးတော့ ဘမော် အပြင်မထွက်စေရန် ခတ်ထားသည့်သော့ကိုလည်း တစ်ချက်ကြည့်လိုက်မိသည်။ ထို့နောက် အခန်းထဲမှထွက်ခဲ့လိုက်ပါတော့၏။

တစ်နေ့လုံး ဂျူတီချိန်ထဲအလုပ်သာလုပ်နေရသည်။ စိတ်ထဲရှင်းလင်းပေါ့ပါးမှုမရှိပါလေ၊ မြင်ကွင်းတွေက သူ့အားစိုးနှောင့်နေကြသည်။ အလုပ်များဟန်ပြလျှက် မင်းသွင်သည် ချစ်သူနှင့်လည်း ရှောင်နေမိသည်။





ဒေါက်တာ ထွန်းနောင်နှင့်ဆရာမများကိုလည်း အတတ်နိုင်ဆုံး မင်းသွင် ရှောင်နေမိသည်။ စိတ်ထဲမကြည်လွန်း၍ ဘယ်သူနှင့်မှစကားမဆိုချင်ပါ…။

လူနာတွေကိုတော့ မင်းသွင် ဂရုစိုက်သည်။ တစ်နေ့လုံး လေးလံကျဉ်းကျပ်သောရင်အစုံနှင့် အလုပ်ကိုသာ ဆက်လုပ်နေဖြစ်ပါ၏။ ညနေအိမ်ပြန်ချိန်မတော့ မင်းသွင်က မည်သူ့ကိုမျှနှုတ်မဆက်ဖြစ်ဘဲ ပြန်ခဲ့ပါသတည်း…။

အိမ်ရောက်သည်နှင့်ပင် မင်းသွင်သည် ကိုယ်ပိုင်ဆေးပစ္စည်းကိရိယာများထားသည့် စာကြည့်ခန်းဆီသို့ ဝင်ရောက်သွားလိုက်လေ၏။

ဟာ…

စာကြည့်ခန်းထဲဝင်လိုက်သည်နှင့်ပင် မင်းသွင်သည် စားပွဲပေါ်မှစားအပါအဝင် ခွဲစိတ်ကိရိယာများထည့်ထားသည့် သတ္တုဘူးလေးအား ပွင့်လျှက်တွေ့လိုက်ရပါတော့၏။

အံ့သြစိတ်ဖြင့် ခွဲစိတ်ကိရိယာများကို သူ စစ်ဆေးကြည့်မိသည်။ ထိုအခါ…

ဓား··ဓားတစ်လက်၊ ခွဲစိတ်ဓားတစ်လက်သည် ပျောက်နေ၏။ ဆေးရုံမှ သူ ပြန်ယူလာသောဓားကို ဆေးသေတ္တာအမှ သူ ထုတ်ကြည့်လိုက်သည်။ ထိုအခါမှာ ခွဲစိတ်ကိရိယာပစ္စည်းတစ်ခုပြည့်စုံသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမားသည် သူ့မား၊ လူသေအလောင်းမှရသောမားသည် သူ့မားအစစ်အမှန်ပင်…။

ဟာ..ဘုရားကယ်ပါ၊ ငါ့ပစ္စည်းတွေကို တိတ်တိတ်ဏ လေးဘယ်သူလာယူသလဲ၊ ဟား…

မောဟိုက်ကျဉ်းကျပ်သောအဖြစ်နှင့် သူ ကြုံနေရသည် ကုလားထိုင်တွင် သူ ထိုင်ချလိုက်၏။ စိတ်နှင့်ခန္ဓာသည် တဆတ် ဆတ်တုန်နေ၏။

ခွဲစိတ်ကိရိယာတွေကို ချောက်ချားစွာ မင်းသွင် ကြည့် သည်။ အဖြစ်အပျက်မြင်ကွင်းတွေကလည်း ချောက်ချားစွာပေ ပေါက်နေ၏။

ဟား…

စားပွဲထက် မင်းသွင် မျက်နှာအပ်ထားလိုက်မိ၏။ ဘာကို မှစဉ်းစား၍မရပါ…။

အဖြေတစ်ခုခုထွက်ရန် မင်းသွင် စဉ်းစားသည်။ သို့သော် အားလုံးအားလုံးတို့ကို ဘယ်လိုမှစဉ်းစား၍မရ၊ စိတ်ကိုလျော့ချ လိုက်သည်။ မင်းသွင်ကား အလွန်အမင်း မောဟိုက်နေလေတော့ ၏။ ။

×× ×× ××



– နှစ်ဆယ့်သုံး –

သည်နေ့လည်း အိပ်ရာမှနိုးနိုးခြင်း မင်းသွင်သည် မိမိ ကိုယ်ကို ပျာယိပျာယာစမ်းစစ်ကြည့်မိရလေသည်။

ကိုယ်ပေါ်တွင် ထူးထူးခြားခြား ဘာမှမတွေ့၊ စောင်ကို ဖယ်ခွာပြီး ခြေအစုံဆီကိုကြည့်ရင်း မျက်မှောင်လေးသာတွန့် ရင်း…

မှန်သည်။ မိမိခြေအစုံကဖြင့် ထုံးစံအတိုင်း မြေမှုန့်လေး များပေကပ်နေကြသလိုပါ…။

ဟာ…

စဉ်းစား၍မရသော သက်မမောအား ချလိုက်မိသည်။ နေ့ကမှစ၍ ထူးခြားသည်ဟုထင်သော မိမိကိုယ်အား မင်းသွင် သည် ဆန်းစစ်နေတတ်ပါပြီ…။

ယခင်က ခြေအစုံပေရေနေရ သည်မှာ ခြေသေးမအိပ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၍သာဟု အမှတ်တမဲ့တွေးဖြစ်ခဲ့၏။ ယခုသော်ဖြင့် မိမိကိုယ်အ
မင်းသွင်သည် အလေးအနက်ဆန်းစစ် နေရပါသည်။

ဟင်း…

မောကျပ်သောသက်မကို မင်းသွင် ချရပြန်သည်။ မေ
ကမှစ၍ မင်းသွင်စိတ်တို့သည် သိသိသာသာလေး ထိုင်းမှိုင်းေ
ပါ၏။ ပျော်ရွှင်မှုသည်လည်း ပျောက်ဆုံးနေရ၏။

ရင်မှာငိုချင်သလိုလို၊ ကလေးတစ်ယောက်လို အော်
ငိုပစ်လိုက်ချင်မိပါသည်။ ဘာရယ်ရေရေရာရာမဟုတ်သော ခံ
မှုသည် ရင်မှာတနုံ့နုံ့…။

ဟား…

ပါးစပ်မှအသက်ကိုရှူရင်း မင်းသွင် အိပ်ရာမှထလ
သည်။ သွားတိုက်၊ မျက်နှာသစ်၊ အိပ်ရာသိမ်းပြီးသည်
မင်းသွင်သည် အိမ်ရှေ့ခန်းထဲ၌ တစ်ကိုယ်တည်းငေးဝေ့စွာ ထိုင်
မိ၏။

ဦးတည်ချက်မရှိသောအတွေးတို့ လပ်ဟာဟာနှင့်မင်း
အကြည့်သည် တ လီဖုန်းလေးဆီသို့ ရောက်သွားရလေ၏

နဒီလှိုင်း

ရင်ထဲမှ၊ အသည်းထဲမှချစ်သူကို လွမ်းဆွတ်စွာ ေ
သည်။ ချစ်ရဆုံးသောချစ်သူလေး နဒီလှိုင်း…

ချစ်သူထံ ဖုန်းဆက်ချင်သည်။ ချစ်သူလေးနှင့်တွေ





သည်။ သည်နေ့ ဒီဇင်ဘာတစ်ရက်…

ချစ်သူလေးနှင့်နီးရဖို့ရက်သည် ဘာမှမလိုတော့၊ မနေ့က
ချစ်သူနှင့်သူ တစ်နေ့လုံးမတွေ့ဖြစ်…။

ဦးနေလှိုင်၊ ဒေါက်တာ ထွန်းနောင်တို့နှင့်လည်း ညစာ
အတူသွားမစားဖြစ်ခဲ့…။

မနေ့က သူ့စိတ်တွေအတော်ကြီး ချောက်ချားနေရသည်
ဟုတ်ပါလား…။

သူ ဘာကိုမှလည်းတွေးလို့မရ၊ အဖြေတစ်ခုရရန် သူ
ချစ်ညစ်ပြီးတွေးခဲ့သည်။

သို့သော်လည်း သူ၏ချွတ်ယွင်းချက်ကို သူ ဘာမှတွေး၍
ရခဲ့ပါလေ၊ တစ်ခုတော့ရှိသည် မနေ့ကစပြီး သူ နေထိုင်ရသည်
မှာ သူ့စိတ်တွေလုံးဝကြည်လင်ပေါ့ပါးမှုမရှိ…။

သူ ကြောက်သလို၊ လန့်သလို၊ ငိုချင်သလိုဖြစ်နေမိသည်။
တစ်ကိုယ်တည်းလည်း အားငယ်သလိုလို၊ ဖုန်းလေးဆီငေးကြည့်ခဲ
ရာလက်တစ်ဖက်သည် ဖုန်းလေးဆီသို့ လှမ်းကိုင်ကာ နံပါတ်များ
အားလှည့်နေလိုက်ပြီဖြစ်၏။

"ဟဲလို…"

"ဟဲလို…အမိန့်ရှိပါရှင်၊ နဒီလှိုင်း ပြောနေပါတယ်…"

တစ်ဖက်မှချိုသော ချစ်သူအသံလေးကြားတော့ မင်းသွင်
ရင်ထဲ ချမ်းမြေ့လန်းဆန်းလာရသလိုပါ…။



www.burmeseclassic.com

www.burmeseclassic.com



"နဒီလှိုင်း ကိုကိုပါ..."

"ဟင်..ကိုကို၊ မနေ့ကလေ နဒီဖြင့်မျှော်လိုက်ရတာ"

"ခွင့်လွှတ်ပါအချစ်လေးရယ်၊ ကိုကိုလေ စာကြည့်ခန်းတွေရှင်းနေတာ နောက်ကျသွားလို့မရောက်ဖြစ်တော့တာပါ..."

"ကိုကို အခုဘာတွေလုပ်နေတာလဲ..."

"ကိုကို ဘာမှမလုပ်ဘူး၊ တစ်ရက်မတွေ့ရလို့ သိပ်လွမ်းတာနဲ့အချစ်လေးဆီဖုန်းဆက်နေတာ..."

"အဟင်း..ကိုကိုနော်..."

"နဒီရယ် ကိုကို့အချစ်တွေပိုနေတာတောင် ကိုကိုက အားမရသေးတဲ့ကောင်ပါ..."

"ကိုကိုရယ် သိပါသတဲ့၊ ဩော်..ဒါနဲ့ကိုကို ဖေဖေက နဒီတို့မင်္ဂလာရက်ကို ရွေးပေးထားပြီးပြီ..."

"ဟင်း..ကောင်းတာပေါ့၊ ဒါဖြင့် အချစ်ကလေးအားတယ်ဆိုရင် ကိုကို့ဆီခဏလေးလာခဲ့ပါလား၊ ကိုကို ပြောစရာရှိလို့ပါ..."

"ဟုတ်ကဲ့ ကိုကို၊ နဒီ အခုပဲလာခဲ့တော့မယ်..."

"ဒါဖြင့် ကိုကို ဖုန်းချလိုက်တော့မယ်၊ နဒီ လာခဲ့နော်"

"ဟုတ်ကဲ့ ကိုကို..."

ချစ်သူလေး၏ သူ့အပေါ်လေးစားသမှုနှင့်ချစ်ခင်တွယ်တာသောချိုအီသောအသံလေးကို ဆုံးအောင်နားထောင်ပြီးမှ သူ ဖုန်းချ





လိုက်လေသည်။

နဒီအလာကိုစောင့်ရင်း နံနက်စာဆိုင်မှလာပို့သည် ကော်ဖီနှင့်မုန့်ကို သူ သောက်ထားလိုက်သည်။ နံနက်စာ ကော်ဖီသောက်ရင်း ဧည့်ခန်းတွင်ပင်ထိုင်ကာ သူ စီးကရက်တစ်လိပ်ကိုသောက်နေလိုက်သည်။

ကလင်..ကလင်..ကလင်...

စီးကရက်တစ်လိပ် ကုန်ခါနီးလောက်မှ အိမ်ရှေ့မှ နဒီလှိုင်း၏စက်ဘီးဘဲလ်သံလေးကို ကြားလိုက်သည်နှင့် သူ ထိုင်ရာမှထကာ ချစ်သူလှလှလေးအား ကြိုလိုက်ပါ၏။

"ကိုကို..."

"နဒီရယ်..."

အိမ်ထဲရောက်သည်နှင့် ချစ်သူတစ်ကိုယ်လုံးအား ရင်ခွင်ထဲ သူ ဆွဲသွင်းဖက်ထားလိုက်လေ၏။

ထို့နောက်မှ ဧည့်ခန်းဆီသို့ ဝင်ခဲ့ကြလေသည်။ ထိုင်ခုံရှည်တစ်ခုတွင် နှစ်ယောက်အတူပူးကပ်စွာ ထိုင်လိုက်သည်။ အနှောင့်အယှက်အားလုံးတို့ကို သူ မေ့သွားရပါ၏။

"ကိုကို၊ နဒီကိုပြောစရာရှိတယ်ဆို..."

"တခြားမဟုတ်ပါဘူး အချစ်ရယ်၊ ကိုကိုတို့လက်ထပ်ပြီးတဲ့အခါ ရန်ကုန်ကိုဟန်းနီးမွန်းထွက်ရင်း ကိုကို့ကျန်းမာရေးကိုပါ ပြခံကြည့်ချင်လို့ပါ..."



www.burmeseclassic.com

www.burmeseclassic.com



“ဟင်··အခု ကိုကို ဘာဖြစ်နေလို့လဲဟင်···”

နဒီအမေးတွင် သူ တစ်ချက်မျှတုံ့ဆိုင်းသွားသည်။ ပြီးမှ

“ဘာမှတော့မဖြစ်ပါဘူး၊ ဒါပေမဲ့ ကိုကို စစ်တော့စစ်ကြည့်ရမယ်၊ စစ်ကြည့်ချင်တယ်···”

“ကိုကိုရယ် နဒီ စိတ်ပူလိုက်တာ···”

ချစ်သောကိုကို့တစ်ကိုယ်လုံးကို နဒီ ကြည့်ရင်းဆိုသည်။

“စိတ်ပူလောက်စရာတော့မရှိပါဘူး အချစ်ရယ်၊ စစ်ဆေးကြည့်ရင်တော့ ကောင်းမယ်ထင်လို့ပါ···”

“ကိုကိုရယ်···”

“နဒီ···”

“ရှင်··ကိုကို···”

“ကိုကို အမြန်ဆုံးလက်ထပ်ချင်ပြီကွယ်၊ နဒီ့ဖေဖေ့က လက်ထပ်မယ့်ရက်ကို ဘယ်နေ့ရွေးထားလဲဟင်···”

“နဒီလည်း အဲဒီကိစ္စကိုပဲပြောမလို့ ကိုကို၊ ဖေဖေကလေ သူ အသက်ကြီးပြီတဲ့၊ ကျန်းမာရေးလည်းမကောင်းဘူးတဲ့၊ ဒါကြောင့် နဒီတို့လက်ထပ်ဖို့ရက်ကို မြန်မြန်ပဲရွေးလိုက်တယ် ကိုကို၊ အခုလာမယ့်သောကြာနေ့က ရက်ရာဇာတဲ့၊ အဲဒီနေ့ကို ဖေဖေကရွေးလိုက်တယ် ကိုကို···”

“ဟား··ဟုတ်ပြီ၊ သိပ်ကောင်းတာပဲ၊ ဒီထက်တောင် ကိုကိုက မြန်ချင်နေသေး၊ ဒါပေမဲ့ ဖေဖေရွေးမယ့်ရက်ကိုပဲ ကိုကို





ကစောင့်ပါတော့မယ်ဗျာ၊ ကိုကိုတို့လက်ထပ်ပြီးတာနဲ့ ရန်ကုန်သွားကြမယ်နော်···”

“ဟုတ်ကဲ့ ကိုကို၊ ကိုကို···”

“ဗျာ···”

“နဒီ ပြန်မယ်နော်၊ မနေ့က ကိုကိုနဲ့မတွေ့ရလို့ နဒီ သိပ်လွမ်းတာ···

တစ်ရက်ကလေးမတွေ့ရတာနဲ့ ကိုကို့ကို နဒီ ဘယ်လောက်ချစ်တယ်ဆိုတာ သိပ်သိသွားတာပဲ၊ ဒါကြောင့်လေ နဒီ မရှက်ပါဘူး၊ ကိုကို ခေါ်တာနဲ့ချက်ချင်းလာခဲ့တာ···”

“အချစ်ရယ် မနေ့က ကိုကို ခွဲစိတ်ခန်းဝင်နေရလို့ပါ၊ ဒေါက်တာ ထွန်းနောင်ကတော့ ပြောပါတယ်၊ နဒီ့ဖေဖေကို ဆေးရုံဆင်းခိုင်းလိုက်လို့ နဒီ ပြန်သွားပြီတဲ့···”

“ြော်··ဒါနဲ့ ကိုကို၊ စခန်းမှူးဦးနေလှိုင် နဒီ့ဆီ လာသွားသေးတယ်···”

မင်းသွင် မေးခွန်းမထုတ်ဘဲ၊ နဒီ့ကိုသာကြည့်ပြီး နဒီ စကားကိုသာ နားထောင်နေမိသည်။

“ဦးနေလှိုင်က မေးတယ်၊ နဒီ့ကိုလိုက်တဲ့လူသတ်သမားဟာ ဆေးရုံမှာရှိနေတဲ့ ဘမော်ဆိုတဲ့လူပဲလားတဲ့···

နဒီကလည်းဟုတ်တယ်လို့ပြောတော့၊ ဦးနေလှိုင်က မဟုတ်သေးဘူးထင်တယ်တဲ့၊ ဘာလို့လဲဆိုတော့ မနေ့ကပဲလူမှာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်တစ်ယောက် အသတ်ခံရတယ်လို့ပြောတယ် ကိုကို၊ နဒီလည်းလန့်သွားတာပဲ၊ နဒီနောက်လိုက်တဲ့လူကြီးကတော့ ဆေးရုံမှာရှိတဲ့လူကြီးအတိုင်းပါပဲ ကိုကိုရယ်၊…

လူသတ်မှုတွေများနေတော့ အခုအမှုမှာ ရဲတွေကလည်း လူတွေသိပ်မသိအောင် သိုသိုသိပ်သိပ်ထားနေကြပုံပဲ၊ နဒီတို့တောင် မသိဘူး၊ ဦးနေလှိုင် လာပြောမှသိရတာ…

စိတ်ညစ်ပါတယ် ကိုကိုရယ်၊ ဒီလူသတ်သမားကို မဖမ်းမိသမျှတော့ ရဲတွေလည်းစိတ်ညစ် နေရတယ်၊ လူတွေလည်း မသွားဝံ့မလာရဲနဲ့ တထင့်ထင့်ဖြစ်နေကြရတာပေါ့…"

"ဟင်း‥ဟုတ်တယ်၊ သိပ်ထူးဆန်းတဲ့လူသတ်သမားပဲ၊ ဒါပေမဲ့ ဒီတစ်ခါတော့မိတော့မှာပါ နဒီရယ်…"

"ဟင်း‥ဟုတ်လား ကိုကို၊ ရဲတွေကအပြင်းအထန်ကြိုးစားနေပြီပေါ့နော်‥ဟုတ်လား…"

"ဟုတ်တာပေါ့၊ ရဲတွေကလည်းအပြင်းအထန်ကြိုးစားနေတယ်၊ လူသတ်သမားကိုဖမ်းမိဖို့ ပစ်မိန့်ပေးထားပြီးပြီ…"

"ဟုတ်လား၊ ဒါဆိုရင်တော့ မိဖို့သေချာပြီပေါ့နော် ကိုကို…"

"အင်း‥သေချာပြီပေါ့၊ ဒီလိုဖမ်းမှပဲလူသတ်သမားက မိတော့မှာကိုး၊ ဒီလူသတ်သမားဟာ စိတ္တဇလူသတ်သမားဖြစ်ဖို့များတယ်၊ သူ့ကိုမိမှပဲအားလုံးစိတ်အေးရတော့မယ်…





အခုဆိုရင် ဦးနေလှိုင်တို့က ညတိုင်းပိုက်စိပ်တိုက်ပြီး လူသတ်သမားကိုရှာနေကြတယ်၊ နဒီလည်း မိုးချုပ်ရင်ဘယ်မှမသွားနဲ့နော်၊ ကိုကို စိတ်မချဘူး…"

"ကိုကိုလည်း မသွားနဲ့နော်၊ နဒီ စိတ်မချဘူး…"

သူ့နှာခေါင်းချွန်ချွန်ဆီ နဒီ လက်ညှိုးလေးနှင့်တို့ကာ ဆိုလာ၍…

"ကိုကို နဒီကိုပြန်ခွင့်ပြုဦးနော်…"

"ကောင်းပါပြီအချစ်ရယ်…"

ထိုင်ရာမှထကာ ချစ်သူလေးကို အိမ်ရှေ့လိုက်ပို့သည်။ အိမ်ရှေ့ရောက်သည်တွင် ချစ်သူလက်နုနုလေးကို သူ ဖြေလွှတ်ပေးလိုက်သည်။ ၅

"ကိုကို နဒီ သွားပြီ…"

သူ့ကိုမျက်လုံးလေးတစ်ဖက်မှိတ်ပြကာ လက်ကလေးမြှောက်ပြရင်း စက်ဘီးလေးနင်းလျက် နဒီ ထွက်သွားလေပြီ။

မင်းသွင်သည် ချစ်သူလေး၏နူးညံ့အိမ့်သော အထိအတွေ့လေးများအား သတိရတမ်းတရင်းဖြင့် ဧည့်ခန်းဆီသို့ ပြန်ဝင်ခဲ့လေ၏။

ဧည့်ခန်းတွင်ပြန်ထိုင်ရင်း စီးကရက်တစ်လိပ်ကို မင်းသွင် သောက်လိုက်သည်။

ချစ်သူနှင့်တွေ့ရသည့် အပျော်ရှိန်လေးနှင့် မင်းသွင်သည်



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကိုဖွာနေမိသည်။

စိတ်ကူးထဲမှလည်း ဒေါက်တာ ထွန်းနောင်နှင့်ဦးနေလှိုင်တို့အား ယောက္ခမကြီး၏ မင်္ဂလာရက်ရွေးထားသည့်နေ့ရက်အား နေ့လယ်ထမင်းထွက်စားလျှင် ပြောပြရန်နှင့်လက်ထပ်ပြီး ရန်ကုန်ကိုဟန်နီးမွန်းထွက်ရန် သူ့ကျန်းမာရေးလည်း စစ်ဆေးရန်တို့ကို ပြောပြရန်အတွက် မင်းသွင်ကား စိတ်ကူးလျက်ရှိနေရပါသတည်း။

×× ×× ××



## - နှစ်ဆယ့်လေး -

လူတကာတို့အိပ်မောကျချိန်၊ ညသည် အေးစက်[illegible]
တိတ်ဆိတ်လွန်းနေပါ၏။ အချိန်ကား ညဥ့်နာရီပြန်တစ်[illegible]
လောက်ရှိပေပြီ..။

လမ်းမီးရောင်တို့ဖြင့် နှင်းမှုံဖျော့ဖျော့ငွေ့တို့ကို မြင်[illegible]
သည်။ ဒီဇင်ဘာလထဲဝင်ရောက်လာပြီမို့ နှင်းငွေ့တို့ကား ပို၍[illegible]
သည်းလှုပ်ကာကျချိန်ရောက်ပြီမဟုတ်ပါလား...။

အေးစက်မှုက ပို၍တိုးမြင့်လာရသည်ပါ။ စီးကုန်းမြီး[illegible]
သည် နှင်းမှုံများအောက်၌ အိပ်မောကျနေ၏။ စီးကုန်းမြီး[illegible]
အချာကျသော လမ်းမလမ်းသွယ်တို့သည်လည်း လူတို့[illegible]
အောက်မှာ လွတ်လပ်ခွင့်ရနေချိန်မို့ အေးချမ်းစွာအိပ်[illegible]
ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းငွေ့တို့ပျော်ဝင်နေသော လေစိမ့်စိမ့်တို့သည် တစ်ချက်တစ်ချက်တိုက်ခတ်နေ၏။ အိမ်တံစက်မြိတ်မှ နှင်းစက်ကျသံလေးများ တစ်ချီတစ်ချီပေါ်ထွက်လာ၏။ တိတ်ဆိတ်လွန်းနေချိန်မို့ ထိုနှင်းစက်ကျသံသည်ပင်လျှင် ချောက်ချားရသလိုရှိပါ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် လူတကာတို့အိပ်မောကျနေကြသည့်တိုင် ရဲအရာရှိ ဦးနေလှိုင်ခေါင်းဆောင်သော ရဲဝန်ထမ်းတို့ကား…

မြို့နေလူထု၊ အေးချမ်းသာယာမှုများအတွက် ညစဥ်လမ်းတကာတွင် အကွက်စေ့စွာကင်းစောင့်နေလျက် မျက်လုံးနှင့်နားတို့ကိုစွင့်ကာ သတိကြီးစွာဖြင့် လူသတ်တရားခံအား အနေ့နှင့်အမြန်ဖမ်းမိစေရေးအတွက် ကြိုးစားစောင့်ကြည့်နေကြရလေသည်မဟုတ်ပါတကား…။

သတိမပြတ်နေရချိန်မို့ သဘာဝနှင်းစက်ကျသံသည်ပင် သူတို့အတွက် အနှောင့်အယှက်ဖြစ်နေ၏။

ချွတ်ချွတ်သံကြားသည်နှင့်ပင် နားမျက်စိတို့လည်အောင် လှုပ်လှုပ်ရှားရှားကြည့်မိကြ၏။

"ဆရာ အခုထိတော့ ဘာမှအကြောင်းမထူးသေးပါလား…"

ရဲသားတစ်ယောက် ပြောလာသည့်စကားအတွက် စကားမဆိုဘဲ ဦးနေလှိုင် စဉ်းစားနေမိလေသည်။





"မနေ့ကလည်း အကြောင်းမထူးဘူး၊ ဒီတရားခံကိုမမိသရွေ့ ကျွန်တော်တို့တော့ ဒီလိုပဲညတိုင်းဒုက္ခခံနေရမှာပဲ…"

"ဒီလိုပဲပေါ့ကွာ၊ တို့ရဲ့တာဝန်ကိုက ဒီလိုပဲကိုး၊ တစ်နေ့မမိတစ်နေ့တော့မိရမှာပါကွာ၊ စိတ်မပျက်ပါနဲ့…"

ညည်းညူသလိုဆိုလာသည့် ရဲသားအား ဦးနေလှိုင် နှစ်သိမ့်ရသည်။

"ဟော်··ဆရာ၊ ဟိုတာလမ်းဘက်မှာစောင့်တဲ့ ရဲသားငွေထွန်း ကျွန်တော်တို့ဆီလာနေတယ်…"

"ဟင်…"

စက်ဘီးလေးအပြင်းနင်းလာသည့် ငွေထွန်း မြင်စေရန်အမှောင်ကွယ်လေးနေရာမှ ဦးနေလှိုင် ထွက်ရပ်ကြည့်လိုက်သည်။ ရဲသား ငွေထွန်း၊ ဦးနေလှိုင်တို့ကို မြင်သည်နှင့်ပင်…

"ဆရာ··လူသတ်သမားကိုတွေ့ရပြီ ဆရာ…"

"ဟေ··ဟုတ်လား၊ အခုဘယ်မှာလဲ…"

"ဈေးဘက်က ဂိုဒေါင်တွေဘက်မှာ ဆရာ၊ ကျွန်တော်တို့အားလုံး ဝိုင်းထားပြီးပြီ…"

"ကဲ··လာ ဒါဖြင့် တို့သွားကြမယ်…"

အရေးကြီးချိန်ရောက်ပြီမို့ ပြောပြောဆိုဆိုနှင့်ပင် ဈေးဘက်လမ်းသို့ တပည့်တွေနှင့်အတူ ဦးနေလှိုင် ထွက်ခဲ့လေတော့သည်။ ဈေးလမ်းသို့ရောက်ရန် ဖြတ်လမ်းတွေကိုဖြတ်ပြီး စက်ဘီးကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စီ နင်းခဲ့ကြသည်။

သိပ်သည်းသောညဉ့်၏ အအေးဒဏ်အား ဘာရယ်မသိတော့ ထိရောက်စွာ တာဝန်ကိုထမ်းဆောင်ရန်အတွက်သာ ရဲဝန်ထမ်းတို့၏စိတ်များတွင် ရှိနေကြရလေ၏။

ဦးနေလှိုင်နှင့်တပည့်ရဲသားနှစ်ယောက်တို့၏ စီးလာသည့် စက်ဘီးသုံးစီးမှာ တမာလမ်းကြားလေးမှဖြတ်အထွက်...

"ဆရာ..ဆရာတို့ရယ် ခဏနေကြပါဦးဗျာ..."

"ဟင်..ဘမော်..."

မှန်သည်။ ဘယ်ကလိုရောက်လာမှန်းမသိသည့် ဘမော်ကား ဦးနေလှိုင်တို့အား တိုးလျှိုးတောင်းပန်ကာ တားဆီးနေသည် မဟုတ်ပါလား...။

"ဘာလဲ၊ ဘာဖြစ်တာလဲ ဘမော်..."

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ဆရာ၊ ဆရာတို့လူသတ်သမားကိုပစ်ပြီးဖမ်းကြတော့မယ်ဆို..."

"ဟုတ်တယ်လေ၊ ကျွန်တော်တို့ဒီလိုမှမဖမ်းရင် ဘယ်ဖြစ်တော့မလဲ..."

"ဆရာရယ် ပစ်ပြီးမဖမ်းပါနဲ့၊ ကျွန်တော် တောင်းပန်ပါရစေ..."

"ဟင်း..ခင်ဗျားကဘာလဲ၊ ဘယ်သူလဲ၊ ဒီလူသတ်သမားနဲ့ပတ်သက်နေလို့လား..."





"ဖြစ်နိုင်တယ်၊ ဒါကြောင့်သာ ဒီလူဒီစကားတွေပြောနေတာပေါ့၊ ဒီလူကိုလည်းဆွဲထားမှဖြစ်မယ် ဆရာ..."

တောင်းပန်နေသည့် ဘမော်အား ရဲသားနှစ်ယောက်မှ သံသယဖြင့် စိတ်တိုစွာပြောသည်။

"ကျွန်တော် တောင်းပန်ပါရစေ ဆရာ၊ ပစ်ပြီးတော့ မဖမ်းပါနဲ့ဗျာ..."

"ဒီမှာဟေ့လူ၊ ဒီလူသတ်သမားကြောင့် ကျုပ်တို့ဘယ်လောက်ဒုက္ခခံနေရတယ်ဆိုတာ ခင်ဗျားသိရဲ့လား..."

"ကဲ..လာဗျာ၊ ဒီလောက်တောင်ဖြစ်တာ..."

"ဖမ်းပါ၊ ကျွန်တော့်ကိုဖမ်းပါ ရပါတယ်၊ ကျွန်တော်က ပိုတောင် အဖမ်းခံချင်ပါသေးတယ်၊ ဒါပေမဲ့ ကျွန်တော် တောင်းပန်ချင်တာက တရားခံကိုပစ်ပြီးမဖမ်းဖို့ပါပဲခင်ဗျား..."

စိတ်ဆတ်သည့်ရဲသား ငွေထွန်းမှာ ဘမော်ကို လက်ထိပ်ခတ်ဖမ်းလိုက်တော့သည်။

ဦးနေလှိုင်ကား ဘမော်အား စဉ်းစားချင်ချိန်သောအကြည့်တွေနှင့်သာ ကြည့်နေမိပါလေ၏။

"ဆရာ၊ ကျွန်တော်တို့ဟိုမှာအရေးကြီးနေတယ်၊ သွားကြရအောင်..."

အရေးကြီးနေသည့်အချိန်မို့လည်း ဦးနေလှိုင် ဘာမှမဆိုတော့၊ ဘမော်ကိုပါခေါ်ပြီး ဈေးလမ်းသို့ဆက်လာခဲ့လိုက်ကြလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဈေးလမ်းသို့ရောက်သည်နှင့်ပင် သတိအနေအထားဖြင့် အကာအကွယ်ယူကာ လူသတ်တရားခံအား ချောင်းကြည့်နေလိုက်ကြသည်။

ထွားကျိုင်းရုပ်ဆိုးလွန်းသည့် လူသတ်တရားခံကြီးကား သားကောင်အနံ့ကိုခံကာ ဂိုဒေါင်များရှေ့၌ တစ်လှမ်းချင်းလျှောက်နေသည်မဟုတ်ပါလား...။

“အင်း..အခုမှပဲ လူသတ်တရားခံကို ကောင်းကောင်းမြင်ရတော့တယ်...”

“ဟုတ်တယ်၊ တော်ရုံလူကတော့ သူ့ရုပ်ကိုမြင်တာနဲ့တောင် လန့်ပြီးသေသွားနိုင်တယ်...”

“အင်း..ဘမော်ကလည်း သိပ်ရုပ်ဆိုးတဲ့သူပဲဆိုတော့ လူသတ်တရားခံနဲ့မှားနိုင်တယ်...”

လက်ထိပ်ခတ်ထားသည့် ဘမော်ဘက်တစ်ချက်ကြည့်ပြီး ဦးနေလှိုင် မှတ်ချက်ချကာ ဆိုမိသည်။

“ဆရာ ကြာတယ်၊ ကျွန်တော် ထွက်ပြီးအယောင်ပြမယ်...”

“ဖြစ်ပါ့မလား...”

“ဖြစ်ပါတယ် ဆရာ၊ ကျွန်တော် ဒါ ယူသွားမယ်...”

ခြောက်လုံးပြူးသေနတ်တစ်လက်ကို ခါးမှာထိုးပြီး ငွေထွန်း ထွက်သွားလိုက်တော့၏။





ဘမော်ကား ခေါင်းငုံ့ကာ အကြည့်တို့ကိုလွှဲနေလိုက်၏။

မသိမသာ ဦးနေလှိုင်သည် ဘမော်ကို အကဲခတ်ကြည့်နေမိသည်။ တောင်းပန်မရသည့်အဆုံး၊ ဘမော် လက်လျှော့ကာ စိတ်ထိခိုက်နေသည့်အသွင်ကို ဦးနေလှိုင် မြင်ရသည်။

ဘမော် တောင်းပန်သည်ကို ဦးနေလှိုင် အနေဖြင့်ဘယ်လိုမှအခွင့်မပေးနိုင်သည်က အမှန်ပါ။ လူသတ်တရားခံကိုဖမ်းရဖို့အရေး ဦးနေလှိုင်တို့ရဲ့အဖွဲ့ဝင်များအားလုံးမှာ အစတော်ပင် ခက်ခဲခြင်းကြီးစွာဖြင့် ကြိုးပမ်းကာအပင်ပန်းခံခဲ့ကြရသည်မဟုတ်ပါလား။

လူအုပ်ကြီးနှင့်ပင် လူသတ်တရားခံအား ဖမ်းဆီးရန်ကြိုးစားခဲ့သော်လည်း တရားခံသည်လွတ်သွားခဲ့ရသည်မို့ ယခုလိုရလာသည့်အခွင့်အရေးကောင်းကိုဖြင့် ဦးနေလှိုင် လက်လွှတ်ဆုံးရှုံးမခံလိုပါတော့...။

“ကဲ..မောင်တင်ရေ တို့လူတွေကိုသွားပြော၊ ဆရာ အချိန်ပေးမယ်၊ အသင့်ပြင်ပစ်လို့...”

“ဟုတ်ကဲ့ ဆရာ...”

ဦးကျော်စိန် အချိန့်စကားဆုံးသည်နှင့် မောင်တင် ထွက်ခွာသွားလေပြီ..။

ဦးနေလှိုင်မျက်နှာဆီ ဘမော် မော့ကြည့်သည်။ ဘမော်အကြည့်သည် ဝမ်းနည်းယူကြုံးမရရှိနေရှာပါ၏။ ဦးနေလှိုင်သည် ဘမော်ကို စူးစိုက်ကြည့်လာရင်းက...


www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဘမော်၊ ဒီလူသတ်သမားအတွက် ခင်ဗျားဘာကြောင့်ကာကွယ်နေရတာလဲ၊ ခင်ဗျားနဲ့လူသတ်တရားခံ ဘယ်လိုပတ်သက်နေလဲ…"

"ခွင့်လွှတ်ပါ ဆရာ၊ ဒီအဖြေကို ကျွန်တော် မိုးလင်းတဲ့အခါမှပဲပေးနိုင်ပါ့မယ်…

လောလောဆယ် ကျွန်တော် ပြောပြရင် ကျွန်တော့်စကားတွေဟာ ယုံတမ်းစကားတွေဖြစ်သွားမှာစိုးလို့ပါ…

အဖြစ်မှန်အကြောင်းမှန်တွေကို သိတဲ့အခါ ကျွန်တော့်လိုပဲ ဆရာတို့အားလုံးလည်း အံ့သြမကုန်ယူကြုံးမရခံစားကြရမှာပါ ဆရာရယ်…"

ဒိုင်း..ဒိုင်း..ဒိုင်း…

ဘမော်စကားများဆိုဆဲ သေနတ်သံများကား ဈေးရှေ့ဂိုဒေါင်ကြီးများကြားဝယ် ဟိန်းထွက်သွားလိုက်ရပါတော့သတည်း။

× × × × ×

"ဘာ…"

တုန်လှုပ်ခြင်း၊ မယုံကြည်ခြင်းတို့ကြောင့် အသံသည် မည်သို့ထွက်သွားလိုက်ရသည်မှန်းပင် မသိလိုက်…။

နားထဲသတင်းသည် ဆောင့်ဝင်လာခြင်းပင် နဒီတစ်ကိုယ်





လုံးသည် လေဟာနယ်ထဲလွင့်ဝဲနေရသလိုရှယ်…။

မယုံနိုင်ဘူး၊ ဘယ်လိုမှမယုံနိုင်ဘူး…

မဖြစ်နိုင်၊ ဘယ်လိုမှမဖြစ်နိုင်…

နဒီ လက်မခံနိုင်ပါ…။

သို့သော် ခိုင်လုံသောသတင်းစကားတို့သည် နဒီ့ဝန်းကျင်ဝယ် အလျှံငြီးငြီးရှိနေရပါချေသည်တကား…။

မိနစ်တို့အတန်ကြာသည်အထိ နဒီသည် သက်မဲ့အရုပ်တစ်ခုအလား ရှိသွားရပြီးတာမှ…

"ကိုကို သေပြီ၊ ရေခဲတိုက်ထဲမှာ ကိုကို့အလောင်းရှိနေတယ်၊ ကိုကိုဟာ လူသတ်သမား…"

မျက်ရည်တာတမံ တုတ်ချုပ်မရနိုင်တော့ပါ။ နှုတ်မှတီးတိုးဆိုဆဲ နဒီ၏အသိသည် ဝန်းကျင်နှင့်ကင်းကွာနေရပါတော့၏။

"မဟုတ်ဘူး..မဟုတ်ဘူး၊ ကိုကို..ကိုကိုရေ…"

"သမီး…"

"ညီမ နဒီ…"

မိဘနှစ်ပါးနှင့် မမနီတို့ခေါ်လိုက်ပေမယ့် နဒီ ဘာကိုမှမကြားတော့၊ အိမ်ပေါ်မှပြေးဆင်းခဲ့ပြီဖြစ်၏။

မာရသွန်ခြေလှမ်းတွေနှင့် နဒီ ပြေးခဲ့သည်။ ဦးတည်နေသော နဒီ့ခြေလှမ်းသည်က ဆေးရုံကြီး၏ရေခဲတိုက်ရှိရာဆီသို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါ နဒီ၏မာရသွန်အပြေးခြေလှမ်းတွေက ကိုကို့အတွက်ပါ...။

ပြေးလမ်းတစ်လျှောက် နဒီ မျက်ရည်စက်တို့ လွင့်စင်ကျကျန်ခဲ့ရသည်။

"ဟိုမှာ နဒီ ပြေးလာနေတယ်၊ နဒီ ရောက်လာပြီ..."

မစည်းကားအပ်သောနေရာပေမယ့် ဆေးရုံဝန်းကြီးတစ်ခုလုံးတွင် လူတွေနှင့်စည်းကားနေကြရပါ၏။

နဒီ ပြေးလာသည်ကိုတွေ့သည်တွင် လူတွေက နေရာဖယ်ပေးကြသည်။ နဒီကား မည်သူ့ကိုမျှအမြင်ပါပေ၊ ရေခဲတိုက်ရှိရာဆီသို့ ဆက်ပြေးနေခဲ့သည်။

နဒီအဖြစ်ကိုကြည့်ပြီး လူတွေလည်း သနားစာနာခြင်းတို့ဖြင့် စိတ်ထိခိုက်နေကြရသည်။

"ဒေါက်တာ မင်းသွင်နဲ့မကြာခင်ပဲလက်ထပ်တော့မှာ"

"ဟုတ်တယ်လေ၊ အားလုံးသိနေကြတာပဲ၊ အခုတော့ ဟယ်၊ မယုံနိုင်စရာ၊ သနားလိုက်တာ၊ ဘယ်လောက်များရင်ကျိုးလိုက်ရှာမလဲ..."

"ဒါပေါ့၊ ဒေါက်တာ မင်းသွင်ရဲ့ဘဝကလည်းသနားစရာကောင်းလိုက်တာနော်၊ ထူးဆန်းတဲ့ပုံပြင်တစ်ခုလိုပါပဲ..."

စိတ်ဝင်စားစွာ လူတွေပြောနေကြသည့်စကားသံတွေကို နဒီ ဘာမှမကြား၊ ရေခဲတိုက်ဆီသို့ နဒီ ရောက်လာသည်။



ရေခဲတိုက်ထဲသို့ နဒီ အပြေးဝင်ရောက်လာသည်တွင် ရေခဲတိုက်ထဲရှိ ဒေါက်တာ မင်းသွင်အလောင်းနားတွင် စခန်းမှူးကြီး ဦးနေလှိုင်၊ ဒေါက်တာ ထွန်းနောင်နှင့်ဘမော်တို့ကို နဒီ တွေ့လိုက်ရ၏။

"ကိုကို..ကိုကိုရယ်..."

မည်သူ့ကိုမျှ နဒီ မကြည့်၊ ရှက်စိတ်လည်းမရှိ၊ ချစ်ရသော ကိုကို ဒေါက်တာ မင်းသွင်အလောင်းအား ဖက်လျှက် နဒီ ငိုပါပြီ...။ ကိုကိုမျက်နှာသည် နှစ်ခြိုက်စွာအိပ်ပျော်နေသူအလား ချောမွေ့ကြည်စင်နေပါ၏။

ကိုကိုရယ် နဒီ မကြည့်ရက်ဘူး၊ နဒီ မယုံနိုင်ဘူးကွယ်..

ဒေါက်တာ မင်းသွင်ကိုယ်ပေါ်မှလွှားထားသည့် သွေးစွန်းနေသောအဝတ်ဖြူစကို နဒီ လှပ်ကြည့်လိုက်သည်။

ဒေါက်တာ မင်းသွင်၏ခန္ဓာကိုယ်အနှံ့တွင် သေနတ်ဒဏ်ရာတို့သည် ပြည့်နက်နေ၏။

အဟင့်..ဟင့်...

နှုတ်ခမ်းတို့ဖိကိုက်ရင်း နဒီ ငိုသည်။ ကိုကို့လည်ပင်းမှ ဆွဲထားသည့်ဆွဲကြိုးလေးကို ဖြုတ်ပြီး လော့ကက်သီးလေးဆီ နဒီ ကြည့်လိုက်သည်။

အဟင့်..အင့်..အဟင့်၊ ကိုကိုရယ်...

ကိုကို့ကို ရက်စက်လိုက်ကြတာ...



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကျည်ဒဏ်ရာပေါင်းများစွာတို့ထဲမှာ တစ်ခုတည်းသော ကျည်တစ်ထောင့်သည် ကိုကို့လော့ကက်လေးအား ဗဟိုမှ ထွင်းဖောက်သွား၏။ လော့ကက်ထဲမှ ကိုကိုနှင့်နဒီတို့၏ ရုပ်ပုံလေးတို့သည် ကျေပျက်နေလောက်ပေပြီ၊ ဖွင့်ကြည့်ရန်လော့ကက်လေးကိုပင်–နဒီ ဖွင့်မရပါ…။

ကိုကို…

ချစ်သောကိုကိုနှင့်မျက်နှာချင်းအပ်ကာ နဒီ ခေါ်သည်။ နဒီ့အသံလေးသည် ဆို့နှစ်အက်ကွဲနေ၏။ တားဆီးမရသောမျက်ရည်တို့သည် ကိုကို့မျက်နှာတွင်ပင် ကျန်နေခဲ့ရပြီ…။

နဒီ၏နှလုံးကြေကွဲရသည့်အဖြစ်ကို ကြည့်ရင်း ဦးနေလှိုင် ဒေါက်တာ ထွန်းနောင်နှင့်ဘမော်တို့မှာ မျက်ရည်တို့ပင်ဝဲလျှက် တိတ်ဆိတ်ငြိမ်သက်နေရပါ၏။

ယူကျုံးမရပါ၊ အားလုံးက ယူကျုံးမရကြပါလေ…။

ဒေါက်တာ မင်းသွင်၏အဖြစ်ဆန်းအား သိလိုက်ရတော့ ကြီးစွာသော ဂရုဏာတို့ဖြင့် အံ့သြတုန်လှုပ်ကြရကုန်၏။

ထိုအကြောင်းကို သိသူသည် တစ်လောကလုံး၌တစ်ယောက်တည်းသာရှိ၏။ မှန်သည်။ ထိုလူကား ဘမော်ရယ်…

ဘမော် ပြောပြချက်အရ ဒေါက်တာ မင်းသွင်အကြောင်းများအား သိလိုက်ရသောလူတို့ကား ပြောမဆုံးနိုင်အောင် ရှိနေကြ ဆဲပင်မဟုတ်ပါလား…။





ဆေးရုံဝန်းကြီးတစ်ခုလုံး ခင်ဘုန်းမြို့တစ်မြို့လုံး ရေရာနေ၌ ဒေါက်တာ မင်းသွင်၏ထူးခြားဆန်းပြားသော အကြောင်းများအား စိတ်ဝင်တစား ပြောဆိုနေကြသံများကား ညံမစဲရှိသေပါ…။

"တော်တော်ထူးဆန်းတဲ့ဆေးပဲ…"

"ဟုတ်တယ်နော်၊ ဒေါက်တာ မင်းသွင်ကို သနားပါတယ်…"

"ဒီဆေးတွေကို နိုင်ငံခြားက ဖော်စပ်ကြတယ်၊ မသမာသူတွေလက်ထဲရောက်တော့ အဘိုးတန်တဲ့ဘဝတစ်ခု ဆုံးရှုံးတော့တာပဲ…"

"တောက်··ရင်နာတယ်ကွာ…"

ဒေါက်တာ မင်းသွင်အား နှမြောတသမဆုံးနိုင်အောင် ရှိသည့်လူတချို့က ကြိတ်မနိုင်ခဲမရစွာဆိုသည်။

"နေပါဦး၊ မရှင်းလို့မေးပါရစေ၊ အဲဒါဘာဆေးတဲ့လဲ"

"အဲဒီဆေးက တိရိစ္ဆာန်တွေမှာသာသုံးရတဲ့ဆေးဗျ၊ လူမှာသုံးရင် ဆေးအာနိသင်က တစ်မျိုးဖြစ်သွားတယ်…"

"ဟုတ်လား၊ ဘယ်လိုဖြစ်သွားလဲ…"

"အဲဒီဆေးထိုးထားတဲ့လူဟာ ရုပ်ပျက်ပြီးလူစိတ်လုံးဝပျောက်သွားတော့တာပဲ၊ အဲဒါကလည်း ရိုးရိုးနေထိုင်နေတဲ့နေ့အချိန်ဆိုရင်မဖြစ်ဘူး၊ ညအချိန်အိပ်ပျော်သွားတဲ့အခါ ရုပ်ပြောင်းသွားပြီး လူ့စိတ်လည်းပျောက်သွားရော၊ တွေ့တာအကုန်လိုက်သတ်



www.burmeseclassic.com

www.burmeseclassic.com



တော့တာဖြစ်မှာပေါ့…”

“ဒါဖြင့် ဒေါက်တာ မင်းသွင်ရုပ်အဖြစ်ပြောင်းလာတာက ကော ဘယ်အချိန်လဲ…”

“ဒါကတော့ မိုးလင်းတာနဲ့ သူ့အလိုလိုပြန်ပြောင်းသွားတာပဲတဲ့…”

“ဩော်··တော်တော်ထူးဆန်းတဲ့ဆေးပဲဗျ…”

“နေပါဦးဗျာ၊ အဲဒီဆေးကို ဒေါက်တာ့ကိုမှ ဘယ်သူတိုးပေးလိုက်တာတဲ့လဲ…”

“ဒေါင်းပျံဆိုတဲ့လူပဲ၊ ဒေါက်တာ မင်းသွင်က အဖြောင့်မြို့နယ်မှာ ဦးဆုံးတာဝန်ကျတုန်းက ဒေါင်းပျံကလည်း ဗိန္ဓောယောင်ယောင်နဲ့ဆေးကုနေတာပေါ့၊ ဒါနဲ့ ဒေါက်တာ မင်းသွင် ရောက်သွားတဲ့အခါကျတော့ သူ့နေရာလုရမလားဆိုပြီး ဒေါက်တာ့ကို ဝိုင်းချုပ်ပြီး အဲဒီဆေးထိုးပေးလိုက်ကြတာတဲ့…”

“ဒီအကြောင်းကို ဘယ်သူကသိလို့ပြောပြတာလဲ…”

“ဘမော်ဆိုတဲ့လူကသိလို့ ရဲကိုပြောပြတာတဲ့၊ ဒေါက်တာ မင်းသွင်ရဲ့အကြောင်းတွေကို ဘမော်က အားလုံးသိနေတာတဲ့…”

“ဒါနဲ့ ခုနစကားဆက်ပါဦး၊ ဆေးထိုးပြီးနောက် ဒေါက်တာ မင်းသွင် ဘာဖြစ်သွားလဲ…”

“ဒေါက်တာ မင်းသွင်က သူ့ကိုယ်သူဘာမှမသိဘူး၊ အခု သူ သေသာသွားတယ်၊ သူ့ကိုယ်သူဘာမှန်းကိုသိသွားတာ





မဟုတ်ဘူး…”

“ဟားဗျာ၊ ရင်နာစရာကောင်းလိုက်တာ၊ လူ့အဘိုးတန်ဆုံးရှုံးရတာပဲ…”

“အေးဗျာ၊ ခံပြင်းစရာ ဒါနဲ့ဒေါင်းပျံဆိုတဲ့လူယုတ်မာကကော…”

“အဲဒီဒေါင်းပျံတို့အဖွဲ့ကလည်း ဒေါက်တာ မင်းသွင်လက်ချက်နဲ့ပဲ ပြန်သေကြရတာတဲ့…”

“ဟုတ်လား၊ ကောင်းတယ်ဗျာ…”

“အဖြစ်ကဒီလိုတဲ့၊ ဒေါက်တာ့ကိုဆေးထိုးပြီး ညဘက် ဒေါက်တာ အိပ်ချိန်မှာ သူတို့အေးအာနိသင်ပြမပြ၊ သူတို့သွားချောင်းတယ်ဆိုပဲ…

အဲဒီမှာတင် ဒေါက်တာက ရုပ်ပြောင်း၊ စိတ်ပြောင်းသွားပြီး သူတို့ကိုလည်းမြင်ရော၊ လိုက်သတ်တော့တာ ဘယ်သူမှပြေးမလွတ်ကြဘူး၊ နှစ်ယောက်ကတော့ ရေတွင်းထဲကျသေတယ်ဆိုလားပဲ၊ ဒေါင်းပျံကတော့ ဒဂါးဆန်စက်များမှာ ပက်ပက်စက်စက်ကို သေသွားရတာပဲတဲ့…”

“ဒင်း··သူ့အတတ်နှင့်သူပဲ ဇာတ်သိမ်းသွားတာကောင်းတယ်…”

“ဒေါက်တာက အဲဒီဆေးထိုးတာ ဘာဆေးမှန်းမှ်မသိဘူးပေါ့…”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကြောက်စရာကောင်းတဲ့ဆေးမှန်းတော့ ဒေါက်တာမင်းသွင်ဟာ သေသာသွားရတယ် သိကိုမသိလိုက်ရှာဘူး…

သူ ဆေးထိုးခံရတုန်းက မူးယစ်ဆေးလို့ပဲထင်ပြီး မူးယစ်ဆေးတွေကို ချေဖျက်လိုက်တယ်…"

"နေပါဦး၊ ဒီဆေးထိုးထားတာကို ဘမော်ဆိုတဲ့လူက သိနေတာတောင် ဘာလို့မပြောတာလဲဗျာ…"

"သြော်··သူ့အနေနဲ့ဘယ်လိုပြောလို့ဖြစ်မလဲ၊ ဒေါက်တာဟာ လူများအားကိုးနေရတဲ့ စိတ်နှလုံးကောင်းမွန်တဲ့ ဆရာဝန်တစ်ယောက်လည်းဖြစ်နေတော့ ပြောမထွက်ဘူးပေါ့…

ပြီးတော့ သူ ပြောရင်လည်း ယုံမှာမဟုတ်ဘူးလေ၊ လက်တွေ့ပြနိုင်မှသာဖြစ်မှာကိုး…"

"အဲဒီဆေးကို ချေဖျက်လို့မရဘူးလား…"

"မရဘူးတဲ့၊ ဘဝတုံးပဲတဲ့၊ ရတဲ့နောက်တော့လည်း ဘမော်ကထုတ်ပြောပြီး ဒေါက်တာ့ကို ဆေးကုခံနိုင်းမှာပေါ့ဗျာ၊ အခုဟာက တစ်ဘဝလုံးဆုံးတဲ့ဆေးမို့လို့ ဘမော်ဟာ ဘယ်သူ့ကိုမှဖွင့်မပြောပြဘဲ ဒေါက်တာ့နောက်ကိုသာ သူ လိုက်ချောင်းနေတာတဲ့…"

"ဒေါက်တာ မင်းသွင်ခမျာ သူ့ဘဝကိုသူ ဘာမှန်းတောင် သိမသွားရှာပါဘူး၊ သူသေသာသွားတယ် သူ့ဘဝချုပ်ငြိမ်းသွားမှန်းတောင် သူ သိလိုက်ရှာမယ်မထင်ဘူး…"





"အေးဗျာ၊ တကယ့်ကို ရင်နာစရာအဖြစ်ဆန်းကြီးပါပဲ၊ ရဲတွေအနေနဲ့ကလည်း ဒီလိုကြောက်စရာကောင်းတဲ့ လူသတ်သမားကို ဒီနည်းနဲ့ပဲဖြေရှင်းလို့ရမှာပေါ့…"

"အင်း··အခုလို ဒေါက်တာ မင်းသွင်ရဲ့အဖြစ်ဆိုးအဖြစ်ဆန်းကြီးကိုသိကြတော့ အားလုံးကလည်းစိတ်မကောင်းကြပါဘူးကွာ၊ မသမာတဲ့လူယုတ်မာတွေကတော့ တော်တော်လည်း အကြံပက်စက်ကြပါပေ…"

မြို့အနှံ့၊ နေရာအနှံ့မှ လူများ၏ပါးစပ်များဝယ် ဒေါက်တာမင်းသွင်၏ နှမြောတသကြေကွဲစရာအကြောင်းများအား ဆိုဆဲဆိုမြဲပါတည်း…။ ။

ပြီးပါပြီ…

သိင်္ဂါရ့ရသအပေါင်းနှင့်ပြည့်ဝကြပါစေ…

စောပြည့်ရတနာ



www.burmeseclassic.com